www.burmeseclassic.com

သာရ
တောင်ဝကျော
သုခေတာင်
မှင်းလျ။

# သာရနှင့် ဆိုးပါ



(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**ပြည်ထောင်စုရည်မှန်းချက်**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးရည်မှန်းချက်လေးရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး။
* ဖြစ်ပေါ် လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးရည်မှန်းချက်လေးရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးရည်မှန်းချက်လေးရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# သာဓု အင် ဆန်းစ်

သာဓု
မောင်ဝဏ္ဏ
သုမောင်
မင်းလူ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၂၉/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၃/၂၀၀၁ (၈)

□

ပုံနှိပ်ခြင်း
တတိယအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၀၂-ခုနှစ်

□

အုပ်ရေ
(၅၀၀)

□

မျက်နှာဖုံးပန်းချီ
ကိုကိုနိုင်

□

စာအုပ်ချုပ်
ကိုမြင့်

□

ပုံနှိပ်သူ
မျက်နှာဖုံး-ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်၊
အမှတ် (၉၆)၊ ၁၁-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း-ဦးကျော်ဆွေမင်း (၀၅၉၉၂)၊ အောင်သိန်းသန်းပုံနှိပ်တိုက်၊
အမှတ်(၄၄)၊ ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဦးထွန်းလှိုင် (၀၅၄၇) ချစ်စရာစာပေ၊
အမှတ်(၇၅)၊ ဆေးပုလ္လ(၂)လမ်း၊ (ဃ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။

တန်ဖိုး 70

စီစဉ်ထုတ်လုပ်သူ
မှန်မြိုင်မိုး

ဖန်တီးသူ
ခင်စော်

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | သာမှ အင် ဆန်းစ် | သာမှ | ၅ မှ ၄၇ ထိ |
| ၂။ | လမ်းပေါ်မှာလေ | မောင်ဝဏ္ဏ | ၄၉ မှ ၉၆ ထိ |
| ၃။ | သစ်ပုတ်ပင်စောင့်နတ် | သုမောင် | ၉၇ မှ ၁၆၀ ထိ |
| ၄။ | တမ္ဘေ ငါကိုယ်တိုင်ပါပဲ | မင်းလူ | ၁၆၁ မှ ၂၆၃ ထိ |


www.burmeseclassic.com

www.burmeseclassic.com

နာမည်ပေးပုံ ဆန်းသည်ဟု ထင်ကောင်းထင်ကြပေမည်။ အဖြစ်ကလည်း ဆန်းနေပါသည်။ သာခုကိုယ်တိုင်ပင်လုံးဝမမျှော်လင့်ခဲ့သော အဖြစ်ဆန်း တစ်ခုနှင့် ပက်ပင်းလာ၍ ကြုံရသောကြောင့်လည်း ဤစာစုသည် 'သာခု့ အင်ဆန်းစ်' ဖြစ်လာရပေသည်။ ,

သာခုသည် စာရေးသမားတစ်ယောက်အနေဖြင့် ဝတ္ထု ဆောင်းပါးများ ရေးသားခဲ့ရာတွင် မိမိကိုယ်ကိုလည်း စာရေးသမားတစ်ယောက်နေရာတွင်သာ ထား၍၊ ဥပမာ – ဝတ္ထုထဲမှ ဇာတ်ဆောင်မင်းသားက...

'မိန်းမဟူသည်၊ ထိုက္ကုတ္တိကား၊ မရှိမကောင်း၊ ရှိမကောင်းတည့်၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏... ဆိုတဲ့စကားလို နွဲ့ဟာလဲ ဒီအတိုင်းပဲ'

သို့လျှင် ရေးချလိုက်သောအခါ၌ သာခုသည်မင်းသားနေရာတွင် ရှိနေပြီး မင်းသမီးက ပြန်လည်ပြောဆိုရမည့်အလှည့် ရောက်လာသောအခါတွင် တစ်ဖန်...

'အင်းလေ... ဟုတ်သပေါ့၊ ယောက်ျားဟူသည်၊ ထိုပုရိကား၊ မရှိမဖြစ်၊ ရှိမဖြစ်တည့်၊ မချစ်လည်း ခက်၊ ချစ်လည်း ခက်၏ ဆိုသလို ကိုဆွေတို့ယောက်ျားတွေဟာလဲ' စသဖြင့်...

သာခုသည် မင်းသမီးနေရာ ရောက်သွားရပြန်သည်။ ရောက်လည်း ရောက်ရပေမည်။ မင်းသားဘက်ကချည်း နေလျှင် တစ်ဖက်သတ်ကျသွားချေမည်။



www.burmeseclassic.com

www.burmeseclassic.com



သာခုကလည်း စာရေးဆရာပေါက်စ၊ ခေတ်ကလည်း လွတ်လပ်ရေးရစ၊ ရောင်စုံသူပုန်တို့ကလည်း အာဏာရူးရောဂါ ထစ၊ လက်ဝဲ စာရေးဆရာတို့ကလည်း ပြည်သူ့ဘက်တော်သားဟု ကိုယ့်ကိုယ်ကို ပေးထားသောဘွဲ့ကို ယူကာ ကလောင်သရမ်းရင်း၊ ကလောင်စမ်းရင်းဖြင့် (ဘိန်းစားပါမကျန်) ပစ္စည်းမဲ့ ဟူသမျှကို အခမဲ့ သနားကြသော စာများ ဝတ္ထုများ လှိုင်လှိုင်ရေးနေကြခိုက်...

ကလောင်နီ အတော်များများက ပြည့်တန်ဆာမများကို စာပေဖြင့်လည်း သနားကြသည်။ ပါးစပ်ဖြင့်လည်း သနားကြသည်။ လက်တွေ့ ကိုယ်တွေ့ နမူးတွေ့ ဒူးတွေ့လည်း ဝိုင်းသနားကြသည်။

(က) လက်ရှိ လူနေမှုစနစ်ကြောင့်

(ခ) အရင်းရှင်စီးပွားရေးစနစ် မကောင်း၍

(ဂ) မြေရှင်နှင့် အထက်တန်းလွှာများက ဖျက်ဆီးသောကြောင့်...

အမျိုးကောင်းသမီးကလေးများ ပြည့်တန်ဆာဘဝ ရောက်ကြရသည်ဟု (အထက်ပါ အချက်များအရ) တရားခံရှာကြသည်။ ထောက်ပြကြသည်။

ဤတွင် သာခုက 'အသစ်ကလေး' ဟူ၍ ဝတ္ထုတစ်ပုဒ် ဖန်တီးပြီး သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဟု ပုထုဇဉ်လူသားတစ်ဦးပင်ဖြစ်သော လက်ဝဲ ကလောင်ရှင်တစ်ယောက်က ပြည့်တန်ဆာခေါင်း အန်တီကြီးအား...

'အသစ်ကလေးများ ရောက်ရင် အကြောင်းကြားပါနော်၊ သူ့နှုန်းနဲ့ သူပေါ့' ဟု ဖောက်သည်စပ်ခဲ့သည်။

စနစ်အမျိုးမျိုး၏ ဆိုးမွားသော ဒဏ်ကြောင့် ပြည့်တန်ဆာ ဖြစ်ရရှာသူတို့ကို အိမ်တိုင်ရာရောက် အန်တီကြီးမှတစ်ဆင့် သွား၍ သနားရုံသာမက အသစ်ကလေးများပင် တမ်းတခဲ့သောအနီလက်ဝဲကလောင်ရှင်တို့အား...

*...ပြည့်တန်ဆာလောက၌ (အသစ်ကလေး) ဟူသည် မိုးပေါ်မှ ကျလာသည် မဟုတ်၊ ဘောင်းဆိုသူတို့၏ဆန္ဒကို ဖြည့်စွမ်းရန် အန်တီကြီးတို့က အမျိုးကောင်း သမီးပျိုလေးများကို သွေးဆောင် ဖျက်ဆီးဖန်တီးပေးရခြင်းသည်လည်း အကြောင်းတစ်ရပ် မဟုတ်ပါတဲ့လော။..*



သို့လျှင် သွက်သွက် 'ဒက်' ခနဲ ရေးချလိုက်ရသောအခါမျိုးတွင်မူ သာခုသည် ပြည့်တန်ဆာမ ဘက်တော်သားနေရာကို ယူရ၏။

အမှန်တရားကို ရေးခြင်း၊ အမှန်တရားဘက်မှ အမြဲရပ်တည်နေခြင်းသည် သာခု၏ စာပေဝါဒ၊ ယုတ်စွအဆုံး တစ်တိုင်းပြည်လုံးက ရေ၏အရောင်ကို အနီဟု တညီတညွတ်တည်း သတ်မှတ်သော် သတ်မှတ်စေ၊ သာခုကမူ အရောင်မရှိ၊ တစ်ယောက်တည်း ကြုံကြုံခံမည်။

*

ယခု ဤစာအုပ်ထုတ်ဝေရန် အကြောင်းပေါ်လာသောအခါ သာခုသည် စာရေးဆရာ တစ်ယောက်အနေဖြင့် မဟုတ်တော့ဘဲ အဖေ (ဖခင်) တစ်ယောက်အသွင် မြင်သမျှ တင်ပြရမည့်ကိန်း ဆိုက်လာချေ၏။

ယခင့်ယခင် ရေးခဲ့သော ဝတ္ထုများမှ ဇာတ်ကောင်တို့ကို သာခုပင် ဒန်ဆင်းပြီး သာခုကပင် ကိုယ်စားပြုရေးခဲ့၍ ဘေးချော်ခြင်း အနည်းအကျဉ်း ရှိကောင်းရှိမည်၊ အကြောင်း မကြီးလှ။

ယခု ဤစာအုပ်တွင်သော်မူ သားများနှင့် ပတ်သက်ဆက်စပ်၍နေသည်နှင့်အမျှ တိကျရန် လိုသည်။ ဖြစ်ရပ်အမှန်လည်း ပေါ်လွင်ပြတ်သားရပေမည်။

အထူးသဖြင့် ယနေ့ထိ သာခု စွဲမြဲစွာ ဆုပ်ကိုင်ထားသော (ဝါ) နောင်တွင်လည်း လက်လွှတ်မည်မဟုတ်သော သာခု၏ စာရှုပရိသတ်အတွက် 'အကျိုးပြုမှုတစ်ခုခု ပါရစေမည်' ဟူသည့် သာခုမူဝါဒအတိုင်း...။

○



www.burmeseclassic.com

www.burmeseclassic.com

# သာဓု နှင့် သားများ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သော ညတစ်ည ၈း၀၀ နာရီသာသာခန့်တွင် သာမှ ဝတ္ထုရေး နေခိုက် ဒုန်း ဒုန်း ဟူသောကြမ်းပြင်ဆောင့်သံ သုံးလေးချက် ပေါ်လာသော ကြောင့် စိတ်ကူးပျက်သွားကာ သားများ ဆော့နေသည်ထင်၍ လှည့်အကြည့် တွင် သားလတ်ဖြစ်သူ မောင်ရူပသည် သူ့နဖူးနှင့် ကြမ်းပြင်ကို ငုံ့၍ငုံ့၍ ဆောင့်နေသည်ကို တွေ့ရသဖြင့် အူယားဖားယား ထသွားပြီး သား့ကို ဖမ်း ဆိန်းလိုက်ရင်းက

'သား…သား…ဘာလုပ်တာလဲကွ၊ သား ကစားတာကလဲကွာ၊ မနာ [illegible]လား'

သူ ဘာမှပြန်မဖြေ၊ ခေါင်းကိုသာ တွင်တွင်ငုံ့ထားရာမှ ရှိုက်သံတစ်ချက် [illegible]လာသောကြောင့် မေးကို ကိုင်၍ မော့လိုက်ရာ မျက်ရည်အပြည့်နှင့် မဲ့ [illegible]သည်ကို တွေ့ရ၏။

'ဟ…သား၊ ဘာဖြစ်သလဲ၊ ဖေဖေ့ကို ပြောစမ်း၊ ဘာလို့ ဒီလိုလုပ်တာလဲ'

သူ့အစ်ကိုနှစ်ကောင်၊ သူ့ညီတစ်ကောင် တစ်ကောင်ကောင်နှင့်ပြဿနာ [illegible]လေသလားဟု ပတ်ဝန်းကျင်အနှံ့ကြည့်လိုက်သည်တွင်လည်း မည်သူမျှ [illegible] သူ့အမေ၊ သူ့ကြီးတော်တို့ နောက်ဖေးတွင် ထမင်းစားနေကြသည်။ [illegible]သည် တရှိုက်ငင်ငင်ဖြင့် ဝမ်းနည်းပက်လက်အသွင် ဆောင်နေသည်။ [illegible]တရက် ဘာမျှ မပြောနိုင်ရှာသေး။



www.burmeseclassic.com

www.burmeseclassic.com



သာခု အလွန်စိတ်ပူသွားသည်။ တောင်တွေး မြောက်တွေး တွေးမိရင်း သူ့ကို ရင်ခွင်တွင် ထွေး၍ထိုင်ချလိုက်စဉ် အောက်၌ တစ်စုံတစ်ရာ ခိုးလိုး ခုလု ဖြစ်သွားသောကြောင့် နေရာရွှေ့ထိုင် ငုံ့ကြည့်ရာ ရှုပ၏ ကျောင်း လွယ်အိတ်။

ယခုမှ သတိရမိသည်။ သူ့လက်ထဲတွင် ကျောင်းဖတ်စာအုပ် တစ်အုပ်။ သာခုလည်း သူ့စာအုပ်ကို ဆွဲယူ၍ ဘေးသို့ချရင်း ချော့မော့မေးရပြန်သည်။

'မနက်ဖြန် စာမေးပွဲ ရှိတယ်'

'အဲ…ဟုတ်ပြီ၊ အဲဒါ ဘာဖြစ်လဲ'

'စာကျက်လို့ မရလို့'

'အို…အဲဒါကြောင့် နဖူးနဲ့ ကြမ်းပြင် ဆောင့်တာလား၊ ဖြစ်ရလေ သား ရယ်ကွာ'

သားဖြစ်သူက ငိုမဲ့မဲ့ ခေါင်းညိတ်၏။ သူသည် ထိုစဉ်က အသက် … နှစ်။ ပြီးခဲ့သည့်နှစ်က စာမေးပွဲကျသဖြင့် အငယ်မောင် ဉာဏ်ပေါ် (မင်းလူ) က သူ့ကို မီလာသည်။ သား လေးယောက်အနက် စာအကျက်ဆုံး၊ အကြိုး စားဆုံးသည် ရှုပ။ ယခု စာမရ၍ စိတ်အိုက်ပြီး နဖူးကို ကြမ်းနှင့်တိုက်သည်။

သာခုသည် အကြီးဆုံး သား မောင်ဝဏ္ဏ ကျောင်းစ အပ်ပြီးသည့်နောက် ပိုင်း အဆင့်ဆင့်ဆိုသလို ဗလကြီး၊ ရှုပ၊ ဉာဏ်ပေါ် မည်သူ့ကိုမျှ…

'ဟော့…ကျောင်းမှာ စာရရဲ့လား'

'ဟော့…အချိန်ကျပြီ၊ စာကျက်ကြ'

စသဖြင့် မည်သည့်သားကိုမျှ မမေး၊ အမိန့်လည်း ပေးလေ့မရှိ။ သူ… အောက် ဖြစ်သော သော်တာ၊ ကေသီ၊ မာမာတို့အားလည်း ကျောင်းကို… နှင့် ပတ်သက်၍ သာခု ဘာမျှဝင်မစွက်။

သို့သော် အချိန်အား ရသည်နှင့် သားသမီးများကို ကားပေါ် တင်…



သဘော်ဆိပ် ခေါ်သွားသည်။ ဈေးတကာ့ဈေးနှင့် ဘူတာရုံ၊ ကုန်ဈေးတန်း စသည်များကို ခေါ်သွားသည်။

သဘော်ကူလီများကို ပြသည်။ လက်တွန်းလှည်း၊ ဆိုက်ကားသမားများ ကို ပြသည်။ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြသူများ၊ လမ်းဘေးဈေးသည်များ ကိုလည်း ပြသည်။ သူတောင်းစားများကိုလည်း ပြသည်။

'အဲဒါပဲ သားတို့ သမီးတို့…ပညာမတတ်ရင် အဲဒီလိုပဲ လုပ်ရလိမ့်မယ်၊ သူတို့လိုပဲ ပင်ပန်းမယ်၊ ကျောင်းစာကို ကြိုးစားကြ'

ထိုမျှသာ သာခု ဆုံးမသည်။

'ကဲ…ဟိုမှာကြည့်စမ်း၊ အုန်းသီးတောင်းကြီး ထမ်းပြီး သဘော်ပေါ် တင် နေတာ တွေ့လား၊ သားကော အဲသလို ထမ်းချင်သလား'

ဤမေးခွန်းမျိုး မေး၍ ရှုပအလှည့် ရောက်လျှင် မျက်လုံးကလေး ပေ ကလတ် ပေကလတ်ဖြင့် အပေါ်တစ်တန်းလုံး ပိုးစားထားသည့်သွားကလေး များ ပေါ်အောင် ရယ်မဲ့မဲ့လုပ်ပြီး ခေါင်းခါပြတတ်၏။ မျက်နှာထားတွင် လည်း ဤလို လုပ်ရမည်ကို ကြောက်ရွံ့စိုးရိမ်ဟန်သဏ္ဍာန် အပြည့်ပေါ်နေ ၏။

အကြောင်းလည်း ရှိ၏။ ရှုပသည် မွေးစကတည်းက ကျန်းမာရေး အလွန်ညံ့သည်။ ရောဂါအမျိုးမျိုးနှင့်လည်း ရင်ဆိုင်ခဲ့ရရှာသည်။ လေးငါး နှစ်သား အရွယ်ထိ ရပ်ရှင်၊ ဘုရား ဘယ်သို့သွားသွား ကြီးတော်ကြီးက တကားကား ခါးထစ်ခွင် ချီသွားရသည်။ လမ်းများများ မလျှောက်နိုင်။ ထို့ ကြောင့်လည်း ပင်ပန်းသောအလုပ် လုပ်ရမည်ကို ကြောက်လှသည်။ သား များ အားလုံးပင် ပခုံးထမ်းအလုပ် လုပ်ရမည်ကို ရှက်ခြင်းနှင့် ယှဉ်၍ ကြောက် ကြသည်။ စာလည်း ကြိုးစားကြသည်။ သာခုကလည်း အကွက်ဝင်လျှင် ဝင်သလို ထောက်ပြဆုံးမသည်။

www.burmeseclassic.com



အထက်တွင် ဆိုခဲ့သည့်အတိုင်း ရှုဝသည် စာမေးပွဲအောင်ချင်လွန်းသောကြောင့် စာကြိုးစားသည်။ မရနိုင်၍ သူ့ကိုယ်သူ ဒဏ်ခတ်သလို နဖူးနှင့် ကြမ်းနှင့် ဆတ်သည်။ သာဓု စိတ်ထိခိုက်သွားရသည်။

'ကဲ...သား ထ၊ စာအုပ်တွေ သိမ်းတော့၊ မကျက်နဲ့၊ ဒီနှစ် မအောင်လဲ နောက်နှစ် အောင်မှာပေါ့ကွ၊ မအောင်ရင်လဲ ဖေဖေမဆူဘူး၊ ဒါပေမဲ့ ကြိုးတော့ ကြိုးစားပေါ့ ဟုတ်လား၊ နောက်ကို အဲလို ကိုယ့်ကိုယ်ကို အနာခံပြီး ကြိုးစားတာမျိုး မလုပ်ရဘူး၊ ဖေဖေ စိတ်ညစ်တယ်'

သို့ပြောလိုက်ခါမှ မျက်ရည်ပို၍ ဝေကျလာသည်။ သူ့အဖေ စိတ်ညစ်မည်ကိုလည်း စိုးရိမ်သွားရာသည်။ ထိုအချိန်၌ ညီရော အစ်ကိုများပါ ရောက်နေသဖြင့် အကြောင်းစုံ သာဓုက ပြောပြလိုက်ရာ သူတို့လည်း မျက်နှာမကောင်း ဖြစ်သွားကြသည်။

'ကဲ...အားလုံး အဝတ်အစားလဲ၊ ရုပ်ရှင်သွားမယ်'

* * *

ဤသို့ သာဓု၏သဘောထားနှင့် သားသမီးများအား ပြုမူဆက်ဆံပုံကို သူတို့အမေက မကျေနပ်။

'အင်း...ဒီလိုသာ လုပ်နေ၊ ကလေးတွေတော့ စာကြိုးစားမှာ မဟုတ်တော့ဘူး' ဟု ညည်းသည်။

အမေညို (မောင်ဝဏ္ဏတို့ အမေ) သည် သာဓုနှင့် လက်ထပ်စဉ်က ကျောင်းဆရာမ၊ ခေတ်က ဂျပန်ခေတ်။ စကားစပ်မိ၍တစ်ကြောင်း၊ သားများ၏ ပညာရေးနှင့် ဆက်နွယ်နေသည်တစ်ကြောင်းတို့ကြောင့် ရယ်စရာအဖြစ်ကလေးတစ်ခု တင်ပြလိုပေသည်။

သာဓုနှင့် လက်ထပ်ပြီးနောက် တစ်ပတ်လောက်အရတွင် သူ့ကျောင်းလခ ထုတ်လာသည်။ ငွေ ၁၀၀ ကျပ်။



'မ...လက်ထပ်ပြီးပြီးချင်း ရတဲ့ လခမို့ တစ်ခုခု ဝယ်ကျွေးချင်တယ်၊ ဘာစားမလဲ'

'ဟာ...မဝယ်ပါနဲ့၊ မေမေ့ကို ပေးလိုက်ပါ'

အမေညို့အမေကို သာဓုကလည်း မေမေဟု သူခေါ်သလိုလိုက်ခေါ်၏။

'မဟုတ်ဘူး၊ အိမ်ထောင်ကျပြီးမှ ဦးဦးဖျားဖျား ရတဲ့ လခကို တစ်ခုခုတော့ ကျွေးရမှ၊ ဝယ်ပေးရမှ ကျေနပ်မှာပဲ'

မေမေက ပြုံးနေသည်။ အမေညိုကလည်း ရွှတ်ပြောနေသဖြင့် (သာဓုတို့ အိမ်ထောင်ကျပြီးနောက် တပည့်များက ဆရာကတော်အား အမေညိုဟု ခေါ်သဖြင့် သာဓုကလည်း ဤလိုပင် လိုက်ခေါ်၏။ တစ်ခါတစ်ရံ ဆရာမကြီးဟု)။

'ကဲ၊ ကဲ...ဒါဖြင့်လဲ စီးကရက်တစ်ဘူးပဲ ဝယ်တိုက်နော်၊ ကိုတက် ဆိုတဲ့ စီးကရက်၊ အဲဒါ မရရင် ကူးအား၊ လီဇပ် တစ်ခုခု၊ ရွေးလို့ရရင် ကိုတက်က ပိုကောင်းတယ်'

သာဓုက ပုတူးတူးပေါင်ဒါ စပ်နေရင်းတန်းလန်း ဖြစ်နေသောကြောင့် သူကိုယ်တိုင် ထွက်သွား၏။ ခြံဝနှင့် ပေ ၁၂၀ ခန့်သာ ဝေးသော နတ်စင်ဈေးတန်းသို့။

ရိုးရိုး အသွားအပြန်ထက် မြန်သောခြေလှမ်းများဖြင့် အမေညိုပြန်ရောက်လာပြီး...

'အမယ်လေး...ကိုဖေသန်း၊ ကိုတက် စီးကရက်က တစ်ဘူး ၄၅ ကျပ်တဲ့၊ ဟုတ်မှဟုတ်ရဲ့လား'

'ဟုတ်တယ်လေ၊ နောက် ၁၅ ရက်လောက်ဆို ၅၀ ဖြစ်ချင်ဖြစ်မယ်၊ နို့...ဝယ်ခဲ့ဘူးလား'

'ဟင့်အင်း'

www.burmeseclassic.com



သူ့မျက်နှာတွင် နမြောရိပ်သန်းနေ၏။ သာဓုက သဘောကျသဖြင့် ခပ်ဟားဟား ရယ်လိုက်သည်ကို…

'ဘာရယ်တာလဲ၊ ခု ကိုပေသန်း ဝယ်ဝယ်သောက်နေတာကော ဒီဈေးပဲလား'

'အင်းပေါ့'

'အို…တော်တော့၊ နောက် မသောက်နဲ့၊ မြွေသင်တို့၊ မစိန်ညွန့်တို့ပဲ သောက်'

ကျောင်းဆရာမအလုပ်ဖြင့် လခ ၁၀၀ ရသူ၌ စီးကရက်တစ်ဘူး ၄၅ ကျပ် ပေးဝယ်ရန်မှာ နမြောခြင်းထက် မတန်တဆဈေးနှုန်းကို လုံးဝ မကျေနပ်။

'ဗိုက်ဝတာလဲ မဟုတ်ဘဲနဲ့'

'အေးပါကွာ၊ မဝယ်နဲ့တော့၊ အဲဒီပိုက်ဆံအားလုံးကို မေမေ့ကိုပဲ ပေးလိုက်'

ထိုအချိန်က သာဓု လုပ်ရောင်းနေသော ပူတူတူးပေါင်ဒါသည် တစ်နေ့လျှင် သောင်းငါးထောင်မှ သုံးလေးသောင်းဖိုးအထိ ရောင်းရ၏။ စီးကရက်တစ်ဘူး ၄၅ ကျပ်သည် အကြောင်းမဟုတ်တော့ချေ။

အမေညိုသည် ကျောင်းဆရာမ အစိုးရအမှုထမ်း လခစား ဖြစ်သောကြောင့် ပညာရေးကို အလေးအနက်ထား၍ ဦးစားပေးစေချင်သည်။ သားများ ကျောင်းမှ ပြန်လာ၍ ရေချိုးထမင်းစားပြီးသည်နှင့် သူက စာသင်လေတော့သည်။ ကျောင်းစာများ စစ်ဆေးလေတော့သည်။ သားများကား နှာခေါင်း တရှုံ့ရှုံ့ဖြင့် စိတ်ကျဉ်းကျပ်နေကြသည်။

လွတ်လပ်ရေးရပြီးခေတ် သားတို့တစ်တွေ ပညာသင်ရသည်မှာ အလွန်သနားစရာကောင်း၏။ နံနက် ၆ နာရီထ၊ ခပ်သုတ်သုတ် မုန့်စား၊ ခပ် သုတ်



သုတ် ကျောင်းသွားကြရရှာသည်။ ကလေးတို့ဘာဝ အားရအောင် မအိပ်ကြရ။ မောင်ဝဏ္ဏဆိုလျှင် အလွန်နိုးရခက်သည်။ ဤနေရာက နိုးလိုက်လျှင် ထိုနေရာ သွားအိပ်၊ ထိုနေရာမှနိုးလိုက်လျှင် အိပ်ရာထဲ ထိုင်လျက် အိပ်နေတတ်သဖြင့် သူ့ကြီးတော်နှင့် တကျက်ကျက်။

ကလေးသူငယ်တို့မည်သည် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနှင့် ပညာကို ရယူစေသင့်သည်။ နနယ်သော ဦးနှောက်များ နောက်ကျိရှုပ်ထွေးမသွားစေချင်။ ထို့ကြောင့် အမေညို၏ စနစ်ကို သာဓုကန့်ကွက်ရတော့ကာ ကျောင်းမှပြန်ရောက်လျှင် အားပါးတရ ဆော့ကစားစေ၏။ ပြီးလျှင် ရေချိုး၊ ထမင်းကျွေး၊ ထို့နောက် အရုပ်စာအုပ်များနှင့် ကစားစရာမျိုးစုံ ချပေးထား၏။

'ကဲ…ဟေ့ သားတို့၊ ၇ နာရီထိုးပြီ၊ ကစားစရာတွေ သိမ်းတော့၊ ကျောင်းစာ ကျက်ချင်တဲ့လူ ကျက်၊ အိပ်ချင်တဲ့လူ အိပ်၊ ဒါပဲနော်၊ သားတို့ အားလုံး မှတ်ထားကြ၊ စာမေးပွဲအောင်တဲ့လူ လိုချင်တာ ဝယ်ပေးမယ်၊ ကျတဲ့လူ ဘာမှ မရဘူး ကြားလား'

သို့ပြောလိုက်သည်နှင့် မောင်ဝဏ္ဏက ဖွေးဆော်ဦး ခုတင်ပေါ် ပြေးတက် အိပ်လေတော့၏။

သားသမီးများကို ဤလိုကြီးကြပ်ရာ၌ သာဓုတွင် ကြိုတင်တွက်မှန်းထားသော ရည်ရွယ်ချက်သည် ရှိပြီးဖြစ်၏။

အမေညိုနှင့် လက်ထပ်စဉ်က ပေါင်ဒါလုပ်ငန်းကို လုပ်ပင်လုပ်နေရသော်လည်း စိတ်ပါဝင်စားလှသည် မဟုတ်။ နိုင်ငံရေးကိုသာ ဖောက်ချကြိုးပမ်းလိုသော်လည်း ဂျပန်များနှင့်လည်းကောင်း၊ အချို့သော သခင်များနှင့်လည်းကောင်း တွဲဖက် အလုပ်လုပ်၍ မဖြစ်၊ သာဓုစိတ်နှင့်ဆိုလျှင် အမြန်ဆုံး အသတ်ခံရမည်မှာ သေချာ၏။

သို့နှင့် သာဓုလည်း အမေ၏ နွားတောင်း၊ ကြယ်သီး၊ လိပ်ခွံဘီး စသည်



www.burmeseclassic.com

www.burmeseclassic.com



များကို ဗိုလ်ချုပ်ဈေးတွင် ဆိုင်ဖွင့်ရောင်းချနေရာမှ ဂျပန်ခေတ်၏ ရောဂါတစ်ခုဖြစ်သည့် ဝဲစိုများ လက်ဖဝါး လက်ကြားများအနှံ့ ပေါက်လာသဖြင့် ယခင် ဒေါက်တာမြ ဆေးတိုက်တွင် အလုပ်လုပ်စဉ်က သိခွင့်ရခဲ့သော အယားအယံပျောက်ဆေးမျိုး စပ်၍ လိမ်းရာ သုံးလေးရက်အတွင်း ပျောက်သွား၏။ ထိုဝဲရောဂါများမှာလည်း ထိုအချိန်က တစ်ပြည်လုံး ခေတ်စားနေသည်နှင့် ပွတူးတူး ဆေးပေါင်ဒါပဲဟူသောအမည်ဖြင့် ထုတ်လုပ်ရောင်းချခဲ့ရာ ဝဲဆေးဘုရင်အဖြစ် ကျော်ကြားခဲ့၏။

မောင်ဝဏ္ဏထက်အကြီး သားဦးဖြစ်သောအာယုကို မွေးဖွားစဉ်က အင်္ဂလိပ်များ ပြန်ဝင်လာပြီဖြစ်လျက် ဂျပန်ခေတ်က မလှုပ်ဝံ့ခဲ့သော နိုင်ငံရေးသမားတို့လည်း ထောင့်အသီးသီးမှ ကြွေးကြော်သံတွေ ညံညံစီစီ ပွက်လာ၏။ သာခုသည်လည်း နိုင်ငံရေးသဏ္ဍာပါဖြစ်သည့်အလျောက် ဆိုင်းသံကြားသဖြင့် က,ချင်လာ၏။

ပုံနိုင်း ရိုင်းသွားလျှင် သည်းခံကြပ့်။ ထင်းခနဲ ရှင်းသွားအောင် ရေးရလျှင် နိုင်ငံရေးသမားများသည် တိုင်းပြည်စောင့်ခွေးများနှင့် သဏ္ဍာန်တူပါသည်။ ပြည်ပရန် မည်းခနဲမြင်လျှင် ထိုးဟောင်ပြီး အတိုက်အခံ တွေ့လျှင်လည်း အချင်းချင်း ကိုက်တတ် အူတတ်ကြပါသည်။ ခွေးတို့သဘာဝ အူခွင့် ဟောင်ခွင့် ကိုက်ခွင့်ကို ဂျပန်သည် ဘာတစ်ခုမျှ မပေး၊ အမြီးပင် မလှုပ်ဝံ့၊ ရေနွေးပူနှင့် အပက်ခံရမည်ဖြစ်၏။

အင်္ဂလိပ်နှင့် မဟာမိတ်တပ်များ ပြန်ရောက်လာသောအခါတွင်ကား (ဂျပန်လက်ထက်က စကားအဖြစ် လေသံမျှမထွက်ဝံ့သော) ကွန်မြူနစ်ပါတီဟူ၍ပင် ပြောင်ပြောင်တင်းတင်း ဆိုင်းဘုတ်တင်ချင်လာကြသည်။ သာခုသည်လည်း အူချင်သလိုလို ဟောင်ချင်သလိုလို ဖြစ်လာသော်လည်း လုပ်ဖော်ကိုင်ဖက် သခင်များ အုပ်စုကွဲနေပြန်သောကြောင့် အကြီးအကျယ် စိတ်



ပျက်ပြီး အခြားတစ်နည်းနည်းဖြင့် တိုင်းကျိုးဆောင်နိုင်ရန် ပုံနှိပ်စက်ကလေးတစ်လုံးဖြင့် စာအုပ်တိုက် ဖွင့်၏။

ဤလုပ်ငန်းသည် ရဲ့သလောက် ကျယ်နိုင်သော၊ သတင်းစာတိုက်အထိ တိုးတက်နိုင်သော လုပ်ငန်းဖြစ်၍ သားသမီးများ၏ အလုပ်အကိုင်အတွက် တွေးပူရန် မလို။ ထိုလုပ်ငန်း အခြေခိုင်ရေးသည်သာလျှင် သာခု၏ တာဝန်ဟု တွက်သားချထားသည်က တစ်ကြောင်း။

ဒုတိယအကြောင်းအနေဖြင့် သားသမီးများကို ပညာပေးရာ၌ လက်နှင့်၊ မျက်စိနှင့်၊ စာနှင့် မပြတ်အောင် ကြပ်မတ်ထားသင့်သလော။ စာကျက်ချိန်ဟူ၍ အချိန်ကန့်သတ်ပေးသင့်သလော။ မည်သည့်ဘာသာယူ၍ မည်သည့်လိုင်း လိုက်ရမည်ဟူသော အာဏာဖြင့် လွှမ်းမိုးချုပ်ချယ်သင့်သလော။ (ဤမေးခွန်း အချက်အလက်များကို ဆိုင်ရာမိဘတို့သာလျှင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပေါ် မူတည်၍ နှစ်သက်သလို အဖြေထုတ်ကြပါကုန်။)

'အေး...ဒီနှစ် စာမေးပွဲ ကျရင်တော့ ဒါပဲ၊ ကျောင်းဆက်မထားတော့ဘူး'

ဤမျှလောက် သတိပေးစကားလေးကြောင့် ကျောင်းသားတစ်ဦး အဆိပ်သောက် သေသွားသည်ကို သာခုကိုယ်တိုင် တွေ့ခဲ့ရဖူး၏။ ဖြစ်သင့်ပါသလော။

'ဟော့...ကျောင်းနေတုန်း ဝတ္ထုစာအုပ်တွေ မဖတ်ရဘူးနော်၊ ကျောင်းစာပဲ ကြည့်'

သို့လျှင် သားသမီးကို ကွပ်ကဲသော ဖခင်တစ်ဦးသည် အချိန်အားသည်နှင့် ပိုကာဝိုင်း ဖဲဝိုင်း ရောက်နေတတ်သည်ကို တွေ့ခဲ့ရဖူး၏။

'ခြောက်လပတ်စာမေးပွဲမှာ နှစ်ဘာသာကျတယ်လို့ နို့တစ်စာ ရောက်လာပြီ၊ ဘယ်လိုလဲ၊ အေး...စာမေးပွဲကြီးမှာ ကျရင်တော့ ဆိုက်ကားနင်းဖို့သာ ပြင်ထားပေတော့'



www.burmeseclassic.com

www.burmeseclassic.com



ဤမိဘ၏စကားတွင် စာမေးပွဲအောင်ပါက မည်သည့်ဆုပေးမည် ဟူသော အချက် မေ့ကျန်ခဲ့သည်။ သို့မဟုတ် ဆုချီးမြှင့်ပေးဖို့ ဆန္ဒမပါ။

သာရသည် ကျောင်းပိတ်ရက်များ၌ သားများကို တရုတ်ဘေး ခေါ်ထားပြီး ပုံနှိပ်စက်ရိုက်သူများ၊ စာစီနေသူများ၊ စာအုပ် ထုပ်ပိုးနေသူများ၊ပြက္ခဒိန် ချုပ်နေသူများကို ပြ၏။

'ဟိုမှာကြည့်စမ်း၊ အလုပ်လုပ်နေတာ ဘယ်လောက်ပင်ပန်းသလဲ၊ စက်ရိုက်နေတဲ့ မောင်မောင်လှဆို ချွေးတွေ ရွှဲလို့'

သားတို့တစ်တွေ ကြောင်ပေပေနှင့် သာရပြရာ အလုပ်သမားများကို ကြည့်နေကြသည်။

'ဖေဖေကတော့ ဒီစားပွဲမှာ ထိုင်ပြီး စာရေးတယ်၊ ကဲ… ဘယ်သူက သက်သာသလဲ'

'ဖေဖေက ဓိမ်ကျတာပေါ့'

အကောင်လတ်က ဆတ်ခနဲဖြေ၏။

'အေး…ခု ဖေဖေ စာရေးနေတယ်၊ အပြင်သွားချင် ချက်ချင်း ထ သွားတယ်၊ အိပ်ချင်ရင် အိပ်တယ်၊ သူတို့ကော အဲသလိုသွားချင် အိပ်ချင်လို့ ရမလား'

'ဖေဖေက ဆရာ'

'အဲဒါပဲ၊ ဖေဖေ့လို နေချင်ရင် ဓိမ်ကျချင်ရင် ကျောင်းစာကို ကြိုးစား၊ ပညာကို ကောင်းကောင်းမတတ်ရင်တော့ သူတို့လို ပုံနှိပ်စက် ရိုက်ရမယ်၊ စာအုပ်ချုပ်ရမယ်၊ ပင်ပင်ပန်းပန်းအလုပ် လုပ်ရမယ်'

ထိုမျှသာ မဟုတ်၊ သာရသည် သားသမီးများသာမက တပည့်များကိုလည်း အမြဲ အကဲခတ်နေသည်သာ ဖြစ်၏။



တစ်နေ့တွင် အိမ်ရှေ့၌ (သင်္ကြန်အတွက်) လှူငယ်များ ကခုန်နေကြသည်။ တစ်လမ်းလုံး တဝါးဝါး ပွဲကျနေကြသည့်အထဲတွင် သာရတို့အိမ်သူ အိမ်သား တပည့်များလည်း ပါသည်။ သာရမှာမူ အငယ်ဆုံးကောင်ကို တစ်ဖက်က ပုခက်လွှဲရင်း စာရေးနေသည်။ ကြိမ်ပုခက်ထဲမှ သားငယ်သည် ငိုသံနှင့်အတူ ဝေါက်ခနဲ ထထိုင်သဖြင့် ပြေးယူပွေ့ချီလိုက်ရာ တင်ပါးရော ကျောပြင်ပါ အီအီးများဖြင့် လူးပေနေသည်ကို တွေ့ရသောကြောင့် သူ့ကို ကြမ်းပြင်ပေါ် အသာချကာ အနီးကို မ,မည်ပြုသည်တွင်လည်း ရှုရှုံ့ရော အီအီးပါ အနီးတစ်ထည်လုံး နံ့နေသည်နှင့် ပုံနှိပ်စက်ဆောင်ရှိ အမှိုက်ပုံးဆီသို့ လျှောက်သွားပြီး သုံးရမည့် စက္ကူစုတ် သန့်သန့်ကို နှိုက်ရှာသည်။

ပုံးလယ်လောက်အထိ စက္ကူသန့်သန့် မတွေ့ရသေးသည်နှင့် ထပ်၍ နှိုက်တွင် ကြွေရောင်စက္ကူအချောစား (မင်္ဂဇင်းအဖုံးစက္ကူ) အရွက် ၂၀ ခန့် (ပုံနှိပ်မင် အပြာရောင်လက်ရာများဖြင့်) ပေရေ အရာထင်နေသည်ကို တွေ့ရသောကြောင့် သာရ 'ထောင်း'ခနဲ ဒေါပွသွား၏။

နောက် သားငယ် အီအီးသန့်ရှင်းရေးကိစ္စများ ပြီးလုလုတွင် အိမ်သူအိမ်သားများ ပြန်ဝင်လာသဖြင့် သားငယ်တာဝန်ကို အစ်မဖြစ်သူနှင့် လွှဲလိုက်ပြီး စက်ခန်းဆီသို့ လျှောက်သွားကာ အပြာရောင်ရိုက်စ ပြုနေသူ မောင်ပိန်ဆိုသူကို အမိကထား၍ အားလုံးသော အလုပ်သမားများကို ဆူပြီး မောင်ပိန်၏ အင်္ကျီတွင် ပုံနှိပ်မင်အပြာရောင် ပေနေသော လက်ဝါးရာ ထောက်လိုက်ရာ မောင်ပိန်မျက်နှာတွင် တစ်မုဟုတ်ချင်း ဝင်းခနဲ နီသွား၏။ အားလုံးသော တပည့်များကမူ အကြောင်းခြင်းရာ မသိကြသဖြင့်လည်းကောင်း၊ မောင်ပိန်၏ လက်မှ ဆေးများနှင့်ပင် သူ့အင်္ကျီကိုင်မိလေသလော ဟူသော အကြည့်ဖြင့် မောင်ပိန်ကို ဝိုင်းကြည့်နေကြ၏။

'ဟဲ…မောင်ပိန်၊ မင်းအိမ်က မင်းဝတ်လာတဲ့ အင်္ကျီသစ်သစ်လွင်လွင်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ပေမှာ ညစ်မှာစိုးလို့ ချွတ်ထားတယ်၊ စွပ်ကျယ်နဲ့ စက်ရိုက်တယ်၊ ပေချင်ပေရင် စွပ်ကျယ်ပဲ ပေပါစေ…ဒီလို မဟုတ်လား’

မောင်ပိန်လည်း အပြာရောင်သန်းနေသော သူ့လက်ကို သူ ကြည့်ပြီးမှ

‘ကျွန်တော် စက်စရိုက်ကတည်းက အင်္ကျီကို တစ်ခါမှ မကိုင်သေးဘူး ဆရာ၊ ဆေးလိပ်ဝယ်တာတောင် ခဏအကြွေးဝယ်တယ်၊ အိတ်ကို မနှိုက်ဘူး’

‘ပေမှာစိုးလို့ မဟုတ်လား၊ ကဲ…ခု ပေနေပြီ၊ အဲဒါ ဘယ်လိုလဲ’

‘ဒါတော့ ကျွန်တော်ထင်တယ်ဆရာ၊ ခုနက ပွဲထွက်ကြည့်နေတုန်း တစ် ယောက်ယောက်…’

အခြားလုပ်ဖော်ကိုင်ဖက်များဆီသို့ မျက်လုံးရောက်သွား၏။ ဒေါသ ဝေနေသော သူ့မျက်လုံးများသည် တဝင်းဝင်း တောက်နေသည်။

‘ဒီမှာ ကြည့်စမ်း’

ရေနီဆီဆေးပြီးသည့်တိုင်အောင် အပြာငွေ့သန်းနေနေသးသည့် သာ လက်ဝါးကို ဖြန့်ပြလိုက်ရာ မောင်ပိန်မျက်လုံး တွေသွား၏။ စိတ်လည် တွေသွားပုံ ရှိသည်။ သာစုလည်း စောစောက အမှိုက်ထဲတွင် တွေ့သော အဖိုးတန် စက္ကူကို လှမ်းယူပြီး မင်ပြာလက်ရာများ ပေနေသည်ကို ထော ပြရင်း…

‘မင်း ဒါ ဘာလုပ်တာလဲ၊ ဆရာ ပြောပေါင်းလဲ မရေမတွက်နိုင်တော့ စက္ကူအသစ်ဖြစ်ဖြစ်၊ ပုံနှိပ်ပြီးသားဖြစ်ဖြစ် ကိုင်ရင် လက်ဆေးပြီး သုတ် မှ ကိုင်ပါဆိုတာ…ဟင်’

မောင်ပိန် မျက်လွှာချသွားသည်။

‘ပါးစပ်နဲ့ ပြောရတာ မောလွန်းလို့၊ ခုလက်တွေ့ပြလိုက်ပြီ၊ မင်းအင်္ကျီ ငါသုတ်တာ၊ ကဲ…မင်းစိတ်ထဲ ဘယ်လိုခံစားရသလဲ ပြောစမ်း’



သူ ငုံ့မြဲ ငုံ့နေသေး၏။

‘ဖိနပ်ဆိုတာ ချစီးလို့ လေးငါးလှမ်း လျှောက်လိုက်တာနဲ့ အပေါ်သားရေ ရော၊ အောက်ခံရော်ဘာရော ပွန်းသွားတာပဲ၊ ဒါပေမဲ့ မင်းတို့တစ်တွေ ဖိနပ် ဆိုင်မှာ အသစ်သွားဝယ်တဲ့အခါ အပေါ်သား သားရေတို့၊ အောက်ခံတို့ ဟောင်းနေ ပွန်းနေတာရယ်၊ တောက်ပြောင်နေတဲ့ အသစ်ရယ် ဘယ်ဟာ ကို ရွေးယူသလဲ’

အားလုံး ငြိမ်နေကြသော်လည်း မောင်ပိန်ကမူ လက်ဝါးချင်း ပွတ်နေ သည်။

‘ဘာပစ္စည်းဖြစ်ဖြစ်ကွ၊ အသစ်အနေနဲ့ ဆိုင်မှာ သွားဝယ်တဲ့အခါ ခဲတံ တောင် ကိုယ့်အိမ်ရောက်မှ အပင်ပန်းခံပြီး ချွန်မယ်၊ အသင့်ချွန်ပြီးသား ဆို ရင် တိုသွားသလိုလို ပုံပျက်နေသလိုလို မယူချင်ကြဘူး၊ ကဲ…စာအုပ်ကော၊ ခင်တွေ လက်ရာတွေ ပေနေရင် ဘယ်သူက ယူချင်မလဲ’

မောင်ပိန်လည်း သူ့ကို မှတည်၍ ဆူနေကြောင်း ဖြစ်သောကြောင့် အသက်ရှူပင် မဖြောင့် ဖြစ်နေရှာ၏။

‘ပိုဆိုးတာက ဒီကောင် မောင်ပိန် စက္ကူတွေထဲမှာ အဖိုးအတန်ဆုံး ဆို တာ သိလျက်နဲ့ ဆရာဆူမှာ ကြောက်ပြီး အမှိုက်ပုံးထဲ ဝှက်တယ်၊ ဒါ တစ် ခေါက် ပေသွားဦးတော့ တစ်ဖက်က လှန်ပြီး ဆေးလိပ်တံဆိပ်ရိုက်ရင် ကော် ပ်သုံးလို့ ရတယ်၊ ခုတော့ အားလုံးအစပျောက်အောင် လုပ်တယ်၊ အေး… င့်အင်္ကျီကတော့ ပေရုံပဲ ပေတယ်နော်၊ နောက် ဒါမျိုးလုပ်ရင် အင်္ကျီလဲ အစ ပျောက် ပျက်စီးမယ်၊ သတိထား’

‘ကျွန်…ကျွန်တော် မှားသွားပါတယ် ဆရာ’

သူ သို့လျှင်ပြောရင်း မျက်ရည်လည်ရွှဲနှင့် ထိုင်ကန်တော့ရှာသေး၏။

‘အေး…အားလုံး အားလုံး သေအထိ မှတ်ထားကြကွာ၊ ဘယ်သူ့ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင်တိုယ့်ပစ္စည်းလို ရှိသေဂရုစိုက်၊ နှမြောတတ်တဲ့စိတ် မွေး၊ ထမင်းကျွေးမယ့်လူက အလုအယက်ခေါ်လိမ့်မယ်၊ မင်းတို့ကိုယ်တိုင် အလုပ်ရှင်ဖြစ်လာတဲ့အခါလဲ ဒါကိုတော့ ပြောဖို့မလိုတော့ဘူးကွာ၊ မင်းတို့ အကျိုးလိုပေမှာ၊ ပျောက်မှာ ကြောက်ကြမှာပဲဟာ'

သာဓုသည် သားသမီးများကိုလည်း ဤနည်းနှင်နှင် လက်တွေ့သွန်သင်ဆုံးမတတ်၏။ မျက်ခြည်မပြတ် အမြဲအကဲခတ်၏။ စာရှုသူတို့ ဗဟုသုတဖြစ်ကြမည်လား မပြောတတ်၊ အသုံးဝင်လိုဝင်ငြား ထူးခြားသော အဖြစ်ကလေးတစ်ရပ် ဖော်ပြလိုပါ၏။

သားလတ် ရှုပသည် ငယ်စဉ်က အချူချာဆုံးဖြစ်၏။ မွေးကတည်းက သူ၏ မအားတစ်ဖက်က နှစ်ဆမျှ ပိုကြီးပြီး ငိုလိုက်လျှင် ပူဖောင်းမှုတ်သကဲ့သို့ ဖောင်းပြောင် ရောင်ရမ်းလာကာ ဖြန်းခနဲ ပေါက်ကွဲသွားတော့မည်လားဟု ထင်ရလောက်အောင် ကြောက်စရာ လန့်ကြရ၏။ ညစ်ငိုလျှင် ပိုဆိုး၏။ အတတ်နိုင်ဆုံး သူ့ မငိုအောင် ထားရ၏။

သူ ဖျားလျှင် စိတ်တို၏။ ကိုယ်ပူလျှင် ငို၏။ သူ့ရင်ထဲ မရှင်းသရွေ့တအီအီငိုရာတွင် သူ့ မအားက ဖောင်းခနဲ ရောင်လာသောအခါ အလွန်နာသည့်အသွင် လက်ကလေးနှစ်ဖက်နှင့် ဖိအုပ်ထားရင်း ငိုပြန်၏။ ငိုလေဖောင်းလာလေ၊ ဖောင်းလာလေ နာလေ၊ နာလေ ငိုလေဖြင့် တစ်ခါတစ်ရံတက်သွားလိုက်သည်မှာ အသက်ပင် ပါတော့မလောက် လေးငါးနာရီကြာ၏။ ဆရာဝန်ကို ညလုံးပေါက် ပင့်ခေါ်ထားရ၏။

သူ၏ မအားရောင် ရောဂါမှာလည်း ဆေးပေါင်းစုံပြီ။ ဓာတ်ပိန္နော ပယောဂဆရာပေါင်းလည်း မရေမတွက်နိုင် ကုကြပေးကြသည်၊ မရ။ ဒုက္ခလှလှကြီး ပေးခဲ့သည်မှာ လေးနှစ်သားအထိ။ တစ်ခါသော် သာဓုတို့ထံ အလည်လာသူက မြင်သွားသဖြင့် သူ ပြောပြသည့်အတိုင်း...



ထိုရောင်နေသော မအားတစ်ဖက်၏အရွယ်နှင့် တညီတည်း တူသော ခရမ်းသီးတစ်လုံးကို နေ့တူနံ့တူတစ်ယောက်က ခုနစ်ချက် အသက်အောင့်၍ ထိုမအားကို တို့ပြီး မီးဖိုနှင့် သုံးပေခန့်အမြင့်တွင် ကြိုးနှင့်ချည်၍ ဆွဲထားလိုက်ရာ ထိုခရမ်းသီး အရေတွန့်သွားလျှင် သူ့ မအားလည်း ပြောင်နေရာမှ တွန့်လာပြီး ခရမ်းသီးညှိုးခြောက်သွားသည်နှင့်အမျှ သား၏ ရောဂါသည်လည်း သိသိသာသာ အရောင်လျော့လာ၏။

ခရမ်းသီး အညှာကြွေသွားသည့်နောက်တွင်ကား ထိုဝေဒနာလည်း လုံးလုံး ပျောက်သွားတော့၏။

ထိုသည့်နောက်ပိုင်းတွင် ရှုပတစ်ယောက် ကစားလိုက် ဆော့လိုက်သည်မှာ တဟောဟော တဟဲ့ဟဲ့ မာန်နေရ၏။ အဆိုးဆုံးကား သူသည် ပိုးကောင်မြင်တိုင်း ရိုက်ချင်သတ်ချင်သောစိတ် ဖြစ်၏။ ပုရွက်ဆိတ်ဆို လက်နှင့် ခြေတတ်သည်။ ပိုးဟပ်တွေ့လျှင် လိုက်နင်းပြီး ပုတ်သင်ညိုမြင်လျှင် ခဲနှင့်လိုက်ထုသည်။ တစ်နေ့သော် လောက်လေးတကိုင်ကိုင်ဖြင့် စာကလေး၊ ကျီးကန်းနှင့် ကြက်ကလေးများကို လိုက်ပစ်နေသောကြောင့် သာဓုက ခေါ်ပြီး သူ့လက်ဝါး၊ လက်ခုံ၊ တင်ပါးနှင့် ဗိုက်တို့ကို တွယ်အပ်ဖြင့် မနာတနာ ထိုးရာ...

'အင်...သားသား ဘာလုပ်လို့လဲ၊ နာတယ် ဖေဖေရ၊ သားသား ဘာလုပ်လို့လဲ'

'ဟို...ကြက်ကလေးတွေကတော့ ဘာလုပ်လို့လဲ'

'ဟင့်အင်း...ဘာမှမလုပ်ဘူး'

'ဒါဖြင့်...ဘာလို့ လောက်လေးနဲ့ ပစ်ရတာလဲ၊ ခု သားကို အပ်နဲ့ ထိုးတော့ နာတယ်မဟုတ်လား၊ ဖေဖေက အဲဒါ ဖြည်းဖြည်းလေး ထိုးတာ၊ သားက ကြက်ကလေးတွေကို တအားပစ်တာဆိုတော့ သိပ်နာမှာပေါ့၊ သေချင်



www.burmeseclassic.com

www.burmeseclassic.com

သေသွားခဲ့တယ် မဟုတ်လား၊ ဘာဖြစ်လို့ ကြက်ကလေးတွေ နာစေချင်ရတာလဲ၊ သေစေချင်ရတာလဲ'

သူ မျက်ရည်ဝဲလာ၏။ ကျေနပ်ပုံလည်း မရ။ ဓာဒကတက်ချင်သည့် မျက်နှာဖြင့် ...

'ဒါဖြင့် ဖေဖေတို့ သားတို့ ဟင်းချက်စားတော့ ကြက်ကလေးတွေ မနာဘူးလား'

သာဓုက ရုတ်တရက် အဖြေရခက်သွား၏။ သူ့အား ပေါင်ပေါ် ဆွဲတင်ရင်း စဉ်းစားချိန်ယူပြီးမှ ...

'ကဲ ... သားရဲ့ ကြီးကြီးက ကြက်သားဟင်းချက်တော့ လောက်လေးနဲ့ ပစ်ပြီး ချက်သလား၊ သားလဲ ဈေးကို အမြဲလိုက်သွားတယ်နော်'

'လိုက်သွားတယ်၊ မေမေကြီးက သေနေတဲ့ ကြက်တွေ ဝယ်တယ်'

'ကဲ ... အိမ်ရောက်တော့ ဓားနဲ့ ခုတ်တယ်၊ ဗိုက်ခွဲတယ်၊ ကြက်တွေက နာလို့ဆိုပြီး အော်သလား'

သူ ခေါင်းခါပြပြီး တွေနေပြန်သည်။

'အေး ... ခုန သားက လောက်လေးနဲ့ ပစ်တော့ ကြက်ကလေးတွေ အော်ပြီး ထွက်ပြေးတယ်မဟုတ်လား'

သဘောပေါက်သွားဟန်ဖြင့် သူ ခေါင်းတဆတ်ဆတ်ညိတ်နေစဉ် သာဓုက သူ့လက်ဝါးကလေးကိုကိုင်ကာ အပ်နှင့်ထိုးမည်ကဲ့သို့ ရွယ်လိုက်သည်နှင့် 'အင့်'ဟု အော်ရင်း လက်ကလေး တတွန့်တွန့် ရုန်းနေသဖြင့် ...

'ဒီလိုပဲပေါ့ သားရာ'

သူ ပို၍ ရှင်းသွားသလို ကပိုကရိုကလေးပြုံးတဲ့ကာ နောင် ဤလိုမလုပ်တော့ပါဟု ဝန်ခံကတိပေးပြီး ထပြေးပါတော့၏။

ဆိုခဲ့သည့်အတိုင်း မောင်ရှုပ ကျောင်းစာကို ကြိုးစားပါလျက် စာမေးပွဲ



မကြာခဏ ကျသည်။ သို့တိုင်အောင် သာဓုသည် မောင်ရှုပ စာမေးပွဲ တဖုတ်ဖုတ် ကျရကောင်းလားဟု တစ်ကြိမ်တစ်ခါမျှ ဆူပူရန်မဆိုထားဘိ။

'ဟေ့ ... သား၊ စာမေးပွဲ ဖြေနိုင်ရဲ့လား၊ ဘယ်လိုလဲ၊ အောင်ပြီလား' ဟူ၍ပင် လုံးဝ မမေးခဲ့။

သို့သော် သူ့နောင်ရေးအတွက် ကြိုတင်စဉ်းစားထားပြီးဖြစ်၏။ သာဓုတွင် စာပေထုတ်ဝေရေးနှင့် ပုံနှိပ်တိုက်လုပ်ငန်း ရှိသည်ဖြစ်ရာ ယုတ်စွအဆုံး ပုံနှိပ်စက် ဝင်ရိုက်လျှင်ပင် အထက်တန်းစာရေးလစာ ရနိုင်သည်။

မည်သည့် ကျောင်းသူကျောင်းသားပင်ဖြစ်စေ စာတတ်ချင်၊ စာတော်ချင်၊ အမြဲအောင်ချင်ကြသည်။ စာမေးပွဲကျမည်ကို ရှက်တတ်ကြသည်။ ကြိုးစားပါလျက်နှင့်လည်း ဦးနှောက်က မလိုက်နိုင်သည်ကိုမူ ခွင့်လွှတ် သင့်မသင့် ဆိုင်ရာ မိဘတို့က စဉ်းစားရန်။

အချို့ရှိသည်။ အတော်များများ ရှိတတ်ကြသည်။ ကျောင်းပညာလည်း စိတ်မဝင်စား၊ နောင်ရေးအတွက်လည်း တိကျသော အစီအစဉ်ကို မထား။ ပေါ့လား ဝါးလားနှင့် မိဘထံသာ လက်ဖြန့်လျက် သူတို့၏ ဘဝ တစ်လျှောက်လုံးအတွက် မိဘကိုသာ တာဝန်ပုံချချင်သည့် သားသမီးများကိုကား (သာဓုဝါဒအရဆိုလျှင် အိမ်၌ပင် လက်ခံထားတော့မည် မဟုတ်)။

အများသော မိဘတို့အတွက် တင်ပြရန်အကြောင်းအချက်တစ်ခု ခေါင်းထဲမှ ထွက်လာပြန်ချေပြီ။

မောင်ဝဏ္ဏ အလွန်အအိပ်ကြီး၏။ စာကျက်သည်ဟူ၍ မည်မည်ရရ တွေ့ဖူးခဲ့။ သို့သော် စာမေးပွဲ တစ်ကြိမ်မျှ မကျရုံမက စိန့်ပေါ် တစ်ကျောင်းလုံး၌ ပထမရခဲ့သည်။ ဤသည်ကိုလည်း သူက ဝမ်းမြောက်ဝမ်းသာ လာ၍ ပြောပြ။ ကြားစကားဖြင့် သာဓုကျေနပ်ခဲ့ရ၏။ သူ တက္ကသိုလ်ရောက်သည့်နှစ်များတွင်လည်း သာဓုရုပ်ရှင်အဖွဲ့တွင် အသံဖမ်းအင်ဂျင်နီယာ ဝင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



သေး၏။ သာခုက ကျောင်းပညာကို ပုံသေထား၍ ဆည်းပူးပြီးမှ သာခုအလုပ်တွင် ကူညီရန် ပြောသော်လည်း သူ လက်မခံ။

'ရပါတယ် ဖေရာ... ဖြစ်ပါတယ် ဖေရာ'

သူ စိတ်ပါဝင်စားနေခိုက်ဖြစ်သောကြောင့် အရိပ်အကဲကြည့်၍ လွှတ်ထားခဲ့သည်။ ကျောင်းတက်ရက်ထက် ကျောင်းပျက်ရက်က ပိုများနေခဲ့သော်လည်း အချိန်တန်သော် ဘွဲ့ရခဲ့သည်။ ထိုဘွဲ့ကိစ္စနှင့် ပတ်သက်၍ အမေညိုသည် ယခုအထိ တဖျစ်တောက်တောက် (သတိရတိုင်း) ပြောဆို မကျေနပ် ဖြစ်နေဆဲ။

သူတို့မေမေက သားဘွဲ့ယူသော နေ့တွင် ဂုဏ်တယူယူဖြင့် ကျေနပ်ကြည်နူးနေချင်သည်။ ဘွဲ့ဝတ်စုံဝတ်ထားသော သားနှင့် အများသော မိဘတို့နည်းတူ ဓာတ်ပုံရိုက်ချင်သည်။ သို့သော် ထိုနေ့ထိုရက်တွင် မောင်ဝဏ္ဏ ရန်ကုန်တွင် မရှိ။ အမေညို ဒေါ်တပွပွဖြစ်နေသောကြောင့်...

'အေးကွာ...နောက်ကောင်တွေ ကျန်သေးတာပဲ'

သာခုက ဤလိုသာ နှစ်သိမ့်လိုက်ရသည်။ အငယ်မောင် မောင်ဉာဏ်ပေါ် (မင်းလူ) ဘွဲ့ရသော (ဘွဲ့ပေးသော) နေ့ကလည်း အမေညို ဘွဲ့နှင်းသဘင် မတက်လိုက်ရ၊ ဓာတ်ပုံမရိုက်လိုက်ရ။ သာခုကိုယ်တိုင်မှာလည်း မန္တလေး ဘက် တက်၍ ရုပ်ရှင်ရိုက်နေသဖြင့် ပြန်လာမှ သိရသည်မှာ...

ဗလကြီး၊ ဉာဏ်ပေါ်နှင့် ရှုပတို့မှာ ဘောလုံးအသင်း ထောင်၍ ဘောလုံးနှင့်သာ အလုပ်ရှုပ်နေကြသည်။ အငယ်ကောင်သည် ဘွဲ့တက်ယူရေးထက် သူ့ဘောလုံးချိန်းပွဲက အရေးကြီးသည်။ (လူတစ်ကိုယ် စိတ်တစ်မျိုး)

ဒုတိယသား ဗလကြီး (သုမောင်) က တစ်ဘာသာ အကောင်။ ဝဏ္ဏ ဉာဏ်ပေါ်တို့လိုပင် စာကို ဟုတ်တိပတ်တိ ကျက်လေ့မရှိသော်လည်း စာမေးပွဲ အမြဲအောင်သည်။ သူငယ်စဉ်က...



'သား ကြီးလာရင် ဘာလုပ်မလဲ' ဟု သူ့အမေညိုက မေးတိုင်း...

'ဘုန်းကြီး လုပ်မယ်'

အမေညို အလွန်သဘောကျသည်။ စိပ်ပုတီး ဝယ်ပေးသည်။ အမေညိုနှင့်အတူ စိပ်ပုတီး စိပ်သည်။

ကစားစရာများ ဝယ်လာသောနေ့တွင်မူ သူ့ကို စိပ်ပုတီးစိပ်ရန် ခေါ်၍ မရ။ အခြားသားများ မော၍အိပ်ကုန်ကြသည့်တိုင်အောင် ဗလကြီး မအိပ်သေး၊ ထောင့်တစ်နေရာတွင် တကုပ်ကုပ်နှင့် ထွစ်ယောက်တည်း အလုပ်ရှုပ်နေတတ်သည်။

'ဟေ့...သား ဗလကြီး မအိပ်သေးဘူးလား၊ မနက်အစောကြီး ထရမှာ'

သာခု လှမ်းပြောလိုက်တော့မှ သူ ထတော့သည်။ သာခု စာဆက်ရေးနေစဉ် အနီးသို့ ရောက်လာပြီး...

'ဖေဖေ... ဒါတွေ ပြန်တပ်ပေးပါ'

စားပွဲပေါ် သူ ချပေးသော ဝစ္စည်းများကား စောစောက ဝယ်လာသော သံပတ်ပေး မီးရထားခေါင်း။ ဘီးတခြား မောင်းတံတခြား၊ အားလုံး တခြားစီ တစ်စစီ ဖြစ်နေလေတော့၏။

ဇာဂနာနှင့် ဝက်အူလှည့်ရော ပလာယာပါ ပါသည်။ သာခု ပြုံးလိုက်ပြီး

'အေး... အေး... ထားခဲ့'

ဖျက်ဆီးရကောင်းလားဟု သာခု မဆူချင်။ ကြိမ်းလည်း မကြိမ်းထိုက်။ သာခုကိုယ်တိုင် ကလေးဘဝမှ တစ်စတစ်စ လူကြီးဖြစ်လာရသည်။

မိဘမျိုးရိုးနှင့်ဦးနှောက်ကို လိုက်၍ ကလေးများတွင် ထုံအ,ခြင်း၊ ပျင်းရိခြင်း၊ စူးစမ်းခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ အရာရာတွင် စပ်စုခြင်း၊ သိလိုခြင်း စသဖြင့် ဗီဇကလေးများ ပါလာတတ်သည်။ သူတို့လုပ်သမျှသည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာ ပညာရှာနေခြင်းဖြစ်သည်ဟု သာဓု စတုတ္ထတန်းလောက် ကတည်းက သဘောပေါက် ခေါက်မိထားသည်။

သာဓုမိဘများက ပြောပြဖူး၍ မဟုတ်။ ရှင်းရှင်းဆိုရလျှင် သာဓုတို့ မြန်မာများက ဤအယူအဆမျိုးနှင့် ပြောသံ-လုံးဝမကြားဖူးခဲ့။

ရန်ကုန် ကျုံးကြီးလမ်းနှင့် ၁၇ လမ်းထောင့် ဗိတိုရိယ ဗုဒ္ဓဘာသာ မိန်းကလေး ကျောင်းတွင် (ယခု – ပြည်သူ့အိုးအိမ်ရုံး) လေးတန်း၌ ပညာသင်နေရဆဲ၊ ကျောင်းအုပ်ဆရာမကြီးသည် ဘိလပ်သူ၊ တစ်နေ့သော် သူ့မြေးငယ် သုံးနှစ်သားအရွယ်က သူတို့၏ ဂုစ်ပက် မော်တော်ကားဘီး လေထိုးပေါက်ကို သစ်သားတစ်ခုဖြင့် ထိုးပြီး လေလျှော့ကစားနေသည်ကို သာဓုတို့က မလုပ်ရန် တားမြစ်နေစဉ် သူ့အဖေ ဘိလပ်သား ရောက်လာသဖြင့် 'ကြာဆံရောင် ဆံပင်ဖွေးဖွေးနှင့် ဘိုကလေးတော့ အတီးခံရတော့မယ်' ဟူသော အတွေးဖြင့် ငေးနေကြ၏။

သူ့အဖေကား သူ့သားကို ရိုက်ရန်မဆိုထားဘိ၊ သူ့သား ဆော့ကစားမှုပင် ရပ်မသွားစေရန် မသိမသာ နောက်မှဝင်ရပ်ပြီး ပြုံးကြည့်နေသည်။ အတန်ကလေး ကြာမှ သူ့သားနားတွင် ဝင်ထိုင်ပြီး သူ့သားလက်မှ သစ်သားစကို ယူကာ သုံးလေးချက်ထိုးပြ၏။ လေသည်လည်း ရှူးခနဲ ရှဲခနဲ သုံးလေးကြိမ် ထွက်သွား၏။ နောက် သူ့သားကို ပွေ့ချီကာ ကားပေါ်တင်မည်အပြု နောက်နားဆီမှအသံတစ်ခု ပေါ်လာသဖြင့် သာဓုတို့ပါ လှည့်ကြည့်လိုက်သည်တွင် သာဓုတို့၏ အတန်းပိုင်ဆရာမ တီချာလတ် (လက်ထောက် ကျောင်းအုပ်)။

တီချာလတ်နှင့် သူတို့သားအဖ စကားပြောနေကြစဉ် ကျောင်းတက်ခေါင်းလောင်းထိုးတော့၏။

စာသာ သင်နေရသည်၊ စိတ်ထဲကမူ တီချာကြီး၏ မြေးလေးအပြုအမူ နှင့်



သူ့အဖေ၏ ဟန်အမူအရာအတွက် တွေးရခက်ကြီးဖြစ်နေမိ၏။ သာဓုတို့ အိမ်တွင်သာဆိုက သက်သာမည်မဟုတ်။ ဓာတ်မီးသွယ်ခါစ ခလုတ်နှိပ်ရုံဖြင့် မီးလုံးကလေး ဝင်းခနဲ လင်းခနဲဖြစ်လာသည်ကို သဘောကျပြီး ဖွင့်လိုက် ပိတ်လိုက် လုပ်မိသည်နှင့် ကျောတစ်ခြမ်း ဖြန်းခနဲအဆော်ခံရဖူးသည်ကို မမေ့။

သာဓု အလွန်စပ်စုသည်၊ တစ်စုံတစ်ခု သိချင်လာလျှင် ထိုကိစ္စတွင်သာ အာရုံယားနေတတ်သည့်အတိုင်း မုန့်စားလွှတ်သည်နှင့် တီချာလတ်ကို သွားမေး၏။ အတိုချုပ်သည်ကား…

"အို… မောင်ဖေသန်းရဲ့၊ ကလေးက အဲဒါ ဆော့တာမဟုတ်ဘူး၊ ဘာလုပ်ရင် ဘာဖြစ်သလဲဆိုတာ ပညာရှာတာပါ၊ တီချာလတ်တို့ ယူရိုပီယင် (ဥရောပ တိုက်သား) တွေဟာ ဒီလိုပဲ၊ ကလေးတွေကို အရမ်းမရိုက်ဘူး၊ အော်တောင် မအော်ဘူး၊ အေးအေးဆေးဆေး ပြောပြတယ်"

ချက်ချင်း သာဓုစဉ်းစားမိသည်ကား ဤမည်သော ဘိလပ်သူ ဆရာမမျိုး ထိုကျောင်းတွင် ထိုစဉ်က သုံးယောက်ရှိသည်။ တစ်စုံတစ်ယောက်က ကျောင်းစာ မသိ၍ ထမေးလျှင် အနီးသို့ ခေါ်၍ ရှင်းပြသည်။ မြန်မာဆရာမ အချို့ကမူ…

'မမ ပြောနေ၊ စာပြနေတုန်းက မင်းဘယ်ငေးနေသလဲ'ဟု ပထမနိဒါန်းမျိုးပြီးမှ ဒုတိယ စိတ်မရှည်သလို တိုတိုပြတ်ပြတ် ရှင်းပြတတ်ကြသည်။

'ခုန မင်းတွေ့တယ်မဟုတ်လား၊ မစ္စတာလယ်လ်ဝင်လေ၊ သူ့သားကို သူပါ ရောပြီး လေပေါက်တိုင်ထဲ တုတ်ထိုးပြတယ်၊ အေး… အဲဒါ သူ့သားကိုလဲ ပြောတယ်၊ 'ဒီလိုထိုးရင် လေထွက်တယ်၊ တစ်ခါနှစ်ခါ ထိုးကြည့်ရင် သားသိရရင် တော်တော့၊ အကြာကြီးထိုးရင် လေတွေ အများကြီး ထွက်ပြီး ကားဘီးပြားသွားရင် သားဖို့ ကစားစရာသွားဝယ်လို့ မရတော့ဘူး၊ ရှင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆိုလဲရေတော့ဘူး၊ နောက်ကိုမလုပ်နဲ့တော့’ အဲသလို ရှင်းပြော ပြောပြတယ်၊ အဲဒါ မင်းတို့လဲ ညီလေးညီမလေးတွေရှိရင် ကောင်းကောင်း ပြောဖြဲ၊ ရိုက်ရင်အရိုက်ခံရတာပဲ သူတို့သိမယ်၊ ပညာမရဘူး၊ သိသင့်တာမသိဘူးပေါ့’

ဤသည်မှာ သာခုတစ်ယောက်တည်းက မေးသော်လည်း အားလုံး သိသင့်သည့်စကားအဖြစ် မှန့်စားမလွှတ်သေးဘဲ အားလုံးကိုပြောပြ၏။ သာခု ပါးစပ်ဆော့သောကြောင့် တစ်တန်းသားလုံး အသိတစ်ခု တိုးသွား၏။

သာခုတွင် ဉာဉ်တစ်ခု ပါသည်။ မသိသေးသော အရာတစ်ခုကို တွေ့လျှင် သိချင်သောစိတ်ကို ဖိနှိပ်၍မရ။ ငယ်စဉ်က ပဲခူးမြို့သို့ ဦးလေးဖြစ်သူနှင့် လိုက်သွားရာ ကားပေါ်၌ ဓာတ်စက်တစ်လုံး ပါသည်။ ထိုစဉ်က ဓာတ်စက်မှ သီချင်းဖွင့်သံကို အဝေးမှသာ ကြားဖူးသည်။ ယခု အနီးကပ်မြင်ရသော အခါ သေတ္တာကို ဖွင့်ကြည့်ချင်နေသည်။

ပဲခူးသို့ရောက်ရောက်ချင်း ဦးလေးက ဓာတ်စက်ဖွင့်သည်ကို တအံ့တဩ သာခု နားစွင့်နေမိသည်။ မှတ်လည်း မှတ်မိနေသည့် သီချင်းမှာ ‘နှစ်ထပ်ဦးထုပ်ကို တရုတ်ယူတော့မယ်’ ဟူသော သီချင်း။

ဓာတ်ပြား ဆယ်ချပ်လောက် မနားတမ်းဖွင့်နေသဖြင့် အိမ်ရှေ့တွင် လူအတော်များများ အုံလာသည်။ မကြာမီပင် ဦးလေးလည်း (ထိုစဉ်က ခေတ်စားနေဟန်တူသော) နှစ်ထပ်ဦးထုပ် အသစ်စက်စက်ကို ဆောင်းပြီး ဘောဒီ အော်စတင်ကားကလေးကို မောင်းထွက်သွားသည်။

သာခု ဓာတ်စက်နားမှ မခွာ၊ ပတ်ချာလည် ကြည့်သည်။ မည်သူ သီချင်း ဆို၍ မည်သူက တီးလုံး တီးသည်ကို သိချင်စိတ် ပြင်းပြနေသည့်အတိုင်း လူကြီးများ ထမင်းဝိုင်း ရောက်သည်နှင့် ဓာတ်စက်ကို သာခု ကလိတော့



သည်။ အော်လံကို ဖြုတ်သည်။ ဓာတ်ပြားတင်သည့် ခွေပြားကို ဆွဲမ,သည်။ အတွင်းသို့ ငုံ့ကြည့်သည်၌ ခြေချော်ပြီး မှောက်လျက်လဲသဖြင့် တစ်အိမ်လုံး ပြေးထွက်လာကြသည်။ ဦးလေးအလတ်က သာခုကျောကို ဖြောင်းသလို အတီးတွင် အဘွားက ဆွဲချီခေါ်သွားသည်။ ဤကိစ္စ ဤတွင်ပင် ပြီးသွားရသည့်အကြောင်းကား ဦးလေးကြီး မသိအောင် တညီတညွတ်တည်း (အဘွား၏ ဩဇာအဟုန်ကြောင့်) နှုတ်လုံလိုက်ကြဟန် တူသတည်း။

ယခု သာခု၏ သွေး၊ သာခု၏ သားဖြစ်သူ ဗလကြီးလည်း ထိုနည်း လည်းကောင်း မီးရထားခေါင်းတစ်ခုလုံး ခြောက်စိတ် ခြောက်မြွှာ ဖြုတ်ပစ်ပြီး စူးစမ်းသည်။ နောက်နေ့ညနေ ကျောင်းက ပြန်ရောက်မှ သူ့ကိုခေါ်၍ ပြန်တပ်ပြသည်။ နောက်ထပ် မဖြုတ်တော့ရန်လည်း သတိပေးရသည်။ သူ နားထောင်သည်။ မီးရထားခေါင်းကို မဖြုတ်တော့သော်လည်း (ဥပမာ) လေယာဉ် ဝယ်ပေးလျှင် အားရအောင် ကစားပြီးသည်နှင့် အတောင်တခြား ကိုယ်ထည်တခြား ဖြစ်သွားလေတော့သည်။ သို့သော် သာခုကို လာ၍အပူ မကပ်၊ သူ့ဟာသူလည်း ပြန်မတပ်တော့ချေ။ မည်သူမျှ မမြင်အောင် ချောင်တစ်ခုခုတွင် ထိုးထားလိုက်ချေတော့၏။

ဗလကြီးသည် သာခု၏ ခြေရာကို တစ်ဝက်သာ နင်းသည်ဟု ဆိုချင်၏။ (ရှင်းပါအံ့။)

သာခုတို့ ငယ်စဉ်က နေထိုင်သော လမ်းထဲရှိ အထည်တိုက်တစ်တိုက်မှ မချောတချော အပျိုကြီး ညီအစ်မသည် မကြာခဏဆိုသလို သာခုအား ခေါ်၍ အနှင်းခိုင်းတတ်၏။ တစ်ခါတစ်ရံ ဇာကြောဆွဲပေးရပြီး တစ်ခါတစ်ရံ တွင် ခေါင်းလျှော်ရည် လောင်းပေးရ၏။ တစ်ခုခုလုပ်ပေးပြီးလျှင် မုန့်ဖိုး ရ၏။ တစ်ပြားစ နှစ်ပြားစ။



www.burmeseclassic.com

www.burmeseclassic.com



**တစ်နေ့တော့** အပျိုကြီးအငယ်မက လှမ်းခေါ်သဖြင့် မုန့်ဖိုးရတော့မည် **တု ဝမ်းသာသွား**ကာ အပြေးအလွှား သူ့အနားရောက်သည်နှင့်…

'နင်းပေးရမလား မမ'

'မဟုတ်ပါဘူးဟဲ့၊ ထိုင်စမ်း…မေးစရာတစ်ခုရှိလို့၊ ဟိုလေ… ဒီလမ်းထဲက လူပျိုတွေ တချို့ သွားရင်း လာရင်း တို့ဆိုင်ရှေ့ရောက်မှ လက်ကိုင်ပဝါ ထုတ်ထုတ်ပြီး မျက်နှာသုတ်တာ ဘာဖြစ်လို့လဲ၊ မင်းသိသလား'

'ဟင်…ကျွန်တော်မသိဘူး မမ၊ မြင်လဲ မမြင်မိဘူး၊ အဲဒါ…'

'အေး…မင်းသတိထားကြည့်စမ်း၊ အဲဒါ ဘာကြောင့်တို့ဆိုင်ရှေ့ရောက်မှချည်း မျက်နှာသုတ်တာလဲ မသိဘူးကွဲ့'

'ဟုတ်ကဲ့၊ ကျွန်တော် သတိထားကြည့်မယ်၊ ဘာနိုင်းဦးမလဲ မမ'

'မရှိပါဘူးကွယ်၊ ရော့…ရော့…မုန့်ဝယ်စား'

သာခု ငယ်စဉ်ကတည်းက သူတစ်ထူးအကျိုးကို အမြဲ ဆောင်ရွက်ပေးတတ်၏။ ဝယ်ခိုင်းသော ပစ္စည်းကို ရအောင်သာမက ဈေးသက်သာအောင်လည်း ဝယ်ပေးတတ်၏။ သိချင်သည်ကို မရအရ စုံစမ်းပေးတတ်သော ဝါသနာပါ၏။

ထိုနေ့ညက ထိုကိစ္စကို စောင့်၍အကဲခတ်နေရာ မကြာမီ ကုလားကပြားလူချော ကိုဂနီဆိုသူ လမ်းထိပ်မှ ဝင်လာသည်။ ထိုမမတို့ ဆိုင်ရှေ့ ရောက်သည်နှင့် လက်ကိုင်ပဝါ ထုတ်သုတ်သည်။ တစ်နာရီကြာကြာတွင် ချောင်ဦး သား ကိုထွန်းသိ လမ်းထဲမှ အထွက် ဆိုင်ရှေ့တွင် လက်ကိုင်ပဝါဝုတ်မျက်နှာကို လှလှပပ သုတ်ရင်း လျှောက်သွားပြန်သည်။

မကြာမီ သေတ္တာကုန်သည် ဦးသီလ၏သမက် ကိုလှဖေဆိုသူ ရုံးမှ ပြန်လာသည်။ ကိုလှဖေကမူ ရိုးရိုးတန်းတန်းပင် ထိုဆိုင်ကို ကျော်သွားသဖြင့်



သာခု စိတ်ဝင်စားလာကာ သူ့နောက်မှ ပျာပျာသလဲ လိုက်သွားပြီး ပထမနှစ်ယောက်၏ အပြုအမူကို ပြောပြရာ…

'အဲဒါ…အစ်ကို လှဖေကတော့ ဘာလို့ ဒီလိုမလုပ်တာလဲ'

'ဟ…ဖေသန်းရ၊ ဟိုနှစ်ကောင်က အဲဒီအပျိုကြီးတွေကို ချိတ်တာ ဖြစ်မှာပေါ့၊ ငါက မိန်းမရှိတဲ့လူပဲ၊ ဒါတွေ သတိမရပါဘူးကွာ'

'ဒီလိုဆိုတော့ လူပျိုတွေက သူတို့မေတ္တာရှိတဲ့ အပျိုတွေရှေ့ ရောက်ရင် လက်ကိုင်ပဝါ ထုတ်ပြီး မျက်နှာသုတ်တယ်၊ မချစ်ရင်တော့ မသုတ်ဘူး၊ အဲဒါ ထုံးစံလား အစ်ကို'

'အတိုချုပ်ကတော့ ဒါ ချစ်တယ် စိတ်ဝင်စားတယ်ဆိုတဲ့ အရိပ်လက္ခဏာတွေ ဆိုပါတော့ကွာ၊ အေး…မင်းကတော့ နေရာတကာ စပ်စုတဲ့ကောင်ပဲ၊ မင်း မသိချင်တာ မရှိဘူး'

ထိုစကား ရသည်နှင့် ညနေဘက် လူရှင်းချိန်တွင် ထိုအပျိုကြီး မမငယ်အား သူသိချင်သော အဖြေကို သွားပြောပြရာ၌…

'ဟဲ့…နေစမ်းပါဦး၊ မင်း သူတို့ကို သွားမေးသလားဟင်'

'သူတို့ကို မေးရင် ဘယ် အမှန်ပြောမလဲ မမရဲ့၊ ဟိုတခြားလူလေး မိန်းမရှိတဲ့လူကို မေးတာပေါ့၊ ကျွန်တော့်ဘာသာ သိချင်သလိုပေါ့'

'အေး…အဲ ဘယ်လို မေတ္တာရှိတဲ့'

'ဟုတ်ကဲ့၊ မေတ္တာရှိရင် စိတ်ဝင်စားရင် ဒီလိုပဲ ချစ်လက္ခဏာပြတယ်တဲ့'

'အေး…သွားတော့'

မမတွင် ရှက်သွေးဖြန်းနေသဖြင့် မုန့်ဖိုးမရခဲ့သော်လည်း နောက်တစ်နေ့ ညနေမှ သာခုကို ခေါ်၍…

'မမ မုန်းပြီး ဝယ်လာတာ၊ ရော့…ဝတ်ကြည့်စမ်း၊ ဟဲ့…အတော်ပဲ မမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှန်းကောင်းတယ်နော်၊ အဲဒါ ၃၅ ကျပ်ပေးရတယ် သိလား၊ ကဲ…ယူသွားလေတော့'

မမစွပ်ပေးလိုက်သည်မှာ ရွှေလက်စွပ်တစ်ကွင်း (ဒိုင်းပုံ)။ သာခု ဝမ်းသာသွားသော်လည်း ဟက်ဟက်ပက်ပက် မရှိလှ။ ဝတ်ထားသော ခြောက်မူး (ယခုခေတ် ၆၅ ပြားခန့်) တန် လုံချည်နှင့်လည်း မဟပ်မိဖြစ်နေသည်။ အိမ်ရောက်သည်နှင့် ချွတ်၍သိမ်းထားလိုက်၏။

အရက် ၂၀ ခန့်ကြာသော် မောင်ထော်လေးလမ်း (ဗိုလ်ဆွန်ပက်လမ်း) ထိပ် ဟာတာကုမ္ပဏီတွင် စက်ဘီးအသစ်များ တန်းစီထားသည်ကို တွေ့ရသည်။ ဈေးနှုန်းမှာ ၂၈ ကျပ်။ ဂျပန်လုပ်။

သာခု လမ်းထဲသို့ ပြန်ပြေးလာပြီး မမအပျိုကြီးကို ခွင့်ပန်သည်။ လက်စွပ် ရောင်းပြီး စက်ဘီးဝယ်ချင်သည်။ ငွားစားလျှင် တစ်နာရီ တစ်ပဲ ရမည်။ မမကလည်း ကျေနပ်စွာ ခွင့်ပြုသဖြင့် လက်စွပ်ကို ၃၁ ကျပ်နှင့် ပြန်ရောင်းပြီး စက်ဘီးဝယ်သည်။ တစ်နေ့လုံး မနားတမ်း စီးပစ်လိုက်ပြီး နောက်နေ့ မိုးလင်းသည်နှင့် တစ်စစီ ဖြုတ်ကြည့်သည်။ ပြန် တပ်သည်၊ အံမကျ။ ကမောက်ကမတွေ ဖြစ်ကုန်သောကြောင့် စက်ဘီးဆိုင်သို့ ယူသွားပြီး သူတို့လုပ်သမျှ စေ့စေ့စပ်စပ် ထိုင်ကြည့်နေသည်။ စရစပေါင်း နှစ်ကျပ်တစ်မတ် ပေးခဲ့ရသည်။ နောင်သောအခါ စက်ဘီး တစ်ခုခုဖြစ်လျှင် သာခုဘာသာ လုပ်သည်။ ပြင်သည်၊ စက်ဘီးအကြောင်း ကောင်းကောင်းနားလည်သွားချေ၏။

တစ်နေ့ သာခု ရုပ်ရှင်ရိုက်ရင်း အလုပ်ရှုပ်နေချိန် ဗလကြီး ရောက်လာပြီး စာတစ်ရွက်တွင် လက်မှတ်ထိုးခိုင်းသဖြင့် ထိုးပေးလိုက်သည်။ နောက် ငါးရက်ခန့် ရသော နေ့တစ်နေ့၊ သူတို့ကျောင်းအပို့ သာခုလိုက်သွားရာတွင်



မူလအတိုင်း စိန့်ပေါလ်ကျောင်းဘက်သို့ တိုက်ရိုက်မမောင်းဘဲ ကန်တော်ကြီးဘက် ကွေ့သွားသဖြင့်…

'ဟေ့…မောင်သောင်းညွှန့်၊ ဒါက ဘယ်လဲ'

'ဗလကြီး ပို့ရမယ်လေ အစ်ကို၊ သူ့ အခု စိန့်ပေါ်မှာ မဟုတ်တော့ဘူး'

သာခု နောက်ပိုင်းသို့ လှည့်ကြည့်လိုက်ရာ ဗလကြီးမျက်နှာ ပျာကလက်ခါနေပြီး…

'သား…စက်မှုလက်မှုကျောင်း ပြောင်းတယ်လေ၊ ဖေဖေပဲ လက်မှတ်ထိုးပေးတယ် မဟုတ်လား'

စင်စစ် သာခုအလုပ်ရှုပ်နေစဉ် ဗလကြီး ဗရုတ်ဗရုတ် လုပ်သွားခြင်းသာဖြစ်သော်လည်း သာခု မဆူ မကြိမ်း။

'အေး…ပြီးတဲ့ကိစ္စ ပြီးပြီ၊ သား စက်မှုလုပ်ငန်းဝါသနာပါရင် ရေဆုံးရေဖျား လိုက်…ဒါပဲ'

နောက်ပိုင်းမှ သိရသည်ကား ဗလကြီးသည် သူအလွန်ချစ်သော သူငယ်ချင်း နှစ်ယောက်က စက်မှုလက်မှုကျောင်း ပြောင်းသွားသဖြင့် သူပါ လိုက်ပြောင်းသွားခြင်းဖြစ်သော်လည်း ဒီဇယ်နှင့် မာတ်ဆီအင်ဂျင်ပညာများ ဒီပလိုမာ ရလိုက်၏။

သို့သော် ထိုပညာကို ဟုတ်တိပတ်တိ အသုံးချလိုစိတ်မရှိ။ သာခု (ကားမှုက်၍) ည နှစ်ချက် သုံးနာရီထိ ပြင်နေရသောအချိန်တွင်လည်း သူသည် အိပ်သေး။ အိမ်ပေါ်တွင် ဝတ္တုရေးကောင်းနေသောအချိန့် ဖြစ်နေတတ်၏။ အိပ်လည်း အိပ်နေတတ်၏။

ဝိဇ္ဇာ သိပ္ပံလိုင်း လိုက်နေရာမှ (သူငယ်ချင်း အပေါင်းအသင်းကြောင့်) ကြားဖြတ်၍ စက်မှုလိုင်း လိုက်ပြီး တောင်မရောက် မြောက်မကျ ဖြစ်ခဲ့သော် အစ်နည်းအားဖြင့် စက်မှုကိုလည်း တိတိကျကျ စိတ်မဝင်စားခဲ့သော် ကုန်



www.burmeseclassic.com

www.burmeseclassic.com



သွားသောအချိန်များအတွက် ရတက်ပွားစရာဖြစ်ရချိမ့်မည်။ တော်ပါသေး၏။ အနုပညာ၊ စာပေအရသာအချင်း၊ ဂီတ၊ ဗီဇကလေးတွေ ပါလာသောကြောင့်။

မောင်ဝဏ္ဏမှ ငယ်စဉ်က အလွန်အေးသည်။ ဘာလိုချင်သည်၊ ဘာစားချင်သည်ဟူ၍ ပူဆာလေ့မရှိ။ ကစားလျှင်လည်း အလွန်ငြိမ်သက်စွာ ကစားတတ်ပြီး တစ်ခါတစ်ရံ ညီငယ်များက ဆူညံစွာ ဆော့ကစားကြလျှင် ဝဏ္ဏက ဘေးရှောင်သွားပြီး တစ်နေရာရာတွင် ထိုင်၍ တွေနေတတ်၏။ လေကလေး တချွန်ချွန်ဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတတ်၏။ အတွေးသမား၊ အငေးသမား၊ စကားလည်း များများမပြော။ ပြောပြန်လျှင်လည်း မပွင့်တပွင့်။

များသောအားဖြင့် ကလေးများသည် သေနတ်ပစ်ဇာတ်ကားကို ကြိုက်ကြသည်ချည်း ဖြစ်သည့်အတိုင်း မောင်ဝဏ္ဏ ငါးနှစ် ခြောက်နှစ်သား သာသာလောက်က ကောင်းဘွိုင်ဇာတ်ကား လိုက်ပြသည်၌ ရုံရှေ့တွင် ပရိသတ်တိုးမပေါက်အောင် စည်ကားနေသဖြင့် လက်မှတ်ဝယ်ရန် အတော်ကလေး ပင်ပန်းလိုက်ရချေသည်။ ရုံထဲရောက်မှပင် သားကို ထားခဲ့ပြီး သူ့အတွက် မုန့်ထွက်ဝယ်ရသည်။

ပြန်ဝင်လာသောအခါ သူ ငိုနေသည်။ အနီးရှိ တရုတ်ကြီးတစ်ယောက်က ချော့နေသည်ကိုလည်း တွေ့ရသဖြင့် မေးကြည့်ရာ…

'သားကို ထားခဲ့ပြီး ဖေဖေပြန်သွားတယ်ထင်လို့'ဟု ဝမ်းနည်းရှိုက်သံဖြင့် ပြန်ဖြေသည်။ သူ အားငယ်တတ်သည်။

သတင်းကားနှင့် နမူနာပိုင်း။ နောက် သေနတ်ပစ်ကား ဇာတ်လမ်းအစမှာ မြင်းခုန်းစိုင်းစီးလာကြသော လူဆိုးငါးယောက်က တောင်နံဘေး စမ်းချောင်း ကလေးတွင် ရေခပ်နေသော မိန်းမငယ်တစ်ယောက်ကို တွေ့သဖြင့်



တွေ့လာပြီး ဆွဲလား ရမ်းလား၊ နောက် ချုံထဲသို့ ခေါ်သွားသည်။ အတန်ကြာသော် သေနတ်သံ သုံးချက် ပေါ်လာသည်။

လူဆိုးများ ထွက်သွားပြီးနောက် မင်းသား ရောက်လာကာ ရေစပ်မှ ရေဆွဲပုံး ကောက်ကြည့်ရင်း သူ့မိန်းမကို အော်ခေါ်သည်၊ ရှာသည်၊ ချုံထဲတွင် သွားတွေ့၏။

သူတို့ အနောက်တိုင်းရုပ်ရှင်က ရက်ရက်စက်စက်ပြသည်။ လူဆိုးများ ဟောဟစ်ရားပြုမူသွားသည့်သဏ္ဌာန် အဝတ်အစားများ စုတ်ပြဲကျန်ရစ်ခဲ့သည်။ သေနတ်ဒဏ်ရာကြောင့် ရုပ်ပျက်ဆင်းပျက် သွေးကွက်များဖြင့် လဲနေသည့် မင်းသမီးလေးကို ပြသည်။

စိတ်ထဲတွင် နိုက်သွားရသည်။ ရုတ်တရက် သာဓု လက်မောင်းကို တစ်စုံတစ်ဦးက ဆုပ်ကိုင်လိုက်ရာသို့ လှည့်ကြည့်လိုက်သည်၌ မောင်ဝဏ္ဏ ခေါင်းငုံ့နေသည်။ သူ စိတ်ညစ်သွားပုံရသည်။

မင်းသားလည်း သူ့ဇနီးကို တွင်းတူး မြေမြှုပ်ထားခဲ့ပြီး လူသတ်သမားကို လိုက်ရှာသည်။ တောမြို့ အရက်ဆိုင်တစ်ဆိုင်တွင် လူဆိုးများ အရက်သောက်နေသည်။ မင်းသား ဝင်လာသည်။ လူသတ်သမား လူဆိုး ခေါင်းဆောင်က မင်းသား သောက်လာသော စီးကရက်မှ မီးညှိယူပြီး 'ကျေးဇူး' ဟုပင် ပြောလိုက်သေးသည်။ ဤတွင် အားလပ်ချိန် ပေးသည်။

ယခုတစ်ချိန်တွင်မှ သားကို မထားခဲ့တော့ဘဲ ခဲခဲယဉ်းယဉ်းပင် တိုးဝှေ့ပြင်ထွက်လာပြီး မောင်ဝဏ္ဏကြိုက်တတ်သော သရက်ပြား၊ ဆားငန်သီးသည်တို့ ဝယ်ပေးသည်။ သံပရာရည် သောက်ကြပြီး၍ ရုံထဲ ပြန်ဝင်မည်အပြု…

'ဖေဖေ… ပြန်ကြပါစို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟ...သားကလဲ ရုပ်ရှင်က ခုမှ စပြခါရှိသေးတာ၊ နောက်ပိုင်း သေနတ်တွေ ပစ်ကြဦးမှာကွ'

'သား မကြည့်ချင်တော့ဘူး၊ ပြီးတော့ အလကားပဲ'

'ဘာကိုလဲကွ၊ အလကားပဲဆိုတာ၊ သားက ဆုံးအောင်ဖြင့် မကြည့်ရသေးဘဲနဲ့'

'ဟို...ဟို...ဓာတ်လိုက်က သူ့မိန်းမကို သတ်တဲ့အကောင် တွေ့သားနဲ့ ဘာလို့ မချတာလဲ၊ ပစ်သတ်လိုက်ပါလား'

'အိုကွာ ...ဘယ်သူသတ်တယ်ဆိုတာမှ သူမသိသေးဘဲ၊ ကဲ...သူ့မိန်းမကို သတ်တော့ ဓာတ်လိုက်က အနားမှာ မရှိဘူးမဟုတ်လား၊ လူဆိုးကိုလဲ မမြင်လိုက်ရဘူး မဟုတ်လား'

'ရုပ်ရှင်ရိုက်နေတဲ့ လူတွေက သိတာပဲ၊ မြင်တာပဲဟာ၊ ပြောပြလိုက်ပါလား'

အဓိပ္ပာယ်ရှိသော သူ့အတွေးကလေးကို မထိခိုက်စေလိုသဖြင့် သာဓုလည်း သူ့အလိုကို လိုက်လျောခဲ့၏။ ဤသို့သော အတွေးဗီဇကြောင့်လေလော မသိ၊ တက္ကသိုလ်သို့ သူ ရောက်သောအခါ (မည်သည့်ဘာသာ ယူရမည်ဟု သာဓု ဝင်ရောက်စွက်ဖက်လေ့မရှိသည့်အတိုင်း) မောင်ဝဏ္ဏသည် ဒဿနိကသမားဖြစ်သွားလေတော့သော ဟူ၏။

* * *

မောင်ဉာဏ်ပေါ် (မင်းလှ)...သူကလည်း တစ်မျိုးသော အကောင်။

သူ ဉာဏ်ကောင်းလှ၍ ဤသို့သော မောင်ဉာဏ်ပေါ် ဟု အမည်ပေးရခြင်း လုံးဝမဟုတ်။ သူ့အား ပဋိသန္ဓေတည်စကတည်းကပင် မိန်းကလေးဆိုက မည်သည့်အမည်ပေး၍ ယောကျ်ားလေးဖြစ်ပါက မည်သို့ စသဖြင့် ကြိုတင်စဉ်းစားထားသည့်အတိုင်း ဤအမည်ကို ပေးခဲ့ခြင်းဖြစ်၏။



ဆိုင်ပင် မဆိုင်သော်လည်း နာမည်နှင့်ပင် ဓာတ်စာကျသွားလေရော့သလား မသိ၊ သူတို့ညီအစ်ကိုငါးယောက်အနက် အရွယ်နှင့် မလိုက်အောင် ဉာဏ်ထက်နေသည်ကို တွေ့ရ၏။

သူ နှစ်နှစ်ခွဲသားလောက်က ညအခါ လသာတိုင်း အမေညိုက ခြံထဲ ဆင်း၍...

'ဖိုးလမင်းကြီးရေ...သားလေး ဉာဏ်ပေါ်ကို မန်မန်ပေးပါ၊ မန်မန်...မန်မန်...ပေးပါ'

စသဖြင့် သူ့သားကို လက်ကိုင်မြှောက် လှုပ်ခါရင်း မန်မန်တောင်းခိုင်း၏။ သူကလည်း အမေညို သင်ပေးသည့်အတိုင်း လိုက်ရွတ်လေ့ရှိသည်မှာ နှစ်ကြိမ် သုံးကြိမ်အထိလောက်သာ။

လေးကြိမ်မြောက်သော တစ်နေ့တွင်မူ အမေညိုက အထက်ပါအတိုင်း ပြောပြန်၏။ သူ့သားကို လက်ကလေး ပင့်၍ ယခင်ယခင်လိုပင် ဆိုခိုင်းချေ၏။

'သူ့ဆီ တောင်းလို့မရဘူး၊ မန်မန်က မီးဖိုထဲမှာ ရှိတယ်'

သို့ပြောရင်းက သူ့လက်ကလေးကို ဆတ်ခနဲ ရုန်းဖယ်ပစ်လိုက်သည်မှာ ပထမအကြိမ်လည်း ဖြစ်သကဲ့သို့ နောက်ဆုံးအကြိမ်လည်း ဖြစ်၏။ ထိုအခါ ဘယ်သောအခါမှ ဖိုးလမင်းထံ မန်မန်တောင်းခိုင်း၍ မရတော့ချေ။

သူသည် သူ့အမေညိုကို မျက်ခြည်ပြတ်မခံ။ သို့သော် အမေညို ကျောင်းဆရာမကြီး လုပ်နေသည်ကိုမူ (တစ်ခါတစ်ရံ ကျောင်းသို့ ပါပါသွား၍) သူ သိနေသည်။ သူ့အား ခေါ်မသွားလိုသော နေ့များတွင်...

'သား...အိမ်မှာ နေခဲ့နော်၊ မေမေ ကျောင်းသွားရမယ်၊ ကလေးတွေ စာသင်ရမယ်၊ သား သိတယ်ဟုတ်လား'

သို့ပြောလိုက်လျှင်ပင် ကျေကျေနပ်နပ်ခေါင်းတဆတ်ဆတ်ညိတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဖိုက်ဆံပေး'

၁၀ ပြားစေ့တစ်စေ့လောက် ပေးခဲ့လျှင် သူ့အမေကို အေးအေးဆေးဆေး ခွင့်ပြု၏။ အမေညို အိမ်တွင် ရှိနေချေကမူ လှုပ်လိုက်သည်နှင့် ပြေးကပ်ပြီး ထက်ကြပ်မကွာ အမေညိုသွားရာသို့ တကောက်ကောက်လိုက်ပါနေတော့၏။ (မရှိသေးစကား) အိမ်သာဝင်လျှင်ပင် အပြင်တံခါးနားကပ်၍ ရပ်စောင့်ရင်း မေမေဟု တစ်မေတည်း မေအောင် ခေါ်နေပြီး အထဲမှလည်း ပြန်ထူးလေမှ သူ ကျေနပ်၏။

တစ်ညနေ သာခုအပြင်မှပြန်လာပြီး အိမ်သာဝင်မည်အပြု အိမ်သာတံခါးနားတွင် သားအမိနှစ်ယောက် ပြဿနာတက်နေကြ၏။

'သြော်…သားရယ်၊ သားက အပြင်မှာ ကစားနေလို့ မခေါ်တာပါ'

ဤအဖြေကို သူ့သားက လက်မခံ၊ မျက်မှောင်ကလေး တင်း၍…

'ဘာဝင်လုပ်တာလဲ'

'အီးအီးပါတာပါ သားရဲ့'

ဉာဏ်ပေါ် မကျေနပ်နိုင်ဖြစ်နေရာမှ ခေါင်းတယမ်းယမ်းခါလျက်…

'ဟင့်အင်း…ခု မေမေ အထဲကိုပြန်ဝင်၊ အီးအီးတွေ ပြန်သွင်းလိုက်'

'သြော်…သားကလဲကွယ်'

'မရဘူး…မရဘူး၊ အီးအီးတွေပြန်သွင်း၊ မေမေပြန်လာ၊ နောက်မှ သားကို ခေါ်ပြီး အီးအီးပြန်ပါ'

'အေး…အေး၊ သား ခဏစောင့်နေ၊ မေမေ အီးအီးတွေ ပြန်သွင်းလိုက်ဦးမယ်'

သူ့သားပြောသည့်အတိုင်း မဆိုင်းမတွ လိုက်နာသည်တွင်မှ ပြဿနာ ဗရမ်ပွ ပြေလည်သွားကြတော့မည်ကို ဆုံးစတိုင်အောင် သာခုမစောင့်နိုင်၊ အခြား အိမ်သာတစ်ခုသို့ အလုအယက်ပြေးထွက်ခဲ့ရ၏။



တစ်ကြိမ်တွင်လည်း အမေညိုက ဉာဏ်ပေါ်ကို ငှက်ပျောသီးကျွေးရာ၌ အခါတိုင်းကဲ့သို့ အလုံးလိုက်မပေးဘဲ အခွံနွှာပြီးမှ ခေါ်ပေးသဖြင့် ဉာဏ်ပေါ် ကျွမ်းသူ့ပုန်ထတော့၏။

'ဒါ ဘယ်သူခွာတာလဲ၊ သားဘာသာ ခွာစားမှာပေါ့၊ ခုပြန်ကပ်ပေး' ဟု မှည့် ဆူညံနှင့် ဂျစ်ကန်ကန်နေသည်ကို သာခုလည်း အမြီးသားငေးကြည့်နေမိ၏။

အမေညို ဆတ်ခနဲ ထသွားပြီး ငှက်ပျောသီးအသစ်တစ်လုံး ယူလာပြီး ပေးသည်ကို ဉာဏ်ပေါ်က ဖျတ်ခနဲ ပုတ်ချလိုက်ပြီး စောစောက အခွံနွှာထားသော ငှက်ပျောသီးကိုပင် အခွံပြန်ကပ်ပေးရမည်ဟု အကျပ်ကိုင်နေသဖြင့် သူ့အမေညိုကလည်း အခွံကိုသာ ပြန်ဖုံးပြီး ကပ်ပေး၏။

'ဒီလိုမဟုတ်ဘူး၊ ဟိုအသစ်လိုဖြစ်အောင် ပြန်ကပ်ပေး၊ ခုကပ်ပေး' ဟု နွှာထားပြီးသားကိုပင် မဖြစ်နိုင်သည့်နည်းဖြင့် ကြေးထူနေလေသောကြောင့် အမေညိုအခန်းထဲဝင်ကာ အပ်ကြိုးချည်ပြီး ထွက်လာ၏။ ပေး၏၊ မယူ။ ငှက်ပျောသီး အကောင်း လက်ညှိုးတထိုးထိုးဖြင့်…

'ဒီလိုကောင်းအောင် ပြန်ကပ်ပေး'

သာခု မနေသာတော့သည့်အတိုင်း နောက်ဖေးဘက် လှည့်ဝင်သွားပြီး ငှက်ပျောသီး အသစ်တစ်လုံး ခြွေကာ ပေါင်ကြားတွင် ဝှက်ယူလာပြီး အမေညို လက်ထဲမှ ကြိုးချည်ထားသော ငှက်ပျောသီးကို ဆွဲယူလျက်…

'လာ…သား၊ ဖေဖေ ပြန်ကပ်ပေးမယ်'

ဉာဏ်ပေါ်ကို အနီးသို့ ခေါ်ကာ မူလ ငှက်ပျောက်သီးကို လက်နှစ်ဖက်ဖြင့် အုပ်၍ ဥုံဖွ စသဖြင့် မန်းမှုတ်သဏ္ဌာန်လုပ်ရင်းက…

'ဟဲ့…ခွေး'

သာခု ခပ်တည်တည်အော်လိုက်သည့်ဘက်သို့ ဉာဏ်ပေါ် လှည့်ကြည့်သည်နှင့် ငှက်ပျောသီးချင်း လဲလျက် ဆက်၍ဥုံဖွပြီး ပေးလိုက်သည်မှ…



www.burmeseclassic.com

www.burmeseclassic.com

'ဟာ…ဖေဖေဘယ်လိုလုပ်လိုက်လဲ၊ အကောင်းဖြစ်သွားပြီ'

'ဆေးနဲ့ မန်းလိုက်တာပေါ့ကွ'

သူ တွေနေပြီးမှ…

'အဲဒီဆေးက ဝယ်လို့ရလား'

'ရတာပေါ့'

'အရည်လား၊ ဟို…ဟို…အလုံးလေးတွေလား'

'သားတို့ သောက်တဲ့ ဆယ်ဗင်းဆီးလေ၊ အဲဒါမျိုး၊ ကဲ ကဲ…ငှက်ပျော သီး ခွာစားတော့'

ပြီးမှ ပြီးစေတော့ဟု စကားလွှဲလိုက်သော်လည်း သူက မပြီးချင်သေး။

'ခု သားခွာစားလိုက်မယ်၊ ပြီးတော့ ဖေဖေ ဆေးနဲ့ ပြန်မန်းပေးဦးနော်'

သာခု ခေါင်းခဲသွား၏။

'ကဲ…ခွာပြီး စားလိုက်တော့ကွာ၊မန်းလို့မရတော့ဘူး၊ ဆေးကုန်သွား ပြီ'

ငှက်ပျောသီးအသစ်ကို သဘောကျစွာ ဘယ်ပြန်ညာပြန် ကြည့်နေပြီးမှ ရုတ်တရက် ထပြီး သာခုပေါင်ခွင်သို့ သူဝင်ထိုင်သောကြောင့် စောစောက အခွံနွှာပြီးသား ငှက်ပျောသီးမှာ ဉာဏ်ပေါ့ဖင်နှင့် သာခုပေါင်ကြားတွင် ပြားအိပြီထွက်ကုန်တော့၏။ သို့သော် သူ မသိ။

'ဟာ…ဖေဖေ အီးပေါက်တယ်၊ဗြိ…ဗြိ…ဗြွတ် တဲ့၊ ဟား…ဟား'

* * *

အငယ်ဆုံး သားတစ်ယောက် ရှိသေး၏။ မောင်သော်တာ၊ လူပျိုပေါက် အရွယ် ရောက်နေပြီဖြစ်သော်လည်း သူ့အရည်အသွေးကို အကဲခတ်၍မရ သေး။ ၁၀ တန်းကျသည်မှာ နှစ်ကြိမ်ရှိခဲ့ပြီ။ အကြောင်းရင်းကား ပညာရေး ထက် အချစ်ရေးကို ပေါးလားဝါးလား ဦးစားပေးနေသောကြောင့်။



ဤအကျင့် ဤဉာဉ်ကို သူငယ်စဉ်ပင်စ၍ ဇာတိပြ၏။ သော်တာ လေး နှစ်သားလောက်က ကျောင်းသွားကျောင်းပြန် အချိန်လောက်ဆိုက သူ ပြတင်းပေါက်သို့ ရောက်နေတတ်ပြီး ဆယ်ကျော်သက်ရွယ် အပျိုချောချော ကျောင်းသူကလေးများ ဖြတ်လျှောက်သွားလျှင်…

'အပျိုကြီး မမရယ်' ဟူသော သီချင်းကို သံနေသံထားဖြင့် ဆိုပြတတ် လျက် ကျောင်းနေစ အရွယ်ငယ်ငယ် ကျောင်းသူ မြင်လျှင်…

'ညီမလေးရယ်…စိုးရိမ်မိတယ်'

ဤလို သူ့နေရာနှင့်သူ အကွက်ဝင်အောင် ဆို၍ အရွယ်နှင့် မလိုက် အောင် ငမ်းတတ်သည့်ဉာဉ်ကို ပညာရေးဘက် လှည့်၍သုံးမည်ဆိုက သူ ယခု တက္ကသိုလ်မြေ နင်းနေပေတော့မည်။

ယခုလည်း ထိုဉာဉ်သည် မပျောက်၊ တောက်လျှောက်ပင် အချစ်ကိစ္စများ ဖြင့် မနားမနေ ပွေနေဆဲ၊ ဂစ်တာဖြင့်၊ 'ပေါ့ပ်'သီချင်းဖြင့် စတီရီယိုနေသည်၊ ပွေနေသည်ကြောင့် သာခုရုပ်ရှင်စက်အဖွဲ့ထဲ သွင်းပြီး အလုပ်လုပ်ခိုင်းထား ရသည်။

မန်ကျည်းပင်တစ်ပင်မှ အရွက်များအားလုံး ခြွေချပြီး တစ်ရွက်ချင်း ထပ် ကြည့်ပါ။ အရွယ်တူ အရောင်တူ အကြောအမျှင်ကလေးများပါ တစ်ထပ် တည်း တူညီသည့် အရွက်နှစ်ရွက်ပင် တွေ့ရမည်မဟုတ်၊ လူတို့တွင်လည်း စိတ်၊ ဉာဏ်၊ အပြုအမူ၊ အကျင့်စရိုက်၊ ရုပ်ရည်၊ အရပ်အမောင်း၊ အသွေး အရောင်၊ မျက်ခုံး မျက်လုံးမှအစ တစ်ထပ်တည်းတူညီသူနှစ်ယောက်ဤ ကမ္ဘာတွင် မရှိ။

သို့ကလို ပညာရှင်အတော်များများက တစ်သားတည်း ယုံကြည်ထား ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသားသမီးခုနစ်ယောက်သည်လည်း တစ်ယောက်နှင့်တစ်ယောက် လုံးဝမတူ၊ သူတစ်မျိုး ငါတစ်ဖုံနှယ် အမယ်မယ်ကွဲနေကြသည်။

သူတို့တစ်တွေ ငယ်စဉ်က တစ်ပြေးတည်းတူသော ချစ်စရာကောင်း သော အပြုအမူများကို သတိရတိုင်း ကြည်နူးမိသေး၏။

သာခုသည် ညသမား၊ အလုပ်ကိစ္စဟူသမျှရော၊ ရေးစရာစာရော ည ဘက်တွင်မှ လုပ်လေ့ရေးလေ့ရှိပြီး နံနက်တွင် အစောဆုံး ၁၁ နာရီမှ ထလေ့ ရှိရာတွင် အဖေကို ချစ်သော သားသမီးတို့သည် သူတို့တစ်တွေ အိပ်ရာမှ နိုး သည်နှင့် ခုတင်နားမှာ လာချောင်းကြသည်။ တစ်ခါတစ်ရံ သာခု နိုးနေ လျက်ကပင် အိပ်ဟန်ဆောင်ပြီး သူတို့အကဲကို ခတ်သည်။ ၁၀ မိနစ် တစ် ကြိမ်လောက် လာကြည့်သည်။ ချောင်းသည်။ နောက် ပြန်ထွက်သွားပြီး ကစားနေသည်တွင်မှ...

'ဟေး...သားတို့...သမီးတို့'

ဟု အသံပြုလိုက်သည်နှင့် အပြေးအလွှား ရောက်လာကြကာ အလု အ ယက် သာခုဗိုက်ပေါ် တက်ကြတော့သည်။ နှစ်ယောက်က ဦးသွားလျှင် အခြားနှစ်ယောက်က တွန်းချ၊ မရအရ တက်မှောက်ဖက်တွယ်ထားကြ သည်။

'မိန်းမယူရတဲ့ အရသာထဲမှာ ခုလိုပျော်ရတဲ့အရဟာသာ အထွတ်အထိပ် ပဲ'ဟု သာခုက ရေရွတ်လျှင် သူတို့အမေ စိတ်ဆိုးချေ၏။

'မနာလိုဘူးတော်ရေ...စိတ်ထဲကပဲ အရသာခံ၊ ပါးစပ်က ဖွင့်မပြောနဲ့၊ မနာလိုဘူး'

ထိုမျှသာ မဟုတ်သေး၊ သင်းတို့တစ်တွေ ၁၀ နှစ်အရွယ် မပြည့်သေးမီ ကာလကဆိုမူ သာခုက တစ်ခုခုခိုင်းလျှင် ခလုတ်တိုက်လဲသည်ထိ သူ့



ထက် ငါဦး ပြေးယူပေးကြသည်။ မကျည်လိုက်ရသူက နှုတ်ခမ်းစူကြသည်၊ အချင်းချင်း ရန်လုပ်ကြသည်။ တစ်ခါတစ်ရံတွင်မူ...

'ဟော့...သားတို့ သမီးတို့ အားလုံး ရေနွေးကြမ်းတစ်ခွက်စီ ယူလာကြ'

သို့ ညီတူညီမျှ ခိုင်းရသည်။ အစီအရီယူလာသော ရေနွေးကြမ်း ပန်းကန် များမှ တစ်ငုံစီမျှ သောက်လိုက်သောအခါ အားလုံး ကျေနပ်ခွင့်ရသွားသည့် တိုင်အောင် ဉာဏ်ကလေး ညွန့်ညွန့်နှင့် ကွန့်ချင်သူကမူ အားလုံးအလစ် တွင် တစ်ပတ်ကျော့လာပြီး သူ ယူခဲ့သော ရေနွေးကြမ်းပန်းကန်ကို ကောက် ပေးပြီး...

'ရော့...ဖေဖေ၊ သောက်လိုက်ဦး'

သာခုက သူကျေနပ်အောင် တစ်ငုံ ငုံလိုက်ပြီးသည်၏ နောက်တွင်ကား...

'ဟော့...ဖေဖေက ကျွန်တော့်ရေနွေးကြမ်းကို ပိုသောက်တယ်'ဟု အခြား သားသမီးအပေါ် မော်မော်ကလေး သွားကြွားတတ်သေး၏။

သို့သော်...

ဤသို့သော်ကား အလွန် တရားရစရာကောင်းသော သို့သော်ဖြစ်ချေ၏။

သားနှင့် သမီးများ သူတို့တစ်တွေ ၁၀ ကျော်၍ ၁၅ နှစ် ဝန်းကျင်သို့ ဝင် လာသောအခါတွင်သော်မူ သာခု တစ်ခုခု လှမ်း၍ ခိုင်းလိုက်ပြီဆိုလျှင်...

'ဟော့...မင်း သွားယူပေးလိုက်ကွာ'

'ကိုကို သွားပါလား'

'ညီမလေး...ဖေဖေ ခေါ်နေတယ်'

'အမယ်...မမကို ခိုင်းတာ'

ငယ်စဉ်ကကဲ့သို့ တစ်ပြေးမညီနိုင်ကြတော့ဘဲ သူ့လွှဲငါ့လွှဲနှင့် နောက် ဆုံး သာခုကိုယ်တိုင် ထယူလိုက်ရသည်လည်း ရှိ၏။ အော်ငေါက်ခိုင်းမှ ရ သည်လည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအဖုံဖုံ ပြဿနာစုံကြောင့် သာခုမှာ တစ်ယောက်တည်း ဝင်ဒါမီယာ ရောက်နေရသည်။ စားလည်း တစ်ယောက်တည်း၊ ဖျားလည်း တစ်ယောက်တည်း။ မည်သည့် သားသမီးမျှ ခေါ်ထား၍မရ၊ သူတို့ အကြောင်းပြသည်ကား …

'ဖေဖေ့ဆီမှာ ပျင်းစရာကြီး'

မှန်၏။ သူတို့ချင်း ရွယ်တူ၊ အပေါင်းအသင်း ရောင်းရင်းတို့ကား သဃ်န်းကျွန်းတွင်သာ ရှိကြသည် တစ်ကြောင်း၊ သာခုနှင့်နေလျှင် စည်းကမ်းနှင့် သွားရလာရသည်တစ်ကြောင်း၊ ထို့ကြောင့် သာခုနှင့် မနေလိုကြ။ ကိစ္စတစ်ခုအတွက် ဖုန်းဆက်၍ခိုင်းလိုက်ပါ ချေကလည်း မေ့နေတတ်သည်သားများ၏။ တစ်ခါတစ်ရံ ခိုင်းသောကိစ္စ ပြီးသည် မပြီးသည်ပင် အကြောင်းမပြန်။ သာခုက ထပ်မံ၍ မေးနေရသည်။ ဟိုစဉ်က တစ်ပြေးညီညီ အလုအယက် လုပ်ပေးချင်သော(ငယ်)စိတ်များသည်လည်း(ကြီး)လာသည်နှင့်အမျှ တစ်စတစ်စ ပျောက်ကုန်ကြပြီဖြစ်၏။ ဤသည်ကို သာခုက လူ့သဘာဝဟု ယူဆထားလိုက်၏။ မှားချင်လည်း မှားပေမည်။ သို့သော် စိတ်ချမ်းသာ၏။

မောင်ဝဏ္ဏတက္ကသိုလ်ရောက်စ ရိုက်ကူးနေဆဲဖြစ်သော ဘယ်ပန်းသာလို့ ယဉ်၊ အဖြေ၊ ဖတ်စကလပ်၊ တာဝန် စသည့် ဇာတ်ကားများကို သူနှင့်လွှတ်ပေးထား၏။ သုံးပုံနှစ်ပုံစီခန့်ကို သူ ရိုက်၏။ ထိုကားများအနက်မှ ကြိုက်ရာကားကို သူ့နာမည်ဖြင့် ဒါရိုက်တာလုပ်၍ ထုတ်ရန်ပြောရာ မောင်ဝဏ္ဏ ခေါင်းခါသဖြင့် 'ချစ်စံနမူ'ကို သူ စိတ်တိုင်းကျရိုက်ရန် တိုက်တွန်းသည်တွင်လည်း …

'ဖေဖေ … သာခု ရုပ်ရှင်ကနေ ရိုက်ရင် ဖေဖေရိုက်ပေးတယ်လို့ပဲ သူများက ထင်မှာပေါ့'



သာခု နောက်ထပ် ဘာမျှမပြော။ သို့သော် 'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဇာတ်ကားကို ရိုက်ရန်ကြံလာသောအခါ အကြောင်း အမျိုးမျိုးကြောင့် သာခုရုပ်ရှင်မှပင် ဇာတ်လမ်းတင်၍ မောင်ဝဏ္ဏ ရိုက်ကူးရာ၌ သာခုလုံးဝ ဝင်မစွက်၊ ရိုက်ကွက် ရိုက်ကွင်းသို့လည်း သွားမကြည့်၊ ဘာတစ်ခွန်းမျှလည်း ဝင်မပြော။ အစအဆုံး ပြီး၍ အစမ်းပြကြည့်ကြသည်တွင်မှ ဇာတ်သိမ်းခန်း တစ်ခန်းတည်းကိုသာလျှင် မည်သို့ဖြစ်သင့်ကြောင်း အကြံပေး၏။

ထိုသည့်နောက်ပိုင်းတွင်လည်း သူတို့၏ ပညာရေးတွင် ဝင်၍ပညတ်ခြင်း မပြုခဲ့သည့်နည်းတူ ရုပ်ရှင်ရိုက်ခြင်း၊ ဝတ္ထုရေးခြင်းတို့တွင်လည်း သာခုဝင်မပါ။ သူတို့ကလည်း တိုင်ပင်နှီးနှောခြင်း မရှိ။ သူတို့၏ ပင်ကိုဖြင့် သူတို့ခန်းသွားချင်ကြသည်။ သာခုကလည်း လွှတ်ပေးထားသည်၊ သာခု ဝါဒအတိုင်း။

* * *

တစ်နေ့သော် မောင်ဝဏ္ဏ၊ သုမောင်၊ မင်းလူ တည်းဟူသော သားသုံးယောက် အပြင် လူလတ်ပိုင်းတစ်ယောက်ပါ ရုတ်တရက် ပေါက်လာပြီးကြောင်အိမ်ကို မွှေနှောက်ကာ ငါးခြောက်ဆီပြန်နှင့် ထမင်းခူးစားကြသည်။ စားပြီးနောက် ရေနွေးကြမ်းသောက်ရင်းမှ သာခုက စကား စ သည်။

'ဘာလဲကွ … မင်းတို့ကိစ္စရှိမှ ငါ့ဆီလာတဲ့အကောင်တွေ၊ ပြောကြစမ်းအဖေ ဘာလုပ်ပေးရမလဲ'

'ဖေဖေ ရေးနေတဲ့ သာခု လူဝါးဝတယ် ဒုတိယအုပ်ကလဲ မပြီးသေးဘူးဟုတ်လား၊ အဲဒါ …'

'ပြီးမလားကွ၊ မင်းတို့တစ်တွေ အင်းလေးသွားပြီး ရုပ်ရှင်ရိုက်မယ် ဆိုလို့အပြင်ရတာလဲ တစ်လကျော်၊ နောက် မင်းတို့တစ်တွေ နယ်မှာ ကားရိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားရင်း အပေါင်းအသင်းတွေနဲ့ သောက်ကြတယ် သတင်းရလို့ ငါ ဘယ်လောက် စိတ်ထိခိုက်နေရတယ်ဆိုတာ မင်းတို့ သိသလား'

အားလုံး ခေါင်းငုံ့သွားသည်။

'အေး…တချို့ ပြောတယ်၊ အရက်သောက်ပြီး စာရေးမှ ဉာဏ်ရွှင်တယ် ဘာညာနဲ့၊ ကိုယ့်ဟာကိုယ် မိုက်လို့သောက်တာကို စာပေနဲ့ ခုတုံးလုပ်တယ်၊ ဟော့…ငါကတော့ မင်းတို့ ဘီယာသောက်တယ်ကြားတာနဲ့ ဒီမှာ စာရေးလို့ မရတော့ဘူး၊ တော်တော်လဲ စိတ်ထိခိုက်တယ်၊ ညည အိပ်မပျော်တာလဲ တစ်လကျော်ပြီ'

သူတို့ တုတ်တုတ်မျှ မလှုပ်ကြ။

'ဖေဖေ သိပ်များများ မပြောချင်ဘူး၊ လူတွေဟာ ကိုယ်ငှားနေတဲ့ အိမ် ဖြစ်ပစေ၊ ခြစား မိုးယို ပျက်စီးမှာ ကြောက်ကြတယ်၊ အဝတ်အစား ကြွက် ကိုက် ပျက်စီးမှာ ကြောက်ကြတယ်၊ အလုပ်ပြုတ်မှာ ကြောက်ကြတယ်၊ စီး ပွားရေး ပျက်မှာ ကြောက်ကြတယ်၊ မင်းတို့က ဘီယာသောက်ပြီး ကိုယ့် ကိုယ်ကို ဖျက်ဆီးချင်ကြသလား၊ ခုနေ မင်းတို့ စားပြတိုက်၊ မုဒိမ်းမှု ဖြစ် လူသတ်၊ အဖမ်းခံရရင် ဖေဖေ ရှိတာ ကုန်ပါစေ၊ မလောက်ရင် ကျွန်ခံပြီ အမှုလိုက် ဆောင်ရွက်ပေးမယ်၊ အေး…အရက်မူးပြီး ကားတိုက် ကားမှောက် ရန်ဖြစ်သေရင် ငါ မသာတောင် လိုက်မပို့ဘူး၊ ဒါပဲ ငါ့စကားဆုံးပြီ၊ မင်းတို့ ပြောချင်တာ ပြောတော့'

အတန်ကြာငြိမ်နေကြပြီးမှ ရုပ်ရှင်ရိုက်ရာသို့ ပါမသွားသည့် မင်းလူက

'ဒီလိုပါ ဖေဖေ၊ ခုန ပြောသလို ဖေဖေ့စာအုပ်က မပြီးသေးတော့ သဘင်အနေနဲ့ စာအုပ်တစ်အုပ်တင်ဖို့ စဉ်းစားကြရင်း စိတ်ကူးတစ်ခု ရတာ နဲ့…'

'ဆက်ပြော'



'ကျွန်တော်ရယ်၊ အစ်ကိုဝဏ္ဏရယ်၊ အစ်ကိုဗလရယ် ဝတ္ထုသုံးပုဒ် ပေါင်း ထုတ်ချင်တယ်'

'အဲဒီတော့'

'အဲဒါ ကျွန်တော်တို့ ဝတ္ထုသုံးပုဒ်ကိုလဲ စာမျက်နှာ အားမရဘူး ဖြစ်နေ တယ်၊ ပြီး တစ်ဘာသာ ထူးထူးခြားခြားလေးလဲ ဖြစ်ချင်တယ်'

'အေးလေ၊ အဲဒါကို သားတို့က ဘယ်လိုဖြစ်စေချင်ကြသလဲ'

သူတို့ညီအစ်ကို တစ်ယောက်ဆီ တစ်ယောက် လှည့်ကြည့်ကြပြန်သည်။

'ဖေဖေဟာ ဘယ်သူ ဘာလုပ်လုပ် ကောင်းစေချင်တဲ့ စေတနာ ရှိတယ်၊ အကြံဉာဏ် ပေးချင်တဲ့ ဝါသနာကြီးတယ်၊ ဒါပေမဲ့ တချို့က ဆရာလုပ်တယ် ထင်ကြတယ်၊ ခုတော့ အကြံဉာဏ်ကို မတောင်းဘဲနဲ့ ဘယ်တော့မှ မပေး ဘူး၊ အဲ…သားတို့ကိုလဲ အကြံဉာဏ် မပေးချင်ဘူး၊ ဘယ်လိုစိတ်ကူး သလဲ၊ အဲဒါ ပြောကြ'

'ဟုတ်ကဲ့ သားတို့ရဲ့ အစီအစဉ်ကတော့ ကျွန်တော်တို့သုံးယောက်ရဲ့ မူကို ဖေဖေ ဖတ်ကြည့်ဖို့ရယ်…'

'တော်ပြီ၊ ဘယ်မလဲ စာမူတွေ'

မင်းလူက သူလွယ်ထားသည့် လွယ်အိတ်ထဲမှ စက္ကူအိတ်ဖြင့် ထည့်ယူ သော စာမူသုံးခုကို ထုတ်ပေးသည်တွင် သာခုလည်း အပေါ်ဆုံးမှ မောင် ၏ စာမူကို သီးခြား ယူလိုက်ပြီး…

'မင်းတို့ အချိန်ရမလား၊ ဖေဖေ ချက်ချင်းဖတ်ပြီး ချက်ချင်းပဲ ထင်မြင် သေးမယ်'

'ကျွန်တော်တို့က ရပါတယ်၊ ဖေဖေ အေးအေးဆေးဆေးဖတ်ပြီး အေး ဆေးဆေး…'

'ခုဖတ် ခုပြောတာ ပိုကောင်းတာပေါ့ကွ၊ ပူပူနွေးနွေး'

၀

www.burmeseclassic.com

# လမ်းပေါ်မှာလေ

မောင်ဝဏ္ဏ

www.burmeseclassic.com

www.burmeseclassic.com

မီးရောင်များ လက်နေသည်၊ ကားများ ဥဒဟိုပြေးလွှားနေကြသည်။ အနောက်တောင်ဘက်ကောင်းကင်တွင် နေရောင်ခပ်လဲ့လဲ့ကို မြင်နိုင်သေး၏။ သို့ရာတွင် အမှောင်သည် မကြာမီ ရောက်ရှိလာပေတော့မည်။

မီးပွိုင့်မှာ အနီရောင်ပြနေသည်။ ကားများ ရပ်ကြ၏၊ ဤမှာဘက်၌ နီသောအခါ ထိုကားတို့ ရပ်ကြရသော်လည်း အခြားတစ်ဖက်၌ 'စိမ်း'နေသည်၊ အစိမ်းရောင် ပြနေသော မီးပွိုင့်တွင် ရပ်နေသည့်ကားများ ထွက်လာကြ၏။

ကွဲ့ချိုးရန် အမှတ်အသားဖြစ်သော မြားတံအစိမ်းရောင်ကလေး လင်းသည့် မီးပွိုင့်သည်လည်း လင်းလက်နေပြန်၏။

ကားတို့သည် မိမိလိုရာလမ်းသို့ ဦးတည်နေကြသည်။

လမ်းခွဲများ၊ လမ်းဆုံများ။

ကျွန်တော့်ဘဝ၌ လမ်းခွဲ လမ်းဆုံ မြောက်မြားစွာတို့ ဖြတ်သန်းခဲ့ရပါသည်။

အချို့လမ်းခွဲများတွင် ကျွန်တော် တွေဝေစွာ ရပ်နေဖူး၏။

ယခုလည်း ကျွန်တော် တွေဝေစွာ ရပ်နေမိသည်။

အချို့လမ်းခွဲများတွင် ကျွန်တော် မှားယွင်းစွာ လိုက်ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



**ယခု ကျွန်တော်**ရပ်နေပါသည်။ ဘယ်လမ်းကို လိုက်၍ ဘယ်ကို သွားရမည် မသိသေး။

ကျွန်တော် စဉ်းစားကြည့်မိသည်။

လူ့ဘဝသည် လမ်းပေါင်းများစွာကို ဖြတ်သန်းရသောသဘော ရှိ၏။ လမ်းချိုး၊ လမ်းခွဲ၊ လမ်းဆုံ၊ လမ်းဖြောင့်၊ လမ်းကောက်၊ ကြမ်းသော လမ်း၊ ချောသောလမ်း၊ အန္တရာယ်လမ်း၊ သာယာသော ပန်းခင်းသည့် လမ်း၊ အို... လမ်းအမျိုးမျိုး။

အနီရောင်ကိုယ်ပိုင်ကားတစ်စင်း ကျွန်တော့်အနားမှကပ်၍ဖြတ်သွားသည်။

အမှတ်မထင် ကျွန်တော်ကြည့်လိုက်မိ၏။ ကားပေါ်တွင် မိန်းကလေး တစ်ယောက်တည်းနှင့် ယောကျ်ားလူငယ်လေးများ ရယ်မောပျော်ရွှင်လျက် လိုက်ပါသွားကြသည်။

လမ်းမီးတိုင်အောက်တွင် ဆေးလိပ်ရောင်းနေသော လူငယ်ကလေးများ ကို တွေ့ရ၏။ ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများမှ လူများ အန်ထွက်လာကြ သည်။ ရန်ကုန်မြို့လယ်သည် ဆူညံသွား၏။ ရှိရင်းစွဲ ဆူညံသံများကို လွှမ်း၍ ဆူညံစေသော အသံများ ပေါ်ထွက်လာသည်။

ကျွန်တော့်နား၌ မခံမရပ်နိုင်သော အသံများ ဖြစ်နေပါသည်။

စိမ်းနေပြီဖြစ်သော ရန်ကုန်ငွေ့ကို နောက်ဆုံးခံစားလို၍ မြို့လယ်ဘက် သို့ လမ်းလျှောက်လာခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်သည် ကျွန်တော့်အား စိမ်းကားစွာပင် နှုတ်ဆက်ပါ၏။

မည်သူကမျှ ဂရုမစိုက်။ ကိုယ့်အလုပ်နှင့်ကိုယ် အားလုံးရှုပ်နေကြတော့ သည်။

မီးရောင်တို့ တဖိတ်ဖိတ်လက်နေသော်လည်း ပျော်ရွှင်ဖွယ် မဟုတ်၊ ကျွန် တော့်အတွက် မဟုတ်၊ သီချင်းသံများ ကြားနေရသော်လည်း သာယာ နား ပျော်ဖွယ် မဟုတ်၊ ကျွန်တော့်အတွက် မဟုတ်။



ကျွန်တော် စိတ်ညစ်လာသည်။ အေးချမ်းငြိမ်သက်သော တောဘဝကို အောက်မေ့မိသည်။ ကျွန်တော် တောသားပါ။ တောဘဝ၏ သန့်ရှင်းကြည် လင်ခြင်း၊ ဆိတ်ငြိမ်အေးချမ်းခြင်း၊ ရိုးသားဖြူစင်ခြင်းများကို ကျွန်တော် တမ်းတမိသည်။ ဤသို့နှင့် ငယ်ဘဝဆီသို့ စိတ်အစဉ် ပျံ့လွင့်သွားသည်။

မိုးသင်းနံ့နှင့်အတူ ကန်သင်းဘောင်က ငုစပ်ပင်ကြီးအောက်တွင် ကျွန် တော် ရှိနေသည်။ တစ်ခါတစ်ရံ တအီအီမြည်နေသော ဘုတ်ငှက်အော်သံ ကို ကြားလိုက်ရ၊ မကြားလိုက်ရ။ လေမင်းသားကလေးနှင့် ပျိုးပင်ပျိုမတို့ နှစ်ပါးသွားအကသည် မျက်စိကြည်အေးစရာ ဖြစ်နေသည်။ သိတောင်ဗို ငှက်က သီချင်းဆိုသည်၊ ပုစဉ်းရင်ကွဲကလေးများ တယောထိုးနေကြသည်။ သာယာနာပျော်ဖွယ်။

အရှေ့တောင်ဘက် တစ်ခေါ်လောက်သာသာတွင် ကျည်းပင်ယာ ရှိ သည်။ ထိုယာစပ်တွင် အုံ့ဆိုင်းညို့မှိုင်းသော ကျည်းပင်ကြီးတစ်ပင် ထီးထီး မားမား ရပ်နေသည်။ ထိုအပင်ကြီးကို အစွဲပြု၍ ကျည်းပင်ယာဟု ခေါ်တွင် ကြခြင်း ဖြစ်မည်ထင်သည်။

ကျည်းပင်အခြေတွင် ကတွတ်ပေါက်တစ်ခု ရှိသည်။ ကတွတ်ပေါက် အနားတွင် ဖျိုင်းတစ်ကောင် ရှိ၏။ ကတွတ်ပေါက်နှင့် ခဲတစ်ပစ်လောက်တွင် ကျွန်တော် ရောက်နေသည်။ ဖျိုင်းသည် လည်တံရှည်၏။ ကျွန်တော်လည်း လည်တံရှည်နေပြီဟု ထင်မိသည်။ ဖျိုင်းသည် ကတွတ်ပေါက်မှ ငါးလာ စောင့်နေသည်။ ကျွန်တော်သည် ကျည်းပင်ယာသို့ ပျိုးနုတ်လာမည့် မငြိမ်း သာ ကို စောင့်နေပါသည်။

မငြိမ်းသာက မနက်စောစော ကျည်းပင်ယာသို့ လာခဲ့ရန် မှာလိုက် ကြောင်း မနေ့ညနေက မြဲ့ငွေ ဝင်ပြောသွားသည်။ ကျွန်တော် လာရောက် စောင့် တွေ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်းခြူးခွဲငှက်ကလေးများပင်လျှင် နွားကျောင်းရန် ရောက်လာကြပြီ။ မြွေနှင့် နွားမအုပ်သည် ရွာအနောက်ထိပ်ခန့် လောက်သာ ရှိကြဦးမည်။

ကျွန်တော့်မငြိမ်းသာတစ်ယောက် ထမင်းရည်ငှဲ့နေသည်လား၊ ထမင်း အိုးပင် နပ်နေသည်လား၊ သို့တည်းမဟုတ် ဆန်ဆေးနေတုန်းပဲလား၊ ကျွန် တော် မခန့်မှန်းတတ်ပါ။ ရွာဘက်သို့ ကျေးတစ်ကောင် ဖြတ်ပျံသွားသည်။ ကျွန်တော် စောင့်နေကြောင်း မငြိမ်းသာကို ပြောပေးရန် မှာလိုက်ချင်သည်။

ပျက်ခရွှေတောင်ပေါ်တွင် ရောင်နီဖြာစပြုပြီ။ တောင်၏ အရှေ့ဘက် တွင် နေမင်းကြီးရှိကြောင်း သိနေသည်။ ကျည်းပင်အောက်မှ ဖျိုင်းငှက်သည် ပင် အစာဝ၍ ပျော်နေပြန်ချေပြီ။ ကျွန်တော်လည်း ဒုစပ်ပင်အောက်သို့ ပြန် လျှောက်လာခဲ့သည်။ မငြိမ်းသာကိုမူ အရိပ်အယောင်မျှမတွေ့ရသေးပါ။

ကျွန်တော် စိတ်မရှည်ချင်တော့ပါ။ ကန်သင်းဘောင်တွင် ထိုင်လိုက်သည်။ နေလုံးကြီးသည် ပျက်ခရွှေတောင်ပေါ်တွင် လွတ်လွတ်ကျွတ်ကျွတ် လင်း လက်နေပြီဖြစ်သည်။ ကျွန်တော့်ရှေ့တွင် ပုတတ်ကလေး တစ်ကောင်။ ကျွန် တော်တို့ ငယ်ငယ်က ပုတတ် လိုက်ဖမ်းသည်ကို သတိရမိသည်။ ကျွန်တော် ရယ်၊ အေးဆောင်ရယ်၊ ဘိုနီရယ်၊ စံဝရယ်၊ ပျော်စရာကောင်းသည်။

ရွာအရှေ့ဘက် ကုန်းပေါ်တွင် ပုတတ်ပေါသည်။ ဘိုနီနှင့် စံဝက တွင်း မှ တုတ်နှင့်ထိုးသည်။ ကျွန်တော်နှင့် အေးဆောင်က ဂယ်ပေါက်က စောင့် နေကြသည်။ ပုတတ်ထွက်လာလျှင် ဝိုင်းရိုက်လိုက်ကြသည်။ ပုတတ်လေး တွေ နီကျင်ကျင်ရယ်၊ နှယ်ကြိုးရှည်နဲ့သွယ်။

အိမ်ပြန်ကြ၊ ပုတတ်ကို ချင်း၊ ကြက်သွန်ဖြူ နိုင်အောင် ထောင်း၊ ကြွ ကြွပ်ပါအောင် ကြော်၊ မွှေးလိုက်တဲ့ အမွှေး၊ မြိန်လိုက်တဲ့ အမြိန်ကလည်း တစ်စလယ်ချက်လောက် ကုန်မည်ထင်သည်။

ကျွန်တော်က ပုတတ်ထောင်းကိုကြိုက်သလောက် မငြိမ်းသာက ပုတတ် ကို ကြောက်သည်။ ထိုပုတတ်ကိစ္စကြောင့် မငြိမ်းသာ ကျွန်တော့်ကို စကား မပြောဘဲ ၁၀ ရက်ခန့် စိတ်ကောက်ဖူးသည်။

အေးဆောင်နှင့် မငြိမ်းသာတို့ မောင်နှမတော်ကြသည်။ ကျွန်တော်သည် အေးဆောင်ကို အကြောင်းပြကာ မငြိမ်းသာတို့အိမ်သို့ ခဏခဏသွားတတ် သည်။ တစ်နေ့ အေးဆောင်လည်း မရှိ၊ အိမ်က လူကြီးများလည်း မရှိ၊ မငြိမ်း သာ ဆန်ပြာနေသည်။ ကျွန်တော် မနက်က စည်းရိုးထဲမှ ရခဲ့သော ပုတတ် ကို မငြိမ်းသာ ပြာနေသော ဆန်ကောထဲသို့ ပစ်ထည့်လိုက်ရာ ဆန်ကော မှောက်သွားလောက်အောင်အထိ မငြိမ်းသာ ထိတ်လန့်သွားသည်။

* * *

ကျွန်တော် လန့်သွားသည်။ ကျွန်တော့်ဘေးတွင် တစ်စုံတစ်ယောက် လာရပ်နေသည်ကို ရုတ်တရက် သတိပြုမိသည်။ ရှည်လျားသော အတွေးစ သည်လည်း ပြယ်ကုန်ကြ၍ပြီ ဖြစ်သည်။

'အစ်ကိုမောင် ရောက်နေတာ ကြာပြီလားဟင်'

'ငါ ပြန်တော့မလို့'

'ဟင်...ဘာဖြစ်လို့လဲ'

'ပြန်ချင်နေလို့'

'ငြိမ်းသာ ရောက်လာပြီပဲ'

'ဒါပေမဲ့ ပြန်မယ်'

'ဒါလောက်တောင် ဖြစ်နေလိုက်တာ'

'ဒါလောက်တောင် ဘာလို့ နောက်ကျရတာလဲ'

'ဘာလဲ ကျွဲမြီးတိုနေပြီပေါ့'

'ကျွဲမြီးတိုတာ မဟုတ်ပါဘူး၊ ပုတတ်အမြီးတိုတာပါ'





www.burmeseclassic.com

www.burmeseclassic.com



စောစောက ကျွန်တော်ခဲနှင့် ထုလိုက်၍ အမြီးပြတ်သွားသော ပုတတ်မြီးတိုကို ထုတ်ပြလိုက်သည်။

'ကြည့်စမ်း...အစ်ကိုမောင် သိပ်ရက်စက်တာပဲ၊ သနားစရာ'

'နင် ငါ့ကို ရက်စက်တာလောက် သနားစရာမကောင်းပါဘူး'

'ကဲပါ၊ စကားတတ်တိုင်း ပိုမနေပါနဲ့၊ ပြောစရာရှိတာ မြန်မြန်ပြောပြီး ပြန်၊ နောက်က အစ်မတို့ အေးသောင်တို့ လိုက်လာကြလိမ့်မယ်'

'နောက်နှစ်လလောက်ဆိုရင် ဝါဝင်တော့မယ်'

'အဲဒါ ဘာဖြစ်လို့လဲ'

'ငါ တကယ်ပြောတာပါ၊ နင့်ကို ငါ ချစ်တယ်ဟာ၊ ငါဒီလိုကြီး မနေချင်တော့ဘူး'

'ဒီလိုကြီးမနေချင်ရင် ကင်းမြီးကောက် ထောင်နေလေ'

'မနောက်နဲ့ဟာ၊ နင့်ကို ငါ လက်ထပ်ချင်ပြီ'

'အဲဒါ ဘာလုပ်ရမှာလဲ'

'နင့်အိမ်ကိုရော ငါ့အိမ်ကိုရော ဖွင့်ပြောလိုက်ကြရအောင်ဟာ၊ ပြီးတော့ သူတို့ စီစဉ်နိုင်းတာပေါ့'

'လွယ်လိုက်တာ အစ်ကိုမောင်ရယ်'

'အေးလေ၊ လွယ်လို့ ပြောနေတာပေါ့'

'အို...ဒုက္ခပါပဲ၊ မလွယ်လို့ ပြောနေတာပေါ့'

'ဘာလဲ၊ အမေက ငယ်သေးတယ်တဲ့လား'

'အမေက မဟုတ်ဘူး၊ အဘက ရှင့်...အဘက'

'နင့်အဘကို ငါတို့အကြောင်း ဖွင့်ပြောလိုက်လို့လား'

'မဟုတ်ပါဘူး၊ အဘက သဘောတူမှာမှုတ်ဘူးတဲ့'

'မှုတ်ဘူးတဲ့ဆိုတော့...ဘယ်သူက ပြောလို့လဲ'



'အေးသောင်က'

'ဟင်...အေးသောင်က တို့အကြောင်း သိလို့လား'

'နည်းနည်းပါးပါး ရိပ်မိတာပေါ့'

'ဘာဖြစ်လို့ သဘောမတူတာတဲ့လဲ'

'အဲဒါတော့ မသိဘူး၊ သူ့မေးကြည့်လေ'

'ဟာ...ဘယ်ကောင်းမလဲဟ'

'မကောင်းလဲ မမေးနဲ့ပေါ့၊ ဟိုမှာ သူတို့ လာနေပြီ၊ ငြိမ်းသာ သွားတော့မယ်'

ကျွန်တော် စကားစ ရှာနေစဉ်မှာပင် မငြိမ်းသာ ကျည်းပင်ယာစပ်သို့ ရောက်နှင့်နေပြီ။ ပြောစရာစကားများ ကျန်သေးသည်။

ပြောချင်တာတွေ ပြည့်နေသည်။ လည်ချောင်းထဲမှာ တစ်ဆို့နေသော စကားများ ရှိနေသည်၊ ကျန်နေသေးသည်။ ကျွန်တော်တို့အတွက် အခြေအနေသည်လည်းကောင်း၊ အချိန်အခါသည်လည်းကောင်း ကျဉ်းကျပ်ခက်ခဲခြင်း မရှိပါ။ သို့ပါလျက်နှင့်လည်း တွေ့မိကြတိုင်း ဤမျှပေါ့တန်သော စကားများဖြင့်သာ အချိန်ကုန်လွန်ကြသည်။

ကောက်မစိုက်ရမီ ရေသွင်းထားသော လယ်ပေါ်သို့ လေရှပ်တိုက်ပြေးသွားသည်နှင့် တူစွာသည်။ အလယ်ရိုးမကိုဖြတ်၍ ပျက်ခရွှေတောင်ခြေမှ ဒါးတောကို တိုး၍ ရွာတောင်ဘက်မှ ပေါက်ချောင်းကိုကျော်၍ တိုက်လာသော လေသည် ကျည်းပင်ယာတောမှ လယ်ပြင်ကို ရှပ်တိုက်ပြေးသွားသည့်အခါ ပေါ်ယံရေပြင်လွှာသည် အနည်းငယ်မျှလောက်သာ ခဏတာမျှ လှုပ်ခတ်လေသည်။ ပြီးတော့လည်း သင်ဖြူးခင်းထားသလို မလှုပ်မယှက် ငြိမ်သက်နေသည်။

ကျွန်တော် လေးနက်ချင်သည်။ အဓိပ္ပာယ်ရှိချင်သည်။ တန်ဖိုးထားချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မငြိမ်းသာနှင့် မတွေ့မီတော့ တွေ့သည့်အခါမှာ ပြောမည့်စကားများ၊ ဆွေးနွေးညှိနှိုင်းတိုင်ပင်စရာများ အကြီးအကျယ် စီမံကိန်းချထားပါလျက် တွေ့ကြတော့ ရေပေါ်ရုပ်တိုက်ပြေးသည့် လေကလေးလိုပဲ ဖြစ်ရသည်။

ကျည်းပင်ယာသို့လာသော လမ်းခွဲအဆုံးတွင် လှည်းလမ်းဆုံရှိသည်။ ရွာဘက်သို့ သွားသော လမ်း၊ ဘောဓိတစ်ထောင်ကျောင်းသို့ သွားသောလမ်းနှင့် မြို့သို့ သွားသောလမ်းတို့ ဆုံကြသည်။ ကျွန်တော်နှင့် အေးသောင်၊ ဒေါ်ပုတုတို့လည်း ဤနေရာ၌ ဆုံမိကြသည်။ ကျွန်တော်ကျည်းပင်ယာဘက်မှ ဆင်းလာသည်ကို အေးသောင်မြင်သွားဟန်တူသည်။ ကျွန်တော့်ကို အကဲခတ်၍...

'ငမောင် ဘာလာလုပ်တာလဲ'

'ပုတတ် လာလိုက်တာပါကွာ'

'ဟ...မင်း ပုတတ်လိုက်တာကလဲ ငါတို့တောမှာလာပြီး လိုက်ရတယ်လို့၊ ဘယ်နှယ် ရခဲ့ရဲ့လား'

ပြုံးစစ သူ့စကားကြောင့် ကျွန်တော်အနေကျုံ့မိသည်။ ဣန္ဒြေပြန်ဆည်လိုက်ရင်း...

'ရပါတယ်ကွာ တစ်ကောင်တည်းရယ်၊ ဒီမှာ'

ကျွန်တော့်ပုတတ်ကို ကြည့်၍ ဒေါ်ပုတု အံ့သြသွားဟန်ရှိသည်။

'နင့်မှုတတ်ကလဲ အမြီးပြတ်လို့ပါလား'

'ဟုတ်တယ် အရီးပု၊ ကျွန်တော် စိတ်ဆိုးတာနဲ့ ဖြတ်ပြီး မီးဖုတ်စားလိုက်တာ'

သူတို့ထံမှ စကားတစ်ခွန်းတလေမှ ထွက်မလာမီ ကျွန်တော် ခပ်သုတ်သုတ် လျှောက်လာမိသည်။ ကျွန်တော့်စကားကို အေးသောင် သဘောပေါက်ကောင်း ပေါက်မည်ဖြစ်သော်လည်း ဒေါ်ပုတုတစ်ယောက်တော့ ကျွန်တော့်စကားကို နားရော မျက်စိပါ ချာလည်လိုက်၍ ကျန်ရစ်မည်မှာ သေချာသည်။

ကျွန်တော်တို့မျိုးရိုးသည် တောင်သူလယ်လုပ် ဓားမခုတ်မျိုးရိုး ဖြစ်ပါသည်။ ဘေးဘိုးဘီဘင်ကတည်းက တောင်သူအလုပ်ကို လုပ်ခဲ့ကြသည်၊ ကျွန်တော့်အဘိုးလည်း တောင်သူကြီးဖြစ်သည်၊ အဖေလည်း တောင်သူလယ်သမားတစ်ဦး ဖြစ်ပါလျက်နှင့် ကျွန်တော်ကျပါမှ တောင်သူမဟုတ်။ တောင်သူအလုပ် မလုပ်နိုင် ဖြစ်ရသည်မှာ အံ့ဖွယ်ရာတစ်ပါးဟု ထင်မိသည်။

ကျွန်တော်သည် တောင်သူအလုပ်နှင့် စိမ်းသူတော့ မဟုတ်ပါ။ ကျွန်တော် ငယ်ငယ် အစ်မရှိစဉ်က (ကျွန်တော်တို့ အညာတွင် အမေကို အစ်မဟုခေါ်ပါသည်။) ပေါင်းနုတ် လိုက်ဖူးသည်၊ ဝါကောက် လိုက်ဖူးသည်၊ ပျိုးနုတ်လိုက်ဖူးသည်၊ လိုက်ပင် လိုက်ရသော်လည်း မည်မည်ရရတော့ မဟုတ်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ခဏတစ်ဖြုတ်လောက်တော့ လုပ်လိုက်သေးသည်။ ပြီးမှ ပုစွန်လုံးလိုက်နှိုက်၊ ဖားလိုက်ရိုက်နှင့် တစ်နေ့တာ အချိန်ကုန်ခဲ့သည်။

အစ်မနှင့် တောလိုက်ရသည်ကိုပင် ပျော်စရာဟု ထင်ခဲ့မြင်ခဲ့ရသည့်ဘဝ၊ မဖြစ်ညစ်ကျယ်ဘဝ၊ ထိုဘဝတို့သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်ခန့်တွင် ကျန်ရစ်ခဲ့ကြပြီ။ အစ်မ ဆုံးသည်ပင် ရှစ်နှစ်မက ရှိလောက်ပြီ ထင်သည်။

ကျွန်တော့်ကိုဖျက်ဆီးသူမှာ အဖေဟု အစ်မရှိစဉ်က မကြာခဏ ပြောသံကြားဖူးသည်။ ကျွန်တော့်အတွက် အဖေနှင့်အစ်မ မကြာခဏ စကားများကြသည်လည်း တွေ့ဖူးသည်။ အစ်မက မိရိုးဖလာလုပ်ငန်းဖြစ်သော တောင်သူအလုပ်ကို လုပ်ကိုင်စေလိုသဖြင့် တောင်ယာလယ်တောနှင့် ရင်းနှီးစေရန် ငယ်စဉ်ကတည်းက တောသို့ ခေါ်ခေါ်သွားလေ့ရှိသည်။

အစ်မဆန္ဒက ကျွန်တော့်ကို တောင်သူလယ်သမားတစ်ဦးသာ ဖြစ်စေလို



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသည်ကို အဖေက မကြိုက်၊ ပင်ပန်းသော တောင်သူအလုပ်ကို မလုပ်စေချင်၊ သူတို့သည် အစဉ်အဆက်က ပညာမဲ့ခဲ့၍သာ ဤအလုပ် လုပ်ကြရသည်၊ ကျွန်တော့်အလှည့်တွင် ပညာတတ်မြောက်အောင် သင်ပေးကာ လမ်းရိုးဟောင်းမှ ခွဲထွက်စေရမည်ဟု ကြုံးဝါးထားသည်။

ထို့ကြောင့် ကျွန်တော့်ကို တောမလိုက်ရဟု ပညတ်သည်၊ ပညာသာ ကြိုးစားစေသည်၊ သူလိုချင်သောပုံစံများ သွင်းသည်။ သို့စဉ်လျက် တော၌သာ မွေ့လျော်သော ကျွန်တော်သည် တစ်ခါတစ်ရံ အဖေမသိစေဘဲ သူငယ်ချင်းများနှင့် တောကစားထွက်မိအောင် ထွက်လိုက်သေးသည်။ မသိသေး နေသေးရော့၊ သိလိုက်လျှင်ကား မလွယ်။

အဖေသည် ရိုက်နှက်ခြင်းအရာ၌ ရက်စက်သည်။ သုံးလေးရက် နာလန် မထူနိုင်အောင် ရိုက်တတ်သည်။ သည်လိုနှင့် ကျွန်တော် လေးတန်းအောင်တော့ အစ်မ ဆုံးရှာသည်။ စိတ်ပျက်လက်လျှော့သွားခြင်းသဘော ဖြစ်မည် ထင်သည်။

အစ်မသည် သူဖြစ်စေလိုသောပုံစံ၊ သူမြင်လိုသော အမြင်မျိုး ကျွန်တော့်မှာ ရှာမတွေ့တော့သောအခါ ခရုဆန်ကျွတ်လို ဖြစ်နေသော မျှော်လင့်ခြင်းကင်းမဲ့သည့် သူ့ကိုယ်ကို မရဏမင်းထံ အပ်နှံလိုက်ခြင်းဖြစ်မည်ထင်သည်။

ကျွန်တော်တော့ အစ်မကို ဤသဘောပဲ မြင်မိသည်။ အစ်မသည့် သန်တုန်းမြန်တုန်း၊ အရွယ်ကောင်းတုန်း၊ လယ်တောဆင်းနိုင်သေးသည်၊ အိမ်မှုတာဝန် မလစ်ဟင်းစေရန် ထမ်းဆောင်နိုင်သေးသည်၊ ဝါဖတ်ဗိုင်းငင် ရက်ကန်းစင်ကိုပင် ဝင်ထိုင်နိုင်သေးသည်။ လောကတာဝန် လူ့တာဝန်ကို ထမ်းဆောင်ရန် အင်အားများ ရှိနေသေးပါလျက်နဲ့ အစ်မဆုံးရသည်ကို ကျွန်တော် နှမြောပါသည်။

အဖေသည် အစ်မဆုံးသွားသည့်နောက်ပိုင်းတွင် အလုပ်ကြိုးစား၍ လုပ်



သည်။ နောက်အိမ်ထောင်ပြုရန်ကိစ္စကိုပင် ထည့်စဉ်းစားဟန် မတူ။ ကျွန်တော့်ပညာရေးအတွက် သူ့စွမ်းအားကို အပြင်းအထန် အသုံးချလေတော့သည်။

သည်လိုနှင့် ကျွန်တော်လည်း ၁၀ တန်း အောင်၍ တက္ကသိုလ်သို့ပင် ရောက်နေပြီဖြစ်လေသည်။ အဖေလည်း အိုမင်းမစွမ်းရှိပြီမဟုတ်သည့်တိုင် ဆောင်စာမဲ့သော စက်သဖွယ် မလည်ပတ်နိုင် ဖြစ်ရပြီ။ အားအင်ကုန်ခန်းပြီ၊ အရိုးပြိုင်းပြိုင်း ကျပြီ။ ကိုကြီးလှမောင်ကို ခေါ်၍ ခိုင်းရသည့် ဘဝသို့ ရောက်နေရသည်။

ကျွန်တော်သည် ကိုကြီးလှမောင် နွားစာစဉ်းနေရာသို့ မယောင်မလည် သွားရပ်နေမိသည်။ စကားမရှိ စကားရှာ၍ ပြောရန်လည်း ခက်လှအောင် စကားနည်းသည့်လူမျိုး ဖြစ်သည်။ အလုပ်သာ တွင်တွင်လုပ်နေတတ်သော လူမျိုးဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော်က စကား စ ပြောလျှင်ပင် တအင်းအင်း လိုက်၍သာ စကားပြန်သည်။ ကျွန်တော်မို့လို့ အင်းလိုက်ဖော်ရသေးသည်၊ တချို့ဆို ဘာမှပြန်မပြောဘဲ နားပင်းသောလူလို လုပ်နေတတ်သည်။

'ကိုကြီးလှမောင် ... အဖေ ဘယ်သွားလဲ'

'ဟင့်အင်း'

'ဟင့်အင်းဆိုတာ မသိဘူးလို့ ပြောတာလား'

'အင်း'

ရော ... ခက်ပြီ။ သည် အင်းနှင့် ဟင့်အင်းဆိုသော စကားများဖြင့် ကျွန်တော် သိလိုသော အကြောင်းအရာများကို လိပ်ပတ်လည်အောင် မည်သို့မျှ ဖော်စပ်အဓိပ္ပာယ်ကောက်ယူ၍ မရဟု ထင်သည်။ ကိုကြီးလှမောင်သည် ကျွန်တော့်ထက် အသက်ကြီးကာ ကျွန်တော့်ထက် အတွေ့အကြုံများ ရှိသည်။ ကျွန်တော်က ကျောင်းပိတ်ရက်ရှည်မှသာ ရွာရောက်သည်။ သူက ရွာ



www.burmeseclassic.com

www.burmeseclassic.com



က လွဲ၍ ဘယ်မှသွားလေ့ရှိသူ မဟုတ်။ အလုပ်နှင့်သာ အချိန်ကုန်တတ်သည်။ ကျွန်တော့်ထက် ရွာအကြောင်း ပိုသိမည်။ ကျွန်တော့်ထက် မငြိမ်းသာတို့ အသိုင်းအဝိုင်းအကြောင်း ပိုသိမည်။ ကျွန်တော်သိချင်သည်မှာလည်း မငြိမ်းသာတို့အကြောင်း ဖြစ်သည်။

'ကိုကြီးလှမောင်…နွားစာစဉ်းပြီးရင် အလုပ်ပြီးပြီလား'

'အင်း'

'ကျွန်တော် စကားနည်းနည်းပြောချင်လို့'

'အင်း'

'ဟာ…ခင်ဗျား အင်းကြီးကလဲ အင်းပဲ အင်းနိုင်လွန်းတယ်'

'ဘာလဲကွ ဖိုးမောင်ရ၊ ငါက အင်းမလိုက်လို့ ဘယ့်နှယ်ပြောရမှာလဲ'

'ကျွန်တော် သိချင်တာလေးတွေ မေးချင်လို့'

'မင်းသိချင်တာ ငါ မသိရင်ကောကွာ'

'ခင်ဗျား သိပါတယ်ဗျာ၊ ခင်ဗျားသိတာ မေးမှာပါ'

'ဘာလဲ၊ ပေါက်ချောင်းတောင်ဘက်က မင်းတို့လယ်တွေအကြောင်းလား'

'ဘယ်ကလာ ကျွန်တော်တို့လယ်တွေအကြောင်းရမှာလဲ၊ မငြိမ်းသာအကြောင်း မေးမလို့ဗျ'

'ရွာအရှေ့ပိုင်းက ဦးဘသွင်သမီး ငြိမ်းသာလား'

'ဟုတ်တယ်…ဟုတ်တယ်၊ သူ့အကြောင်း သိချင်လို့'

'ဘာလဲ၊ မင်းက ကောင်မလေးကို ကြိုက်နေလို့လား'

'မဟုတ်ပါဘူး၊ သူ့အကြောင်း သိချင်လို့ပါ'

'သိချင်မနေနဲ့၊ ကောင်မလေးက အိမ်ထောင်ပြုတော့မှာ'

'ဗျာ…'



'မဗျာနဲ့၊ ကောင်မလေးက ကိုရင်ဂျမ်းနဲ့ ယူတော့မှာ'

'ဟာဗျာ…ကိုကြီးလှမောင်ကလဲ၊ ကိုရင်နဲ့ ယူရမယ်လို့ နောက်မနေစမ်းပါနဲ့'

'ဟ…ဘာလို့ နောက်ရမှာလဲ ဖိုးမောင်ရ၊ တကယ်ပြောနေတာ၊ ကိုရင်ဂျမ်း ဆိုတာ ကိုရင့်ကို ပြောတာမဟုတ်ဘူး၊ လူခင်ဗျ၊ တို့ရွာက ကိုရင်ဂျမ်းလို့ပဲ ခေါ်တယ်၊ ဘုန်းကြီးပျံရတုပိုဒ်စုံတို့၊ ဒိုးပတ်သီချင်းတို့ ရေးရေးပေးတဲ့ ကျောင်းဆရာ ညိုညိုတုတ်တုတ်ကလေးလေကွာ၊

'…အဲဒါ လူကြီးချင်း စကားပြောပြီးပြီ ကြားတာပဲ၊ ဘယ်တော့ လက်ဆပ်ကြမယ်တော့ မသိဘူး၊ ဒီဆရာလေးက တော်ပါတယ်၊ သစ်ညိုပင်အရှေ့ဘက် ခတက္ကံ့ရွာကပဲ၊ တို့ရွာကို ချစ်တယ်၊ စေတနာလဲ ထားတယ်၊ သာရေးနာရေးကိစ္စတွေမှာတောင်…'

အင်မတန်စကားနည်းသူ၏ ဤမျှရှည်လျားစွာသော စကားကြောမဆုံးမီ ကျွန်တော်သူ့အနားမှ ပြေးထွက်ခဲ့သည်။ ကိုကြီးလှမောင် ပြောကျန်မည့် စကားများနှင့် လွတ်ရာကျွတ်ရာ ဝေးရာ၊ မကြားနိုင်သော နေရာ။ အိမ်ထဲ ဝင်သည်၊ ပြန်ထွက်သည်။ သောက်ရေအိုးစင်နား ရောက်သည်။ ရေခပ်သည်၊ မသောက်ဘဲ သွန်ပစ်လိုက်သည်။ ကုလားထိုင်ပေါ် ထိုင်သည်၊ ပြန်ထသည်။ ဆောက်တည်ရာမရ ဆိုသည်မှာ ဤသို့ဖြစ်ခြင်းကို ခေါ်မည်ထင်သည်။

ကျွန်တော့်ရင်ထဲမှာ ဗလောင်ဆူနေသည်၊ အူနုကျွဲခတ်သည်ဆိုသော အမျိုး ဖြစ်မည်ထင်သည်။ တစ်ခါဖူးမျှ မခံစားခဲ့ရဖူးသော အချစ် ဝေဒနာကို မြိန်ရေရှက်ရေ ခံစားရပြီဟု ထင်သည်။

ရင်ထဲမှာလည်း ပူနေသည်၊ အပြင်မှာလည်း ပူနေသည်။ နေသည် ထန်းဖျားခန့် ရှိပြီ။ တစ်စတစ်စ အပူတိုးကာ မွန်းတည့်ချေတော့မည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်မီးဖိုထဲ ဝင်မိပြန်သည်။ ပူနေသည်၊ မီးဖိုထဲမှာ ရှားမီးကျီးခဲများသည် ရဲရဲတောက်ပူနေသည်။ ကျွန်တော်စောစောပိုင်းက ကင်ထားခဲ့သော ပုတ မြီးပြတ်ကလေးပင် ပူအားကြီး၍ မီးကျွမ်းနေလေပြီ။

ကျွန်တော် မငြိမ်းသာကို ချစ်သည်။ သျှောင်ပေစူးအရွယ်လောက် က တည်းက သံယောဇဉ်ဖြစ်ခဲ့ကြသည်။ ကျွန်တော် ၁၀ တန်းအောင်၍ မန္တလေး တက္ကသိုလ် သွားရမည်ဆိုသောအခါ မငြိမ်းသာ ငိုသည်။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်သည်။ ခွဲရတော့မည်ဆိုလျှင် အလိုလိုအားဖြင့်လည်း ပ ပန်းစေတတ်သည်ကို ကျွန်တော်တို့ နားလည်သဘောပေါက်မိကြသည်။

ထိုအခါတွင် 'ချစ်' ဆိုသော စကားလုံးကို မည်သူကမှ စတင်ဖော်ထု သုံးစွဲခြင်း မပြုကြပါဘဲလျက် မေတ္တာ၏ သဘောကို ကျွန်တော်တို့နားလ သဘောပေါက်ခဲ့ကြသည်။ ကြာတော့လည်း ပို၍တွယ်တာလာကြသည် ပို၍ နိုင်မြဲလာကြသည်။ တစ်ယောက်ကို တစ်ယောက် အရိပ်တကြည့်ကြ ကြည့်နေချင်သည်။

မပြောဘဲနှင့် ကြားကြားနေရသည့် စကားလေးတွေ၊ မကြည့်ဘဲလျ မြင်နေရသည့် မျက်နှာလေးတွေ၊ တစ်ညဝေးတာနှင့် ရက်ပေါင်း၊ ခုနစ် ဆွေးရတာတွေ စသည် စသည်တို့သည် ယခင်က သီချင်းထဲတွင်သာ ရှိ ကြသည်ဟု ထင်ခဲ့သည်။ ပိုလွန်းသည်ဟု မြင်ခဲ့သည်။ ယခုမှ အပြင်ဘ ၌လည်း တကယ်ရှိနေကြောင်း နားလည်လာရသည်။ မပိုသည့်အပြင် လို သေးသည်ဟုပင် မြင်မိသည်။ သြော်...ချစ်မိခဲ့ပြီဆိုတော့လည်း မေတ္တာ သော အရာမှာ အသချေ်အနန္တ ကြီးမား ကျယ်ပြောလှစွာသည်။

ကျောင်းပိတ်ရက်ရှည်များတွင် မငြိမ်းသာက ကျွန်တော့်ကို စောင့် မြဲ ဖြစ်သည်။ ကျွန်တော်ကလည်း ကျောင်းပိတ်ပြီဆိုသည်နှင့် ကျောင်း တစ်စက္ကန့်မျှပင် မနေချင်တော့။ ရွာသို့ပြန်လာသည်။ မငြိမ်းသာနှင့် ကြသည်။ စကားလက်ဆုံ ပြောမကုန်နိုင်ကြ။



ကျည်းပင်ယာတွင်လည်းကောင်း၊ ရွာတောင်ဘက် ပေါက်ချောင်းတွင် ရေခပ်ကြရင်းဖြင့်လည်းကောင်း၊ ဘောဓိတစ်ထောင်ကျောင်းတွင် လည်း ကောင်း၊ ဟင်းရွက်ခူးကြရင်း မှိုနုတ်ကြရင်းဖြင့်လည်းကောင်း၊ မြင့်မှ တစ် ဆင့် အချိန်းအချက်ပြုလုပ်၍ မယ်ဇယ်ပင်တောတွင်လည်းကောင်း ချိုးငှက် ကလေးတွေကို ပျော်ခဲ့ကြသည်။ စာဝါလေးတွေလိုလည်း မြူးထူးခဲ့ကြသည်။

တစ်ခါတစ်ရံ ဆက်ရက်ငှက်များနှယ် ရန်ဖြစ်ခဲ့ကြဖူးသေးသည်။ ထိုစဉ် က စိတ်မချမ်းမြေ့စရာဆို မရှိ၊ ပျော်စရာအတိ ဖြစ်ဘိသည်။ သည်လိုနှင့် ကျွန်တော့်ဘဝလမ်းကြောင်းသည် တစ်စတစ်စနှင့် ခယောင်းမြေ ဆန်လာခဲ့ သည်။

အဖေသည် ကျန်းမာရေးမကောင်း၊ မကြာခဏ ချူချာသည်။

တောင်သူအလုပ်ကို လှည့်၍ပင် မကြည့်နိုင်ရှာတော့။ ကိုကြီးလှမောင် တစ်ယောက်တည်း လုပ်၍ရသော ယာထွက်သီးနှံတို့သည် အဖေ့ ဆေးဖိုး ဝါးခနှင့်ပင် မကာမိနိုင်အောင်ရှိသည်။ ထိုအခါ အဖေသည် ကျွန်တော့် ကျောင်းစရိတ်အတွက် လယ်မြေအချို့ကို ထုခွဲရောင်းချ၍ ဖူလုံစေလေသည်။ အဖေ့အစီအစဉ်ကို ကျွန်တော် သိရသောအခါ လက်လွန်ကုန်ပြီဖြစ်သည်။ စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ပါတော့။

အချစ်နွံထဲတွင် နစ်မွန်းနေသော ကျွန်တော်သည် အဖေ့ကို ဥပေက္ခာပြု ထားသည့် သဘောမျိုး သက်ရောက်နေသည်ကို ကျွန်တော် နောင်းမှ သိရ သည်။ ထိုစဉ်က ကျွန်တော့်ဘဝသည် ရေငတ်နေသော ရိုးပြတ်တောနှင့် တူ သည်။ နေပူဒဏ်ကြောင့် ပပ်ကြားအက်၍ ခြောက်သယောင်းနေသော ပြတ်တောထဲတွင် စိမ်းစိမ်းလူလူရှိသော ကောက်ရိုးနွယ်ပင်ကလေးများ ကြည့်၍ ကြည်မွေ့နေမိသည်။

တစ်ချိန်က ပင်လုံးညွတ်အိ မြေသို့ထိမျှ ပြီးပြည့်ဝေဆာစွာ သီးပွင့်ပေး

www.burmeseclassic.com



ခဲ့ကြသော စပါးပင်များကို ကျွန်တော် မေ့လျော့နေခဲ့ခြင်းဖြစ်မည်။ ရိုးပြတ် များကို အကျည်းတန်စွာပင် မြင်နေမိသည်။ ထိုအမြင်သည် လွဲမှားသော အမြင် ဖြစ်နေသည်ကို ကျွန်တော့်ဘာသာ ကျွန်တော်မြင်မိသည့်အချိန်သည် ကျွန်တော် ဒုတိယနှစ် တက်နေသောအချိန် ဖြစ်သည်။

ကျွန်တော့်ဘဝ လေးတိုင်စင်သည် လေတိုး၍ ယိုင်နဲ့ခဲ့ရလေသည်။ မုန် တိုင်း မထန်သေး၍ ပြိုလဲပျက်စီးခြင်းမရှိသေးရကား ကျွန်တော့်နောင်တ သည် နှောင်းနောင်တ မဖြစ်သေးတန်ရာ၊ နောင်တရသော အမှားကိုသိသော အချိန်သည် အချိန်ကောင်းဖြစ်သည်ဟု မှတ်သားထားဖူးသည်။ ထို့ကြောင့် ကျွန်တော် အဖေနှင့် ကိုကြီးလှမောင်ထံ စာရေးလိုက်သည်။ ကျောင်းပိတ် ရက်များတွင် ကျွန်တော် ရွာပြန်လာမည် မဟုတ်ကြောင်း၊ မန္တလေးတွင် သူငယ်ချင်းတစ်ဦးနှင့် အလုပ်လုပ်ရန် စီစဉ်ထားကြောင်း၊ ကျွန်တော့်အတွက် ငွေပို့မပေးတော့ရန်၊ အဖေ့ကျန်းမာရေးကို ဂရုစိုက်ရန်၊ အခြေအနေ အကျိ အကြောင်းကို ကျွန်တော့်ထံ မကြာမကြာ စာထည့်ရန် စသည် စသည်ဖြင့်

ငင်းနောက် ကျောင်းပိတ်သော ရက်များတွင် ကျွန်တော် ရွာသို့ မပြန် တော့ပါ။ ဗုဒ္ဓသာသနာပြုကျောင်းထဲမှ ကျွန်တော့်သူငယ်ချင်းတစ်ယောက် အိမ်တွင် နေသည်။ အလယ်တန်းကျောင်းသားလေးများကို ကျူရှင်လိုက် သည်။ ဤသည်ပင်လျှင် ဘဝအစဟု မှတ်ထင်ရသော ကောင်းအံ့ ထင် သည်။

ကျွန်တော်သည် ရေစုန်ခရီးတွင် လှေကြုံစီး၍သာ အင်အားမစိုက်ပါ ရေသာခိုဘဝကို သာယာနစ်မျောနေခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ရသည် နွားခြေရာခွက်ထဲမှ ရေကို ကျယ်ပြောလှစွာသည်ဟု ထင်ခဲ့သည်။ နဖူးတွေ ဒူးတွေ့ကြုံရသောအခါ သက်လုံကောင်းဖို့ မနည်းကြိုးစားရသည်။ ဘ ရေဆန်ခရီးမှာ လက်ပန်းကျမတတ် လှော်ခတ်ရပါသည်။ နွားခြေရာခွ ထဲမှ ရေသည် ဘဝပင်လယ်ပြင်နှင့်စာသော် မြူမှုန်မျှပင် မရှိပါတော့

တစ်ချိန်က ကျွန်တော်သည် အချိန်ကိုစောင့်ခဲ့ရသည်။ ပိုလျှံနေသော အချိန်တို့ကို အဓိပ္ပာယ်မဲ့စွာ ဖြုန်းတီးခဲ့သည်။ ယခု ကျွန်တော့်ကို အချိန်က စောင့်နေသည်။ အချိန်တိုင်းမှာ အလုပ်ရှိနေသည်။ ကျွန်တော့်မှာ အားလပ် ချိန်ဆို၍ အိပ်ချိန်နှင့် ထမင်းစားချိန်လောက်သာ ရှိခဲ့သည်။

အချိန်တန်ဖိုးကို နားလည်လာရသည်။ တစ်ခါတစ်ရံ ငြူစူပြစ်တင်သော ငြိမ်းသာ စာများကိုပင် ပြန်လည်ဖြေကြား မရေးသားနိုင်သည်အထိ ဖြစ်ရ သည်။ မည်သို့ပင်ဖြစ်စေကာမူ အစကတည်းက မငြိမ်းသာ နားလည်သဘော ပေါက်ရန် စာရှည်တစ်စောင် ရေးထည့်ဖူးသည်။ မငြိမ်းသာ ကျွန်တော့်ကို နားလည်ထားသည်ဟု ယူဆသည်။

ကိုကြီးလှမောင်ထံမှ အဖေ့ကျန်းမာရေး ကောင်းမွန်လာကြောင်း စာရ သည့်အခါ ကျွန်တော်ဝမ်းသာရပါသည်။ ရွာလူကြီးများလည်း ကျွန်တော့်ထံ ကြာခဏ ရောက်တတ်ရာ အဖေ့ဖို့ လိုအပ်တာကလေးများ ဝယ်ပေးလိုက် သည်။ မငြိမ်းသာအတွက်လည်း ချစ်သက်လက်ဆောင်ကလေးများ ပေးလိုက်နိုင်သည်။

*သို့*

*အစ်ကိုမောင်ရှင့်...*

*ငြိမ်းသာ စာရေးလိုက်ပါတယ်။*

ဆိုသည့် ရိုးလွန်းသည့် အရေးအသားသည်ပင် ကျွန်တော့်အတွက် မရိုး အောင် ဖတ်ဖြစ်သည့် စာကလေးများ ဖြစ်ကြသည်။

*ငြိမ်းသာ အစ်ကိုမောင့်ကို အမြဲသတိရပါတယ်။ ပြီးခဲ့တဲ့နှစ် က ပေါက်ချောင်းကြီးချောင်း ရေလျှံတယ်အစ်ကိုမောင်၊ စံဝတို့ ဆင်းအတော်များများ ရလိုက်ကြတယ်။ ငြိမ်းသာဝမ်းသာပါတယ်။ သူတို့က ဆင်းရဲတယ်မဟုတ်လား။ ဒါတောင် ဦးလေးခ ထင်းဆယ်*

www.burmeseclassic.com



*ရင်း လက်ကိုထင်းညှပ်သွားသေးတယ်။ ဘာမှတော့ မဖြစ်ပါဘူး၊ စံဝက အဖေ လက်ခိုက်မိလို့သာပေါ့တဲ့၊ နို့မို့ရင် ဒီထက် ထင်းပိုရတယ်တဲ့၊ တော်တော်လောဘကြီးတယ်နော်၊ ဒီနှစ် စိန်မာဒင်တို့ ကတယ်။*

*အစ်ကိုမောင်တို့ မန္တ လေးက ပြုံးချိုအငြိမ့်လည်း ကတယ်။ မယ်စံတို့ မိလှတို့များ ခုနစ်ညစလုံး မိုးအလင်း သွားကြည့်တယ်။ အစ်ကိုမောင်က ပြန်မလာတော့ သူတို့ ပျော်သလို ငြိမ်းသာမှ ပျော်လို့ မရဘဲ။*

မငြိမ်းသာသည် ရိုးသားသည်။ တောသူပီပီ သဘောဖြူ အူစင်းသည်။ ဖွဲ့နွဲ့သီကုံး မရေးတတ်။ သူ့စာများထဲတွင် အညှ အခရာများ မတွေ့ရ။ မာယာများ မတွေ့ရ။ ပရိယာယ်များ မတွေ့ရ။ မေတ္တာ၏ အငွေ့အသက်များကိုတော့ ထိတွေ့ခံစားရပါသည်။

မိုးရေစက်များသည်သာ အေးမြသည်မဟုတ်ပါ။ မိုး၏ အငွေ့အသက်တို့ ပါသော မိုးသင်းနံ့ကလေးသည်လည်း အေးမြသောသဘော ဆောင်[illegible]သည်။

မငြိမ်းသာ၏ ကိုယ်ပွား စာလွှာကလေးများသည်လည်း ကျွန်တော့်[illegible] ဝယ် အေးမြစေပါသည်။ အမောပြေစေပါသည်။

* * *

မယ်ဇယ်ပင်များသည် မှိုင်းညို့အုံ့ဆိုင်းနေသည်။ မယ်ဇယ်တော[illegible] မီးကျွမ်းသစ်ငုတ်တိုသည် အကျည်းတန်စွာ ရပ်နေသည်။ စာဝါကလေး[illegible] အစာရှာထွက်သွားကြသဖြင့် မယ်ဇယ်တောသည် တိတ်ဆိတ်ငြိမ်သက်[illegible] လေသည်။



အိပ်ရာထ နောက်ကျတတ်သော ချိုးလင်းပြာ တစ်ကောင်စ နှစ်ကောင်စသာ တစ်ခါတစ်ရံ အတောင်ရိုက်ခတ်သံ ကြားရသည်။ ကျွန်တော့်ရင်သည်လည်း တဖျပ်ဖျပ် ခုန်၍နေမည်ထင်သည်။ ပြောစရာစကားများကလည်း ခါတိုင်းလိုရင်နှင့်အပြည့်ရှိသည်။

သည်အခါ ပြောရန်စကားများသည် အရေးပါ အရာရောက်သောစကားများ ဖြစ်ရမည်ကို ကျွန်တော်သတိထားမိသည်။ ခါတိုင်းလို ရေပေါ်ရှပ်တိုက်ပြေးသွားသော လေကလေးလို မဖြစ်ရန် သတိထားရမည်ဖြစ်သည်။

ပထမဦးဆုံး သတိထားမိသည်က မငြိမ်းသာ၏ ရိုးသားဖြူစင်သော အလှ[illegible]ပင် ဖြစ်သည်။ မယ်ဇယ်ပင်ခြေတွင် ကျုံ့ကျုံ့ထိုင်နေသော မငြိမ်းသာသည် ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်နေသည်။ သည်အကြည့်မျိုးကြောင့် ကျွန်တော် ရင်ခုန်ခဲ့ရပေါင်း များပါပြီ။

လဲ့လဲ့ကြည်နေသော မျက်ဝန်းတို့တွင်လည်း ညှို့ငင်ဖမ်းစားတတ်သော [illegible]င်အားများ မတွေ့ရ။ ဖြောင့်တန်းသော နှာတံစင်းစင်းကလေးတွင်လည်း [illegible]ဦးလဲတတ်သော သဘော မတွေ့။ မထူမပါးရှိသော စင်ရော်တောင်မျက်ခုံး[illegible]သည်လည်း ရိုးသားခြင်းအမှု ရှိကြသည်။

ကျွမ်းကျင်သော လေးသမား၏ လေးကိုင်းသဏ္ဌာန်အနေအထားမှန်စွာ[illegible]သော နှုတ်ခမ်းဖူးဖူးလေး၌လည်း မုယာမာယာများသော ပလီပလာစကား[illegible] ဆိုတတ်သည့်အသွင် မရှိပါ။ သို့သော် မငြိမ်းသာကို အပြစ်ဆိုရမည်၊ [illegible]ပြစ်တင်ရမည်ဟု ဤနေရာသို့ လာရောက်ခဲ့ရခြင်းဖြစ်သည်ကိုမူ ကျွန်[illegible]တ်သတိလက်လွှတ် မဖြစ်ပါ။

[illegible]ငြိမ်းသာ မျက်လွှာချခိုက်နှင့် ကြုံကြိုက်စွာ ကျွန်တော်သက်ပြင်းချလိုက်[illegible]သည်။

'အစ်ကိုမောင် ... ငြိမ်းသာကို ဘာပြောမလို့လဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ငါပြောမယ့်စကားကို နင်သိပြီးသား မဟုတ်လား'

'အစ်ကိုမောင်က ပြောမှ မပြောသေးဘဲ၊ ငြိမ်းသာ ဘယ်လိုလုပ်ပြီး သိမလဲ၊ ဘာလဲ … ဝါဝင်တော့မယ်ဆိုတဲ့ စကားလား'

'အေး … ဟုတ်တယ်၊ ဝါမဝင်ခင် နင်က လက်ထပ်ရတော့မယ်ဆိုတော့ ပျော်နေတယ်ပေါ့၊ နင်တို့ မိန်းမတွေဟာ မျက်နှာကို ပိုများတယ်၊ ရုပ်ကလေး လှသလောက် အတွင်းသဘော ပုပ်ကြတယ်၊ တန်ဖိုးမရှိတဲ့ အလကားဟာတွေ'

'အစ်ကိုမောင် ဘာတွေပြောနေတာလဲ၊ ငြိမ်းသာ နားမလည်ဘူး၊ အစ်ကိုမောင့် စကားတွေက ရင့်သီးလိုက်တာ၊ ငြိမ်းသာကို ရင့်ရင့်သီးသီး တစ်ခါမှ ဒီလို မပြောဖူးဘူး'

'အေး … ဟိုတုန်းက ပြောဖို့မလိုလို့ မပြောခဲ့တာ၊ အခုပြောဖို့ အခွင့်ကြုံလာလို့ပဲ၊ နင်က ငါ့ကို နွားလို ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး ဟိုတစ်မျိုး သည်တစ်မျိုး မာယာတွေ များနေတဲ့ လျှာနှစ်ခွနဲ့ မြွေဟောက်မ'

မျက်လွှာချထားရာမှ ခပ်ဆတ်ဆတ် ကျွန်တော့်ကို မော့ကြည့်လိုက်သည်။ ကျွန်တော့်စကားသည် မှန်ကန်သောစကားများဟု ကျွန်တော် ယုံကြည်ထားသည်။ မှန်တာပြောလျှင် နားလိုခံခက်ဖြစ်မည်၊ အမျက်ထွက်မည်။ မငြိမ်းသာ မခံမရပ်နိုင်ဖြစ်လာပြီ ထင်သည်။ မျက်နက်ဝန်းတစ်ခိုတွင် မျက်ရည်ဥတို့ အိုင်ဖွဲ့လျက်ရှိနေကြသည်ကို တွေ့ရသောအခါ

'ငြိမ်းသာကို မဟုတ်မတရားတာတွေ မပြောပါနဲ့ အစ်ကိုမောင်ရယ်၊ ငြိမ်းသာကို ဒီလို မကျီစားပါနဲ့လား၊ ငြိမ်းသာ မခံနိုင်တော့ဘူး၊ ငြိမ်းသာ မကျေနပ်တာရှိရင် သတ်လိုက်ပါလား အစ်ကိုမောင်၊ အစ်ကိုမောင် ပြောတာတွေ ငြိမ်းသာ အခုထိ နားမလည်ဘူး'

'နင် ငါ့ကို ဇာလည်ကြောင်ပတ်လုပ်မနေနဲ့၊ ငါ တည့်တည့်ပဲ ပြောမယ်



နင် ဆရာလေး ကိုရင်ဂျမ်းနဲ့ လက်ထပ်တော့မယ်ဆို၊ လူကြီးချင်း စကားပြောပြီးကြတာတောင် ငါ့ကို လှည့်စားနေတုန်းပဲ မဟုတ်လား'

'ဒီကိစ္စ ဘာတစ်ခုမှ ငြိမ်းသာ မသိရဘူး အစ်ကိုမောင်၊ လူကြီးချင်း စကားပြောတယ်ဆိုတာလဲ ငြိမ်းသာ မသိဘူး၊ ငြိမ်းသာ ဒီနှစ် တစ်နှစ်လုံး ရွာမှာ မရှိဘူး၊ တောင်ရိုးက ဒွေးလေးတို့ဆီမှာ သွားနေတယ်၊ အစ်ကိုမောင် ဒီနှစ် ပြန်လာမယ်ဆိုတာနဲ့ ငြိမ်းသာ အစ်ကိုမောင်နဲ့ တွေ့ရအောင် ပြန်လာတာပါ၊ ငြိမ်းသာ အစ်ကိုမောင်ပြောသလိုအစားထဲက မဟုတ်ရပါဘူး အစ်ကိုမောင်ရယ်'

ကျွန်တော့်စကားတို့သည် လွန်ကုန်ကြပြီ။ ကျွန်တော် မငြိမ်းသာကို သနားသွားသည်။ ကြေကွဲဝမ်းနည်းသံတို့က မျက်ရည်တို့ကို ဖိတ်ခေါ်လာကြသည် ထင်သည်။ စောစောက မျက်ရည်အိုင်သည် လျှံလုလုရှိပြီ။ ကျွန်တော် မှားသွားသည်။ အမှားမှန်း သိလိုက်သောအချိန်သည် အချိန်ကောင်းဖြစ်သည်ကို ကျွန်တော် လက်ခံပါသည်။ မငြိမ်းသာကို ကျွန်တော် တောင်းပန်ရမည်။

ကော့ရှန်းသော မျက်တောင်အစုံကို ပုတ်ခတ်၍ မျက်ရည်သိမ်းခြင်းငှာ မစွမ်းနိုင်တော့ဟု ထင်သည်။ မျက်ရည်စတို့သည် ပါးပြင်မှ နုလွှလွှ သနပ်ခါးစက်ကလေးများပေါ်သို့ပင် စီးဆင်းလာကြသည်။

'ဝမ်းနည်းမနေပါနဲ့တော့ဟာ၊ ငါ မသိလို့ ပြောမိတာပါ၊ ငါ တောင်းပန်ပါတယ်'

ငိုရှိုက်ရခြင်းမည်သည် ဖင်ပန်းလှစွာသည်။ ထို့ထက် ပင်ပန်းသည်မှာ မျိုသိပ်ထားရခြင်းပင် ဖြစ်သည်။ မငြိမ်းသာက ငိုသည်။ ကျွန်တော်က မျိုသိပ်ထားသည်။

'ငြိမ်းသာ အစ်ကိုမောင့်ကို ချစ်တယ်၊ ဒီပြင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ အသက်အသေခံလိုက်မယ်'

ငြိမ်းချမ်းချမ်းတအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်ရသဖြင့် မငြိမ်းသာသည် နွမ်းနယ်နေသည်။ မငြိမ်းသာ စကား များကမူ ကျွန်တော့်အတွက် စိတ်နှလုံးကြည်နူးချမ်းမြေ့စေပါသည်။

'မငြိမ်းသာ… ငါလဲ နင့်ကို ချစ်တယ်၊ သိပ်ချစ်တယ်၊ နင့်ကို စွန့်လွှတ်ရ မှာ ငါ သေမလောက် ကြောက်တယ်၊ ဘယ်လိုအနှောင့်အယှက်တွေပဲ ရှိရှိ ဘယ်သူကပဲ ဖျက်ဖျက် နင့်ကို ငါ လက်ထပ်မယ်၊ ငါတော့ ဒီလိုပဲ ဆုံးဖြတ် ထားတယ်'

မငြိမ်းသာ၏ ညှိုးလျှနေသော မျက်နှာလေးသည် ဝင်းပလာသည် ထင် ပါသည်။

'ဒါဖြင့် ငြိမ်းသာ ဘယ်လိုလုပ်ရမလဲ အစ်ကိုမောင်'

ယုံကြည်အားကိုးသောစကားဖြစ်ကြောင်း နားလည်လိုက်သည်။

'ငါ ကိုကြီးလှမောင်နဲ့ တိုင်ပင်ပြီး စီစဉ်မယ်၊ ဒီတစ်ခါ ငါပြန်ရင် နင့်ကို တစ်ခါတည်း ခေါ်သွားမယ်၊ နင် လိုက်မယ်မဟုတ်လား မငြိမ်းသာ၊ ငါ စီစဉ် ပြီးတာနဲ့ မြဧွကို အပြောခိုင်းလိုက်မယ်၊ ဒီကြားထဲ နင် သိုသိုသိပ်သိပ်နေဖို့ အရေးကြီးတယ်၊ မငြိမ်းသာ ဘယ်လိုသဘောရလဲဟင်'

'ငြိမ်းသာ ဘာမှမပြောတတ်တော့ဘူး၊ အစ်ကိုမောင် ကြိုက်သလိုသာ စီစဉ်ပါ၊ ငြိမ်းသာ ပြန်တော့မယ်'

မယ်ဇယ်ပင်တောထဲမှ စီးဆင်းလာသော ရေမြောင်းကလေးသည် ရွာ တောင်ဘက်က ညောင်ပင်ကြီးကို ကွေ့ဝိုက်လျက် စီးဆင်းနေသည်။ မငြိမ်း သာသည် ထိုမြောင်းပေါင်အတိုင်း လျှောက်သွားနေသည်။ မြောင်းထဲမှ ရေ တို့သည် နောက်ကျုလျက်နေလေသည်။ ကျွန်တော့်စိတ်သည်လည်း ကြည် လင်ခြင်း မရှိ၊ မြောင်းရေလို နောက်ကျုနေသည်။

* * *

ကျွန်တော်သည် ပြန်ရန်စီစဉ်ထားသည့် ရက်ထက် တစ်ပတ်ကြို၍ ပြန်ခဲ့ ရပါသည်။

'ဖိုးမောင်ရာ… ရွာကို စိတ်နာပြီးတော့ ပြန်မလာဘဲလဲ မနေလိုက်ပါနဲ့ ကွာ၊ မင်းက တစ်ယူသန် တစ်ဇွတ်ထိုးလုပ်တတ်လွန်းလို့၊ မင်းအဖေကြီးက လဲ လုံးလုံးကျန်းမာသေးတာမဟုတ်ဘူး၊ စာလဲ မကြာမကြာ ရေးကွာ၊ သိပ် လဲ စိတ်ထိခိုက်မနေနဲ့ပေါ့၊ မင်း ဆင်ခြင်တတ်ပါတယ်လေ၊ ပညာတွေလဲ တတ်ထားတာပဲ'

ကိုကြီးလှမောင် မှာလိုက်သော စကားများ ဖြစ်သည်။ ကျွန်တော်နှင့် မငြိမ်းသာတို့အကြောင်းကို ကိုကြီးလှမောင်အား ပြောပြသည်။ ကျွန်တော် လုပ်ချင်သော အစီအစဉ်များကို အကြံဉာဏ်တောင်းသည်။ အစ်ကိုကြီး လှမောင် အင်တင်တင်လုပ်နေသည်။ ကျွန်တော်တို့ ကိစ္စများ ထဲတွင် သူ ဝင်မပါလိုကြောင်း ပြောသည်။ ကျွန်တော်က အကြောင်းရင်းကို မရမက မေးတော့မှ…

'ကဲ… မင်း ဒီလောက်သိချင်ရင် ငါ ပြောပြမယ်… နားထောင်၊ ကျောင်း တော်က ရန်စ ပေါ့၊ မင်းအမေ ငါ့အစ်မ မြခက်က ရွာမှာ ကွမ်းတောင်ကိုင် ပေါ့ကွာ၊ မင်းအဖေနဲ့ ဦးဘသွင်နဲ့က သူငယ်ချင်း၊ မင်းအဖေက ဆင်းရဲတယ်၊ ဦးဘသွင် မိဘတို့က ကုန်သည်ဆိုတော့ ချမ်းသာကယ်။

'…အဲဒါ ငယ်ငယ်က မင်းအဖေနဲ့ ဦးဘသွင်က မြခက်ကို အပြိုင်ပိုးကြ တာ၊ ငါ့အစ်မ မြခက်ကလဲ ချစ်တာချင်း တူပါလျက်နဲ့ တောင်သူမျိုးရိုး ဆို တဲ့ ဂုဏ်တစ်ခုတည်းနဲ့ မင်းအဖေကို ရွေးလိုက်တာပဲ၊ အဲဒီကိစ္စနဲ့ ပတ်သက် ပြီး ဦးဘသွင်က ဒီနေ့ထက်ထိ အငြိုးထားတုန်းပဲ၊ မင်းတို့ကိစ္စ လူကြီးချင်း ငယ်ကိစ္စမို့ ငါမပါချင်ဘူး'

သို့သော်လည်း ကိုကြီးလှမောင် ကျွန်တော့်ကို ချစ်ပါသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က အတင်းရော အဓမ္မရော ပြောသောအခါမှ ကူညီရန် ကတိပြုသည်။ တစ် ညတွင် ကျွန်တော်နှင့် မငြိမ်းသာတို့ ချိန်းတွေ့ကြမည်။ ရွာအနောက်ဘက် မန်ကျည်းပင်ပုအထိ သွားမည်၊ မန်ကျည်းပင်ပုတွင် ကိုကြီးလှမောင်က လှည်းဖြင့် စောင့်နေမည်။ ထိုမှတစ်ဆင့် ကြေးမုံရွာသို့ သွားကြမည်။

ကြေးမုံမှတစ်ဆင့် မန္တလေးသို့ ခရီးကြုံသည့်ကားဖြင့်သော်လည်းကောင်း ရထားဖြင့်သော်လည်းကောင်း သွားကြမည်။ ကိုကြီးလှမောင်က ညတွင် ချင်း လှည်းဖြင့် ရွာပြန်သွားမည်။ ဤသို့ အစီအစဉ်များ ပြုလုပ်ကြသည်။ ကိုကြီးလှမောင်က အစီအစဉ်များပြုလုပ်ပေးသည်။ ကိုကြီးလှမောင်အတွက် အစီအစဉ်များ ရေးဆွဲသည့်ညက ထန်းရည်တိုက်ရသေးသည်။ ကိုကြီးလှ မောင်သည် ထန်းရည်လေးတမြမြနှင့် ပျော်နေသည်။ ကျွန်တော်လည်း ပျော် ပါသည်။

အစီအစဉ်အရ ကျွန်တော်သည် မြင်းမှတစ်ဆင့် မငြိမ်းသာကို ချိန်းဆို ပြီး ဖြစ်သည်။ မငြိမ်းသာက ထိုနေ့ည သန်းခေါင်ယံတွင် စောင့်နေမည်၊ ကျွန် တော်က မငြိမ်းသာထံ သွား၍ အချက်ပေးသည်နှင့် မငြိမ်းသာ ကျွန်တော့် နောက်သို့ ကောက်ကောက်ပါရေး လမ်းက စ ပေတော့မည်။

'ဟေ့ကောင် ... ရဲဆေးကလေး တင်လိုက်စမ်းပါကွ'

ကိုကြီးလှမောင်က ကျွန်တော့်ကို ထန်းရည်အတင်းတိုက်သည်။

ကျွန်တော်လည်း ပျော်ပျော်နှင့် တစ်ခွက် ယူမော့လိုက်သည်။

ပြီးတော့ ယုန်သားကြော်လေး ကိုက်လိုက်သည်။

နောက်တစ်ခွက် ထပ်မော့သည်။

ရီတီတီဖြစ်လာတော့ သီချင်းကလေးတစ်ပိုင်းတစ်စ ဟစ်မိ၏။

'ဟေ့ကောင် ... တော်တော့၊ တော်ကြာ မူးသွားလို့ ဘာအလုပ်မှမဖြစ် နေမယ်'



'မမူးပါဘူး ကိုကြီးလှမောင်ရ၊ ပျော်လို့ပါ'

'အေး ... ငါလဲ ပျော်သဟ'

ကိုကြီးလှမောင် တစ်ခွက်ထပ်မော့ပြန်၏။

ကျွန်တော်လည်း ယုန်သားတစ်ကိုက် ထန်းရည်တစ်ကျိုက်နှင့်။

သည်လိုနှင့် သန်းခေါင်ယံ နီးခဲ့သည်။

'ကိုကြီး ... လှည်းအဆင်သင့်လုပ်ထားပေရော့၊ ကျွန်တော်သွားခေါ်တော့ မယ်'

'အေးပါ လဟ'

လမိုက်ညမို့ ပိန်းပိတ်မှောင်နေ၏။ ကြယ်ရောင်ကိုသာ အားကိုးရသည်။ သို့သော် ကျွန်တော့်အဖို့ လမ်းမှားခြင်း မဖြစ်နိုင်ပါ။ လမ်းမှားရန် မဆိုထား ဘိ၊ ခြေလှမ်းအရေအတွက်ပင် မှားလိမ့်မည်မဟုတ်။ ခြေရာချင်းထပ်အောင် လျှောက်သွားခဲ့ဖူးသောလမ်း မဟုတ်ပါလား။

မငြိမ်းသာတို့အိမ်နားသို့ နီးလာလေ ကျွန်တော့်ရင်ထဲတွင် မြည်ဟည်း နေသောအသံက ကျယ်လောင်လာလေ။

*လှေကားခုံမှာ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်။*
*လှေကားဦးမှာ ဘီလူးမောင့်ကြောင့် စောင့်တော့တယ်။*
*လှေကားခြေမှာ ဆူးလေ မောင့်ကြောင့် ကြိတော့တယ်။*
*အိမ်တိုင်တိုင်းမှာ နွားရိုင်း မောင့်ကြောင့် ချည်တော့တယ်။*

..............................................................................

..............................................................................

*မောင်လဲ ဘယ်က တက်ပါ့မယ်၊ မယ်လဲ ဘယ်က ဆင်းရမယ်။*

အိုင်ချင်းတစ်ပုဒ်၏ အပိုင်းအစများကို သတိရမိ၏။

ညညကိုတဲ့ အချိန်မတော် ချိုးမှုတ်လို့ ခေါ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လက်ခေါက်ဖြင့် ချိုးကူသံ ပေးလိုက်ပါသည်။

* * *

အရုဏ်တက်ပေပြီ။ ဘုန်းကြီးဦးဓမ္မကျောင်းမှ ကလတက်အုန်းမောင်း ခေါက်သံ ကြားရပြီ။ မငြိမ်းသာ၏ အရိပ်အယောင်မျှပင် မမြင်ရသေးပါ။ အသေအချာ ချိန်းဆိုထားပါလျက် ဆင်းမလာသဖြင့် အမျိုးမျိုးတွေးတော စိုးရွံ့မိသည်။

မငြိမ်းသာ သစ္စာမဲ့ပြီလား။

သို့မဟုတ် လူကြီးတွေ ရိပ်မိသွား၍ အလုံပိတ်လိုက်ပြီလား။

ကျွန်တော့်ဦးခေါင်း ပေါက်ထွက်လုမတတ် စဉ်းစားရင်းနှင့် အရုဏ်တိုင် ခဲ့လေသည်။ ခဏကြာလျှင် အိမ်သားတို့ နိုးတော့မည်။

ကျွန်တော်သည် မငြိမ်းသာတို့ခြံစပ်မှ တရွေ့ရွေ့ခွာလာခဲ့သည်။ သံယော ဇဉ် တစ်မျှင်ကမူ တန်း၍ကျန်ရစ်၏။

မငြိမ်းသာကို ထိုနေ့ညနေကပင် အခြားတစ်နေရာသို့ ပို့လိုက်ပြီ ဖြစ် ကြောင်းကို ကျွန်တော် အချိန်နှောင်းပါမှ သိရ၏။

ထိုစဉ်ကမူ စိတ်၌ဆောက်တည်ရာမရသဖြင့် ရွာမှ 'အပြီးတိုင်'ဟု ကြုံး ဝါးလျက် ထွက်လာခဲ့မိလေသည်။

နောက်တစ်နေ့နံနက် မိုးသောက်လျှင်သောက်ချင်း ကျွန်တော်သည် မငြိမ်းသာကို တင်၍သွားရမည့် ကိုကြီးလှမောင်၏ လှည်းဖြင့် ရွာက ထွက် ခွာလာခဲ့၏။ မငြိမ်းသာတော့ ပါမလာခဲ့။

ကိုကြီးလှမောင်သည် တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။ ကိုကြီးလှမောင် ခေါသဖြစ်သည်ကို ကျွန်တော် ပထမဦးဆုံးမြင်ဖူးခြင်း ဖြစ် ပါသည်။ ကျွန်တော်ခံစားရသည်တို့ကား အထူးပြောရန် မလိုတော့ပါပြီ။

လှည်းပေါ်တွင် မငြိမ်းသာအစား ကျွန်တော့်စာအုပ်သေတ္တာတစ်လုံးသာ



အပိုပါလာသည်။ ကိုကြီးလှမောင်သည် လွဲချော်သွားရသော သူ့အစီအစဉ် များအတွက် စိတ်မကောင်းဖြစ်နေမည်ထင်သည်။ နွားများကိုသာ တွင်တွင် ရိုက်နှက်၍ မောင်းနေသည်။ ကျွန်တော့်ကိုလည်း ဘာတစ်ခွန်းမှ မပြောတော့၊ ပြောရန်လည်း လိုတော့မည်မထင်ပါ။ ကျွန်တော်နှင့် မငြိမ်းသာသည် ဝေး သည်ထက် ဝေးရာနေရာများသို့ ဦးတည်လျှောက်လှမ်းနေကြသည် ထင်ပါ သည်။

အမှန်မူ ကျွန်တော်တို့လှည်း ကျည်းပင်ယာလမ်းခွဲ လွန်ကတည်းက ကျွန်တော်နှင့် မငြိမ်းသာတို့ လမ်းခွဲခဲ့ကြပြီဟု မှတ်ယူလိုက်ပါသည်။

မှုန်းတည့်နေသည် ပူသည်၊ အညာမှုန်းတည့်နေသည် ပို၍ပူသည်၊ ထို့ ထက် ကျွန်တော့်ရင်ထဲမှအပူသည် ပို၍ပို၍ပူသည် ထင်သည်။ ရှားမီးကျီးခဲ များကို မျိုထားရသလိုဖြစ်နေသည်။ နေပူ၊ လေပူ၊ ရင်အပူတို့ တွေ့ဆုံ ပေါင်း ဆည်းကာ အေးမြသော မွေးရပ်ကို ခွာခဲ့သည်။

ပြာစင်ကြည်လှဲသော မိုးကုပ်စက်ဝိုင်းအောက်တွင် မှိုင်းမှိုင်းညို့ညို့ အုပ် အုပ် ဆိုင်းဆိုင်း ရှိနေသည့် အမိမြေသည် ဟိုးအဝေးမှာ မှုန်ပျပျကျန်ရစ်ခဲ့ သည်။ ဝေးပြီ။

* * *

သည့်နောက်တော့ ရန်ကုန်။

ရန်ကုန်ကို ကျွန်တော် အပြီးတိုင် ရွေ့လာခဲ့သည်။

ရန်ကုန်တွင် ခြယ်သထားသော အလှများစွာကို တွေ့ခဲ့ရ၏။ မိတ်ကပ် အလှ၊ ဆေးဆိုးပန်းရိုက်အလှ။

ပကာတိဖြူစင်သန့်ရှင်းလှပါသည်ဆိုသော တောသူ ရိုးရိုးအအ မငြိမ်းသာ ၏ မိန်းမတည်းဟူသော ပင်ကိုစရိုက်ကြောင့် ဖောက်လှဲဖောက်ပြန်နိုင်လွန်း လှသည့် ရန်ကုန်ဆေးဆိုးပန်းရိုက်မ တို့ကို ကျွန်တော်ဘယ်လိုမှ မယုံနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် ကျွန်တော့်ဆုံးဖြတ်ချက်တစ်ခုသာ ရှိတော့၏။ 'မိန်းမ တွေကို မသနားနဲ့'။

တောသား ကျွန်တော် ယောင်လည်လည်သည် မှောင်မိုက်လောကကို တိုး ဝင် ဝင်ဆံ့ခဲ့ရ၏။

လက်ပတ်နာရီအကောင်းစား တစ်တိုနီနှင့်၊ လည်ပင်း၌ ရွှေဆွဲကြိုးနှင့် လက်သူကြွယ်၌ အမေပေးထားရစ်ခဲ့သော စိန်ပွင့်ကလေးများ ရံသည့် လက်စွပ်နှင့်။ တောသူဌေးသားဂိုက် အပြည့်အဝရှိသော ကျွန်တော့်ကို မမ သည် မိအောင် ဖမ်းလေသတည်း။

မမမိကို ရန်ကုန် – မန္တလေး ရထားလမ်းပေါ်၌ တွေ့ဆုံရပါသည်။ အမြန် ရထားလက်မှတ် မရသဖြင့် စာပို့ရထားနှင့် လိုက်ခဲ့သည်။ ထိုင်ခုံနံပါတ် အောင် ကြိုးစားရသည်။

ကုလားဒိန်လူငယ်တစ်ယောက်က ကျွန်တော့်ပုံပန်းသဏ္ဌာန်ကို ကြည့် ၍ ချဉ်းကပ်သည်။

'အစ်ကိုက... ခုံနံပါတ်ရအောင် ကျွန်တော် ယူပေးမယ်'

'အေး... အေး၊ မင်းကို ဘယ်လောက်ပေးရမလဲ'

'ငါးကျပ်တည်းပါ အစ်ကို'

သို့နှင့် ကျွန်တော် ခုံနံပါတ် ရခဲ့သည်။ ဆိုလိုသည်မှာ ထိုင်စရာတစ်နေရာ ရခဲ့ခြင်းဖြစ်ပါသည်။ ရထားထွက်ခါနီး၌ ကျွန်တော့်ဘေးသို့ အမျိုးသမီး တစ်ယောက် ရောက်လာပါသည်။ သူသည်ပင် မမမိဖြစ်ပါ၏။ အသက် သုံးဆယ်ကျော် လေးဆယ်တွင်းဖြစ်သည်။ အိတွဲသောအလှကို ပိုင်ဆိုင် သည်။ သူ့မျက်နှာ၌ သနပ်ခါးစများ တွေ့ရသည်။ နားထင်စပ်နှင့် နဖူး တွင် ချွေးကြောင့် သနပ်ခါးများ ပျက်နေသည်။ နှုတ်ခမ်းတွင် နှုတ်ခမ်း ဆိုးဆေး မပြယ့်တပြယ် ရှိ၏။ ကျွန်တော့်အရွယ် လူငယ်တစ်ယောက် ကို လိုက်ပို့သည်။

သူ၏ ပလတ်စတစ်ခြင်းတောင်း၊ သားရေအိတ်၊ လက်ဆွဲကြိမ်ခြင်း စသည့် စ္စည်းများကို ပြတင်းမှတစ်ဆင့် ယူနေသည်။ ရထားခေါင်မိုးနားရှိပစ္စည်း တင်သော သံဆန်ခါတန်းပေါ်သို့ သူ့အိတ်များကို ဆွဲ၍တင်သောအခါ သူ ၏ ခါးသားဝင်းလက်ညိုပြာသည် ကျွန်တော့်မျက်စိနှင့် တစ်ထွာပင် ကွာမည် ဟုတ်။ ထိုကတည်းက ကျွန်တော့်စိတ် လှုပ်ရှားရလေသတည်း။

'ဟဲ့... ခင်မောင်သန်း၊ သေတ္တာတန်းက ကိုသိန်းတန်ကြီးကို သွားပြော နော်၊ ကျွန်တော့်ငွေ လကုန်နောက်ဆုံးထား ပေးပါလို့၊ ပြီးတော့ကိုတင့်ဆွေ ကိုသန်းမောင်ကိုလဲ ပြောလိုက်၊ ငါ လကုန်အရောက်လာခဲ့မယ်လို့'

မမမိသည် သူ့ကိုလိုက်ပို့သူအား မှာကြားနေ၏။ အနီးအနားဘယ်သူ့မှ ရုစိုက်ဟန်မတူ။ မှာစရာကြားစရာများ ပြီးတော့မှ သူ့နေရာ ကျွန်တော့် ား၌ ထိုင်ချလိုက်သည်။

ရထား စတင်ရွေ့လျားပေပြီ။

မမမိသည် လက်ပွေ့အိတ်ထဲမှ စီးကရက်ဘူး ထုတ်၍ တစ်လိပ်ကို ဆွဲ မီးညှိ၏။

ခုမှ ကျွန်တော်သတိရသည်။ ကျွန်တော်လမ်းတွင် သောက်ရန် ဆေးလိပ် ယ်မိခဲ့။

မမမိသည် ဆေးလိပ်ရှိုက်ရင်း စဉ်းစားနေဟန်ရှိ၏။ သူ့ထံမှ ဆေးလိပ် သည် ကျွန်တော့်နှာဝကို လာ၍မွှန်၏။ ဆေးလိပ်သောက်ချင်သဖြင့် သူ့ ဆေးလိပ်ကို အာရုံထားရာမှတစ်ဆင့် သူ့ကို ဂရုစိုက်မိတော့သည်။

သူမ ငယ်ငယ်က တော်တော်လှပေမည်။ ယခုထိ အလှက မပျောက် သေး။

နှုတ်တရက်ကြည့်လျှင် မသိသာသော်လည်း ဂရုတစိုက်ကြည့်ပါမှ မျက် အောက် မျက်ရစ်၌ အရေတွန့်စပြုလေပြီ။ ဆံစအချို့က အညိုရောင် သပြီ။ မကြာမီ ဖြူပေရော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မမမိ လှပါ၏။ မျက်ခုံးထူ၏။ မျက်ဝန်းလဲ့၏။ ပါးပြင်သည် နမ်းချင့်စဖွယ်။

ရထားသည် အမှောင်ထဲသို့ တိုးဝင်နေ၏။

မှောင်လာပေပြီ။ ကျွန်တော့်ဘေးက မမမိသည် ကျွန်တော့်၏ပခုံး၌ မှီ လာ၏။

နေ့လယ်က ထွက်ခဲ့သော ရထားပေါ်၌ ကျွန်တော်နှင့် မမမိ နှစ်ယောက် ယှဉ်၍ထိုင်ခဲ့ကြကြောင်း ဖော်ပြခဲ့ပါပြီ။ သို့ရာတွင် မမမိနှင့် ကျွန်တော်တို့ နှစ်ယောက်၏ စတင် ရင်းနှီးမှုကို မဖော်ပြရသေးပါ။

မမမိက အာသာငမ်းငမ်းတက်နေသော ကျွန်တော့်ကို ဆေးလိပ် တည် ပါသည်။

'မောင်လေး ... ဆေးလိပ်သောက်ချင် သောက်လေ'

ကျွန်တော် ဟန်မဆောင်နိုင်တော့ပါ။

ဆေးလိပ်တစ်လိပ် ယူ၍သောက်မိ၏။

မမမိ ကျွန်တော့်ကို မိလေပြီ။

'ငါ့မောင်က ဆေးလိပ်ကြိုက်တတ်တယ် ထင်တယ်'

'ကြိုက်တယ်တော့ မဟုတ်ပါဘူး၊ အစ်မ ဆေးလိပ်သောက်နေတော့ သောက်ချင်လာတယ်၊ ဆေးလိပ်လဲ ဝယ်မလာမိဘူး'

'ရပါတယ်ကွယ်၊ ယူသောက်ပေါ့'

'ရှေ့ဘူတာကျရင် ကျွန်တော် ဆင်းဝယ်လိုက်ပါ့မယ်'

'မဝယ်ပါနဲ့တော့ကွယ်၊ မမမှာ အပိုပါလာပါသေးတယ်'

သည်လိုနှင့် ကျွန်တော်သည် မမမိအား ရေပူရေချမ်း ကမ်းလှမ်းရင်း လိုက်ပါလာခဲ့သည်။

အမှောင်တွင်းသို့ ရထားခုတ်ဝင်လေသောအခါ ရထားမီးက မှိတ်တုတ် မှိတ်တုတ်နှင့် လင်းလာ၏။ အရောင်မှာ မှိုးတဝါးမြင်သာရုံသာ။



ညစာ ထမင်းစားပြီးသောအခါ ဗိုက်အနည်းငယ် လေးလာ၏။ ရထား ...ရုံကို မှီ၍ မှိန်းလိုက်မိသည်။

မမမိလည်း အနည်းငယ်ငိုက်မျဉ်းလာဟန်ရှိသည်။ ကျွန်တော်သည် မျက်စိမှိတ်၍ မှိန်းနေသော်လည်း အိပ်မပျော်ပါ။ မမမိသည် ငိုက်နေရင်းမှ ကျွန်တော့်လက်မောင်းသို့ ခေါင်းမှီလာလေ၏။ မမမိထံမှ ချွေးနံ့ ရေမွှေးနံ့ တို့ ရောထွေးလျက် ကျွန်တော့်နှာဝသို့ လာကလိ၏။ အဘယ့်ကြောင့်ရယ် ...ယ်၊ မမမိ၏ ချွေးနံ့သည်ပင် တပ်မက်စိတ်ကို နှိုးဆွသည်ဟု ထင်ရ၏။

ညဉ့်သည် မှောင်သည်ထက် မှောင်လာသည်။ ဆောင်းလေသည် ရထား ပြတင်းတံခါးကြားမှ စိမ့်၍ဝင်လာသည်။ ချမ်းသည်ထက် အေးလာ၏။ မမမိ ...သည် ဆွယ်တာအနက်ကလေးထုတ်၍ ထွေး၏။ သူ့ကိုယ်နှင့် ကျွန်တော့် ကိုယ်တို့သည် ပို၍ပို၍ ပူးကပ်မိကြ၏။

* * *

ရန်ကုန်ဘူတာကြီးမှာ ဆင်းသောအခါ မမမိ ခေါ်ဆောင်ရာသို့ ကျွန် ...တော် ပါလာခဲ့လေသည်။

တည်းခိုခန်းတစ်ခု။

'တစ်ညလုံး အိပ်ရေးပျက်လာတယ်ကွယ်၊ ဒီမှာ နားရင်း တစ်ရေး တစ် ...မှာ အိပ်ကြတာပေါ့'

ထိုနေ့ကစ၍ ကျွန်တော်သည် မမမိ၏ ရင်ခွင်ထဲသို့ ရောက်ခဲ့လေ ...တော့သည်။

မမမိသည် အစပထမ၌ ကျွန်တော့်ကို အပျင်းဖြေရန်မျှသာ သဘောထား ...ခဲ့ဟု၏။ ထို့အပြင် ကျွန်တော့်ပစ္စည်းလေးများကို ထုခွဲပစ်ချင်ဟန်လည်း ...သည်။ နောက်ပိုင်းတွင်မူ မမမိသည် ကျွန်တော့်အား သံယောဇဉ်ဖြစ်လာ ...၏။ သို့နှင့် ကျွန်တော်သည် မမမိ၏ လုပ်ငန်းထဲသို့ ရောက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်၊ ရန်ကုန်၊ မန္တလေး စသဖြင့် ကူးချည်သန်းချည် လုပ်ခဲ့၏။ ကျွန်တော်လည်း တဖြည်းဖြည်း လုပ်ငန်းကျွမ်းကျင်လာသည်။ တောသား တက္ကသိုလ်ကျောင်းသားဘဝမှသည် မှောင်ခိုကုန်သည်လေးတစ်ယောက် ဖြစ်လာရ၏။

မမမိသည် မကြာမီပင် ကျွန်တော့်ထက် ရုပ်ရည်သားနားသော လူငယ်တစ်ယောက်နှင့် လက်မထပ်ဘဲ ယူလိုက်လေသည်။ သည်တော့ မမမိက ကျွန်တော့်ကို ငွေနှစ်ထောင် ထုတ်ပေးခဲ့သည်။ ကိုယ့်ဘာသာ ရင်းနှီး စားသောက်ရန် ဖြစ်လေသတည်း။

ရယ်လည်း ရယ်ချင်သည်။

ရင်လည်း နာသည်။

သေသေချာချာ စဉ်းစားမိတော့မှ ကျွန်တော့်အား မမမိက လျော်ကြေးပေးလိုက်ခြင်းဖြစ်မှန်း သိလိုက်လေတော့၏။

ထိုအခါမှစ၍ ရန်ကုန်ဘူတာကြီး ပလက်ဖောင်းများသည် ကျွန်တော့်အိပ်ရာ။

မှတ်ပုံတင် နှစ်ခု သုံးခု ငှားပြီး လက်မှတ်အဆောင်ဆောင် ဝယ်၍ပြန်ရောင်းသင့်လျှင် ပြန်ရောင်း၊ ကိုယ်တိုင်သွားသင့်လျှင် သွားနှင့် မော်လမြိုင်–ရန်ကုန် အစုန်အဆန် ကျွန်တော့်ခရီး။

တက္ကသိုလ်မှ ဘွဲ့ယူပြီးသည့်တိုင်အထိပင် ကျွန်တော်မစောင့်ခဲ့။

ကျွန်တော့်တောသားဘဝ ကျွန်တော့်စာရိတ္တတို့ကို ခွာချခဲ့ပြီး ငွေလောကကို တိုးဝင်ခဲ့မိသည်။

ကျောင်းက သူငယ်ချင်းများကို အတန်းခေါ်ချိန်၌ ကျွန်တော့်ကိုယ်စား 'ထူး'စေပြီး စီးပွားရေးလုပ်ငန်း စ ခဲ့၏။

ကျွန်တော့်ယုံကြည်ချက်တွင် ငွေနှင့် အဆောင်အယောင်တို့ လွှမ်းမိုး



ပြီတကား။ ဆောက်တည်ရာမရဖြစ်ချိန်၌ ဇွတ်တရွတ်ဖြစ်တတ်သည့် မမှာ အတိုင်းပေလား။ 'အေး' နှင့် ရင်းနှီးပြီးမှ ကျွန်တော့်ဘဝလမ်းကြောင်း ပြောင်းဖို့ ဖြစ်လာရတော့သည်။

ရန်ကုန် – မော်လမြိုင် ခရီးစဉ်တစ်ခုတွင် 'အေး' ကို စတင်တွေ့ဆုံရ၏။

'အေး' သည် ကျွန်တော်နှင့် ဆားချင်းယှဉ်လျက်နေရာတွင် ကျ၏။ မှောင်ခိုကုန်ကူးသည့် မိန်းကလေးတစ်ယောက်ဟုသာ သိသည်။

အေး၌ အဖော်မပါ။ သို့ရာတွင် သူသည် လည်လည်ဝယ်ဝယ်တော့မဟုတ်ကြောင်း သိသာနေပြန်သည်။ မျက်နှာသည် ရိုးသားသောသဘော ဆောင်သည်။

ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော အဝတ်အစားသည် အဖိုးတန်သော်လည်း သပ်ရပ်၊ ငှားဝတ်လာသည် ထင်ပါ၏။ ဗါတိတ် အထက်အောက် ဆင်တူ တစ်စုံ၊ အင်္ကျီသည် သူနှင့် မတော်၊ အနည်းငယ် ပွ၏။

ကျွန်တော် ပွပြီဟု သိလိုက်သည်။

'ညီမက ဘယ်လဲ'

သူ စကားမပြန်၊ မကြားချင်ဟန် ဆောင်၏။

'ရန်ကုန်ပဲ ထင်တယ်'

သူ တစ်ဖက်သို့သာ ကြည့်နေ၏။ ကျွန်တော့်ဘက် မကြည့်ဖြစ်အောင် ဘိစီအာရုံကို ထိန်းထားရသည် ထင်၏။

မခက်လှပါ။ ကျွန်တော် သူနှင့်ရင်းနှီးဖို့ အကြံထုတ်ရသည်။

သူ့ပစ္စည်းများကို လိုက်ကြည့်မိသည်။ ကံအားလျော်စွာ သူ့လက်ဆွဲအိတ်နှင့် ကျွန်တော့်လက်ဆွဲအိတ်သည် ဆင်တူ။ သူ့အိတ်က အနည်းငယ် ဟောင်းသည်။ ကိစ္စမရှိ။

သူ အပေါ့အပါးထွက်ချိန်တွင် ကျွန်တော် မယောင်မလည်နှင့် လက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



အိတ် နေရာချင်းလဲထားလိုက်သည်။ ကျွန်တော့်အိတ်ထဲတွင် အဝတ်အစား နှစ်စုံမှလွဲ၍ ဘာမျှမပါ၊ ငွေကို ထုတ်ယူထားပြီး အိတ်ထဲတွင် ကျွန်တော် တည်းခိုမည့်လိပ်စာ ရေးထည့်လိုက်သည်။

လမ်းတစ်လျှောက်လုံးတွင် ခပ်တည်တည်နေခဲ့သည်။ သူသည်လည်း ကျွန်တော့်ကို လှည့်၍ပင် မကြည့်။

ရန်ကုန် တည်းခိုအိမ်၌ သူ့ကိုကြာကြာမစောင့်လိုက်ရပါ၊ ရထားဆိုက် ပြီး နာရီပိုင်းအတွင်းတွင်ပင် သူ ကျွန်တော့်ဆီ ရောက်လာ၏။ ကျွန်တော် တကယ်ပင် ပွခဲ့ပါ၏။ သို့ရာတွင်...

ကျွန်တော် 'အေး' ကို လက်ထပ်လိုက်ပါသည်။ ရန်ကုန်မြို့လယ် လမ်းများပေါ်မှ ကျွန်တော် ဆေးဆိုးပန်းရိုက်မိန်းကလေးများဟု ခေါ်သော မိန်းကလေးမျိုး မဟုတ်ရှာခဲ့ပါ။

ကျွန်တော့်လိုပင် တောက တက်လာ၍ သူ့ဖခင်က ဆိုက်ကားနင်း၊ မိခင် ဈေးရောင်း၊ မိသားစုစားဝတ်နေရေး အဆင်မပြေသဖြင့် တစ်ခေါက်ဆိုမှ တစ်ခေါက်တည်းသော မှောင်ခိုကုန်ကူးမိသူ ဖြစ်၏။အရင်းအနှီးအတွက် ရွှေတိုငွေစ ရှိသမျှ ပေါင်နှံခဲ့ရ၏။

ကျွန်တော် ယူလာသည့် သူ့အိတ်ထဲတွင် သူ့ဘဝတစ်ခုလုံး ရှိနေခဲ့လေသည်။ သူသည် ကျွန်တော့်ထံမှ အိတ်ကို မျက်ရည်စက်လက်နှင့် ပြန်တောင်းရှာသည်။

ပထမ ကျွန်တော် မယုံ။ မျက်ရည်ခံထိုး၍ ကျွန်တော့်ကို လာပတ်သည် ထင်သဖြင့် ကျွန်တော့်ထံတွင် သူ့အိတ် မရှိကြောင်း ပြော၏။ ကျွန်တော် အိတ် ရထားပေါ်တွင် မေ့ကျန်ခဲ့ကြောင်း ပြော၏။

သူသည် အားကိုးလွန်းသော မျက်နှာဖြင့် ကျွန်တော့်ကို စိုက်ကြည့်သည်။

'သနားပါ အစ်ကိုရယ်...ကျွန်မ မညာပါဘူး၊ မယုံရင် အိမ်လိုက်ကြည့် လှည့်ပါ' ကျွန်တော် သူ့အိမ်သို့ လိုက်သွားဖြစ်သည်။



မြောက်ဥက္ကလာပ၏ တစ်ခုသော ရွှံ့ညွန်ဗွက်တောထဲမှ တဲကုပ်ကလေး။

'ဆင်းရဲလို့ လုပ်မိတာပါ အစ်ကို၊ အေးတို့မှာ လျော်စရာလဲ မရှိပါဘူး၊ အဲဒီ ငွေတွေကို အထည်ရောင်းတဲ့ အဒေါ်ကြီးတစ်ယောက်ဆီက ယူရတာပါ၊ ကျွန်မ အမေတို့ အဖေတို့ တစ်သက်လုံးစုထားတဲ့ ရွှေတိုငွေစကလေးတွေနဲ့ အိမ်ကို အပေါင်ထားပြီး သူ့ဆီက ယူရတာပါ၊ အဲဒီပစ္စည်းမှ ပြန်မဆပ်နိုင်ရင် ကျွန်မတို့ ကျွန်မတို့...'

သူ ငိုလေတော့၏။

ကျွန်တော်သည် မှောင်ခိုကုန်ကူးသော လောကကို စက်ဆုပ်မိလေသည်။ အဘယ်ကြောင့်ဆိုသော် အပြန်လမ်း၌ အေးသည် သူ့ကိုယ်ကို ကျွန်တော့်အား ပုံအပ်ခဲ့လေသောကြောင့်တည်း။

'အစ်ကို...အဲဒီအိတ်ကလေးသာ ပြန်ပေးပါ၊ ကျွန်မကို အစ်ကို့သဘော'

သူ စကားဆက်မပြောနိုင်တော့။ အသံသည် တိမ်ဝင်သွားခဲ့၏။ အံကို ကြိတ်ထား၏။ မျက်ရည်သည် မငိုဘဲလျက် ဝဲနေ၏။ သူ့လက်ကလေးကို ကျွန်တော် ဆုပ်နယ်၍ အားပေးမိသည်။

'ပြန်ရပါစေ့မယ် အေးရယ်'

သည့်နောက် ကျွန်တော့် အေးနှင့် လက်ထပ်လိုက်၏။

'လမ်းပေါ်မှာလေ' နေရသော ဘဝကို စွန့်လွှတ်လိုက်သည်။

မြို့နီစီပယ်တွင် အလုပ်ဝင်လုပ်၏။ ပထမ လုပ်အားပေး၊ ၎င်းနောက် အစား။

အေး ဈေးရောင်းသည်၊ ပျံကျ။

ကျွန်တော်တို့ မချောင်လည်သော်လည်း အငတ်ငတ် အပြတ်ပြတ်တော့ မဟုတ်ပါ။

မြို့၏ လမ်းများပေါ်တွင် နှစ်အတန်ကြာ အချိန်ဖြုန်းပြီးသော ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တွင် အယူအဆ တစ်မျိုး ရလာသည်။ မြို့သည် ရွှန်းလက်၏၊ ဝေဆာ၏၊ တောက်ပြောင်၏။ သို့သော် မရိုးသား၊ ရိုးသားစွာ ရန်းကန်လိုသော ကျွန် တော်ထို့နှင့် မကိုက်။ ကောက်ကျစ်စဉ်းလဲနိုင်ပါမှ တန်ကာကျသည်။

တောကိုပြန်မည်။ ကျွန်တော်ချစ်သော တောတွင် အခြေပြန်စိုက်မည်။

ကျွန်တော့်ရွာသည် ကျွန်တော့်ကို ရန်ကုန်ကဲ့သို့ စိမ်းကားမည်မဟုတ်။ အေးလည်း သဘောတူသည်။ သူလည်း တောသူမဟုတ်ပါလား။

တောသို့ပြန်၍ ခြံစိုက်ရန် အစီအစဉ်လုပ်ရသည်။

တောကိုပြန်လည်တမ်းတမိသောအခါ ကျွန်တော်လမ်းပေါ်မှာ 'လေ' နေခဲ့သောအချိန်များဆီသို့ စိတ်ရောက်သွားပြန်သည်။

နောင်တ တရားနှင့်အတူ မငြိမ်းသာကို သတိရမိ၏။

သူသည် လက်ထပ်ရတော့မည့်ဆဲဆဲတွင် ကျွန်တော့်ထံ အကြောင်းကြား ခဲ့ရှာသေးသည်။

သို့ရာတွင် ထိုအချိန်၌ ကျွန်တော် လက်ထပ်ပြီးလေပြီ။

တစ်ချိန်က ကျွန်တော်နှင့် အချိန်းအချက်ပြုလုပ်သည့်ညဉ့်ပင် မငြိမ်းသာ ကို သူ့မိဘများက တစ်နယ်တစ်ကျေးသို့ ပို့လိုက်သည်။ ထို့ကြောင့် နော တစ်နေ့နံနက် ကျွန်တော့်ထံ ရောက်မလာခဲ့ခြင်းဖြစ်ပါတော့သည်။ ကျွ တော် စိတ်အနာကြီး နာသွားကြောင်း သူသိသည်။ သူသည် မိဘများ စီ သည်ကို အတန်တန်ငြင်းပြီး မရသည့်အဆုံး ဆေးသောက်၍ ကိုယ့်ကိုယ် သေကြောင်းကြံသည်အထိ ဖြစ်ခဲ့၏။ ထိုကိစ္စများကို ကျွန်တော်သ အချိန်လွန်မှ သိရသည်။

မငြိမ်းသာက သူ့ကို လာခေါ်ပါဟု အကြောင်းကြားသောအချိန်တွ ကျွန်တော် 'အေး' ကို လက်ထပ်ပြီးပြီမို့ ဘာအကြောင်းမှ မပြန်ဖြစ်ခဲ့တော ထို့နောက် မငြိမ်းသာ အဆိပ်သောက်ကြောင်း ကြားရသဖြင့် ကျွန်တော



ကြီးစွာသော တုန်လှုပ်မှု ဖြစ်ခဲ့ရပါသေး၏။ အပြစ်မကင်းလည်း ခံစားရမိပါ သေး၏။ သို့သော် လွန်ခဲ့ပြီ။

မတတ်နိုင်တော့သည့်အဆုံး အားလုံးကို ကျွန်တော်မေ့ထားလိုက်ရတော့ သည်။ ယခု ရွာသို့ပြန်၍ အခြေချရန် စိတ်ကူးဖြစ်သောအခါ အတိတ်သည် တရေးရေးပေါ်လာပြန်၏။ သို့သော် ကျွန်တော် ရွာကို ပြန်ဖြစ်အောင် ပြန် ရမည်။

* * *

ယခု ဝေးခဲ့သော မြေနှင့် နီးရပြန်ဦးတော့မည်။

ကျွန်တော်တို့သည် ကြေးမုံရွာမှ ကြုံသော လှည်းတစ်စီးဖြင့် လိုက်ပါလာ ကြသည်။ သားကြီးနှင့် သမီးသည် ပျော်နေကြသည်။ အေးသည် ခရီးပန်း လာသဖြင့် ကျွန်တော့်ပခုံးပေါ်မှီ၍ငိုက်ရင်း ပါလာသည်။

သစ်ပင်ဝါးပင်များသည် ယခင်ကလိုပင် စိမ်းလန်းစိုပြည်နေဆဲ ဖြစ် သည်။ မန်ကျည်းပင်ပုကို လွန်သော် သုသာန်တစပြင်ကို လှမ်း၍မြင်ရသည်။ ကျွန်တော်သည် အဖေနှင့်အမေကို ရည်စူးအာရုံပြု၍ လက်အုပ်ချီကန်တော့ ရာ သားကြီးနှင့် သမီးပါ လိုက်ကန်တော့ကြသည်။

အေးသည်လည်း ငိုက်မျေးနေရာမှ နိုးလာကာ ကျွန်တော်တို့နည်းတူ ကန်တော့သည်။ လမ်းဆုံသို့ ရောက်သော် ကျည်းပင်ယာဘက်သို့ အာရုံပြု သည်။ ကျည်းပင်ကြီးသည် အုံ့ဆိုင်းညို့မှိုင်းစွာ ထီးထီးမားမားရပ်တည် နေဆဲဖြစ်သည်။ ကျည်းပင်အခြေမှ ကတွတ်ပေါက်သည်လည်း ရှိနေဦးမည်။ ကတွတ်ပေါက်နားတွင် ဖျိုင်းတစ်ကောင်ရှိနေသည်ကို အဝေးကပင် မြင်နိုင် သည်။ မငြိမ်းသာတစ်ယောက်မှု မရှိတော့ပြီ။

ခွန်းနံချုံကို လွန်သော် ကန်သင်းရိုးပေါ်တွင် ပုတတ်ကလေးတစ်ကောင် ...င်းထောင်ကြည့်နေသည်။ ထိုပုတတ်ကလေးသည် အမြီးပြတ်မနေပါ။

www.burmeseclassic.com



ပေါက်ချောင်းမှလာသော ရေမြောင်းကလေးသည် ဟိုတုန်းကလိုပင် မယ်ဇယ် ပင် တောထဲမှ ဖြတ်၍စီးဆင်းလာသည်။ ဤအကြိမ်တွင် မြောင်းရေတို့သည် ကြည်လင်လျက်ရှိကြသည်။ မယ်ဇယ်ပင်တောစပ်မှ မီးကျွမ်းသစ်ငုတ်တို မရှိတော့ပြီ။ သို့သော် မယ်ဇယ်တောသည် ကျေးငှက်သာရကာတို့၏ ကွန်း ရာ မိခင်ဌာနေ ဖြစ်မြဲဖြစ်ဆဲ ဖြစ်သည်။

မှန်ပါသည်။ ကျွန်တော့်ရွာသည်လည်း ကျွန်တော့်မိခင်ဌာနေ ဖြစ်မြဲ ဖြစ် ဆဲ ဖြစ်ပါသည်။ ရွာတံခါးသို့ ဝင်လိုက်သည်ကိုပင် သတိမထားမိတော့ အိမ်ကြီးရခိုင်များဖြင့် တိုးတက်ပြောင်းလဲနေသော ရွာကို ဝမ်းသာအံ့သြစွာ တွေ့လိုက်ရသည်။

ကျွန်တော်ဝမ်းနည်းမိသည်မှာ မိခင်မြေကို ပေယျာလကန် စွန့်ပစ် လျစ်လျူ ရှုထားခဲ့သည်။ တာဝန်မကျေပွန်ခဲ့။ သို့သော်လည်း မိခင်မြေသည် ကျွန်တော် ကို ထာဝရကြိုဆိုလက်ခံနေမည်ဖြစ်သည်။ သားကြီးနှင့် သမီးသည် အိပ်မော ပင် ကျလျက်ရှိကြသည်။ အေးကမူ အထုပ်အပိုးများ စုစည်းနေသည်။

ကျွန်တော်တို့လှည်းနှင့် ဝါးတစ်ရိုက်လောက်တွင် လူကြီးတစ်ယောက် လာနေသည်။ သူ့မျက်နှာတွင် ဝမ်းသာတက်ကြွနေသော အရိပ်အယောင် များ တွေ့လိုက်ရသည်။

သူသည် ကျွန်တော့်ကိုကြီးလှမောင် ဖြစ်ပါသည်။

သူ့နောက်နားတွင် မှတ်မိသောမျက်နှာတစ်ခုကို တွေ့မိသည်။ ဟုတ် ပါ၏၊ မငြိမ်းသာ။

မငြိမ်းသာ မသေပါ။ ရီဝေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကို ကြည့် နေသည်။

လှည်းရပ်လိုက်သောအခါ အနားသို့ ကပ်လာသည်။

'မငြိမ်းသာ'



'အစ်ကိုမောင်'

'မသေဘူးနော်'

ကျွန်တော် စိတ်လွတ်ကိုယ်လွတ်ပြောမိ၏။

'ဆေးရုံက ကုပေးလိုက်လို့ အစ်ကိုမောင်'

'အို' ကျွန်တော် ယောင်ယမ်း၍ညည်းမိသည်။ သမီးကို မငြိမ်းသာက လှမ်းချီ၍ လှည်းအောက်သို့ ဆင်းစေ၏။ အေးက ကျွန်တော့်ကို ကြည့်နေ သည်။

မငြိမ်းသာသည် ကျွန်တော့်သမီးကို နမ်းနေ၏။

မောင်ဝဏ္ဏ

ထို မောင်ဝဏ္ဏ၏ ဝတ္ထုကို ဖတ်ပြီးသည်နှင့် …

'အေး …သားရဲ့ဝတ္ထုကို ဖတ်ရတာ ဥပမာအားဖြင့် ဆရာဝန်အို တစ် ယောက်က ခေတ်လူငယ် ဆရာဝန်တစ်ယောက် ရေးတဲ့ ဆေးကျမ်း ဖတ်ရ သလိုပဲပေါ့ကွာ၊ စိတ်သဘောချင်း မတိုက်ဆိုင်တာလေးတွေ ပါနေတယ်။

'…အဲ ခေတ်ကလဲ ပြောင်းနေပြီကောလေ၊ ခုနပြောသလို ဆရာဝန်နဲ့ ဆေးကျမ်းဆိုတာက ကွဲပြားရင် နည်းနည်းပါးပါးပေါ့၊ သဘောအားဖြင့် ခေါင်းကိုက်တဲ့ရောဂါကို တချို့ဆရာဝန်က ဆေးပြားပေးမယ်၊ တချို့က တော့ ဝမ်းနုတ်ဆေးနဲ့ ကုမယ်၊ ပြီး တချို့ဆရာဝန်ကတော့ လူနာရဲ့အင်အား နဲ့ ဒီပြင် ဘာရောဂါ အခံရှိသလဲ လေ့လာမေးမြန်းပြီး အနှိပ်ခံခိုင်းမယ်၊ သံ ဆေးသီး ရှူခိုင်းမယ်၊ နားထင်ကို ဆေးပလတ်စတာ ကပ်ပေးမယ် စသဖြင့် အမှုံကုနည်းနဲ့ ဆေးပဲ ခြားနားမယ်၊ အဓိက သက်သာဖို့က ခေါင်းကိုက် ရောဂါ။

www.burmeseclassic.com



'...ဖေဖေတို့ကတော့ ကလောင်အို ဆိုပါစို့၊ စစ်ပြီးစ ခေတ်က စာရေး ဆရာ၊ အဲဒီခေတ်ရဲ့ အခြေအနေကို လိုက်ပြီး မြင်သလောက်ရေးခဲ့ကြတယ်၊ ခုခေတ်နဲ့ဆိုရင် သိပ်ကွာခြားသွားပြီပေါ့၊ နှစ်ပေါင်း ၃၀ ကျော်၊ ဟုတ်ကဲ့ လား၊ သာမန်ရိုးရိုးနဲ့ တအိအိပြောင်းလဲတာမျိုး မဟုတ်ဘူး၊ အရင်းရှင်ခေတ် ကနေပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို (တော်လှန်ရေးမှု) နဲ့ ပြောင်းလိုက် တဲ့အခါမှာ တော်လှန်ရေးဆိုတဲ့ ပင်ကိုသတ္တိကြွမှုဟာလဲ ဖျတ်လတ်တယ်၊ မြန်တယ်၊ ဒါနဲ့အမျှ ခေတ်ပြောင်းတော်လှန်ရေး ဖြစ်လာတယ်၊ လူတွေရော စိတ်ဓာတ်တွေရော အချစ် အိမ်ထောင်ရေးပါမကျန် တစ်ခု ပြောင်းလဲရင် အားလုံးလိုက်ပြီး ပြောင်းလဲသွားရတဲ့ ဓမ္မတာအတိုင်း...

'...ခု မောင်ဝဏ္ဏရေးတဲ့ 'လမ်းပေါ်မှာလေ' ဝတ္ထုဟာလဲ ခေတ်နဲ့အတူ ပြောင်းလဲနေတယ်၊ အရေးအသားကအစ ဖေဖေတို့ပုံစံနဲ့ မတူတော့ဘူး။

'...ဖေဖေတို့ခေတ်က ရေးခဲ့တာမျိုး 'ကျောင်းသားအရွယ် ငယ်စဉ်ကာလ က' ဆိုတဲ့နေရာမှာ မောင်ဝဏ္ဏက ငယ်တာဝဆိုပြီး အတိုချုံးရေးတာရယ်၊ နောင်း နောင်တ ဆိုတာရယ် အဓိပ္ပာယ်လိုရင်းလဲ မပျက်ဘူး၊ ကောင်းသော ပြောင်း လဲမှုတစ်ရပ်ပဲ'

*ဖျိုင်းလည်တံ ရှည်၏။ ကျွန်တော်လည်း လည်တံရှည်နေပြီဟု ထင်မိ သည်။...*

*မငြိမ်းသာ ဆန်ပြာနေသည့် ဆန်ကောထဲသို့ ပုတတ်တစ်ကောင် ဖ ထည့်လိုက်ရာ ဆန်ကောမှောက်ကျသွားသည်အထိ မငြိမ်းသာ ထိတ်လန့် သွားသည်။...*

'အဲသလို ရေးပြီး တစ်ခန်းဖြတ်၊ နောက်တစ်ခန်းပြန်အဆက်မှာ...

*ကျွန်တော် လန့်သွားသည်။*

'အဲဒီ လည်တံရှည်ပုံရေးသွားချက်ရယ်၊ အခန်းအကူးမှာ လန့်တာကို ပြန်ကောက်လိုက်တာဟာ အနုပညာရဲ့ အရသာပဲ'

*'ငါပြန်ချင်နေလို့'*

*'နင် ငါ့ကို ရက်စက်တာလောက် သနားစရာမကောင်းပါဘူး'*

'အဲဒီအရေးအသားကလေးတွေဟာလဲ စာရေးသူရဲ့အာဘော်မပါဘဲ ဇာတ်ကောင်တွေရဲ့ ခံစားချက်တွေနဲ့ ဖော်ပြသွားတာရယ်'

*'နင့်ကို ငါချစ်တယ်၊ ငါ ဒီလိုကြီး မနေချင်တော့ဘူး'*

'ဒါ...တောသူတောင်သားတို့ရဲ့ ပွင့်လင်းရိုးသားတဲ့အပြောမျိုး ပီသ တယ်၊ ဟို သုမောင်ရေးတဲ့ဝတ္ထုတွေ တစ်ခါတစ်ခါ သူ့ဇာတ်ကောင်နဲ့ (ပြော တဲ့စကား) နဲ့ ကွာဟ နေတတ်တာတွေ့ရတယ်၊ အဲဒါ သတိထား။

'...ဝတ္ထုရေးရာမှာ ရုပ်ရှင်ရုံရှေ့က မျှော်ရည်သည်ကောင်လေး၊ ချိုချဉ် ရောင်းတဲ့ ကောင်မလေး စသဖြင့် ပါလာရင် သူတို့စကားဟာ တက္ကသိုလ် ကျောင်းသူကျောင်းသားစကားမျိုး မဖြစ်သင့်ဘူးမဟုတ်လား'

*'ဟဲ့... နင့်ပုတတ်ကလဲ အမြီးပြတ်လို့ပါလား'*

*'ဟုတ်တယ်၊ ကျွန်တော် စိတ်ဆိုးတာနဲ့ ဖြတ်ပြီး မီးဖုတ်စားလိုက်တယ်'*

'ဒါလဲ ပညာပဲကွ၊ ငြိမ်းသာမရှိတော့ပေမယ့် ငြိမ်းသာကို စိတ်ဆိုးမပြေ သေးတာကို ထင်းခနဲပေါ်လာအောင် ဖော်လိုက်တာ အတော်မိတယ်ကွာ'

*'ကျွန်တော် သိချင်တာကလေး မေးချင်လို့'*

*'မင်း သိချင်တာ ငါမသိရင်ကော'*

'ဒီလိုပြန်မေးလိုက်တဲ့စကားလုံးဟာ သာမန်ဝတ္ထုရေးသလို ဆက်တိုက် ရေးသွားတာမျိုး မဟုတ်ဘဲ ကလောင်ကို ရပ်ပြီး စဉ်းစားပြီးမှ အတွေးအခေါ် ကလေးနဲ့ ယှဉ်ပြီး ပေါ်လာတဲ့ စကားလုံးမျိုးကွ၊ အဓိပ္ပာယ်ပါတယ်၊ ထူးခြား တယ်ပေါ့ကွာ။

'...အဲ... ငြိမ်းသာလက်ထပ်တော့မယ့်အကြောင်း ကိုကြီးလှမောင်က



www.burmeseclassic.com

ပြောပြပြီးတဲ့နောက်ပိုင်းမှာ ရှေးဟောင်းနှောင်းဖြစ်တွေ ရေးပြသွားပြီး ဒို
ခနဲ ငြိမ်းသာကို တွေ့၊ ပိုးစိုးပက်စက်ပြောတဲ့အခန်းကို ဖေဖေမကြိုက်ဘူး

'...(၁)ငြိမ်းသာ လက်ထပ်မယ့်သတင်း ကြားပြီးတာနဲ့ ရင်ထဲ ဗလော
ဆူပြီး ငြိမ်းသာနဲ့တွေ့ဖို့ ချိန်းတာ တစ်ကွက်လောက်ပြပြီးမှ ငြိမ်းသာကို
ရင်း နှောင်းဖြစ်တွေ တွေး၊ ငြိမ်းသာ ရောက်လာ၊ အတွေးတန့်ပြီး ပြော
တာ ပြော၊ ဒါပေမဲ့ ငမောင်ဟာ သက်သက်မဲ့ငြိမ်းသာကို ချိုးချိုးဖဲ့ဖဲ့ ပြောသ
ဖြစ်နေတယ်၊ ကိုကြီးလှမောင်က ပြောထားတယ်၊ လူကြီးချင်း စကားပြေ
ပြီးကြပြီ...တဲ့။

'...ဒါကို ငြိမ်းသာ သိချင်မှ သိမှာပေါ့၊ အေး...ငြိမ်းသာကို ရပ်လှ
လောက် သဘောပုပ်တယ်၊ မျက်နှာများတယ် ပြောချင်ရင် ကိုကြီးလှမော
စကားထဲမှာဖြစ်ဖြစ် 'ငြိမ်းသာလဲ သိပြီးပြီ နေမှာပေါ့၊ မင့်ကို မပြောပြဘူးလာ
ဆိုတာမျိုး စကားခံထားလိုက်ပေါ့ကွ၊ မင်း ဒီသဘောမျိုးပဲ ပန်းတွေနဲ့
ဇာတ်ကားမှာ တစ်ခါလုပ်ပြီးပြီ၊ ခင်ယုမေ...အောင်လွင်နဲ့ လက်ထပ်ရမ
ကိစ္စမှာ ညွှန့်ဝင်းဒေါကန်ပြီး ခင်ယုမေကို ပစ်ပစ်ခါခါ ပြောတာတွေ
မှတ်မိလား မောင်ဝဏ္ဏ။

'...အေး၊ အဲဒီဇာတ်ကားမှာ ညွှန့်ဝင်းက ခင်ယုမေကို ချစ်နေတာ၊
တွေ ခူးပေးတာ၊ လျှောက်လည်တာလောက်ပဲ ရှိတယ်၊ ခင်ယုမေက 'ချ
တယ်' လို့ မပြောသေးဘူး။ ဒီလို ချစ်ကတိမပေးသေးဘဲနဲ့ ညွှန့်ဝင်းက
အထောက်အထားနဲ့ ချစ်သူပုန် ထရတာလဲ၊ မနိုင်လုံဘူးကွ၊ သူ့ဟာသူ
တစ်ယောက် ယူယူ၊ ဆယ်ယောက်ယူယူ ဘာမှပြောပိုင်ခွင့်မရှိဘူး။

'...ဒီအတိုင်းပဲ ခု ငြိမ်းသာကို ငမောင်က 'နင့်ကိုငါချစ်တယ်၊ လက်
ကြရအောင်လား' ဆိုတဲ့သဘောပဲ ပြောရသေးတယ်၊ ငြိမ်းသာက ချစ်
ရယ်လို့ တိတိကျကျလက်မခံရသေးခင်မှာ၊ နောက် လူကြီးတွေ စီမံ



ငြိမ်းသာ ဘာမှမသိရသေးခင်မှာ ဖိကြိမ်းနေတာ မလိုလားအပ်ဘူး၊ အကြောင်း
ခိုင်လုံရမယ်၊ ခုနပြောသလို ကိုကြီးလှမောင်စကားနဲ့ ဖန်တီးလိုက်ရုံပဲပေါ့၊
အဲဒါ သတိထားကြကွာ'

'ပြန်ချင်နေလို့'

'ငြိမ်းသာ ရောက်လာပြီပဲ'

'ဒါပေမဲ့ ပြန်မယ်'

'ဒါလောက်တောင် ဖြစ်နေလိုက်တာ'

'ဒါလောက်တောင် ဘာလို့နောက်ကျရတာလဲ'

'ဘာလဲ ကျွဲမြီးတိုနေပြီလား'

'ပုတတ်မြီးတိုတာပါ'

'အဲဒီ စကားအချိတ်အဆက်ကလေးတွေလို မျှတပြီး တစ်မူထူးဆန်း
ဘာမျိုး ဖေဖေ ကြိုက်တယ်၊ ကိုကြီးလှမောင်ရဲ့ 'ဟင့်အင်း' လဲ ကောင်းတာ
လှတစ်ကိုယ် စိတ်တစ်မျိုးဆိုတာ ပေါ်လွင်တယ်၊ ငြိမ်းသာ စာရေးတော့
ဆီမဆိုင် စာအဆုံးမှာ ဖြုန်းခနဲ 'ဒီနှစ် စိန်မာဒင်ဇာတ် ကတယ်' လို့ စာကို
ဆုံးသတ်ပုံဟာ စာမရေးတတ် ရေးတတ်သဘော ဘွားခနဲ ပေါ်လာတယ်၊
ရေးသူက ငြိမ်းသာအတွေး၊ ငြိမ်းသာအရေးနဲ့မှို မိတယ်၊ သိပ်ကြိုက်တယ်
ဘူး။

'...ဒါပေမဲ့ ငြိမ်းသာကို ခိုးပြေးဖို့ အကြံမမြောက်ဘဲ ရန်ကုန်ရောက်၊
င်ခို မမ တွေနဲ့ တွေ့၊ 'အေး' နဲ့ တွေ့၊ မှောင်ခိုစီးပွားရေးလုပ်၊ ဒါတွေက
သူလိုငါလို ရေးသွားတာ တွေ့ရတယ်၊ ထူးခြားချက် မပါဘူး။

'...ထူးခြားချက်ဆိုတာက ဒီလိုလေ၊ ခုခေတ် မှောင်ခိုလုပ်ကြပုံ၊ အခက်
ဇာတ်တူသားချင်း ခေါင်းပုံဖြတ်ကြပုံ၊ သူတို့ချင်း ဆက်ဆံရေး၊ အရှောင်
ဆိမ်း၊ အလှည့်အပတ်၊ ရှောင်းပုံရှောင်းနည်း စသဖြင့် ဒါလေးတွေ ရေး

www.burmeseclassic.com



လာပြီး ထည့်ရေးသင့်တာပေါ့ကွာ၊ ခုတော့ သားဟာက ရိုးရိုးစင်းစင်း ဖြစ်နေတယ်၊ အေးနဲ့ တွေ့ပြီး အိတ်ချင်းလဲတာ မပိုင်ဘူး၊ တွေ့ပုံညားပုံ ပေါ့တယ်၊ ပြီးစလွယ်နိုင်တယ်။

'...ခု သားရိုက်ထားတဲ့ 'အတ္တမဆန်လိုသော အတ္တ' ဇာတ်ကားမှာ ဒီလိုပဲ၊ စစ်တောင်းစက္ကူစက်လို့ ဇာတန်းထိုးထားပြီး စက်ထဲက စက္ကူ ရှက် ထွက်လာတာကလေးမှ မတွေ့ရဘူး၊ အေး...ရိုက်ခွင့်မရလို့ဆိုလဲ စက္ကူ စက်အစား ဒီပြင်လုပ်ငန်းတစ်ခု ပြပေါ့။

'...ဒီမှာ မောင်ဝဏ္ဏ... အခု ပြောနေတာတွေဟာ အနုပညာအနေ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ချွတ်ယွင်းချက်တွေနော်၊ သားမှာ ဉာဉ်တစ်ခု တယ်၊ ဝုန်းဝုန်းနဲ့ ရှေ့ကို ဖိလုပ်သွားပြီး နောက်ကို ပြန်လှည့်မကြည့်တော ဘူး၊ ပြီး အစီအစဉ်မထားဘူး၊ ရုပ်ရှင်ရိုက်လဲ မင်း ဒီအတိုင်းပဲ၊ ကား ရိုက် ခါနီးမှ မှန်ဘီရီမရှိဘူးလား၊ စားပွဲပေါ် တင်တဲ့ တယ်လီဖုန်းနံပါတ်ရှာ 'ခလုတ်နှိပ် မှတ်စုစာအုပ်' တစ်ခု လိုချင်တယ်ဆိုတော့ ကားရိုက်မန်နေဂျ မောင်ရှုပ ပတ်ချာလည်ရော။

'...ခွေးတိရစ္ဆာန်လေး၊ ငါ အသင့်ဝယ် ဝယ်ထားဟတ်ပေလို့ပေါ့၊ မိုး ရင် ချက်ချင်း ဘယ်သွားရှာမလဲ၊ ခု ဝတ္ထုရေးရာမှာ အချိန်ရနေလျက်သား အစီအစဉ်မချဘူး၊ ပြန်မဖတ်ဘူး။

'...နောက်ဆုံး ဇာတ်သိမ်းတော့လဲ ဘာမှ ဆန်းသစ်မလာဘူး၊ ဆန်းသ ဆိုတာက မိန်းကလေးတွေ ဖက်ရှင်ဆန်းတာမျိုး ပြောတာမဟုတ်ဘူ အတွေးအခေါ် အပြောင်းအလဲ မရှိရုံမက မငြိမ်းသာက ငမောင်နဲ့ အေး ရဲ့ သမီးလေးကို နမ်းတာတော့ ဟုတ်ပြီ၊ သူ လင်ယူပြီးပြီလား၊ လက်မထ ဖြစ်ဘူးလား၊ ဒါတွေကို ဖော်မပြတာ ပိုဆိုးတယ်။

'...အေး...သူ ကိုရင်ဂျမ်းကို မယူချင်လို့ အဆိပ်သောက်တယ်၊ မော



း မ ရနေမှ လာခေါ်ပါလို့ စာရေးတယ်၊ ဒါလောက်ဆို လင်မယူရသေး ကြောင်း ပေါ်ပါတယ်လို့ မင်းပြောချင်ပြောမယ်၊ ပြောလို့တော့ ရတယ်။

'...ဒါပေမဲ့ ဒါဟာ တွေးယူမှ ပေါ်မယ့်ကိစ္စကွ၊ တွေးဆိုလဲ တော်တော် း စာဖတ်ဝါ ရင့်တဲ့ ပရိသတ်မှ မတွေးရဘဲနှင့်ဖြစ်ဖြစ်၊ တွေးပြီးမှပဲ ဖြစ် သဘောပေါက်ကြမယ်။

'...တချို့ ဒီလိုမတွေးချင်ကြဘူး၊ အဓိပ္ပာယ်ပေါက်အောင်လဲ ပြန်မဖတ် ကြဘူး၊ အဖျားရှူးပြီး ငြိမ်းသာက ဘာမှန်းလဲ မသိဘူး...ဆို စာအုပ်ပိတ် က်ရင် သူတို့လဲ ဖတ်ရတာ အရာမရောက်၊ စာရေးသူလဲ နာတယ်ကွ။

'ဝတ္ထုရေးရေး၊ ဆောင်းပါး ကဗျာ ဘာဖြစ်ဖြစ် လူတစ်သောင်းဖတ်ရင် သောင်းလုံး အဓိပ္ပာယ်ပေါက်မှ ကိုယ်ရေးချင် ပေးချင်တာ ပေးရကျိုး ရကျိုးနပ်တယ်၊ ဒါက ဖေဖေ့အယူအဆ။ ရေးကျတယ်ဆိုမလား၊ ခေတ် ဘူး ဆိုမလား။

**'ဆံထုံးတော်ကြီး၊ တမာသီးနှင့်၊ ခါးစည်းဝတ်လဲ၊ ချုပ်စပြကို၊ တဲအပ် တွယ်၊ မြင်မြင်သမျှ၊ စိတ်ပျက်အောင် လုပ်ပါတဲ့ မရေးသည်'**

'ဒီ ရေးစာပေဟာ ခုထိ ခေတ်မီနေသေးတယ်ကွ၊ ဟား...ဟား။

'...အဲ နက်နက်နဲနဲတွေးမှ ဆိုလိုရင်းပေါ်မယ့် စာမျိုး မရေးရဘူးလား ရေးပါ၊ တတ်နိုင်သလောက် ရေးပါ၊ ဒါပေမဲ့ မငြိမ်းသာတို့ ငမောင်တို့ ကြောင်းထက် ဇာတ်အိမ်ရော ဇာတ်ဆောင်တွေရဲ့ အရည်အသွေးရောမြင့် နက်နဲဖို့ လိုလိမ့်မယ်၊ ဟုတ်ကဲ့လား။

'ဒါလဲ ဖေဖေ့ခံယူချက်ကို ပြောတာကွ၊ မှန်ချင်မှလဲ မှန်လိမ့်မယ်၊ ဒါကို ဘယ် မှန်တယ် ဘယ်သူက ဆုံးဖြတ်မလဲ၊ နောက်ဆုံး ဘာပဲဖြစ်ဖြစ်ပေါ့ ငါ ဘာလုပ်သလဲ၊ ဘယ်သူ့အတွက် လုပ်သလဲ၊ ဘယ်သူတွေ သိစေ မြင်စေချင်သလဲ၊ ဒါကို စဉ်းစားပြီး လုပ်ချင်သလို လုပ်ပေတော့ ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



'…ကိုင်း…ဘယ်မလဲ သုမောင်၊ အေး…မင်းစာမူ ပြန်ပေးစမ်း၊ နို့ မင်
တို့ကော အချိန်ရရဲ့လား၊ သွားစရာရှိရင် တစ်ပတ်လှည့်လိုက်ကြဦးလေ
ဖေဖေ ဖတ်ထားနှင့်မယ်၊ ဘာလဲ၊ လက်ဖက်ရည်သောက် ဆိုရုံနဲ့တော့ မသွ
ကြနဲ့၊ ကဲ…မင်းလူက ဦးဒဂ်ါးကို ခေါ်၊ လက်ဖက်ရည်ဝယ်ခိုင်းလိုက်၊ လွယ်
အိတ်ထဲမှာ ပိုက်ဆံသွားယူ'

●

# သစ်ပုတ်ပင်စောင့်နတ်

## သုမောင်

www.burmeseclassic.com

www.burmeseclassic.com

သစ်ပုတ်ပင်၌ သရဲရှိသည်ဟု သူငယ်ချင်းတစ်ယောက်က ပြော၏။

သရဲမဟုတ်၊ အစောင့်ရှိသည်သာ ဖြစ်၏ဟု နောက်သူငယ်ချင်း တစ်ယောက်က ငြင်း၏။

လမိုက်ညများတွင် မိန်းမပျိုကလေးတစ်ဦး သစ်ပုတ်ပင်ကို မှီ၍ ရပ်နေတတ်သည်ဟု ပြောသူနှင့်လည်း ကြုံဖူးပါသည်။

ပါမောက္ခတစ်ဦးကမူ 'ဝိညာဉ်ဆိုတာ သူတို့အနောက်နိုင်ငံမှာတောင် ယုံကြည်နေသူတွေ ရှိတော့လဲ အခေက်သားလား' ဟု ပညာစကားဖြင့် ဆိုမိန့်သည်။

ကျွန်တော်သည် ဝိညာဉ်ကို စိတ်မဝင်စားပါ။ အဘယ်ကြောင့်ဆိုသော် ဤလောက၌ ဝိညာဉ်ထက် စိတ်ဝင်စားဖို့ကောင်းသော အရာ မြောက်မြားစွာရှိနေသောကြောင့် ဖြစ်ပါသည်။ အို…ကျွန်တော့်ကိုယ်ကျွန်တော်ပင် စိတ်ဝင်စား၍ မဝနိုင်သေးပါလေ။

မည်သို့ပင်ရှိစေ…

သစ်ပုတ်ပင်နှင့် ပတ်သက်သော ကောလာဟလများထဲတွင် လူငယ်တစ်ယောက် လမိုက်ည လသာည မရွေး သစ်ပုတ်ပင်ခြေရင်းမှာ မယ်ဒလင်တီးပြီး တေးညည်းသည်ကို မြင်ဖူးကြသည်ဆိုပါလျှင် ထိုလူငယ်သည် ဝိညာဉ်လောကသား လုံးဝမဟုတ်သည်ကိုတော့ ကျွန်တော်အာမခံဝံ့ပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုလူငယ်သည် ကျွန်တော်ကိုယ်တိုင် ဖြစ်နေသောကြောင့်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ပါ ... ကိုဥသြကို သိသလားဟု။ အားလုံးမဟုတ်သည့်တိုင် အများစုကတော့ သိကြပါလိမ့်မည်။ ကိုဥသြသည် ဥသြငှက်ကဲ့သို့ အသ မသာပါ။ သို့ရာတွင် သီချင်းဆိုပါသည်။ အဆိုလည်း မကောင်းလှပါ။ တော့ ချွဲသည်။ လွမ်းဖို့ကောင်းသည်တော့ သေချာသည်။ သူ၏ မယ်ဒလ လက်သံနှင့် သူ့အလွမ်းတေးသည် ကံ့ကော်ပင်များကို ပို၍လွမ်းယောင်သ စေသည်။ တက္ကသိုလ်၏ အလွမ်းဇာတ်ထုပ်ပေါင်းများစွာကို ကိုယ်စားပြု ဟန် ရှိလေသည်။

တက္ကသိုလ်မှာ အစဉ်အလာတစ်ခုရှိသည်။ မိန်းကလေးဆောင်များ ယောက်ျားလေးများ တေးသီ၊ ရစ်သီကြခြင်းဖြစ်၏။ ပြည်လှဖေ၏ တေးမျ ကြီးစိုးခဲ့သည်မှ စိုင်းထီးဆိုင်အထိ အစဉ်အဆက်။ တချို့က မေတ္တာတောင်း သည့် သဘော။ တချို့က ဝေဒနာကို ဖွင့်အန်သည့် သဘော။ အချို့ အသနားခံ။ တချို့က အပျော်တမ်း။ တချို့က ဘာရယ် ညာရယ်မဟုတ် တချို့က နောက်တောက်တောက်၊ တချို့က ပေါက်တောက်တောက်။

မည်သို့ပင်ရှိစေ ... ထိုလူငယ်တို့တွင် တူညီသော အခြေခံအချက် တ ချက် ရှိနေသည်။ မိန်းမပျိုကို ကြားစေစိမ့်သောငှာ တေးသီကြခြင်းပင် ဖြ လေသည်။

ကျွန်တော်ကတော့ မည်သူ ကြားရစေရယ်ဟူ၍ တေးသီခြင်း မရှိခဲ့ သစ်ပုတ်ပင်ခြေရင်းမှ တေးချင်းဟစ်၍လည်း အဘယ်မိန်းကလေးအဆော ကမှ မကြားနိုင်ပါ။ ညအခါ၌ လူခြေတိတ်လျှင် ဝိဇ္ဇာအဆောက်အအုံသ လှည်းကောင်း၊ သိပ္ပံအဆောက်အအုံသည်လည်းကောင်း ဆိတ်ဆိတ်နေမြ

သို့ရာတွင် ကိုဥသြသီချင်းဆိုချိန်တန်လျှင် လူငယ်ကလေးများ ရှ ရစ်ဝဲ လာကြမြဲပါ။ အားလုံးက ငြိမ်ငြိမ်ကလေးနားထောင်ကြစမြဲပါ။ တော့ ဥသြကို သနားကြသည်တဲ့လေ။



ဘာ့ကြောင့် ကျွန်တော့်ကို သနားနေကြသနည်း။ သူတို့ သနားဖို့ ကျွန်တော် သီချင်းဆိုနေသည်မဟုတ်ပါ။ ဥသြမို့ ကိုယ့်ဘာသာကိုယ် ဆိုချင်၍ ဆိုနေခြင်းပါ။ ရည်ရွယ်ချက်မဲ့သည်တော့ မဟုတ်။ မိမိအကြောင်းနှင့် မိမိပါ။

မိမိအကြောင်းကို ထိုလူငယ်များ သိကြသည်လည်း မဟုတ်ပါ။ သို့ရာတွင် လူငယ်ဟူသည် ကူးစက်ခံစားလွယ်သောသဘောရှိသည်မို့ ကျွန်တော့် အကြောင်းကို သူတို့ မသိနိုင်သော်လည်း ကျွန်တော့်အလွမ်းကို သူတို့မျှဝေ ခံစားနိုင်သည်သာ။ ထို့ကြောင့် သူတို့ ကျွန်တော့်ကို သနားနေကြခြင်းပါ။

ဥသြကဲ့သို့ အသံမသာသော ကျွန်တော်ဥသြကို ကျွန်တော့်ပရိသတ် ညီငယ် တစ်ဦးက တစ်ညသ၌ စကားဆိုပါသည်။

'ဖီလင် အပြတ်ငြိမ့်တယ်ဗျ'

ကျွန်တော်က လွမ်းသည်ဟု မိမိဘာသာ ထင်၏။

သူက 'ဖီလင်'ဟု တင်စား၏။

အတူတူပင်ဖြစ်ပါသည်။

ဒါပေါ့၊ ခုနစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီးပြီကိုး။

ကုန်လွန်ခဲ့သော ခုနစ်နှစ်ကာလအတွင်း တက္ကသိုလ်မှာ ကျင်လည်သွားကြကုန်သော အလွမ်းသမားများသည် လက်ဆင့်ကမ်းစကားဖြင့် ကျွန်တော့် အကြောင်းကို စိတ်မှန်းဖြင့် မှတ်တမ်းတင်သွားကြပါသည်။

ပုံပြင်သဖွယ်ပါလေ။ သို့ရာတွင် သူတို့ပြောသော ကျွန်တော့်အကြောင်း ကိုဥသြပုံပြင်သည် တစ်ခါတစ်ခါ ကျွန်တော့်ကိုပင် ယောင်ယမ်း၍ လွမ်းဆွတ်စေပါသည်။

တကယ်တော့ မိမိအကြောင်းကို မိမိမှလွဲ၍ အဘယ်သူ သိနိုင်မည်နည်း။

မည်သို့ပင်ရှိစေ၊ ကျွန်တော်၏ အလွမ်းကို လူငယ်ကလေးများသည် ယနေ့ထိ မျှဝေခံစားနေကြသည်ကတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သစ်ပုတ်ပင်စောင့်နတ်သည် ကျွန်တော်ပါ။

* * *

ကျွန်တော်၏ နာမည်ရင်းမှာ မောင်ဆံနက် ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်တော့်အစ်ကိုနာမည် မောင်ဆံနီ ဖြစ်သောကြောင့်ဖြစ်၏ ။ ကျွန်တော့်အစ်ကိုသည် မွေးကင်းစ၌ ဆံပင် နီကြောင်ကြောင်ကလေးဖြစ်သောကြောင့် ဆံနီဟု အမည်ပေးခဲ့သည်ဖြစ်ရာ ကျွန်တော်၏နာမည် မောင်ဆံနက် ဖြစ်လာရပါတော့သည်။

မောင်ဆံနက်ဟူသော ကျွန်တော့်အမည်သည် တက္ကသိုလ်ရောက်ပြီး ဒုတိယနှစ် စာသင်နှစ်မှာပင် သက်တမ်းကုန်ဆုံးသွားခဲ့ပါသည်။

ထိုဒုတိယစာသင်နှစ်တွင် ကျွန်တော့်အမည်သည် 'ကိုဥသြ'ဖြစ်နေပါပြီ။ အမည်သညာဟူသည် ပညတ်သဘောပါ။ ထို့ကြောင့် အမည်တစ်ခုကို မိမိဘာသာ မှည့်ခေါ်ခြင်းထက် အများက လိုလိုလားလားမှည့်ခေါ်ခြင်းက ပို၍ထိရောက်ပါမည်။ မြတ်နိုးဖို့လည်း ကောင်းပါသည်။

ကျွန်တော်သည် ကိုဥသြဟူသောအမည်ကို မြတ်နိုးပါသည်။ ထိုအမည်ကို တက္ကသိုလ်သို့ အစဉ်အဆက်ရောက်လာကြသော လူငယ်အချစ်သမားအလွမ်းသမားလေးများက ကျွန်တော့်အား မြတ်နိုးစွာ အပ်နှင်းခဲ့ကြသောကြောင့် ဖြစ်ပါသည်။

ထို ဒုတိယစာသင်နှစ်၊ ထိုအမည်ကို လက်ခံရရှိသောနှစ်၊ လွန်ခဲ့သော ခုနှစ်နှစ်ကာလက ဖြစ်သော နှစ်တွင် ကျွန်တော့်ဘဝသည်လည်း စတင်ပြောင်းလဲခဲ့ရသည် မဟုတ်ပါလား။

* * *

ဟိုး...ငယ်ငယ်တုန်းက ဂဲသြမေထရီတွက်သလို 'သက်သေပြချက်'ဟု



ရေးပြရလျှင်တော့ ကျွန်တော့်မှာ ဖြေပြစရာ အထုပ်ကလေးတစ်ထုပ်သာ ရှိပါသည်။

'ရွှေထုပ်တဲ့ မြပဝါ'တော့ မဟုတ်ပါ။ ကျွန်တော့်အမေ၏ တူမ တစ်ယောက် အထက်အညာမှ လက်ဆောင်ပါခဲ့သော လွယ်အိတ်ကြမ်းတစ်လုံးသာ ဖြစ်ပါသည်။ ထိုလွယ်အိတ်ကြမ်းကလေး ဟောင်းနွမ်းသွားသောအခါ ကျွန်တော့်စာရွက်စာတမ်း စသော အဟောင်းအနွမ်းများ သိမ်းဆည်းရန် အမေ့ထံမှ အမွေရထားလိုက်ပါသည်။

အခုတော့ ထိုလွယ်အိတ်အကြမ်းကလေးအတွင်းမှာ ကျွန်တော့်ဇာတ်လမ်းကို သက်သေပြစရာပစ္စည်းကလေးများသာ ရှိနေပါသည်။ ခေါက်တုံ့ထည်၍ ကျွန်တော့်ခုတင်ခေါင်းရင်းတိုင်တွင် ချိတ်ထားသော ထိုလွယ်အိတ်ကြမ်းကလေးကို မည်သူ့အားမဆို ကျွန်တော်ဖြေပြချင်နေပါသည်။ ကျွန်တော့်မှာ သက်သေပြစရာ အထုပ်ဟူ၍ ထိုလွယ်အိတ်စုတ်ထဲမှ ပစ္စည်းကလေးများသာ ရှိပါသည်။

အတိတ်ဆီက သင်္ကေတအမှတ်အသားသဖွယ်သော ပစ္စည်းကလေးများကို ကြည့်ချင်ကြပါလျှင် ကျွန်တော့်ကို လုံးဝအားမနာကြပါနှင့်။

ကဲ့ကော်ပန်းခြောက်ကလေးတွေဟု ထင်ကြပါသလား။ မှားပါသည်။ ချစ်ချောစာ'များဟု ထင်ကြပါသလား။ မှားပါသည်။ လက်ကိုင်ပဝါလေးများလည်း မဟုတ်ပါ။ ရုပ်ရှင်လက်မှတ်များကိုလည်း ကျွန်တော် သိမ်းဆည်းမထားခဲ့မိပါ။ ချစ်သူတို့ ဖလှယ်သော ချစ်လက်ဆောင်မျိုးဟူ၍ ကျွန်တော့်မှာ ဘာမှမကျန်ခဲ့ပါပေ။

ကျွန်တော်၏ လွယ်အိတ်ကြမ်းကလေးကို ဖြေကြည့်ပါလျှင် တစ်မျိုးဆန်းသော ပစ္စည်းကလေးများကို တွေ့ကြရပါလိမ့်မည်။

ဆေးတံကလေးတွေ...။



www.burmeseclassic.com

www.burmeseclassic.com



ငါးပြားတန် ပေတံကလေးတွေ။

ကျွန်တော်တို့ ငယ်ငယ်တုန်းက သုံးခဲ့ကြဖူးပါသည်။ တစ်ချောင်းလျှ
ငါးပြားပေးရ၏။ လမ်းဘေးပလက်ဖောင်းပေါ်တွင် ဖြန့်ခင်းပြီး ကြိုက်တာ
ယူ ငါးပြားဟု ကုလားကြီးများ အော်ဟစ်ရောင်းချခဲ့ကြသော ခြောက်လက်
ပေတံကလေးများဖြစ်ပါသည်။ ကြိုက်တာယူ ဆိုသော်လည်း ထင်းရှူးသာ
အညံ့စားဖြင့် ပြုလုပ်ထားသော ဝါထိန့်ထိန့် တစ်ရောင်တည်းသော ပေတံ
ကလေးများသာ ဖြစ်ပါသည်။

ကျွန်တော်၏ လွယ်အိတ်ကြမ်းကလေးထဲတွင် ထိုပေတံကလေးမျိုး သုံး
ဆယ့်သုံးချောင်း ရှိပါသည်။ သက်သေပြစရာဟူ၍ ကျွန်တော့်မှာ ပေတံ
သုံးဆယ့်သုံးချောင်းသာ ရှိပါသည်။ ပေတံတို့သည် စကားမပြောတတ်သော
ကြောင့် သက်သေပြမည့်သာ ပြရသည်၊ သက်သေထွက်ဆိုချက်ကိုကား
နိုင်ပါ။

ပေတံတို့သည် စကားမပြောသော်လည်း တိကျသော အရှည်ပမာဏ
ကား ပြကြလေသည်။ ခြောက်လက်မပေတံ သုံးဆယ့်သုံးချောင်းသည်
၁၉၈ လက်မ ဟူသော အရှည်ပမာဏကို ပြပါသည်။

သို့ရာတွင် ကျွန်တော့်အချစ်သည် ပမာဏပြ၍မရနိုင်ပါ။ အချစ်
ပေတံဖြင့် တိုင်း၍မရပါ။

ကမ္ဘာပေါ်မှာ ရှိသမျှသော ပေတံများအားလုံးကို ဆက်ပြီးတိုင်းသော်
လည်း ဇတ်ပတ်လည် သုံးဆယ့်လေးလက်မသာ ရှိသော ကျွန်တော်၏
ခွင်အတွင်း တစ်နေရာမှ အချစ်ဆိုသောအရာကိုကား တိုင်းတာ၍ ရမည်
မဟုတ်ပါလေ။

မည်သို့ပင်ရှိစေ၊ လွန်ခဲ့သော ခုနစ်နှစ်ကာလဆီမှ ကျွန်တော့်အချစ်
အစကိုကား ကျွန်တော်က ပြောပြချင်နေပါသည်။ ထို့အတွက် သက်သေ



ရာ ဆိုလို့ လွယ်အိတ်ကြမ်းကလေးအတွင်းမှ ခြောက်လက်မပေတံ သုံး
ဆယ့် သုံးချောင်းသာ ရှိနေပါတော့သည်။

* * *

ကလေးတို့သည် ငယ်ငယ်က ပညာသင်ရာ၌ ပုံသဏ္ဌာန်ချင်း တူကြ၏။
အတန်းကလေး နည်းနည်းရလာလျှင် ချာတိတ်များနှင့် ချာတိတ်မများ
ကိုက်ကွဲပြားလာကြလေသည်။ အထက်တန်းကျောင်းသူကျောင်းသားများ
ဘဝတွင် ပို၍ခြားနားသွားလေသည်။

မိန်းကလေးတို့သည် ပညာသင်ရာမှာ စည်းကမ်းရှိသည်။ လက်ရေး
သက်သားများမှအစ သေသပ်သည်။

ကျွန်တော်တို့ငယ်စဉ်က သင်ခန်းစာများ မှတ်စုများကို ရေးသောအခါ
အမျက်နှာ၏ ဘယ်ဘက်တွင် ပေတံတစ်ပြားစာ မျဉ်းသားကြရ၏။ ကျွန်
တော်သည် ငါးတန်းကတည်းက ထိုစည်းကမ်းများကို ဖောက်ဖျက်ခဲ့သူ ဖြစ်
ပါသည်။

မိန်းကလေးတို့သည် အထက်တန်းကျောင်းသူဘဝကို ရောက်ကြသည်
အထိ ထိုအလေ့အကျင့်ကောင်းလေးကို ထိန်းသိမ်းတတ်ကြပါသည်။
တက္ကသိုလ်ရောက်မှ ပျက်တော့သည်။ စည်းကမ်းပျက်ခြင်းကို ဆိုလိုပါ
သည်။

သို့ရာတွင် အထက်တန်းကျောင်းမှ တက္ကသိုလ် ပထမနှစ်သို့ အကူး
တက္ကသိုလ် ရောက်စတွင် မိန်းကလေးတို့သည် အထက်တန်းကျောင်းသူတို့
အလေ့အကျင့်ကို ရုတ်တရက် မဖျက်ကြပါ။ အများစုသည် မှတ်စုရေးလျှင်
စာမျက်နှာ ဘယ်ဘက်တွင် ပေတံတစ်ပြားစာ မျဉ်းသားကြ၏။

ထိုအလေ့အကျင့်ကလေးသည် ကောင်းလှပါသည်ဟု ကျွန်တော် ပြော
ပါသည်။ ကျွန်တော်ကိုယ်တိုင် ငါးတန်းကတည်းက ဖျောက်ဖျက်ပစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ထိုအလေ့အကျင့်ကလေးကိုပင် ကောင်းလှပါသည်ဟု ကျွန်တော် ခပြော ပါသည်။

အဘယ်ကြောင့်ဆိုသော် 'အယ်လစ္စဘက်'တွင် ထိုအလေ့အကျင့်ကလေး ရှိနေသောကြောင့် ထိုအလေ့အကျင့်ကလေးမှ အစပြု၍ပင် အယ်လစ္စဘက် သည် ကျွန်တော့်ဘဝထဲသို့ ရောက်ရှိခဲ့ ...ဲ့မဟုတ်ပါလော။

* * *

အဲသည်တုန်းကတော့ အင်္ဂလိပ်နာမည် မှည့်ခေါ်ခြင်းကို မုန်းခဲ့ကြ၏။ သာသနာပြုကျောင်းများ အင်ပါယာပြိုကွဲပြီးဖြစ်သော ကာလကိုး။ ထို့ကြော ပင်လျှင် အင်္ဂလိပ်နာမည် တွဲ၍ မှည့်ခဲ့မိကြသူများ အလုအယက် အမည် ပြောင်းခဲ့ကြသည်။

ကျွန်တော်နှင့် ငယ်သူငယ်ချင်းဖြစ်သူ ရောဘတ် ဘတုတ်သည်ပင် တက္ကသိုလ်ရောက်သောနှစ်တွင် 'သူရကျော်စွာ'ဟု သူ့ဘာသာအမည်ပြောင်း ခဲ့လေသည်။ ကျွန်တော်ကတော့ နာမည်အဓိကမဟုတ်ဟု ယုံကြည်ခဲ့သူဖြစ် ၏။ ရောဘတ်ဘဝကလည်း သူငယ်ချင်း၊ သူရဘဝ၌လည်း သူငယ်ချင်းသာ ဖြစ်၏။

တစ်ခုတော့ရှိသည်၊ ဘိုလို နာမည်ပေးခဲ့ကြသောသူများသည် အများ အားဖြင့် ဘိုဆန်ကြ၏။ ဘိုဆန်ချင်၍ပင် ဘိုလိုအမည်ပေးခဲ့သည်မဟုတ် လား။ သူတို့သည် မြန်မာချင်းတူပေမင့် အမူအရာမှအစ နည်းနည်းတော့ ကွာခြားသည်ပင်။

သူတို့သည် ပေါ်ပင်လိုက်ချင်တတ်သည်တော့ သေချာသည်။ တခြား မကြည့်နှင့်၊ ဘိုနာမည်များ ကျဆုံးချိန်တွင် သူတို့သည် ချက်ချင်း အမည် ပြောင်းဖို့ ကြိုးစားခဲ့ကြသည် မဟုတ်လား။ တိကျခိုင်မာသောသဘော မျိုး

သည်နေရာမှာ အယ်လစ္စဘက်၏ ထူးခြားမှုကို ကျွန်တော် စတင်သိလေ သည်။ ကျွန်တော်တို့အတန်းတွင် ဘိုနာမည်ခံသူမှာ သူတစ်ယောက်တည်း သာ ရှိသည်။ ဘယ်သူတွေ မေးငေါ့ငေါ့၊ ဘယ်သူတွေ လှောင်လှောင် သူ မမှု။ ...ဖြေမပျက်သော သူ့မျက်နှာထားသည် မြန်မာဆန်စွာ မာနကြီးပုံ ပေါ်လွင် နေသည်။

သူ့သတင်းကို စုံစမ်းမိသောကာလ၌ သူ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ် ကြောင်း ကျွန်တော် သိလေသည်။ နောင် သူနှင့်ကျွန်တော် ခင်မင်ရင်းနှီးလာ ကြသောအခါ သူက ပြောပြပါသည်။

'ကျွန်မအမေက ဘိုဆန်တယ် ကိုဆံနက်ရဲ့၊ ဒါကြောင့် ကျွန်မကို အယ် လစ္စဘက်လို့ နာမည်ပေးတာပေါ့၊ ပြီးတော့ ကျွန်မငယ်ငယ်က ရုပ်ရှင် မင်း သမီး အယ်လစ္စဘက်တေလာနဲ့ တူလို့တဲ့'

'ခုလဲ တူသားပဲဗျ'

'ဘာပဲဖြစ်ဖြစ်ပါလေ၊ ကျွန်မပြောချင်တာက အမေပေးတဲ့နာမည်ကို ...နိုးတာ မြန်မာဆန်တာပဲလို့ ထင်တယ်'

'ဒါပေမဲ့ အင်္ဂလိပ်မင်းသမီး အယ်လစ္စဘက်တေလာနဲ့ တူတာတော့ သေ ...ပါတယ်'

သူ့ရုက်ပြုံးကို ခုတိုင် မှတ်မိနေပါသည်။ ထားပါ။ ကျွန်တော် ပြောချင် ...သည်မှာ သူနှင့်ကျွန်တော့်ကို ငါးပြားတံဆိပ်တံလေးများက ပေါင်းကူးတံတား ...ယ် ဆက်သွယ်ပေးခဲ့ကြသည့်အကြောင်းသာ ဖြစ်ပါသည်။

* * *

'ဆိတ်ကလေး ခဏလောက်'

သည်စကားသည် 'လစ်' (လစ်ဟုပင် အများဆွတ်ခေါ်ခွင့်ပေးကြပါ) ထံ ...ိုက်ရိုက်ပြောခဲ့သော ကျွန်တော်၏ ပထမဆုံးစကား ဖြစ်ပါသည်။ ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဏဝင်ဒါးသော အကြောင်းအရာကို ပြောရာ၌ အဘယ့်ကြောင့် အသံတုန်[illegible] သနည်း။

ကျွန်တော့်အထင်တော့ အချစ် ဖြစ်လိမ့်မည်။ လစ်ကို ကျွန်တော် ချ[illegible] ခဲ့ပါသည်။ အတန်းထဲ စ ရောက်ရောက်ချင်းနေ့[illegible]ပင် လစ်ကို သတိထား[illegible] မိပါသည်။ လစ်က လှပါသည်။ ကျွန်တော်က လှသည်ဟုထင်သည်လည်[illegible] ဖြစ်ချင်ဖြစ်မည်။ ပြောမည့်သာ ပြောရမည်၊ အင်္ဂလိပ်မင်းသမီး အယ်လ[illegible] ဘက် တေလာနှင့် မတူပါ။ လစ်၏ မျက်နှာသည် မျက်နှာဝိုင်း ပုံသဏ္ဍာန်[illegible] ဖြစ်ပါသည်။ မျက်ခုံးမည်းမည်းကလေးမှလွဲ၍ တစ်မျက်နှာလုံး ရှင်းနေသည်[illegible] ငြိမ်သက်သော ရေပြင်၌ ထင်သော လမင်း၏ အရိပ်နှင့် တူသည်ဟုထင်[illegible]

ကျောင်း စ တက်ပြီး သုံးလကြာသည်အထိ လစ်ကို ကျွန်တော် စကား[illegible] မပြောဖြစ်ခဲ့ပါ။ သူ စာငုံ့ကူးနေချိန်တွင် ခိုး၍ကြည့်ခဲ့သည်ကိုတော့ ဝန်[illegible] ပါသည်။

သူ စာငုံ့ကူးနေချိန်တွင် နံဘေးတိုက်အနေအထားဖြင့် သူ့မျက်နှာကို [illegible] လင်းစွာ ကြည့်ရင်း ရင်ခုန်ရပါသည်။ လစ်သည် ဆံပင်ကို စုသိမ်းပြီး လ[illegible] ကိုင် ပဝါဖြင့် ချည်ထားလေ့ရှိသည်။

သူ့ ပါးဖောင်းကလေးကို ကြည့်ရင်း လက်သည်းဖြင့် စာရေးစားပွဲ[illegible] ကုတ်ခြစ်မိသည်လည်း အကြိမ်ကြိမ်။ လစ်၏ နံဘေးတိုက်ပုံတူကို စာ[illegible] စားပွဲပေါ် ဖောင်တိန်ဖြင့် ရေးခြစ်ထားသည်လည်း အကြိမ်ကြိမ်။

စုစုပေါင်း ၂၃ ပုံရှိသည်။ စိတ်ကြည်လင်နေတုန်း ရေးခြစ်သောအခါ [illegible] နှင့်မတူသော်လည်း လှပသော မိန်းမပျိုကလေး၏ ပုံမျိုး ဖြစ်၏။ သိပ်ပြီး [illegible] လင်လွန်းနေလျှင် ကာတွန်းပုံဖြစ်သွားတတ်၏။ စိတ်ညစ်ညူးနေစဉ်[illegible] လစ်၏ ပုံတူ မရေးဖြစ်ပါ။



အို... လစ်၏ မျက်နှာကို ကြည့်ခွင့်ရနေလျှင် ဘယ်မှာ စိတ်ညစ်စရာ ရှိ[illegible]ည်နည်း။ အဓိပ္ပာယ်မရှိတာ။

သည်လိုနှင့် သုံးလအတွင်းမှာ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်[illegible]ငြိမ် ပြုံးပြ၏ပေါ့။ တစ်ယောက်မျက်လုံးကို တစ်ယောက် သုံးစက္ကန့်ကြာသည် [illegible]အထိ မလွှဲတမ်း ကြည့်ရဲလာကြလေသည်။

'ပေတံကလေး... ခဏလောက်'

မှတ်စုခေါင်းစည်းများ မျဉ်းသားရန် တောင်းခြင်းသည် အဓိကမဟုတ်[illegible]း သိကြပါလိမ့်မည်။

* * *

ညနေကျောင်းဆင်းသည်အထိ ပေတံကလေး ပြန်မပေးမိ။ မေ့သွားသည် [illegible]ည်း ပါ၏။ တမင်မေ့အောင် ကြိုးစားသည်လည်း ပါ၏။

* * *

နောက်တစ်နေ့ ကျောင်းသို့ရောက်လျှင် 'မနေ့က မေ့သွားတာ စိတ်မရှိ [illegible]နော်'ဟု ပြောလျှင် ကောင်းမည်ဟု ညကတည်းက စိတ်ကူးခဲ့ပါသည်။ ထို[illegible]ခါ သူ ဘာပြန်ပြောမည် မှန်းဆရသည်မှာလည်း သိပ်ပျော်ဖို့ကောင်းပါ[illegible]ည်။ 'ကိစ္စမရှိပါဘူး၊ ရပါတယ်' လောက်သာ ပြန်ပြောမည်ဟု ထင်ပါ[illegible]ည်။

* * *

'နေပါစေ၊ သူ ယူထားလိုက်လေ'

ကျွန်တော် ဝမ်းသာသွားသည်။ နောက်တစ်နေ့ ကျောင်းရောက်ရောက်[illegible]င်း သူ့ကို ပေတံပြန်ပေးသောအခါ သည်သို့ ပြောပါသည်။ သူ့တွင် ထို[illegible]ပြားတန် ပေတံကလေး နောက်တစ်ချောင်း ပါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပေတံကလေး...ခဏလောက်'

'ဟင်'

'မနေ့က ပေးထားတဲ့ ပေတံ ပျောက်သွားလို့ပါ'

သူတို့ယောကျ်ားလေးတွေ ဒီလိုပဲဟူသော သဘောမျိုးဖြင့် ပြုံးပါသည် ထိုပေတံကိုလည်း ညနေတိုင်သောအခါ ပြန်မပေးတော့ပါ။ နည်းနည်းတေ အတင့်ရဲကြည့်သည်။ သူ ပြန်မတောင်းပါ။

* * *

'ပေတံကလေး...ခဏလောက်'

'အို...'

'မနေ့က ငှားသွားတဲ့ပေတံ'

'ပျောက်သွားပြန်ပြီလား'

'ဟင့်အင်း...အိမ်မှာ မေ့ကျန်ခဲ့လို့ပါ'

လစ်သည် သဘောပေါက်စွာ ရယ်ပါသည်။ ထိုနေ့က ငှားသော တတိ ပေတံကိုလည်း အိမ်ယူသွားပြီး သိမ်းထားလိုက်မည်ဟု ကျွန်တော်ပြော လိုမည်မထင်ပါ။

* * *

သည်တစ်ခါ ရယ်ရသူမှာ ကျွန်တော်ဖြစ်ပါသည်။ ထုံးစံအတိုင်း တတိ ပေတံကလေး အိမ်မှာထားခဲ့ပြီး စတုတ္ထပေတံထပ်တောင်းရန် သူ့အပါး ရောက်သွားသောအခါ

'မေ့ခဲ့ပြန်ပြီလား'

ခေါင်းငုံ့ရင်း စာကူးလျက်နှင့် မေးပါသည်။ သူ့ပေတံကလေးကို စာ စွန်းဆီသို့ တွန်းပေးပါသည်။

* * *



ပဥ္စမပေတံကို ကျွန်တော်မတောင်းရတော့ပါ။ စာငုံ့ရေးနေသော ကျွန် တော့်ဘေးသို့ ခြေထောက်တစ်စုံ လာရပ်သောအခါ လစ်၏ ခြေထောက်မှန်း ျွန်တော် မှတ်မိလိုက်ပါသည်။ သူ့မျက်နှာကို မကြည့်ရဲခဲ့စဉ်ကာလက ခြေထောက်ကလေးကို စတင်၍ခိုးကြည့်ဖူးသဖြင့် မှတ်မိနေပါပြီ။

'ရော့...'

ကျွန်တော့်ကို လှောင်သောအကြည့်ဖြင့် ကြည့်နေပါသည်။ သရော်သည် ော့လည်း မဟုတ်။ ကျီစယ်သည်သာ ဖြစ်ပါ၏။

အတန်းထဲသို့ ကျွန်တော်မဝင်သေးပါ။ စင်္ကြံပေါ်မှာ လစ်ကို စောင့်နေပါ ည်။ ကျွန်တော့်ကိုမြင်လျှင် လမ်းလျှောက်လျက်မှ သူ့လွယ်အိတ်ကိုနှိုက် သည်။ ပဥ္စမပေတံ ထုတ်ပေးဖို့ဖြစ်သည်။ သူ ကျွန်တော့်အနား ရောက် အခါ ပေတံကလေး ထုတ်ပေးပါသည်။ ကျွန်တော်ကလည်း ခါးကြား စတုတ္ထပေတံကို အသင့်ထုတ်ထားပြီးနေပါပြီ။

'နေပါစေတော့၊ ဒီတစ်ခါ မေ့မကျန်ခဲ့ပါဘူး'

'ဒါပေမဲ့...ယူထားလိုက်ပါလေ'

* * *

ါးပြားတန်ပေတံ သုံးဆယ့်နှစ်ချောင်း ကျွန်တော် ရရှိပြီးသော ကာလ ောက်ခဲ့ပါသည်။

'လစ်ကို...ကျွန်တော် ချစ်တယ်'

ိုနေ့မှစ၍ ပေတံကလေးများ နောက်ထပ်မရတော့ပြန်ပါ။ ကျွန်တော့် ကားမပြောတော့ပါ။ မျက်စိချင်းလည်း ဆုံခွင့်မရတော့ပါ။ သူ ရှောင် သည်။ ကျွန်တော် ဝမ်းနည်းခြင်းအတတ်ပညာကို တက္ကသိုလ် ပထမနှစ် မြောက်တွင် တတ်မြောက်သွားလေသည်။

က်ရင့် အချစ်သမားတစ်ယောက်က မြွောက်ပေးပါသည်။ 'ဒါဟာ...



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တဲ့သဘောကွ၊ ရက်လို့ မှုနေတာ' ဟု ပြော၏။ သို့ရာတွင် ကျွန်တော် ကတော့ လွမ်း၍သာ နေပါသည်။ ကျောင်းတက်ရက် ပျက်ချင်လာသည် ကဗျာတိုလေးများ စပ်ချင်လာသည်။ သူ့ကို တမင်ကလာ ရှောင်ပြသည်။ သိအောင် ရှောင်ပြ၏။ သူက ပြန်၍ ဂရုစိုက်ကြည့်လာမည်ကို တိတ်တ သိလာရ၏။ ထိုအတွက်ပင် ဝမ်းနည်း၍ ပိုကောင်းသည် ထင်၏။

* * *

ဗဟိုစာကြည့်တိုက်ထဲတွင် ကဗျာစပ်နေတုန်း တစ်နေ့ သူ ကျွန်တော် ကို လာတွေ့ပါသည်။

'ဘာလို့ကျောင်းမတက်တာလဲ'

အသံတုန်သည်ကို သူသိမှာစိုးသဖြင့် ခေါင်းခါပြလိုက်ရ၏။

'အဲ့လို မလုပ်ပါနဲ့'

'ကျွန်တော် ဘယ်လိုအတန်းထဲ ဝင်ရမှာလဲ'

'စာတွေ နောက်ကျကုန်လိမ့်မယ်'

'မပျော်ဘဲနဲ့ စာမသင်ချင်ဘူး'

'သူ တော်တော်ဆိုးတယ်'

ပြောပြောဆိုဆို ငါးပြားတန် ပေတံကလေးတစ်ချောင်းကို လွယ် ထဲမှ ထုတ်ပါသည်။

'လက်ဝါးဖြန့်...'

ချစ်ဖို့အလွန်ကောင်းသော အပြုံးကို ပြန်၍မြင်ခွင့်ရပါသည်။ ကျွန် လက်ဝါး ဖြန့်ပေးလိုက်ပါသည်။ ကျွန်တော့်လက်ဝါးကို မနာကျင် ရိုက်ပါသည်။

'ဒါပဲ၊ နက်ဖြန် ကျောင်းတက်ရမယ်'

'ကျွန်တော့်ကို ချစ်ပါ လစ်ရယ်'

'မှန်းတယ်'

'မှန်းတယ်' ဟူသောစကားကို လေသံတစ်မျိုးဖြင့်ပြောလျှင် ဆန့်ကျင် ဘက် အဓိပ္ပာယ်ထွက်မှန်း ချစ်ဖူးသူတိုင်း သိပါသည်။

'နက်ဖြန် ကျွန်တော် ကျောင်းတက်ပါ့မယ်'

'အင်း...နက်ဖြန် ကျွန်မ ကျောင်းမတက်ဘူးနော်'

သုံးဆယ့်သုံးချောင်းမြောက်သော ပေတံကို ပေး၏။

ကျွန်တော်တို့နှစ်ယောက် ရယ်လိုက်ကြသောအခါ အသံထွက်သွားပါ သည်။ ကျွန်တော့်အသံက ပို၍ကျယ်မည်ထင်သည်။ စာငုံ့ဖတ်နေကြသော ခြား ကျောင်းသူကျောင်းသားများက လှည့်ကြည့်ကြလေသည်။

* * *

ငါးပြားတန် ထင်းရှူးသားပေတံကလေး သုံးဆယ့်သုံးချောင်းသည် ကျွန် ၏ လွယ်အိတ်ကြမ်းကလေးထဲတွင် ခုနစ်နှစ်လုံးလုံး အိပ်ပျော်နေလေ သည်။

* * *

'မောင့်ကို...ချစ်တယ်'

သည်စကားလေးတစ်လုံး ပြောထွက်ဖို့အရေး လစ်ခမျာ အတော်ပင် အင် ကုန်သွားပုံရသည်။ ငုံ့ထားသောခေါင်းကို တော်တော်နှင့်မဖော်ဘဲ နေ ည်။ သူ ကျွန်တော့်ကို ချစ်ခဲ့သည်မှာ ကြာပြီ။ ကျွန်တော့်ကို 'မောင်' ဟူ၍ နီးစွာ ခေါ်ငင်ခဲ့သည်မှာလည်း ကြာပြီ။

သူ့လက်ကိုလည်း နမ်းခွင့်ပေးပြီးပြီ။ သူ့ပါးကိုလည်း နမ်းခွင့်ပေးပြီးပြီ။ ဝိုင်ကလေး၊ နဖူးကလေး၊ အို...နှုတ်ခမ်းလေးပင် စုံပါပြီ။

ကျွန်တော့်အချစ်ကို တုံ့ပြန်သောနေ့က ကျွန်တော့်လက်ဖျံပေါ်တွင် ပါတယ်' ဟူ၍ ဖောင်တိန်ဖြင့် ရေးခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ချစ်သူ၏ အချစ်လက်ခံစကားကို စာအားဖြင့်ပြောခြင်းထက် နှုတ်အားဖြင့် ပြောခြင်းက ပို၍နာလိုဖွယ်ကောင်းသည်သာဖြစ်၏။ လစ်သည် ကျွန်တော်၏ အလိုကို လိုက်ပါသည်။

* * *

လစ် ကျွန်တော့်အပေါ် အလိုလိုက်ပုံမှာ လူကြီးဆန်သည်။ လိုသည်ထက် ပို၍ ဘယ်တော့မှ အလိုမလိုက်ခဲ့။ ကျွန်တော်က ပိုပိုသာသာ အခွင့်အရေးယူလျှင်လည်း ဒဏ်ခတ်တတ်သည်။ ချစ်ဖို့ကောင်းသည်ဟု ထင်၏။

ချစ်သူကပေးသော အပြစ်ဒဏ်ထက် ခံလို့ကောင်းသောအရာသည် မရှိ။

'ဆောရီးပဲ လစ်ရယ်၊ မောင် အဆောင်က ရှစ်နာရီကတည်းက ထွက်လာတာပါ၊ အဲဒါ လက်ဖက်ရည်ဆိုင်လဲ ရောက်ရော...'

'ဟင်း...လက်ဖက်ရည်ကလဲ တစ်နေ့ဆယ်ခွက်လောက် မသောက်လိုက်ရရင် မနေနိုင်ဘူးနော်'

'မဟုတ်ပါဘူး၊ လစ်နဲ့ တွေ့ရဖို့ဆိုရင် လက်ဖက်ရည်မသောက်ဘဲ နေပါတယ်'

'ဘာလို့ လက်ဖက်ရည်ဆိုင်ကို ခြေရှည်နေရတာလဲ၊ ကဲ...'

'အို...လစ်နဲ့ အချိန်ကြာကြာ စကားပြောရအောင် သူငယ်ချင်းတွေ မစောင့်နဲ့လို့ ဝင်ပြောတာပါ'

'ဘာလို့ ကြာနေလဲ'

'ဟိုရောက်မှ ဟိုကောင်တွေ ဝိုင်းဆွဲထားလို့ပါ'

'ဒါလောက်ပဲ အရေးကြီးသလား၊ သူတို့နဲ့က နေ့တိုင်း တွေ့နေရတဲ့ဥစ္စာ'

'မဟုတ်ပါဘူး၊ ဒီလ ထွက်မယ့် ကဗျာစာအုပ်ကလေးကိစ္စက မဆွေးနွေးမပါရင် မပြီးလို့'

'အင်း...အဲဒီကဗျာတွေက သိပ်အရေးကြီးတယ်နော်၊ ဟုတ်လား'



'အချစ်ကဗျာတွေပါ'

'အချစ်ကဗျာက ချစ်သူထက် အရေးကြီးတယ်ပေါ့'

'လစ်ရယ်...မင်းဟာ မောင့်ရဲ့ကဗျာပဲ မဟုတ်လား'

'သွား...ဒီကဖြင့် စောင့်လိုက်ရတာ'

'ဘယ်လောက် ကြာပြီလဲ'

'ဘတ်စ်ကား ဆယ့်ခုနစ်စီး ဆိုက်ပြီးပြီရှင့်၊ သိရဲ့လား'

'ဘတ်စ်ကား ဘယ်နှစီး ဆိုက်ဆိုက် ဒီမှတ်တိုင်ကို မောင် ရောက်လာဖို့ဟာ အဓိကမဟုတ်လား လစ်ရယ်'

'သွား...'

'ဆယ့်ရှစ်စီးမြောက် ဘတ်စ်ကား လာမှ အတူသွားကြတာပေါ့'

ကျွန်တော်တို့နှစ်ယောက် ရယ်လိုက်ကြသောအခါ အနားမှ ရယ်သံသေးသေးကလေးတစ်ခုကို အပိုကြားလိုက်ရပါသည်။ ကျွန်တော်တို့ နှစ်ယောက်၏ စကားလုံးများကို တစ်လုံးမကျန် နားထောင်နေသော စီးကရက်ရောင်းသမားလေး၏ ရယ်သံဖြစ်၏။ စီးကရက်သည် ကုလားဒိန်ပေါက်စလေးသည် ကိုယ့်အလုပ် ကိုယ်မလုပ်၊ တော်တော်ရှုပ်သည့် ချာတိတ်။

* * *

ဦးပေါ်ဦး သေလို့ ဝင်စားတာဟု ကျီစယ်စကားဖြင့် ပြောလိုက်ဖို့သာ ကောင်းသည်။

ဘိုးတော်ဦးဝိုင်းသည် 'ဥတကာတို့တွင် ဘယ်ဥသည် အရသာအရှိဆုံးနည်း' ဟု ဦးပေါ်ဦးကို မေး၏။ ဦးပေါ်ဦးက 'လိပ်ဥပါဘုရား' ဟု ဖြေ၏။

အချိန်ကာလ ကြာမြင့်သောအခါ အခြားညီလာခံတစ်ခု၌ ဘိုးတော်ဦးဝိုင်းက...



www.burmeseclassic.com

www.burmeseclassic.com



'ဘာနဲ့စားရင် ပိုပြီး အရသာထူးသလဲ ပေါ်ဦး'ဟု ကောက်ကာငင်က
မေးသောအခါ ...

'ဆားနဲ့ပါဘုရား'ဟုဦးပေါ်ဦးကလည်း ရုတ်ခြည်းပင် ဖြေဆိုခဲ့လေသည်
လစ်သည် တစ်နေ့သ၌ ကျွန်တော့်ကို ပြောပါသည်။

'နက်ဖြန် ခုနစ်နာရီဘတ်စ်ကားမှတ်တိုင်ကို အရောက်နော် မောင်၊ တော်
ကြာ တစ်ယောက်တည်း ကြောင်စီစီနဲ့ စောင့်နေရမှာ ရှက်စရာကြီး'

ထိုနေ့က သူ့အမိန့်အတိုင်းပင် ဘတ်စ်ကားမှတ်တိုင်၌ နံနက်ချိန်ခါ တော
သံသာ ရေဒီယိုမှ မလာခင်ပင် ကြိုတင်၍ ကျွန်တော်စောင့်နေခဲ့ပါသည်။

မည်သို့ဖြစ်လိမ့်မည်ဟု ထင်ပါသနည်း။ မှန်ပါသည်၊ လစ်သည် ရှစ်နာ
ထိုးမှ ရောက်လာခဲ့ပါသည်။

'မောင် ရောက်နေတာ ကြာပြီလား'

'တစ်နာရီ ရှိသွားပြီ'

'ဘတ်စ်ကား ဘယ်နှစီး ဆိုက်သွားပြီလဲ'

'ဆယ့်ရှစ်စီး'

'ဟင်... ဆောရီးပဲကွာ၊ လစ် စောင့်ရတုန်းကထက် တစ်စီးပိုသွားတယ်

'လစ်က ဘာလို့ကြာနေတာလဲ၊ ကဗျာစာအုပ်အတွက် စီစဉ်နေရလို့လား

'အို... ပေါက်တတ်ကရ၊ လစ် ဘယ်တုန်းက ကဗျာဖတ်ဖူးလို့လဲ'

'ဒါဖြင့် ဘာလုပ်နေလို့လဲ'

'အိမ်ရှေ့မှာ အရူးမကြီးတစ်ယောက် က နေတာ ရပ်ကြည့်နေလို့'

'ဩော်... မောင်က အရူးမကြီးလောက် အရေးမကြီးဘူးပေါ့၊ ဟုတ်လား

'မောင်လဲ အရူးပါပဲ မောင်ရယ်'

'ဘာပြောတယ်... လစ်'

'မောင်က အချစ်ရူး မဟုတ်လား'



ကျွန်တော်တို့နှစ်ယောက် ရယ်လိုက်ကြပါသည်။ ရယ်သံသေးသေး
လေးတစ်ခုကို အပိုမကြားရပါ။ ဟိုတစ်ခါက စီးကရက်ရောင်းသေ
ာလားဒိန်ကလေး သည်နေ့မလာပါ။ သူ့ကို မြူနီစီပယ်က ဖမ်းသွားပြီ
ား မသိ။

* * *

အချစ်ဘဝ၌ စွန့်လွှတ်အနစ်နာခံခြင်းနှင့် ရယူပိုင်ဆိုင်ခြင်းတို့ကို အချိုး
ခွဲဝေခံစားရပါသည်။ တိကျသောအဖြေကား မထွက်သေးပေ။ တစ်ခါ
စ်ရဲ့ ရယူ၏။ တစ်ခါတစ်ရံစွန့်လွှတ်၏။ အပေးအယူမျှသောအခါ အချစ်
သည် ပျော်ဖို့ကောင်းနေပါသည်။

တစ်ယောက်နှင့်တစ်ယောက် အပေးအယူမျှတခြင်းသည် အကြောင်း
ညီမျှသာဖြစ်၏။ ပုံသဏ္ဌာန်ကား ချစ်သူတစ်စုံလျှင် ပုံစံတစ်မျိုးဖြစ်ပါ၏။
လည်း ချစ်ကြပုံချင်းတူကောင်း တူလိမ့်မည်။ ချစ်သူတို့သည် ရုပ်ရှင်
သွားကြည့်ဖူးကြပါလိမ့်မည်။ ကျွန်တော်တို့လည်း သွားဖြစ်ကြဖူး
ည်။ သူကြည့်ချင်၍လည်း လိုက်ပြရဖူးသည်။ ကျွန်တော်ကြည့်ချင်၍လည်း
လိုက်ပြဖူးသည်။ ရုံထဲမှာ သူ့လက်နှင့် ကျွန်တော့်လက် နွယ်ယှက်သည်
တော့ အတူတူပင် ဖြစ်လေသည်။

ထားပါ။ ကျွန်တော်ပြောချင်သည်မှာ ချစ်သူဘဝ၌ အခြားချစ်သူများ
ပုံသဏ္ဌာန်ချင်း မတူခဲ့သည့် အချစ်ပုံစံများအကြောင်းပါ။

လုဆိုတာ မျောက်က ဆင်းသက်သည်ဟု ကျွန်တော်တော့ ယုံကြည်ချင်
သည်။

မိန်းမတို့အချင်းချင်းသည် သန်းရှာပေးကြရသည်ကို အလွန်နှစ်လိုဟန်
၊ သန်းရှာရင်း အတင်းပြောရသည်ကိုလည်း လျှာအရသာတွေ့ကြပုံ
၊

www.burmeseclassic.com



မျောက်မတို့သည်လည်း အချင်းချင်းသန်းရှာပေးတတ်ကြ၏။ တိရစ္ဆာ ရုံ၌ တွေ့ဖူး၏။

သည်တစ်ချက်ကို ကြည့်ပြီး လူဆိုတာ မျောက်က ဆင်းသက်တာဟု ပြော ၍ မရပါ။

အဘယ်ကြောင့်ဆိုသော် မျောက်တို့သည် အမ ချင်းသာ သန်းရှာပေးကြ သည် မဟုတ်သောကြောင့်ဖြစ်၏။ လူတို့သည်လည်း ယောကျ်ားက မိန်း ကိုပင် သန်းရှာပေးတတ်ကြ၏။ ကျွန်တော် တွေ့ဖူး၍ ပြောနေခြင်း ဖြစ်ပ သည်။

ဤအချက်ကို ယုံပါလျှင် တစ်ဆင့်တက်၍ ပြောပြပါမည်။ မိန်းကလေး တစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို သန်းရှာပေးခြင်းအကြော တည်း။ မယုံမရှိနှင့်။ ကိုယ်တွေ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လ သည် ကျွန်တော့်ကို သန်းရှာပေးဖူးသောကြောင့်ပါ။

ကျွန်တော်သည် ရေချိုးအလွန်ပျင်း၏။ ရေချိုးအလွန်ပျင်းသော ကျွ တော်သည် ခေါင်းလျှော်ဖို့ရာ ပို၍ အပျင်းထူလိမ့်မည်ဟု ပြောရန်လိုမ မထင်ပါ။

ကျွန်တော် မရှက်ပါ။ ဆံပင်ရှိ၍ သန်းရှိသည်မှာ ရှက်စရာမဟုတ်ပါ ခေါင်းမလျှော်၍ သန်းဥတွယ်ခြင်းသည် သဘာဝတရားပင် မဟုတ်လာ

ချစ်ဖို့ကောင်းသည်မှာ ကျွန်တော့်ခေါင်းမှာ သန်းရှိနေ၍ပင် လစ် သန်းရှာပေးနိုင်ခြင်း ဖြစ်ပါသည်။ အကယ်၍ ကျွန်တော့်ခေါင်းမှာ သန်းမ ပါက လစ်သည် ဘယ်လိုလုပ်၍ ကျွန်တော့်ကို သန်းရှာပေးမည်နည်း။

ပို၍ချစ်ဖို့ကောင်းသည့်အကြောင်းကို ပြောပြပါမည်။ လစ်က ကျွန်တော ကို သန်းရှာပေးသော နေရာတွင် အလွန်မတန်မှ ဆွတ်ပျံ့ဖွယ်ကောင်းသော အလွန့်အလွန်မှ အချစ်လွန်လေ့ရှိကြသော၊ အို ... ချစ်သူတို့ ပျော်မွေ့ရာ ဖြ



သော ရန်ကုန် ဆေးတက္ကသိုလ် အမှတ် (၁) ၏ လက်ဝဲဘက်စင်္ကြံ ထောင့်ကွေး တစ်နေရာတွင် ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

ထိုနေရာသည် ခွဲစိတ်ခန်း လက်တွေ့သင်တန်းဆင်းရာ အခန်းများ၏ အနီးအနားပင် ဖြစ်၏။ ကျွန်တော်တို့နေရာမှ ကြည့်လျှင် ခွဲစိတ်ခန်းထဲမှာ က်လက်လန်နေကြသော မွဲခြောက်ခြောက်အလောင်းများကို အစီအရီ တွေ့နိုင်ပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် မကြောက်ကြပါ။

ချစ်ကြည်နူးစွာသော အချိန်တို့တွင် ကြောက်စရာ ဘာမျှမရှိပါ။

ချစ်သူတို့ ချစ်ကြည်ရာဖြစ်သော ဆေးတက္ကသိုလ်၏ ဆိတ်ငြိမ်ရာတို့တွင် စ်သည် ကျွန်တော့်ခေါင်းမှ သန်းများကို ရယ်ကာမောကာ မျက်နှာငွေလ င်ပပဖြင့် စိတ်ရှည်လက်ရှည် ရှာပေးပါသည်။ ထိုနေ့က ကျွန်တော့်ခေါင်း သန်းငါးကောင် ရလေသည်။

ငယ်ငယ်က အဘိုးကို ဆံပင်ဖြူနုတ်ပေးဖူး၏။ ဆံပင်ဖြူ အချောင်း စ်ရာလျှင် တစ်မတ် ရ၏။

သန်းရှာပေးခအဖြစ် လစ်ကို ကျွန်တော်က မွှေးမွှေးငါးခါ ပေးရ၏။

* * *

ကျွန်တော့်ချစ်သူက ကျွန်တော့်ကို နင်းပေးခြင်းနှင့်ပတ်သက်၍ မယုံ ည်က နေကြပါ။ ဇက်ကြောထိုး၍ ခေါင်းကိုက်သောအခါ နှိပ်ပေးသည် တော့ ယုံကြည်စေချင်ပါသည်။ တကယ်ပါ။ တစ်နေ့သ၌ ကျွန်တော့်ချစ် သော လစ်သည် သစ်ပုတ်ပင်ကြီး၏ ခြေရင်း၌ ကျွန်တော့်အား နှိပ်ပေးခဲ့ပါ သည်။

'မျက်နှာကြီးက ရှုံ့တွနေတာပဲ၊ ဘာဖြစ်နေတာလဲ'

'ဇက်ကြောတွေ တက်နေလို့'

'နှိပ်ပေးမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



ဝထမတော့ ယောက်ျားတန်မဲ့ ရှက်မိပါသေးသည်။ နောက်တော့သူငယ် ချင်း ပန်းချီဆရာတစ်ယောက် ပြောသော စကားတစ်ခွန်းကို သွားသတိရ ပါသည်။

'ဆန့်ကျင်ဘက်တို့ကို ဆီလျော်အောင် ပေါင်းစပ်ခြင်း' ဟူ၍ ဖြစ်ပါသည်

ဘွဲ့ယူသော အခါသမယ၌ စမတ်ကျကျ ဓာတ်ပုံရိုက်တတ်ကြသော တက္ကသိုလ်၏ အဓိကရဖြစ်သော၊ ချစ်သူတို့ ကွန်းခိုရာဖြစ်သော သစ်ပုတ်ပ ကြီးအောက်၌ လစ်သည် ကျွန်တော့်ကို ဇက်ကြောဆွဲပေးပါသည်။ နေ ဒေသနှင့် လုပ်ဆောင်ချက် ဆန့်ကျင်ဘက်နှစ်ခုကို ဆီလျော်အောင် ပေါ စပ်သောအခါ အလွန်ကြည်နူးစရာကောင်းသော 'အချစ်အချိန်' ကလေး ရပါသည်။

ကျွန်တော်တို့အဖြစ်ကို ကြည့်၍ ရယ်မောသွားကြသူများသည် လျော သည်ဖြစ်စေ၊ ပြောင်သည်ဖြစ်စေ ထိုတဒင်္ဂတွင် စိတ်ပျော်ရွှင်မှုတစ်ခုကို ကျွ တော်တို့နှင့် မျှဝေခံစားသွားရမည်ကတော့ သေချာပါသည်။

* * *

သစ်ပုတ်ပင်သည် ကျွန်တော်နှင့် လစ်တို့နှစ်ယောက်အဖို့တော့ အ ကြီးပါသည်။ ကျွန်တော်နှင့် လစ်သည် ဆိတ်ကွယ်ရာများကို သိပ်မလိုလ ကြပါ။ ကြည်နူးသာယာဖွယ်သော နေ့ရာများကိုသာ လိုလားကြပါသည် ရှိမ်းမည်လားတော့ မသိ။ ရိုးရိုးသားသားပြောရလျှင် ကျွန်တော်တို့သ မညစ်ပတ်ကြပါ။ ချစ်သူတို့ဘဝ သန့်ရှင်းစွာပင် ချစ်ခဲ့ကြပါသည်။

ယုံကြမလားတော့မသိပါ။ ကျွန်တော်တို့သည် ဂျတ်ဆင် ခေါ် ယုဒသ ဘုရားရှိခိုးကျောင်းအောက် ထောင့်ကွေးများထဲသို့ မရောက်ဖူးကြပါ။

ဆေးတက္ကသိုလ်ထဲသို့ နှစ်ခေါက်သုံးခေါက်မျှသာ ရောက်ဖူးပါသ ဝ/သ အခန်းထဲက အခန်းလွတ်များတွင်လည်း သုံးလေးကြိမ်သာ ဆုံဖူ



သည်။ ထိုအခါများတွင်လည်း တစ်ယောက်လက် တစ်ယောက် ကိုင်ပြီး စကားပြောနေကြခြင်းဖြင့် အချိန်ကုန်တတ်သည်သာ များ၏။ အဘယ် ကြောင့်ဆိုသော် လစ်ကို မွှေးမွှေးတစ်ခါပေးရဖို့ အလွန်မတန် စည်းရုံးရခက် သောကြောင့် ဖြစ်၏။ ပြီးကျတော့ ကျွန်တော်ကိုယ်တိုင်ကလည်း သည်မှာ ဘက်၌ သတ္တိနည်းသူဖြစ်၏။

မည်သို့ပင်ရှိစေ၊ ကျွန်တော်တို့၏အချစ်သည် သန့်စင်သည်ဟု ထိုအခါ က ယုံကြည်ခဲ့ပါသည်။ အို…ခုထက်တိုင်လည်း ယုံကြည်ဆဲပါလေ။

'အေး…အဲသလို စိတ်ကူးယဉ်နေ၊ မင်း တစ်နေ့ခံသွားရမယ်သူငယ်ချင်း၊ လက်မြန်တဲ့ကောင်နဲ့ တွေ့သွားရင် မိန်းမဆိုတာ ခက်သားလားကွာ' ဟူ၍ သတိပေးစကားပြောသော သူငယ်ချင်းတစ်ယောက်ကို ကျွန်တော် ဆယ်ရက် စကားမပြောဘဲ နေဖူးပါသည်။

ကျွန်တော်တို့၏အချစ်သည် သန့်စင်ရိုးသားသည်ဟု ဆိုသော်လည်း ပွင့် လင်းပါသည်။ ကျန်းမာရေးအကြောင်း၊ ဆေးဝါးအကြောင်းများအထိ ဆွေး နွေးဖူးကြသည်။ ကျွန်တော်တို့၏ ရှေ့ရေးကို တိုင်ပင်ကြသည်။ တစ်ခါတစ်ရံ သားရေး သမီးရေးအထိ ဖြစ်သည်။ သူ့စရိုက် ကိုယ့်ဝါသနာကို ကြိုတင် အသိပေးထားကြသည်။

ကျွန်တော်တို့သည် တစ်ချိန်ချိန်တွင် အိမ်ထောင်ပြုကြမည်မဟုတ်လား။

ရယ်စရာ ပြောရဦးမည်။

မည်သို့မည်ပုံ ပေါက်လာသည်တော့မသိ။ ကျွန်တော့်ခြေမတွင် ကြွက်နို့ တစ်လုံး ပေါက်လာပါသည်။ မီးရှို့ပြီး ဖြတ်ရသည်ဆိုသဖြင့် ကြိုးစားကြည့် သည်။ မီးလောင်ရာ ကျန်ရစ်ခဲ့သည်၊ ကြွက်နို့ကား မသေ။ ကြောင်နှုတ်ခမ်း မွေးနှင့် တို့ရသည်ဆိုသဖြင့် သီရိဆောင် အဆောင်မှူးအခန်းမှ ကြောင်မကြီး ကို ခိုးပြီး နှုတ်ခမ်းမွေးညှပ်ဖူးပါသည်။ ကြောင်အကုတ်ခံရပါသည်။ ဆပ်ပွ



www.burmeseclassic.com

www.burmeseclassic.com



နည်းကျသော နည်းလမ်း၊ လွယ်ကူသော နည်းလမ်း အတော်များများဖြင့် ကြိုးစားပါသည်။ မရပါ။

တစ်နေ့တွင် ကမာရွတ်လှည်းတန်း 'အလိမ္မာစာပေ' မှ ဦးစိန်လွင်ဆိုသူက နည်းလမ်းကောင်းတစ်ခု ပေးပါသည်။ ဦးစိန်လွင်သည် ရယ်စရာအလွန်ပြောတတ်သူဖြစ်သဖြင့် သူပေးသော နည်းမှာ ရယ်ဖွယ်အဖြစ်သာ အသုံးချရုံ ကောင်းပါသည်။

'လစ်...ဒီမှာ ကြည့်စမ်း'

'ဟင်... မောင် ညစ်ပတ်လှချည်လား၊ ကြွက်နို့ကြီး'

'ဆေးလိပ်မီးပွားကျရာက ဖြစ်သွားတာပဲ'

'ဒါကြောင့် ဆေးလိပ်ဖြတ်ပါ ဖြတ်ပါလို့ပြောတာ မရဘူး'

'အဲဒါ လစ် လက်သည်းနဲ့ ဆိတ်ပေးပါလား'

'အို...ဘာဆိုင်လို့လဲ'

'ဆိတ်သာ ဆိတ်ပေးစမ်းပါ၊ ပျောက်တယ်ပြောလို့'

လစ်သည် ယုံကြည်စွာ စေတနာရှိစွာပင် လက်သည်းရှည်ကလေးဖြင့် ဆတ်ခနဲ ဆိတ်ပေးပါသည်။

'မောင့်ဟာကလဲ ကြဲကြဲဖန်ဖန်၊ ကျွန်မလက်သည်းနဲ့ဆိတ်မှ ကြွက်နို့ပျောက်ရသတဲ့'

'ဟုတ်ဘူးကွ၊ အလိမ္မာစာပေက ဦးစိန်လွင်က ပြောလို့'

'ဘာတဲ့လဲ'

'သားကိုယ်ဝန်ရှိတဲ့ မိန်းကလေးလက်သည်းနဲ့ ဆိတ်ရင် ပျောက်တယ်ဆိုလို့'

'အို...ပေါက်တတ်ကရ'

ကြွက်နို့မရှိသော ကျွန်တော့်ပေါင်ကို လစ်က ထပ်၍ဆွဲဆိတ်လိုက်ပါသည်။

စဉ်းစားကြည့်ပါ၊ ကျွန်တော်နှင့် လစ်တို့ ကျီစယ်သောစကားမျိုးမှာ ဤ...သာ ဖြစ်ပါသည်။ ရိုင်းသလိုလိုနှင့် အလွန်ချစ်ဖို့ကောင်းပါသည်။ မညစ်...ပါ။

ကျွန်တော်တို့သည် ကျူးကျူးလွန်လွန်မဖြစ်ကြပါဘဲလျက် ကိုယ်ဝန်...င်ခြင်းကိစ္စကို ပျော်ရွှင်ဖွယ်အဖြစ် အသုံးချကြပါသည်။

အသုံးချတတ်လျှင် ဆဲရေးခြင်းသည်ပင် ယဉ်ကျေးမှုတစ်ပါး ဖြစ်ပါ...သည်။

* * *

မည်သို့ဖြစ်သွားသည် မသိ၊ ကျွန်တော့်ခြေမမှ ကြွက်နို့သည် ပျောက်သွားလေသည်။

ကြွက်နို့ဟူသည် လူ၏အရေပြားမှ ကလာပ်စည်းကလေးတစ်ခု ပျက်စီး...မှ စသည်ဟု ပြောသံကြားဖူးပါသည်။ မည်သို့ရှိစေ ကြွက်နို့ပေါက်ခြင်း...သည် အသားပျက်စီးခြင်းပင် ဖြစ်၏။

လစ်၏ လက်သည်းနှင့် ဆိတ်ခြင်းဖြင့် ပျက်စီးနေသော အသားသည်ပင် ...ကောင်းသွား၏။

သို့ရာတွင် လက်သည်းနှင့်မဆိတ်ဘဲလျက် ကျွန်တော့်နှလုံးသားသည် ...ကြောင့် ပျက်စီးသွားရသနည်း။ မြန်မာဆေးဆရာတို့ အစွမ်းထက်ကြပြီ...လျှင် ရောဂါကို လိုသည့်နေရာသို့ ပြောင်းရွှေ့ပေးနိုင်သည်ဟု ကြားဖူး၏။ ...င်းကိုက်လွန်း၍ မခံနိုင်လျှင် ဝေဒနာကို ခြေမ လက်မသို့ ပြောင်းပေးနိုင်...သည်ဟု ဆို၏။

လစ်သည် ကျွန်တော့်ခြေမမှ ကြွက်နို့ကို ကျွန်တော့်နှလုံးသားသို့ ပြောင်း...လိုက်သည် ထင်ပါသည်။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရက်မူးလျှင် 'ကဝေမ အယ်လစ္စဘက်' ဟု တစ်ခါတစ်... အော်တတ်ကြောင်း သူငယ်ချင်းတစ်ယောက်က ပြန်ပြောပြလေသည်။

စကတည်းက သူ့ကို လက်သည်းဖြင့် ဆိတ်မခိုင်းခဲ့လျှင် အကော... သား။ အခြားနည်းဖြင့် ကုစားနိုင်သေးသည်။ အို ... ခြေမ ဖြတ်ပစ်ရတော... မပေါ့၊ ခုတော့ ဝေဒနာသည် နှလုံးသားသို့ ရွှေ့လျားသွားပြီ။ သေရာပါတော... မည် ထင်သည်။

* * *

ဤမျှလောက် ပြောပြလိုက်လျှင် နားလည်နိုင်ကြမည်ထင်သည်။ မြန်... လူမျိုးတို့သည် ပုံပြင်နားထောင်ရင်း အရွယ်ရောက်လာရသူများဖြစ်... ပုံပြင်တို့သဘောကို မြန်မာတို့ ကောင်းစွာခံစားနားလည်နိုင်ကြ၏။

ဥဩဟုခေါ်သော ကျွန်တော်၏ပုံပြင်သည်လည်း သမားရိုးကျပုံပြင်... အတိုင်းပင် ဖြစ်လိမ့်မည်ကို သိပြီးဖြစ်ပါလိမ့်မည်။

မှန်ပါသည်။ လစ်သည် ကျွန်တော်၏ဘဝမှ ခွဲထွက်သွားခဲ့ပါသတည်... အို ... လစ် ကျွန်တော့်ကို စွန့်ပစ်သွားသည်မှ ကျွန်တော်၏ ဘဝ စသည်... လည်း ဆိုနိုင်ပါသည်။

'အချစ်သည် ဘဝ၏ အစ' ဟု ကျွန်တော် ယုံပါသည်။

* * *

လစ် ကျွန်တော့်ကို ပစ်ခွာသွားလျှင်သွားချင်း ပထမဆုံးသတိရလို... သော စကားမှာ ကျွန်တော့်သူငယ်ချင်း၏စကား ဖြစ်ပါသည်။

'မင်း လက်နှေးရင်တော့ ခံရလိမ့်မနော်၊ သိပ်စိတ်ကူးယဉ်မနေနဲ့'

သို့ရာတွင် ထိုစကားကို ခုတိုင် ကျွန်တော်လက်မခံနိုင်သေးပါ။ သန့်... စွာ ချစ်ခဲ့ကြလျှင် ခွဲခွာရမြဲဖြစ်သည်ဟူသော နိယာမကို ကျွန်တော် မှန်... သည်။ အဆုံးစွန် ဆိုပါမည်။ ချစ်သူဘဝ၌ မကျူးလွန်မိသည့်အတွက် ချ...



...ကို စွန့်လွှတ်ဆုံးရှုံးရမည်ဆိုလျှင် နှလုံးသားပါမက ရင်ထဲရှိသမျှကို ပေးစွန့်...ချင်ပါသည်။ အချစ်သည် ရယူခြင်းသက်သက် မဟုတ်ပါ။ စွန့်လွှတ်ခြင်း သက်သက်လည်း မဟုတ်ပါ။

အချစ်သည် အချစ်သာလျှင် ဖြစ်ပါသည်။ အခြား ဘာမျှမဟုတ်ပါ။

သို့ရာတွင် ချစ်ပြီးခါမှ စွန့်လွှတ်ရလျှင် ရင်နာရသည်။ ရယူရလျှင် ရင်...နာရပါ။ ထိုအချိန်တွင် ဘဝတစ်ခုသည် စတင်သည်ဟု ထင်၏။

ကျွန်တော်သည် လစ်ကို စွန့်လွှတ်ရပြီးသည့်နောက် ဘဝတစ်ခုကို စတင်...ပါသည်။

သို့ရာတွင် ထိုဘဝ၌လည်း လစ်ကို ချစ်လျက်ပင်နေခဲ့သည်တကား။

* * *

'မောင့်ကို ကျွန်မ ဘယ်တော့မှ မခွဲဘူး၊ ဘယ်အချိန်ဖြစ်ဖြစ် မောင့်နားမှာ ...ကျွန်မ အမြဲ ရှိနေမှာပါ၊ မောင်ယုံရဲ့လား'

ယုံခဲ့ပါသည်။ ယုံလွန်းသဖြင့်လည်း အလိမ်မိခဲ့သည် မဟုတ်လား။ သစ်...ပုတ်ပင် ခြေရင်း၌ တေးသံသွင်းဆိုင် တစ်ဆိုင်လောက် လာဖွင့်ကြစေချင်...သည်။ သူ့စကားကို စီ ဖိဝ တစ်ခွေစာအပြည့် သွင်းထားလိုက်ချင်သည်။

တကယ်သွင်းထားခဲ့လျှင်လည်း တကယ်ပင် ကက်ဆက်တစ်ခွေစာ ...နိုင်ပါသည်။ လစ်သည် ထိုစကားလေးကို အကြိမ်ပေါင်းများစွာ ပြောခဲ့ပါ...သည်။ ချစ်စရာကောင်းစွာ လိမ်ခဲ့ပါသည်။ ယုံသူကလည်း ယုံခဲ့သည်ကိုး။ ...မှာပေါ့၊ ချစ်နေကြသောကာလ မဟုတ်လား။ ချစ်နေကြလျှင် လိမ်လည်...သည်ပင် သစ္စာတရား မဟုတ်ပါလား။ သွားစမ်းပါ၊ အလကား ပရမ်း...တာ။

'မောင်ကလဲကွယ် ... ခက်လိုက်တာများနယ်၊ ကျွန်မ ပြောရတာလဲ ...ပြီ၊ မောင့်ကို ဒီတစ်သက် ဘယ်တော့မှ မခွဲဘူး၊ မောင့်အနားမှာ အမြဲရှိနေ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့၊ သိပါတယ်လေ ... မောင် ကျွန်မကို မယုံပါဘူး၊ ဘယ်ယုံပါ့မလဲ ကျွန်မလောက်မှ မောင်က မချစ်တာ'

လုံမပျိုတို့ ချွဲချွဲပျစ်ပျစ်ပြောသည့်ပုံစံမျိုးဖြင့် မဟုတ်ပါ။ ဆိုနင့်စွာ ပြော ခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း နောက်ဆုံးခြေအနေထိတိုင် ကျွန်တော် ယုံခဲ့ခြင်းပါ။

ထိုနောက်ဆုံးအခြေနေကား တခြားဟုတ်ပါရိုးလား။ သူတို့အိမ်က 'စေ့စပ်ချင်ပြီ' ဟု စိမ်ကြသောကာလဌ် ဖြစ်ပါသည်။

ထို့ကြောင့်ပင် ကနဦးကတည်းက ကျွန်တော်ဆိုခဲ့ပါပကော။ သမား ရိုးကျ ပုံပြင်များကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု။ စဉ်းစားကြည့်ပါ။

လစ်သည် လှသည်၊ ချမ်းသာ၏၊ ပညာတော်၏၊ ရိုးသားပွင့်လင်း၏၊ ကျန်းမာရေးနှင့် ညီညွတ်၏။

ကျွန်တော်သည် တေတေပေပေ နေ၏၊ ဆင်းရဲ၏၊ ကဗျာစပ်၏၊ မယ ဒလင်ဖြင့် သီချင်းညည်း၏၊ ကျောင်းပြေး၏။

ထိုနောက် ကျွန်တော်နှင့် လစ် ချစ်သွားကြ၏။ နင့်နေအောင် ချစ်၏။ ထားမတတ် ချစ်၏။ ခိုက်ခိုက်တုန်အောင် ချစ်၏။ ခြစ်ခနဲနေအောင် ချစ် ၏။

ရပါသည်။ အဘယ်သူမဆို ချစ်၍ရပါသည်။ ချစ်သဖြင့် အပြစ်မရှိပါ။ သူ့ဘာသာသူ ချစ်သွားကြသည်ကို ဘာမျှား တတ်နိုင်ဦးမည်နည်း။

ကျွန်တော်၌ မရှိသည်များ လစ်၌ ရှိသည်၊ လစ်၌ မရှိသည်များ ကျွန်တော် ၌ ရှိသည်။ ထိုအခါ ကျွန်တော်တို့ ချစ်သွားကြ၏။ ဆန့်ကျင်ဘက်တို့ ပေါင်း စည်းခြင်းသဘော ထင်ပါသည်။

သို့ရာတွင် ဆန့်ကျင်ဘက်တို့ ပေါင်းစည်းသောအခါ တစ်ခါတစ်ရံ ပေါင်း ကွဲ ရန်းကန်တတ်၏။ ပြဿနာဟု ထင်ပါသည်။



'မောင်တို့ လက်ထပ်ကြမယ်နော်'

'ဘယ်နေ့လဲ'

'တစ်နေ့နေ့ပေါ့'

'ဘွဲ့ရပြီးမှနော်'

'ဘွဲ့ရပြီးမှ၊ မောင်အလုပ်ရပြီးမှ'

'ကောင်းတယ် ... ကောင်းတယ်'

လစ် ပျော်သွားရှာပါသည်။ ပြီးကျတော့ ပျော်ရွှင်စွာပင် စကားတစ်ခွန်း ဆိုပါသည်။

'ဒါပေမဲ့ အိမ်က ကျွန်မကို သဘောတူထားတဲ့လူ ရှိတယ်မောင်ရဲ့'

ကျွန်တော်အလွန်ချောက်ချားသွားပါသည်။ သို့ရာတွင် လစ်သည် ပြုံးတုံ့ ရှက်ပါ။ သူသည် ဤကိစ္စအတွက် နည်းနည်းကလေးမျှ စိုးရိမ်ပုံမရ။ 'သူ့ ကိုယ်သူ ယုံသည်သဘောဖြင့် ကျွန်တော့်ကို ရိုးသားစွာ အကြောင်းကြားခြင်း သာ ဖြစ်ပုံရ၏။

'မောင်က စိတ်ပူလို့လား'

'လစ်ရယ် ... ချစ်သူဘဝမှာ ဒါပဲ စိတ်ပူစရာရှိတာပဲ'

'မပူပါနဲ့ကွယ်၊ ဒါက ကျွန်မသဘောတစ်ခုပါ၊ ကျွန်မ ခေါင်းခါလိုက်ရင် ပြီးတာပဲ'

'ခေါင်းခါပြီးပြီလား'

'သူတို့ကမှ အတိအလင်း မပြောသေးတာ'

'မပြောဘဲနဲ့ စီစဉ်လိုက်ရင်ကော'

'လုပ်ကြည့်ပါလား'

'လုပ်ပါပြီတဲ့'

'မောင်သာ အသင့်ပြင်ထား၊ မောင့်ဆီကို ပြေးလာမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်...'

'မောင်ရယ်...ကျွန်မ မောင်နဲ့ ခွဲမနေနိုင်ပါဘူး၊ တစ်သက်လုံး မောင့်အနား မှာပဲ နေမှာပါ၊ ကျွန်မလေ မောင့်ကို သိပ်ချစ်တာပဲ'

ကျွန်တော့်ရင်ခွင်၌ ခေါင်းမှီ၍ နေလိုက်ပုံကလေးမှာ တစ်သက်လုံး အတွက် 'အုံးစက်ရာ' ဟု ထင်ရသလားပင်။ ကျွန်တော်မှ မယုံလျှင် သူ့စကား ကို ဘယ်သူယုံမည်နည်း။

* * *

'အရေးတော်ပုံတော့ ပေါ်ပြီ မောင်'

'သူတို့ စီစဉ်လိုက်ကြပြီလား'

'ဟင့်အင်း၊ ကျွန်မကို ဖွင့်ပြောပြီ'

'ဘာပြောလိုက်လဲ'

'ဘာမှ မပြောလိုက်ဘူး'

'ခေါင်းခါလိုက်မယ်ဆို'

'သူတို့က အတင်းအကျပ် မပြောသေးလို့ပါ'

'မောင် စိတ်ပူချင်လာပြီ လစ်ရယ်'

'ကွယ်...မောင်ကလဲ၊ ကျွန်မ ပြောထားပြီးသားပဲ၊ ဓွတ်လုပ်တာနဲ့ မော... ဆီကို ပြေးလာခဲ့မှာပါလို့'

* * *

'မောင်...ဖေဖေက ဒါလောက်မဟုတ်ဘူး၊ မေမေက အတင်းစီစဉ်... ချင်ပြီ'

'အဲဒီတော့...'

'ကျွန်မ ခေါင်းခါလိုက်ပြီ'

'အဲဒီတော့...'

'မေမေနဲ့ ကျွန်မ စကားမပြောတာ ဆယ်ရက်ရှိသွားပြီ'

'လစ်ရယ်...'

'မောင်ရယ် စိတ်မပူပါနဲ့လို့ ကျွန်မပြောထားသားပဲ'

* * *

'ဖေဖေက မေးတယ် မောင်'

'ဘာတဲ့လဲ'

'ကျွန်မမှာ ချစ်သူရှိနေသလားတဲ့'

'ဘာပြောလိုက်သလဲ'

'မောင့်အကြောင်းတွေ ပြောပြလိုက်တာပေါ့'

'သူက ဘာပြောသလဲ'

'လုံးဝသဘောမတူနိုင်ဘူး တဲ့'

'အဲဒီတော့'

'ကျွန်မ ငိုခဲ့ရတယ် မောင်ရယ်'

'မောင် ဘာလုပ်ရမလဲ'

'မောင် ဘာမှလုပ်စရာမရှိပါဘူး၊ လုပ်စရာရှိတာက ကျွန်မပါ၊ ကျွန်မက ...င့်အနားမှာ တစ်သက်လုံးနေချင်တယ်ကွယ်'

* * *

**မောင်ရေ...**

ကျောင်းလာရင်လဲ အိမ်က လူစောင့် အမြဲထည့်ပေးနေလို့ မောင်နဲ့ တွေ့ခွင့်မရတာ ခွင့်လွှတ်ပါ။ သူတို့က အတင်းကြပ်မတ် နေကြတယ်။ ကျွန်မတို့ မသိလိုက်ဘာသာ နေကြရအောင်။ သူတို့ ယုံလောက်အောင် ကြိုးရှည်ရှည်နဲ့ လျှော့ထားဦးစို့၊ အတူနေရဖို့ နီး လာပြီမောင်ရေ။

**လှစ်**

* * *

www.burmeseclassic.com



**မောင်ရယ်...**

ခွတ်ပဲ။ ကျွန်မကို မယုံလို့လား။ တွေ့ချင်လှချည်ရဲ့ဆိုလို့ တွေ့လိုက်ပါရဲ့၊ တစ်ခါနီး တစ်ခါမိပဲ။ မောင်နဲ့ မနေ့က တွေ့ကြတာ အိမ်က သိသွားတယ်။ ဒါကြောင့် မောင့်ကိုပြောတာ၊ သူတို့ယုံကြည်အောင် နေပြကြဦးစို့လို့။ ခုတော့ ဘယ့်နှယ်လုပ်မလဲ၊ ပိုပြီး တင်းကျပ်လာပြီ။ ဖေဖေက လစ်ကို မရိုက်စဖူးရိုက်တယ်မောင်။ အရိုက်ခံရတာထက် မောင်နဲ့တွေ့ခွင့်မရတာမှ ပိုနာတယ် သိလား။

အားမလျှော့ပါနဲ့ကွယ်။ သူတို့က ခွတ်လုပ်ရင် ကျွန်မလည်း ခွတ်လုပ်မှာပဲ။ ငွေလေးဘာလေး စုဆောင်းထားပေတော့ မောင်ရေ။

**အချစ်ဆုံး ချစ်**

* * *

**မောင်ကြီး ...**

သိပ်လည်း စိတ်မပူသွားနဲ့ဦး၊ သိသင့်တယ်ထင်လို့ မောင့်ကို ကြိုတင်ပြောထားတာ။ မနေ့က ဟိုလူနဲ့ သူ့မိဘတွေ ပြင်ဦးလွင်က ရောက်လာကြတယ်။ ကျွန်မကတော့ ရေလိုက်ငါးလိုက်ပဲ နေပါတယ်။ ခုနေခါ တင်းတင်းနေပြရင် အခြေအနေ ပိုရှုပ်ထွေးသွားမှာ စိုးလို့။ အမယ် ...လူကတော့ လူချောကြီး ဆရာ။ မောင့်ထက် ချောတယ်၊ ကြိုက်တောင် ကြိုက်ချင်လာပြီ၊ ဟီ... ဟိ။ မောင် ကျွဲမြီးတို သွားပြီလား၊ မောင့်ကို အရင်ကလို လူချင်းတွေ့ပြီး ကျီစယ်ချင်လိုက်တာကွယ်။

နေဦး... အတူနေရမှ တစ်သက်လုံး ကျီစယ်ပြမယ်။

**မောင့်အချစ် ချစ်**

* * *



**အချစ်ဆုံး မောင် ...**

သူတို့ ခုထိ မပြန်ကြသေးဘူး။ 'စေ့စပ်ပြီးမှ ပြန်ကြတာပေါ့' တဲ့ လာချည်သေးရဲ့၊ သူတို့စိတ်ထဲကတော့ သိပ်ပိုင်နေပြီပေါ့လေ။ ဟာ ဟာ ... ရယ်များတောင် ရယ်လိုက်ချင်သေးတယ်။

ရယ်ချင်နေပေမယ့် ငိုလို့ချည်း နေရတယ် မောင်ရယ်။ ကျွန်မကို သူတို့က စက်ရုပ်တစ်ရုပ်လို သတ်မှတ်နေကြတယ်။ ရုပ်ကိုသာ ချုပ်လို့ရမယ် မောင်၊ ကျွန်မစိတ်ကို ချုပ်လို့ ဘယ်တော့မှ မရဘူး။ ကျွန်မစိတ်က မောင့်ဆီမှာ အမြဲပဲ။ မောင်ရေ ... စိတ်သွားရင် ကိုယ်ပါရသတဲ့။ မောင် ကဗျာဆရာပဲလေ၊ သိမှာပါ။

မောင့်ဆီကို စိတ်ရော ရုပ်ရော တစ်နေ့တော့ ရောက်လာမှာပါ။ ဘယ်လောက်ကြာရင်လဲလို့ မမေးနဲ့မောင်၊ သူတို့က မြန်မြန်စီစဉ်လေ၊ မောင့်ဆီ ကျွန်မရောက်လာဖို့အချိန် နီးကပ်လာလေသာ မှတ်ပေတော့။ ခုလောက် အချုပ်အနှောင်ခံရတာကိုပဲ တစ်ခါတစ်ခါ ပျော်မိသေးတယ်။ မောင်နဲ့ အတူနေရတဲ့အခါ လွတ်လပ်ဖို့ ခုကျပ်တည်းနေရတဲ့သဘောပဲ ဖြစ်မှာပေါ့။ မောင်ပြောဖူးသားပဲ၊ အချုပ်ချုယ်ခံရလေ၊ လွတ်လပ်ခြင်းရဲ့အရသာကို ပိုသိရလေပဲလို့။

မောင်ရယ် ... အတူနေချင်လှပြီကွယ်။

**အချစ်ဆုံး ချစ်**

* * *

**မောင်လို့ ခေါ်ရမှာတောင် အားမရနိုင်အောင် ချစ်ရတဲ့ မောင် ...**

မောင့်ဆီက စာတွေ မေမေမိသွားပြီ။ ကျွန်မကို ဖေဖေ ရိုက်ပြန်ပြီမောင်၊ 'ရိုက် ရိုက် ... မကြာခင် ကျွန်မချစ်သူနဲ့ အတူနေရတော့



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ အားရအောင် ရိုက်ထား’လို့ ပြောချင်လိုက်တာ၊ ပါးစပ်ကို ယားနေတာပဲ။ အောင့်အည်းနေရတယ်။

ဒါပေမဲ့မောင်ရယ် ... မောင့်စာတွေ သူတို့ ဖတ်ပြီးပြီ ဆိုကတည်းက မောင်နဲ့ကျွန်မရဲ့ အစီအစဉ်တွေကိုလဲ သူတို့ သိပြီးပြီပေါ့။

စိတ်တော့ မလျှော့လိုက်လေနဲ့ မောင်၊ မောင်သိအောင် ပြောပြထားတာ။ ကျွန်မကို ကျောင်းထုတ်လိုက်ကြပြီ။ ကောင်းပါတယ် မောင်ရယ်၊ ကျွန်မတို့ အတူနေကြတဲ့အခါ ကိုယ့်ဘာသာ ကျောင်းထွက်ဖို့အတွက် စဉ်းစားစရာတစ်ခု လျော့သွားတာပေါ့။

ကျွန်မလဲ ရရာအလုပ်တစ်ခု ဝင်လုပ်မယ်၊ မောင် မတားဘူးနော်။ ပြီးတော့ လုပ်သားကောလိပ် ပြောင်းတက်မယ်လေ၊ နော် မောင်။ မောင်ပြောသလို ကျွန်မ ဘွဲ့ရမှာနဲ့ သားသားလေး ရမယ့် အချိန်နဲ့ အကိုက်ပဲ မောင်ရေ။ မတော်လို့များ ဘွဲ့ယူခါနီးမှ ကိုယ်ဝန်ရင့်လာရင်တော့ အဟက် ... ဘွဲ့ဝတ်စုံနဲ့ ဗိုက်နဲ့တော့ ဟပ်နေမှာပဲ။

မောင်ရေ ... ပျော်လိုက်တာကွယ်၊ အတူနေရတော့မယ်။ သူတို့ မြန်မြန်စေ့စပ်ကြပါစေ၊ နက်ဖြန် စေ့စပ်ရင် ဒီနေ့ ကျွန်မ မောင့်ဆီ ရောက်လာပြီသာ မှတ်။

**ချစ်ရဲ့ ချစ်**

* * *

***မောင်*** ...

နောက်ထပ်စာမရေးတော့နဲ့။ သူတို့ မိသွားဦးမယ်။ ကျွန်မပဲ ရေးမယ်။

**ချစ်**

* * *

***ဟယ်*** ... ***မောင်ရယ်*** ...

ဖေဖေရယ်ပေါ့၊ ဘယ်လောက် လျှင်သလဲ၊ ကြည့်လေ ... စေ့စပ်ပွဲကို ပြင်ဦးလွင်မှာသွားလုပ်မလို့တဲ့။ ဟိုလူနဲ့ သူ့မိဘတွေလဲ ခုထိ မပြန်ကြသေးဘူး။ သူတို့နဲ့အတူ ကျွန်မရော၊ ဖေဖေ၊ မေမေရော ပြင်ဦးလွင်လိုက်သွားကြပြီး ဟိုမှာ စေ့စပ်မယ်တဲ့။ ညက ကျွန်မကို ပြောတယ်။ ပြီးတော့ အကျိုးမဲ့မေးခွန်း မေးသေးတယ်။ ‘သဘောတူရဲ့လား’ တဲ့။ မောင် ဘယ်လိုထင်သလဲ။ ဒါပေါ့ မောင်ရဲ့။ ကျွန်မ ခေါင်းညိတ်လိုက်တယ်။ အို ... ဖေဖေဆိုတာ နှုတ်ခမ်းမွေး တသသနဲ့၊ ‘ဒါမှ ငါ့သမီးကွ’ တဲ့။

မေမေကတော့ ဘယ်စိန်နားကပ် ပန်ရမယ်ဆိုတာ ခုကတည်းက ရွေးနေပြီ။ သူတို့ဘက်က ချမ်းသာတော့ သူတို့အဆင့်မီလောက်အောင်တော့ ပြင်ရမှာပေါ့တဲ့။ မေမေ့ ပုလဲပုတီးနဲ့ မေမေ့သွားဟာ အရောင်တွေ ထွက်နေလေရဲ့။ အင်း ... ကိုယ့်မိဘ ကိုယ် ဒုက္ခပေးရမှာ အားတော့ နာပါရဲ့၊ ဒါပေမဲ့ ဆောရီးပဲ မောင်ရေ။ မိအဲလစ်တို့က ‘ဘူးဆိုရင် ဖရုံမှ မသီးတာ’၊ ဒီတော့ ပြင်ဦးလွင်သွားမယ့် ရက်မတိုင်ခင် မောင့်ဆီ ကြိုပြီးအကြောင်းကြားမယ်၊ မောင် သစ်ပုင်ပင်ခြေရင်းကသာ စောင့်ပေရော့။

**မောင့်ရဲ့ ချစ်**

* * *

***အချစ်ဆုံး မောင်*** ...

လာမယ်စနေနေ့ ပြင်ဦးလွင်သွားဖို့ စီစဉ်ပြီးပြီ။ ကျွန်မလဲ အထုပ်အပိုး ပြင်ပြီးပြီ။ သူတို့နဲ့ ခရီးထွက်ဖို့ မဟုတ်ဘူး၊ မောင့်နောက် လိုက်ဖို့။



www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့ည သစ်ပုတ်ပင်ခြေရင်းမှာ စောင့်၊ လစ်တာနဲ့ ထွက်ခဲ့မယ်။ သူတို့ကတော့ ကျွန်မကို လုံးဝယုံကြည်နေကြပြီ။ ဒါပဲမောင်၊ စာရေးချိန် သိပ်မရဘူး၊ ကျွန်မ မလာမချင်းသာ စောင့်ပေတော့။ သစ်ပုတ်ပင်စောင့် နတ်ကြီးရေ။

**မောင့်မယား**

* * *

မည်သို့ ထင်ကြပါသနည်း။ မည်သို့မျှ မထင်ကြပါလေနှင့်။ စကတည်းက ဇာတ်သိမ်းကို ကျွန်တော်ပြောခဲ့ပါပြီလေ။ လစ်သည် ကျွန်တော့်ကို ခွာခဲ့ပါပြီ။ ပြင်ဦးလွင်သို့ ပျော်ရွှင်စွာ ထွက်ခွာသွားလေပြီ။

သူ့စကားဆိုလျှင် အမြဲယုံရမည်ဟု ကျွန်တော့်ဇာတာ၌ ပါခဲ့လေသလား မသိ။ ကျွန်တော်သည် နောက်ဆုံးစာအထိ ယုံကြည်ခဲ့ပါ၏။ တခြား မကြ နှင့်၊ သစ်ပုတ်ပင်ခြေရင်း၌ စောင့်ခဲ့သည်မှာ ခုနစ်နှစ်တိုင်ပြီကော။

ဩော်... သစ်ပုတ်ပင်စောင့်နတ် ကျွန်တော့်ကို မည်သူ ချွတ်မည်နည်း။ မည်သူ အမှုဝေမှ ကျွတ်မည်နည်း။ ဘဒ္ဒကမ္ဘာ၌ ကျွန်တော်သည် သစ်ပုတ်ပင်စောင့်နတ်ဘဝ၌သာ စွဲကပ်နေမည် ထင်သည်။

* * *

ကျွန်တော့်ကို 'ချွေး' ဟုသာ ခေါ်ကြပေတော့၊ စာပေါင်း ခုနစ်စောင် လုံး ဖတ်ပြီးမှ မသိခဲ့ပါတကား။ နှစ်တုံးစားလို့မှ မစင်မှန်းမသိသူထက် တော်က မိုက်ပါသည်။

စဉ်းစားကြည့်ပါ၊ တကယ်ဆိုလျှင် သူ့စာများသည် အဓိပ္ပာယ်မဲ့ သည်။ သူ့မိဘများက အတင်းအကျပ်စီစဉ်ပြီဆိုကတည်းက ကျွန်တော် လိုက်ခဲ့ဖို့ သူကြိုးစားရမည်။ စေ့စပ်ပွဲ နက်ဖြန်လုပ်တော့မှ သည်နေ့မှ တော့်ထံ အရောက်လာမည်ဆိုသည်မှာ အဓိပ္ပာယ်မရှိ။ ဒါကို ကျွန်တော်က ကြိုတင် သိထားဖို့ကောင်းသည်။ ခုတော့ သူ့စကားမှန်သမျှ ယုံခဲ့သည်။

တကယ်တော့ ကြိုးရှည်ရှည် လှန်ပြီး အနုပ်ခံရသူမှာ ကျွန်တော်သာ ည်း။

* * *

ထိုသောကြာနေ့က တစ်နေ့လုံး တစ်ညလုံး ကျွန်တော် စောင့်ခဲ့ပါသည်။ စ်နှင့်တူသောအရာ ဆိုလို့ ဖိုးလမင်းလည်း မသာပါ၊ လေပြည်လေညင်း ည်း မလာပါ။ နားနှင့်မနာ ဖဝါးနှင့်သာ နာကြပါတော့။ ကျွန်တော်သည် ညက အပေါ့အပါးသွားချင်သည်ကိုပင် အောင့်အည်းကာ နေခဲ့ပါသည်။ သွားမှာ စိုးလို့။

နောက်တစ်နေ့ တစ်နေ့လုံး၊ နောက် တစ်ညလုံး၊ သုံးရက်မြောက်သော နံနက်လင်းစတွင် ကျွန်တော်သည် သစ်ပုတ်ပင်ခြေရင်းမှာ ငိုက်ခနဲ အိပ် သွားခဲ့ပါသတည်း။ ထိုအချိန်ကျမှ ကျွန်တော်ချစ်သော လစ် ရောက်လာ တော့သည်။ ဒါပေါ့၊ ဒါပေါ့။ အိပ်သောအခါမှ ရောက်လာလျှင်တော့ မက်ပေါ့။ လစ်နှင့် ကျွန်တော် နိုးပြေးကြသည်ဟု အိပ်မက်မြင်မက်ပါ ည်။

တကယ်တမ်း ကျွန်တော့်ထံ ရောက်လာသူများကား သူငယ်ချင်းများ တည်း။

* * *

ဤတွင် ဇာတ်မသိမ်းပါ။

ကျွန်တော်ပြောခဲ့သော သမားရိုးကျပုံပြင်များနှင့် လမ်းခွဲ၍ ဇာတ်သိမ်း ည်ဟု ကျွန်တော်ကိုယ်တိုင်ပင် မသိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်နှစ်တာကာလပတ်လုံး သစ်ပုတ်ပင်အောက်မှာ သီချင်းသည်အဖြ လွမ်းခဲ့သော ကျွန်တော်။

အစဉ်အဆက် ရောက်လာကြကုန်သော အချစ်သမားကလေးများ၏ အဆွေးခေါင်းဆောင်ကြီးအဖြစ် ရပ်တည်ခဲ့သော ကျွန်တော်။

ကဗျာတွေ ရေးရင်း စာတွေရေးရင်း စာရေးဆရာတစ်ယောက် ဖြစ်လ ခဲ့ရသော ကျွန်တော်။

ကျောင်းအထုတ်ခံလိုက်၊ စာမေးပွဲပြန်ဖြေလိုက်၊ ကျောင်းသားပြန်ဖြ လိုက်နှင့် ကျောင်းသားအိုကြီးဖြစ်ခဲ့ရသော ကျွန်တော်။

လမိုက် လသာ ညမရွေး မယ်ဒလင်ကလေးနှင့် သစ်ပုတ်ပင်စောင့်န ဖြစ်ခဲ့ရသော ကျွန်တော်။

လစ်မှ လွဲလျှင် ကမ္ဘာပေါ်တွင် မိန်းမဟူ၍ မရှိတော့ပြီဟု ထင်မှတ်ခဲ့သေ ကျွန်တော်။

ထို ကျွန်တော့်ကို တစ်စုံတစ်ယောက်က လာ၍ လှုပ်နှိုးလိုက်လိမ့်မည် မိမိဘာသာပင် မသိခဲ့ပါ။

အိပ်ပျော်ခြင်းကြောင့် နိုးထခြင်း ဖြစ်လာရသည်။ အိပ်မက်ကြော တကယ့်ဘဝ ရှိလာရသည်။

အချစ်၌ ခုနစ်နှစ်တာကာလပတ်လုံး ငြိမ်သက်နေရာမှ တစ်ခုသော တွင် ကျွန်တော်သည် ဘဝဟူသော အရာထဲသို့ ရုတ်တရက် ရောက်ရှိခဲ့ တော့သည်။

အိပ်မက်ထဲမှ ကျွန်တော့်ကို ဆွဲထုတ်လိုက်သူမှာ 'သစ်သစ်' ဖြစ်ပါသည်

သစ်သစ်ကို မြင်မြင်ချင်း ကျွန်တော်သည် ဦးသိန်းဖေမြင့်၏ 'အရှေ နေဝန်းထွက်သည့်ပမာ' ဝတ္ထုထဲမှ ဇာတ်ကောင် မခင်သစ်ကို လက်ခနဲ သ လိုက်ပါသည်။ ထိုဝတ္ထုဖတ်ရစဉ်ကတည်းက မခင်သစ်ကို ကျွန်တော်ခ



လေးစားခဲ့ပါသည်။ မခင်သစ်၏ ဇာတ်ကောင်စရိုက်ကို ကျွန်တော် ကြိုက် ပါသည်။

သစ်သစ်သည် မခင်သစ်နှင့် တူပါသည်။

သစ်သစ် တတိယနှစ်ကျောင်းသူဘဝတွင် ကျွန်တော်နှင့် စတင်သိကျွမ်း ခဲ့ပါသည်။ ထိုအချိန်သည် ကျွန်တော်၏ သစ်ပုတ်ပင်စောင့်နတ်ဘဝ၏ နောက်ဆုံးနှစ် ဖြစ်ပါသည်။ သစ်သစ်သည်လည်း သစ်ပုတ်ပင်စောင့်နတ် ကိုဥသြကို သိထားသူတစ်ယောက်ပင် ဖြစ်သည်။ ကျွန်တော်နှင့် ခင်မင်စ တွင် ထိုအကြောင်း ဖွင့်ပြောပါသည်။

'ကျောင်းရောက်စ အစ်ကို့သတင်းကြားရတော့ သူငယ်ချင်းတွေနဲ့ ပြော ပြောပြီး ရယ်မိသေးတယ်'

'ကြောင်တယ်ပေါ့လေ ...ဟုတ်လား'

'အင်းပေါ့၊ ဒါပေမဲ့ နောက်တော့ တဖြည်းဖြည်း အစ်ကို့ကို သနားလာ မိတယ်'

သူ သနားသည် ဆိုသောအချိန်တွင် သူသည် ကျွန်တော်နှင့် လစ်၏ အကြောင်းကို မသိသေးချေ။ တစ်ယောက်တစ်ပေါက် စိတ်ကူးဖြင့် ပြောကြ သော ကိုဥသြ၏ လွမ်းမောဖွယ်ပုံပြင်များကို ကြားရရုံသာ ရှိပါသေးသည်။ တကယ့်အဖြစ်ကို သူ မသိ။ သူမှမဟုတ်၊ မည်သူမျှမသိ။ ကျွန်တော်ကလည်း ည်သူ့အားမျှ ဖွင့်မပြောဖူးခဲ့ပါ။

သစ်သစ်သည် ကျွန်တော်၏ စာတွေ ဖတ်ရင်း ကျွန်တော်နှင့် တစ်စ တစ်စ သိကျွမ်းဝင်လာသူ ဖြစ်သည်။

ကျွန်တော်၏ ဝတ္ထုများသည် အလွမ်းဝတ္ထုများသာ ဖြစ်လိမ့်မည်ကို ပြော ရန် လိုမည်မထင်ပါ။ ကျွန်တော်၏ ဝတ္ထုတိုင်းလိုလို စာဖတ်သူထဲသို့ စိမ့် ၀င် တိုးသွားတတ်ပါသည်။ ပရိသတ် လုံးဝလက်မခံသော ဝတ္ထုတစ်ပုဒ်သော



www.burmeseclassic.com

www.burmeseclassic.com



ပါပါသည်။ ထိုဝတ္ထု၏အမည်မှာ 'သစ်ပုတ်ပင်စောင့်နတ်' ဟူသတည်း။ ကျွန်တော်တော့ ထိုဝတ္ထုကို အကြိုက်ဆုံးဖြစ်၏။

'အစ်ကိုဝတ္ထုအားလုံးထဲမှာ သစ်ပုတ်ပင်စောင့်နတ်ကို အကြိုက်ဆုံးပဲ၊ ရေးဟန်ရော၊ အကြောင်းအရာရော၊ ရည်ရွယ်ချက်ရော၊ အကြိုက်ဆုံးက တော့ စိတ်ကူးဟာ လက်တွေ့နဲ့ ကင်းကွာလို့မရဘူးဆိုတဲ့ အယူအဆပဲ'

ဤနည်းအားဖြင့် သစ်သစ်ကို ကျွန်တော်သတိထားမိလာခဲ့ပါသည်။ ဤ သို့ စတင်ပြီး ခင်မင်လေးစားခဲ့ရာမှ ...

နောက်တော့လည်း သူ ကျွန်တော့်ကို မေတ္တာရှိနေမှန်း သိလာရသည်။ ကျွန်တော်လည်း သူ့ကိုစိတ်ဝင်စားလာမိသည်။ ကျွန်တော်ဝန်ခံပါမည်။ သစ်သစ်ကို လစ်ကဲ့သို့ ကျွန်တော်မချစ်ပါ။ လစ်မှလွဲ၍လည်း မည်သူ့အား ဦးစွာသောအချစ်နှင့် မချစ်နိုင်ပါ။

အချိန်မှာ အချစ်မှ ဘဝသို့ ကူးချိန်တန်ပါပြီ။ ကျွန်တော်သည် သစ်သစ် အား လက်ထပ်ခွင့်တောင်းသောနေ့တွင် လစ်နှင့် အဖြစ်အပျက်အစုံအလင် ကို ပြောပြလိုက်ပါတော့သည်။

သစ်သစ် ငိုပါသည်။

'သစ်သစ် ကံဆိုးတယ် အစ်ကို'

'ဘာလို့လဲ သစ်သစ်'

'အစ်ကို့အချစ်ကို သစ်သစ် မရလို့ပါ'

'ရပါတယ် သစ်သစ်၊ ဘဝနဲ့နီးစပ်တဲ့ အချစ်ကို သစ်သစ် ရပါတယ် သစ်သစ်ဟာ အသီးကို စားရတဲ့သူနဲ့ တူတယ်၊ အပင်ကို ပျိုးခဲ့တာက လစ် ပါ၊ တကယ် သနားစရာကောင်းတာက လစ် ပါကွယ်'

'ဒါပေမဲ့ အစ်ကိုရယ် ...အချစ်ဆိုတာ ဘဝနဲ့နီးစပ်လာလေလေ၊ တန် နည်းသွားလေမဟုတ်လား'

'စိတ်မကောင်းပါဘူး သစ်သစ်ရယ်၊ ဒါပေမဲ့ သစ်သစ်ကို ကိုယ်မလိမ် င်ဘူး၊ ဒါကြောင့် ဖွင့်ပြောတာ'

'သစ်သစ်ကို မလိမ်ချင်တာကိုက သစ်သစ်ကို ချစ်တာပဲလို့ သစ်သစ် ဆပါ့မယ်နော်'

သစ်သစ်သည် ထိုနေ့မှစ၍ ပျော်နေရှာပါသည်။ အပြစ်ကင်းမဲ့စွာ၊ ရိုး းစွာ၊ ကရုဏာသက်စွာ၊ အားကိုးစွာ၊ ယုံကြည်စွာ၊ မျှော်လင့်စွာ သစ်သစ် ည် ကျွန်တော့်ကို တွယ်တာနေပါတော့သည်။

သို့ရာတွင် သစ်သစ်၏မျက်လုံးထဲတွင် အကြောင်းတရားတစ်ခုကို ကျွန် ာ် အမြဲလိုလို တွေ့နေရပါသည်။ ထိုအကြောင်းတရားသည် လျှို့ဝှက်လှ ည်။ ကျွန်တော်စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်သည်။ ဘာမှန်းလည်း န်တော် မသိရ။ တစ်ခုတော့ရှိသည်။ သစ်သစ်၏မျက်လုံးသည် ကျွန်တော် သိသေးသောအကြောင်းတစ်ခုကို သိနှင့်နေသလို ဖြစ်သည်။ ထိုမျက်လုံး လစ်အကြောင်း သူ့အား ဖွင့်ပြောသည့်နေ့မှစ၍ တွေ့ခဲ့ရသည်။

လစ်၏အကြောင်းကို ကျွန်တော့်ထက် သစ်သစ်က ပို၍သိနေခြင်းပင် သည်ဟု ထိုစဉ်က ကျွန်တော်လုံးဝမသိခဲ့ပါတကား။

* * *

ဤသို့အားဖြင့် သစ်သစ် တတိယနှစ်မှာ ကျွန်တော်တွဲ့ရသည်။ မဂ္ဂဇင်း ခုတွင် အယ်ဒီတာအလုပ် ရသည်၊ ဘဝတစ်ခု အခြေခိုင်လာသည်ဟု ဆို ပါသည်။ သစ်သစ်ကို လက်ထပ်နိုင်ဖို့ အချိန်အခါကို တောင်းသည်။ သစ် မိဘများနှင့်လည်း သဘောတူညီမှုရသည်။ အစစ အဆင်ပြေသည်။ ဘဝ သည် တစ်ခါတစ်ခါ အဆင်ပြေတတ်သည်ပဲလေ။ သစ်သစ် ဘွဲ့ရပြီးလျှင် ထပ်ကြမည်ဟု သဘောတူညီမှုကို ရလေသည်။ ထိုနေ့မှစ၍ သစ်ပုတ် သည် ကျွန်တော်နှင့် ဘာမျှမဆိုင်သလို ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥသြသည် သစ်ပုတ်ပင်ထက်မှ လွတ်ထွက်ရန်းကန်၍ အဆုံးမရှိ လွ... လပ်သော လေဟာပြင်ထဲသို့ ပျံဝဲတက်သွားပါသည်။

* * *

'ကိုကို ... သစ်သစ် ကိုကိုနဲ့ စကားနည်းနည်းပြောချင်တယ်'

ကျွန်တော်ပြောခဲ့သော သစ်သစ်၏ မျက်လုံးအိမ်ထဲမှ လျှို့ဝှက်ချက်သည် စကားလုံးများအဖြစ် ပြောင်းလဲလာတော့မည်ဟု ကျွန်တော်သိလိုက်သည်

နက်ဖြန်မနက် ကျွန်တော်တို့ တရားရုံးတစ်ခုမှာ လက်ထပ်ကြမည် သည်ကနေ့ညသည် လျှို့ဝှက်အပ်သော အရာအားလုံး ချုပ်ငြိမ်းသင့်ပြီ။

'ပြောလေ သစ်သစ်၊ ဘာပြောချင်သလဲ'

'သစ်သစ်တို့ တစ်နေရာရာ သွားရအောင်'

'သွားလေ၊ ဘယ်သွားချင်လဲ'

'ကိုကို စိတ်မဆိုးရဘူးနော်၊ စိတ်မကောင်းလဲ မဖြစ်ရဘူး ... ဟုတ်လား'

'အင်းပါ၊ ခုအချိန်မှာ ကိုကိုပျော်နေမယ်ဆိုတာ သစ်သစ်သိသားပဲ'

'ဒါဖြင့် သစ်သစ်သွားချင်တဲ့နေရာ လိုက်ပို့ရမယ်'

'ဆိုဗျာ ... ဘယ်ကိုလဲ'

'သစ်ပုတ်ပင်အောက်ကို ... ကိုကို'

'ဘာရယ် ... သစ်သစ်'

ကျွန်တော်၏ ရင်ညွန့်တွင် ဒွန့်ခနဲ ခုန်သွားသည်ကို သစ်သစ် မသိအောင် ဟန်ဆောင်နေရပါသည်။

'ကိုကို စိတ်ညစ်သွားလား'

ကျွန်တော် ဘာဖြေရမှန်းမသိ။ မသွားချင်သည်မှာတော့ သေချာသည် မေ့လိုက်ချင်ပြီ သစ်ပုတ်ပင်။ သစ်သစ်ကိုကြည့်လိုက်သောအခါ က... ငယ်ကဲ့သို့ ပြုံးနေပါသည်။ သူ့အပြုံးသည် မိဘ၏ ခွင့်ပြုချက်ကို တော...



နေသော ကလေးငယ်တစ်ဦး၏ အပြုံးမျိုး ဖြစ်သည်။ ကျွန်တော်ခေါင်းခါလိုက်ပါသည်။ သို့ရာတွင် နှုတ်မှစကားအချို့ အလိုလိုထွက်ကျသွား၏။

'သွားလေ ... သွားပေါ့'

'ကိုကို့မယ်ဒလင်ကော'

'ဘာလုပ်ဖို့လဲ'

'ယူသွားရအောင်'

* * *

ခုနစ်စဉ်ကြယ်ကို သစ်ပုတ်ပင်အောက်ခြေမှ မော့၍ကြည့်ဖူးပါသလား။ ကြယ်စဉ် ခုနစ်လုံးစလုံးကို သစ်ပုတ်ပင်၏ ကိုင်းစများနှင့် လွတ်ကင်းစွာမြင်နိုင်သော နေရာကိုကော သိကြပါသလား။

သစ်ပုတ်ပင်နှင့် တစ်နှစ်ကျော်ကျော် ကင်းကွာခဲ့ပြီးသည့်နောက် ပထမဆုံး အခေါက်အဖြစ် ယခုည ပြန်ရောက်လျှင်ပင် ထိုနေရာကို ကျွန်တော် ချက်ချင်း မှတ်မိပါ၏။ သို့ရာတွင် ကျွန်တော်တို့ရောက်သောအချိန်သည် ညဉ့်ဦးယံ ဖြစ်ပါသည်။ ခုနစ်စဉ်ကြယ်ပြောင် အမြီးမထောင်သေးပါလေ။

ညဉ့်ဦးယံ၏ အင်းလျားကိုဖြတ်ကျော်လာသော လေပြည်သည် ကျွန်တော့်ကို တီးတိုးစကားဆို၏။ မပီကလာနိုင်သဖြင့် သူ ဘာပြောမှန်း မသိ။ သို့ရာတွင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်အရပ်မှ ဆန့်ကျင်၍လာသော လေပြည်သည် ကုန်လွန်ခဲ့သော ကာလက လွမ်းမောဖွယ်တို့ကို ယူဆောင်လာသည်ကား သေချာပါ၏။ ဆန့်ကျင်ဘက်အရပ်၌ အတိတ်ကာလ ရှိပါသလား၊ ရှိသည်ဟုဆိုလျှင် တူရူအရပ်၌ အနာဂတ်သည် ရှိလိမ့်မည်။ သစ်သစ် သည် ကျွန်တော့်နောက်ကျောဘက်တွင် ရပ်လျက်ရှိပါသည်။

'ကိုကို့ကို သစ်သစ် နှိပ်စက်သလိုဖြစ်သွားပြီလား မသိဘူးကွယ်'



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်ကို လှည့်မကြည့်ပါ။ လွမ်းနေသောမျက်လုံးကို သူမြင်မှာစိုးရိမ်မိသည်။ ပြီးတော့ ပြီးတာလည်း ပြီးစေချင်ပြီ။

'ရပါတယ် သစ်သစ်ရယ်၊ ခုအချိန်မှာ ဘယ်နေရာရောက်ရောက် ကိုယ့်ဘဝမှာ သစ်သစ်ပဲ ရှိနေတော့တာပဲဟာ'

သစ်သစ်၏သက်ပြင်းချသံကို ကြားရပါသည်။ ကျွန်တော့်စကားသည် သူ့ကို အဘယ်ကြောင့် မပျော်ရွှင်စေသနည်း။ စဉ်းစား၍ မရပါ။

'သစ်သစ် ပြောစရာရှိတယ်ဆို'

'သစ်သစ်လေ... ပြောလဲ ပြောချင်တယ်၊ ပြောလဲ မပြောရက်ဘူး'

'ကိုကိုတို့နှစ်ယောက်ကြားမှာ အဟန့်အတားမရှိသင့်ပါဘူးကွယ်၊ ပြောသာ ပြောပါ'

သစ်သစ်သည် ကျွန်တော့်မျက်နှာကို လမင်းအား ငေးကြည့်နေသော ကြောင်ကလေးကဲ့သို့ ကြည့်ပါသည်။ တော်တော်နှင့် ဘာမျှမပြောပါ။ သစ်သစ်၏ အကြည့်သည် ကျွန်တော်ကို တုန်လှုပ်သွားစေပါသည်။ ခုနစ်နှစ်တာ ကာလပတ်လုံး လူပေါင်းများစွာ အသနားကို ယောင်ပေပေ ခံရဖူးသော်လည်း တကယ်တမ်း ကျွန်တော် မတုန်လှုပ်ဖူးခဲ့ပါ။

သစ်သစ်က သက်ပြင်းကို လေညင်းကဲ့သို့ ညင်သာစွာ ချပါသည်။ ကုံကော်ရွက်ကလေးများကဲ့သို့ ခေါင်းကိုဖြည်းညင်းစွာ ခါပါသည်။ ပြီးတော့မှ စကား စ သည်။ သူ၏ စကားမှာ

'မပြောတော့ပါဘူးကွယ်' တဲ့။

ထိုအချိန်တွင် ကျွန်တော်က သူပြောလာမည့် စကားကို အလွန်အမင်ကြားချင်နေပြီဖြစ်ပါသည်။ နေရာသည်ကားဟုဆိုလျှင် သစ်ပုတ်ပင် ရင်း။ အချိန်သည်ကားဟုဆိုလျှင် ညဉ့်ဦးယံ၊ ကျွန်တော့်လက်ထဲမှာ မယ်ဒလင် ရှိနေသည်။ သူပြောလာမည့်စကားမှာ လစ်နှင့်မပတ်သက်လျှင် အခြားစကားများ ရှိပါဦးမည်နည်း။ ကျွန်တော် လစ်ကို ကွက်ခနဲလွမ်းလိုက်ပါသည်။ ထို့ကြောင့် သစ်သစ်၏စကားကို ကြားချင်လှပြီ။ သစ်သစ်က မပြောတော့ဘူး ဆိုသောအခါ ကျွန်တော် မောလာတော့သည်။



'သစ်သစ်က လစ်အကြောင်းကို ပြောမလို့ မဟုတ်လား'

သစ်သစ်မဖြေပါ။ မျက်ရည်လည်နေသည် ထင်၏။ သစ်သစ်ကို ကျွန်တော် လိမ်ရပါတော့မည်။

'သစ်သစ်ရယ်...တကယ်တော့ လစ်ဟာ ကိုကို့ဘဝထဲမှာ မရှိတော့ပါဘူး၊ သစ်သစ်က လစ်အကြောင်းကို ထပ်ပြောလဲ ကိုကိုဘာမှမဖြစ်တော့ဘူး၊ လစ်နဲ့ ပတ်သက်လို့ ခံစားစရာ ကုန်ပါပြီကွယ်'

ထိုစကားကို သစ်သစ်အား လိမ်၍ပြောခြင်းသည်ပင် ကျွန်တော်သည် မိမိကိုယ်မိမိ လိမ်ခြင်းဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ထိုစကား ပြောပြီးချိန်တွင် ကျွန်တော်သည် လစ်နှင့်ပတ်သက်ခဲ့သမျှကို လွမ်းမောသတိရနေသောကြောင့်ပင် ဖြစ်၏။

'ကိုကို...'

တုန်ယင်ပြီး ရှိုက်သံတစ်ဝက်ပါနေသော သစ်သစ်အသံသည် ကျွန်တော့်ကို လွန်ခဲ့သော ခုနစ်နှစ်ကာလဆီမှ တုံ့ခနဲ ဆွဲခေါ်လိုက်သလို ဖြစ်၏။ သစ်သစ်ကို လှည့်ကြည့်လိုက်သောအခါ သစ်သစ် ငိုနေပါပြီ။

'အဲဒီအစ်မ စေ့စပ်သတင်း ပါတဲ့နေ့ဟာ ၁၉၆၉၊ မတ်လ ၁၃ ရက်နေ့နော်'

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ လစ်၏ စေ့စပ်ခြင်းသတင်း ပါသော သတင်းစာ၏ စာမျက်နှာကို မျက်စိထဲ ပြန်မြင်လာသည်။

'အဲဒီအစ်မ လက်ထပ်တဲ့သတင်းကိုကော ကိုကိုဖတ်ရရဲ့လား'

'မလိုတော့ဘူးလေကွယ်၊ အဲဒီနေ့မှာ ကိုယ်တို့ လမ်းခွဲကြရပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဘာကြောင့် ခုနစ်နှစ်လုံးလုံး သစ်ပုတ်ပင်အောက်မှာ ကိုကို့ စောင့်နေခဲ့သလဲ'

'သူ့ကို မစောင့်ပါဘူး သစ်သစ်'

စကားလုံးများဖြင့် ပစ်ပေါက်ကစားတတ်သော စာရေးဆရာ ကိုဥ သည် သစ်သစ်ကို ပြောဖို့စကားကို ရွေးနေရပါပြီ။

'လွမ်းနေတာပါ'

သစ်သစ်မျက်လုံးတွင် ရှိနေသော မျက်ရည်စတို့ ဖျတ်ခနဲ လက်သွား သည်။ သစ်သစ် ပြုံးရိပ်သန်းပြပါသည်။ ကျွန်တော့်ကို သရော်သလို ဖြစ် သည်။

'ကိုကိုက မစောင့်ပေမယ့် သူက ကိုကို့ဆီ လာခဲ့တယ်ဆိုရင် ကိုကို ယုံ မလား'

ကျွန်တော်သည် ဘာရယ်မှန်းမသိ တုန်လှုပ်သွားမိပါသည်။ လစ်သည် ကျွန်တော့်ထံ မလာခဲ့ပါ။ လာခဲ့လျှင် ရောက်ရပေမည်။ သို့ရာတွင် သစ်သစ် ပြောပုံမှာ အသေအချာနိုင်လွန်းသည်။

'သူ လာခဲ့ရှာပါတယ် ကိုကိုရယ်'

သစ်သစ်သည် လွမ်းမောစွာ ပြောနေသည်။ ကျွန်တော်ကား တစ် တစ်ရာကို စိုးရိမ်စွာ ယောက်ယက်ခတ်နေသည်။

'တကယ်တော့... သူ ဘယ်သူနဲ့မှ လက်မထပ်ဖြစ်ခဲ့ပါဘူး၊ သူ စေ့စ သတင်းပါတဲ့နေ့က သူ့ကို သစ်သစ် သင်္ဘောပေါ်မှာ ဆုံခဲ့တယ်'

'သစ်သစ်က သူမှန်း ဘယ်လိုလုပ် သိလဲ'

'အရင်ကတော့ ဘယ်သိမလဲ၊ ခုမှ သူ့အကြောင်း ကိုကိုပြောပြလို့ သိ လာတာ၊ ဟုတ်ပါတယ်...သူပါပဲလေ'

'ဘယ်သင်္ဘောပေါ်မှာလဲ'

'မန္တလေးက ရန်ကုန်ကို လာတဲ့ အစုန်သင်္ဘောပေါ်မှာ၊ ဒီတုန်းက သစ် စ်က ဆယ့်သုံးနှစ်သမီးပဲ ရှိသေးတယ်၊ သစ်သစ်တို့မိသားစု သင်္ဘောနဲ့ ထွက်ခဲ့ကြတာ၊ အဲဒီညက သစ်သစ် သင်္ဘောကုန်းပတ်ပေါ်မှာ လမ်း လျှောက်နေတုန်း အစ်မတစ်ယောက်ကို တွေ့ရတယ်၊ တွေ့တွေ့ချင်းပဲ စိတ် စားမိတယ်၊ သူက လွယ်အိတ်ကလေး လွယ်ထားတယ်၊ ဖူးစောင်ကလေး ခေါင်းပေါင်း ပေါင်းထားတယ်၊ သင်္ဘောဦးပိုင်းမှာ တစ်ယောက်တည်း ပြီး ရပ်နေတယ်၊ သူ့ကြည့်ရတာ သင်္ဘောပေါ်ပါသမျှ ဘယ်သူ့ကိုမှ မယုံ ည်သလိုပဲ၊ သူ့ပုံသဏ္ဌာန်ကို ခုတောင် သစ်သစ်မြင်ယောင်မိနေသေး ယ်'

သစ်သစ်သည် ပုံပြင်ဟောင်းတစ်ပုဒ် ပြောသလို သင်္ဘောပေါ်မှ အဖြစ် ျက်များကို စီကာစဉ်ကာ ပြောနေစဉ်၌ ကျွန်တော်၏ ရင်သည် တဒိတ် ခုန်နေပါသည်။ သစ်သစ်ပြောနေသော ထိုအမျိုးသမီးသည် လစ် ဟုတ် ည် မဟုတ်သည်တော့ မသိ။ ကျွန်တော် ငိုချင်သလိုလိုဖြစ်နေသည်ကား ချာ၏။ စာရေးဆရာသည် ဇာတ်၏ အစကို သိလျှင် အဆုံးကို သိနေ ာ်သည်မဟုတ်လား။

* * *

ည်သို့ ထင်ကြပါသနည်း။ မှန်ပါသည်၊ လစ်ဟု ထင်ရသောမိန်းကလေး ည် ထိုနေ့ည သန်းခေါင်ယံအချိန်တွင် မြစ်ပြင်၏အလယ်ကောင်၌ သင်္ဘော မှ ကျ၍ သေဆုံးသွားခဲ့ရှာပြီ ဖြစ်သည်။

သစ်သစ်ပြောပြနေသော ဇာတ်လမ်း၏ အခြေအနေအတိအကျကို ကျွန် ာ် မကြားတစ်ချက် ကြားတစ်ချက်ပါ။ ထိုအချိန်တွင် ကျွန်တော်သည် လှုပ်ခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းတို့ကို တစ်ပြိုင်နက်တည်း ခံစား ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖျင်း သိရသည်။ ထိုမိန်းကလေးသည် သဘော်ဦးပိုင်း လှ နည်းပါးရာနေရာတွင် တငိုင်ငိုင်နေခဲ့သည်။ အမြဲတစေလည်း စိုးရိမ်နေ ရသည်။ မည်သူ့အားမျှလည်း ယုံကြည်ပုံမရ။ သူ့မျက်နှာကို မီးရောင် ကွယ်လျက်သာ နေတတ်သည်။ ထိုမိန်းကလေးကို သစ်သစ် စိတ်ဝင်တစား ကြည့်နေမိခဲ့သည်။

တစ်နေရာအရောက်တွင် သဘော်သည် မြစ်လယ်၌ အရှိန်သတ် တန့်သည်။ သဘော်ပေါ်သို့ ရဲအရာရှိတစ်ဦးနှင့် ရဲသားသုံးလေးဦး တ လာကြသည်။ သဘော်ပြန်လည်ခုတ်မောင်းခဲ့ကြသည်။ ရဲအမှုထမ်း သည် တာဝန်အရ တစ်စုံတစ်ရာကို ရှာဖွေကြသည်။ ထိုမိန်းမပျိုထံသို့ အမှုထမ်းများ တန်းတန်းမတ်မတ် လျှောက်သွားကြသောအခိုက် မိန်း သည် ကြောက်လန့်တကြား ထွက်ပြေးသည်။ ထိုအချိန်တွင် ရဲသား တက်ရောက်ခဲ့စဉ်က ဖွင့်ထားခဲ့သော ကုန်းပတ်တံခါးသည် မပိတ်ရသေ

မိန်းမပျိုသည် ကြောက်အားလန့်အား ထွက်ပြေးသည်၌ တံခါးပွင့် သော ကုန်းပတ်အနီးတွင် ကြိုကြိုက်စွာ ကံဆိုးခဲ့ရှာသည်။ ခလုတ်တိုက် ပြီး ရေထဲသို့ ကျသွားခဲ့သည်။ သဘော်ကို ချက်ချင်းရပ်တန့်၍ ရှာဖွေ သည်။ မရပါ။ သဘော်ဟူသည် ချက်ချင်းရပ်တန့်၍ ရနိုင်သော ယာဉ် မဟုတ်ပါ။

အမှန်မှာ ရဲဝန်ထမ်းများသည် မိမိတို့၏ အခြားသော တာဝန်တစ်ခု သဘော်ပေါ် တက်ရှာဖွေခဲ့ကြခြင်းဖြစ်သည်။ မိန်းမပျိုသည် မိမိဘာသာ မလဲဖြင့် ကြောက်လန့်တကြား ထွက်ပြေးခြင်းဖြစ်၏။

မည်သို့ပင်ရှိစေ၊ ထိုအဖြစ်အပျက်သည် ကျွန်တော့်ကို လွမ်းစေသ လစ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျွန်တော် ပူဆွေးရသည် အမှန်ဖြစ်သည်။ ဝေဒနာအစွဲရှိသောသူသည် ရှာကြံ၍ ခံစားတတ်သ မဟုတ်လား။

'ဒါပေမဲ့ သစ်သစ်ရယ်…အဲဒီမိန်းကလေးဟာ လစ်ရယ်လို့ ဘယ်လိုသေ ချာပါ့မလဲ'

သစ်သစ်ကို လှည့်မကြည့်ဘဲ မေးသည်။ သစ်သစ်သည် ရှိုက်သောအသံ ဖြင့် ပြန်ပြောသည်။

'ဒီမှာ ဘာလဲ ကိုကို'

ကျွန်တော် လှည့်ကြည့်လိုက်သည်။

မျက်လုံးတို့သည် ည၏ ကောင်းကင်ထက်ပင် ပြာသွားသည်။ နားတို့ သည် ည၏ တိတ်ဆိတ်ခြင်းထက် ပို၍အူသွားသည်။ သစ်သစ်၏ လက်ထဲ ရှိအရာသည် ကျွန်တော့်ကို မှင်တက်မိစေပြီ။ ထိန်းထားသည့်ကြားမှ မျက်ရည် တို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ပေတံကလေး…။

ငါးပြားတန် ခြောက်လက်မ ပေတံကလေး…။

'သူ ရေထဲချော်ကျသွားတဲ့အချိန်မှာ ဒီပေတံကလေး ကျကျန်ရစ်ခဲ့တယ် တဲ့။ ခုလို ကိုကို့ဘဝနဲ့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာလိမ့်မယ်ဆိုရင် သစ်သစ် သိမ်းထားမိခဲ့မယ်မဟုတ်ပါဘူး ကိုကိုရယ်'

သစ်သစ် ငိုပါသည်။ ကျွန်တော်သည် ဘာမျှပြော၍မရလောက်အောင် ငိုင်နင့်နင့်ဖြစ်နေရပါသည်။ သေချာပါပြီ။ လစ်သည် ကျွန်တော့်ထံ လာခဲ့ သည်။ ကျွန်တော်တို့အချစ်၏ သင်္ကေတ ဖြစ်သော ထင်းရှူးသား ပေတံ ကလေးကို သူ့အချစ်နှင့်အတူ အမှတ်တရ ယူခဲ့သေးသည်။

တွေးစရာအများကြီး ပေါ်လာသည်။ လစ် သေဆုံးခြင်းနှင့် ပတ်သက်၍ ဘာများ မသိကြပေဘူးလား။ သတင်းစာ၌ တစ်စုံတစ်ရာ သတင်း မပါ သလား။ ကျွန်တော်ရော လစ်ပါ ပတ်သက်သူ တစ်စုံတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ကော ထိုကိစ္စကို မသိခဲ့လေသလား။ တွေးစရာတွေ အများကြီးကို ကျွ
တော် မတွေးချင်တော့ပါ။

ကျွန်တော့်ကိုယ် ကျွန်တော်ပင် ဘာဖြစ်နေသည် မသိပါ။ ကျွန်တော်
သတိထားမိချိန်တွင် ကျွန်တော်သည် သစ်သစ်၏ရင်ခွင်ထဲ၌ ရှိုက်ကြီးတင
ငိုကြွေးနေပြီဖြစ်ပါသည်။

အားရအောင် ငိုပစ်လိုက်ရသဖြင့် မောသွားသည်။ သစ်သစ်နှင့်ကျွန်တော်
သစ်ပုတ်ပင်အောက်မှာ ညသန်းခေါင်တိုင် ထိုင်၍နေခဲ့ကြသည်။ ဘာစကား
မျှလည်း မပြောဖြစ်တော့ပါ။

ကောင်းကင်သို့ မော့ကြည့်သောအခါ ခုနစ်စဉ်ကြယ်ကို သစ်ပုတ်ပ
ကိုင်းစ များနှင့် လွတ်ကင်းစွာမြင်ရသည်။ မျက်လုံးအိမ်၌ မျက်ရည်တို့ ကျ
ခန်းသွားပြီ။ ဒါပေါ့၊ လစ်နှင့်ပတ်သက်စရာ ကျွန်တော့်တွင် ဘာမျှ မကျ
တော့။

နက်ဖြန်မိုးသောက်လျှင် ရောင်နီသည် သစ်သစ်နှင့်အတူ ကျွန်တော့်အ
သစ်ကို အလင်းရောင်ပေးတော့မည်။ သစ်သစ်သည် ကျွန်တော့်ဘဝ၌ 
ဖော်။

အို...ဟုတ်ပေသားပဲ။ သစ်သစ်သည် ဘယ်လောက်များ ကျွန်တေ
အပေါ် နားလည်လိုက်ပါသနည်း။ သည်နေရာသို့ လာမည်ပြင်ကတည်း
မယ်ဒလင်ယူခဲ့ဖို့ မှာသည်။ ကျွန်တော်သည် နောက်ဆုံးညအဖြစ် သစ်ပု
ပင်၌ လစ်ထံသို့ သီချင်းတစ်ပုဒ်ဆိုရမည်။ မကြားနိုင်သူကို သီချင်းဆို
သော ကျွန်တော့်အား စိတ်ကူးယဉ်သမားဟု သတ်မှတ်လိုက်ကြပါ။ သ
ကနေ့ညတွင် ကျွန်တော်သည် စိတ်ကူးယဉ်ခွင့် နောက်ဆုံးရချင်နေပါသည်

သစ်သစ်သည် ဤသို့အားဖြင့် ကျွန်တော့်ဝေဒနာကို အလိုလိုက်စွာ အ
သတ်ပေးချင်ပုံရသည်။ သစ်သစ်သည် ကျွန်တော့်ကို နားလည်လွန်းသ



ကျွန်တော်သည် ဆိုနေကျဖြစ်သော သီချင်းများကို မဆိုပါ။ စန္ဒရား
ချစ်ဆွေ၏ အလွမ်းသီချင်းတစ်ပုဒ်ကို တီးလိုက်ပါသည်။

'အချစ်၏ နောက်ဆုံးနေ့များ'

* * *

ကျွန်တော်သည် သစ်သစ်၏ ပခုံးကိုဖက်လျက် သစ်ပုတ်ပင်ကို နောက်
ဆုံး အနေနှင့် ကြည့်သည်။ လက်ကျန်မျက်ရည်တို့သည် ဝေ့ခနဲ ကျချင်လာ
ြန်သည်။ စိတ်ကိုတင်းလျက် စကားတစ်ခွန်းဆိုဖြစ်သည်။

'ကောင်းရာသုဂတိ လားပါစေ အချစ်'

သစ်သစ်ကို တင်းတင်းဖက်လျက် ချာခနဲ လှည့်ထွက်လိုက်သော အချိန်
ွင် မကြုံစဖူးအဖြစ်တစ်ခု ဖြစ်သွားသည်။ နှလုံးသွေးလည်ပတ်မှု ရပ်တန့်
ွားသလားပင် ထင်မိသည်။

ကြက်သီးဖြန်းဖြန်း ထသွားမိပါသည်။

တစ်စုံတစ်ရာကို ဖျတ်ခနဲသတိရသွားသည်။ အကြိမ်တစ်ရာမက 'လစ်'
ပြာခဲ့ဖူးသော စကားတစ်ခွန်းကို ဖြစ်သည်။

'မောင်နဲ့ ဘယ်တော့မှမခွဲဘူး၊ မောင့်အနားမှာပဲ နေမယ်'

* * *

ငယ်ငယ်က လူကြီးသူမတို့ ဆိုမိန့်သည့် ဒဏ္ဍာရီဆန်ဆန်စကားရပ်အချို့
ကြားဖူးပါသည်။

ဝိညာဉ်လောကသားတို့သည် သက်ရှိလူသားများကို အမြဲရှောင်ရှားနေ
ရသည်။ လူသားတို့သည် ဘုန်းကံရှိသည်။ လူသားများနှင့် ထိတွေ့ရလျှင်
ညာဉ်လောကသားတို့ ပြင်းစွာပူလောင်သော ဝေဒနာကို ခံစားရသည်။ သူ
သည် အမြဲတစေ ငိုကြွေးလျက် လူသားများကို ရှောင်ရှားနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ သူတို့နှင့် ထိခိုက်မိလျှင် လူသားတို့သည် ကြက်သီးဖြန်းဖြန်း ထတတ်သည်။

ဤအဆိုအမိန့်ကို ကျွန်တော်ဘယ်တုန်းကမှ မယုံကြည်ခဲ့ပါ။ ဘုရားဟောလည်း မဟုတ်ပါ။ ဒီတော့ လူသားတို့ အကြောင်းအကျိုးမဲ့ တွေးဆသော သဘောဟု ထင်သောကြောင့် ဖြစ်၏။ ခုလည်း ကျွန်တော် မယုံကြည်ပါလေ ခု မယုံကြည်သည်မှာ ပို၍ပင် ပြင်းထန်စွာမယုံကြည်ခြင်း ဖြစ်ပါသည်။ ယုံကြည်မိပါလျှင် လစ်သည် ဝိညာဉ်လောကသား ဖြစ်သွားရာလေလိမ့်မည်။

* * *

လစ်ဟာ မောင့်ရဲ့ အမျှဝေသံကို ဘယ်တော့မှ နားခံချင်မှာ မဟုတ်ဘူး မောင်နဲ့ နီးနီးမနေရပေမယ့် မောင့်ကို ခပ်လှမ်းလှမ်းက အမြဲကြည့်နေချင်မယ်။ မောင် မမြင်ရပေမယ့် လစ် မြင်ရချင်ရှာမယ်။ မောင့်ရဲ့ အလွမ်းတေးတွေကို အမြဲနားထောင်နေရှာမယ်။ မောင် သစ်ပုတ်ပင်အောက်ကို အမြဲလာစေချင်ရှာမယ်။

ခုလို သစ်ပုတ်ပင်ကို နောက်ဆုံးနှုတ်ဆက်ပြီး ဘဝသစ်မှာ ချစ်သူအသစ်နဲ့ ပျော်ဖို့ လစ်ဘယ်လိုခွင့်လွှတ်ရမလဲ။ အသက်စွန့်ပြီးမှ မောင့်ဆီ ပြန်လာတဲ့ လစ်ကို မောင် မညာဘူး။

လူသားတွေနဲ့ ထိတွေ့ရရင် မခံနိုင်အောင် ပူပြင်းမှန်း သိပေမယ့် မောင်နဲ့ ခွဲရမယ့်အပူကို ပိုပြီးကြောက်လို့ မောင့်ကို သစ်သစ်လက်ထဲက အတင်းဖွတ်မိတ်ပြီး ဝင်ဆွဲခေါ်လေသလား...

ဟူသော ယုတ္တိမဲ့သည့် အတွေးမျိုးကိုပင် မတွေးမိစေရန် အားတင်းရင်း သစ်သစ်ပခုံးကို ပို၍တင်းကျပ်စွာဖက်လျက် သစ်ပုတ်ပင်ခြေရင်းမှ ထွက်လာခဲ့သောအခါတွင်ကား...



လောကကြီးသည် နောက်တစ်နေ့ ဆက်လက်တည်တံ့ဖို့ရာ သေချာပြီဟုသော သတင်းကို ကြေညာသည့် ကျေးငှက်တို့၏ အသံကလေးများကို သစ်ပုတ်ပင် အထက်ဆီ၌ ကြားလိုက်ရလေသည်။

နံနက်စောစော အိပ်ရာမှ ထသော ကျေးငှက်ကလေးများသည် လူသားတို့ကို ဝိညာဉ်အိပ်မက်မှ နိုးထ လန်းဆန်းစေသည်တကား။

သုမောင်

'ဟော့...သုမောင်၊ အရင့်အရင် ဝတ္ထုတွေတုန်းက ဖေဖေ ဘာမှမပြောခဲ့ဘူး၊ ခု မင်းတို့က ဖတ်နိုင်းတယ်၊ ဝေဖန်ပါလို့ ပါးစပ်က ဖွင့်မပြောကြပေမယ့် စားစရာတစ်ခုကို မြည်းကြည့်စမ်းပါဆိုတဲ့ အဓိပ္ပာယ်ဟာ ချိုင်နစ်ပ်ဟပ် တည့် မတည့် သိချင်တဲ့သဘော ပါနေတယ်၊ ခု ဖေဖေ မြည်းကြည့်ပြီး ဝတ္ထုကို ပြောပြီးပြီ၊ ခု မင်းအလှည့်ပဲ'

*ကျွန်တော်က 'တော့' မည်သူ ကြားရစေ 'ရယ်' ဟူ၍။ ...ဥဩကို သနားကြသည် 'တဲ့' လေ။ ဘာကြောင့် ကျွန်တော့်ကို သနားနေကြသနည်း။ ... နားလွယ်သော သဘော ရှိသည် 'မို့'။*

'ဒီလို ဒီသဘော စာပေအရေးအသားထဲမှာ အရပ်သုံး အချင်းချင်း ပြောစကားတွေ ညှပ်ညှပ်ရေးတာ ငါ မကြိုက်ဘူး၊ ရေးချင်သပဆိုရင် အရပ်သုံးသည်း သက်သက် စကားပြောသလို တောက်လျှောက်ရေး၊ ဒါမှမဟုတ်လဲ စာပေအရေးအသားအတိုင်း 'မှု' မပျက် မဖျက်ဘဲ ရေးပေါ့၊ အေး...ပြောရတာတော့ တယ်မကောင်းဘူးလေ၊ ဒီလို 'ကပြား' စာပေတွေ ဖြစ်လာတာကကြာနေပြီကော၊ ဘယ်သူကမှ ကြပ်ကြပ်မတ်မတ် မထိန်းကြဘူး၊ စာပေဘက်ဆိုင်ရာ ပညာရှင်ကြီးတွေကလဲ စကားနည်း ရန်စဲသဘော အမှန်းမခံချင်ကြတော့ ခက်သားပဲ။

ချုပ်ချုပ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'...အေး...ငါသာ တင်းတင်းကျပ်ကျပ် ထိန်းနိုင်တဲ့နေရာမှာရှိရင် အရေးအသားမျိုးတွေ အပြတ်ရှင်းမှာပဲ၊ '*ကျွန်တော်မျက်ရည်မကျရအောင် မနည်းကြီး ချုပ်တည်းထားရပါသည်။ ဒါပေမဲ့တော့ကာ*' ဆိုတာမျိုးတွေ က စာပေသဘော မရေးတတ်လို့လဲ ဖြစ်နိုင်တယ်၊ ထွင်တာဆိုလဲ မမှားဘူး ဘာပဲဖြစ်ဖြစ် အဲသလို ရောထွေးယှက်တင် ရေးရတာက ပိုလွယ်နေသကို ဘာမှ ထိန်းစရာမလိုဘူး၊ 'ကာရန်မဲ့ကဗျာ' ဆိုတာလိုပေါ့။

'...အေး၊ ဒီအတိုင်းသာ ရေးနေကြရင် နောင်တစ်ခေတ် ကျောင်းတွေ မှာ 'စာစီစာကုံး' ဆိုတာတောင် ပျောက်သွားမှာ စိုးရတယ်။

'...ဒီမှာကွ၊ မင်းတို့သိတဲ့ ကြားဖူးတဲ့ ဂျော့ဘားနတ်ရှောဆီကို စာန ဇင်း ဆရာတစ်ယောက် သွားတွေ့တော့ ဘားနတ်ရှောက 'မင်း အင်္ဂလိ စကားပြော တော်တော်သွက်တာပဲ၊ အင်္ဂလိပ်စာ အမြဲဖတ်မှာပေါ့၊ ဘာလူမျိုး လဲ' လို့ မေး၊ သွားတွေ့သူက အိန္ဒိယလူမျိုးပါလို့ ပြန်ဖြေတဲ့အခါ...

'...အေး၊ ဒါဆိုရင်တော့ မင်း ငါနဲ့ တွေ့ရတဲ့အကြောင်း ကောင်းကောင် ရေးနိုင်မှာပဲ၊ တို့အင်္ဂလိပ်လူမျိုးတွေက များသောအားဖြင့် အင်္ဂလိပ်စာ မရေး တတ်ကြဘူးကွ' တဲ့။

'...အေး၊ မင်းတို့က ပြုံးတယ်နော်၊ ဒါက ပြက်လုံးမဟုတ်ဘူးကွ၊ စာပေအရေးအသားတွေ 'ကပြား' ဖြစ်ပြီး ပုံပျက်လာတာဟာ ဟို ဒုတိ ကမ္ဘာစစ်ရဲ့ စစ်ကြိုခေတ် တက္ကသိုလ်က စခဲ့တာပဲကွ၊ အေး...အဲဒီကာလ မှန့်ဖက်ထုပ် လည်ရောင်းတဲ့လူဖြစ်စေ၊ ဘုန်းကြီးကျောင်းသားကဖြစ်စေ

**သူ မှိုင်နေပါသည်။ ဒါပေမဲ့တော့ကာ သူစိတ်ညစ်နေတာလို့လည်း ယူဆနိုင်ပါသည်။**

'...အဲသလိုစာမျိုးကို ရေးရင် ဘယ်စာနယ်ဇင်းကမှ ထည့်ပေးမှာမဟုတ် ဘူး၊ အဲ...တက္ကသိုလ်ကျောင်းတော်သားက ရေးတာဆိုတော့ အင်း...'ထွ



တာပေါ့လေ၊ ဆန်းသစ်တာ ဘာညာနဲ့ တာဝန်ရှိတဲ့ ပညာရေးဆိုင်ရာတွေ ကလဲ ဝင်မထိန်းရုံမကဘဲ ဝိုင်းပင့်ပေးကြတယ်၊ အဲဒီကစပြီး တို့မြန်မာစာ ပေဟာ ကမောက်ကမတွေ ဖြစ်လာတာပဲ။

'...ပြီးတော့ အရေးအသား သဒ္ဒါဝါကျဘက်က ကြည့်ဦး၊ ဖရိုဖရဲပဲ၊ ခု တဖြည်းဖြည်း ပိုဆိုးလာပြီ။

'...သူမသည် အိမ်မှထွက်လာကတည်းက ရင်တလေးလေး စိတ်တထင့် ထင့်၊ မိုလ်ချုပ်ဈေးသို့ရောက်သောအခါ အလှကုန်ဆိုင်တစ်ဆိုင်ထဲသို့ ကြော့ ကြော့မော့မော့ ဝင်သွားသတည်း ...တဲ့၊ ရင်လေးတာ စိတ်ထင့်တာတွေ ဗိုလ် ချုပ်ဈေး ရောက်တာနဲ့ အလိုလိုပျောက်ကုန်တယ်။

'... ပြီးတော့ ရှိသေးတယ်၊ ရေးတတ်ကြသေးတယ်။

'... အမှန်အားဖြင့်ဆိုတော့ မ သည် ပြောရအခက် မပြောရအခက် ဖြစ် နေပါရောလား ...တဲ့။

'...ဒါ ဘာတွေလဲကွ၊ မြန်မာစာပေလား၊ ခေတ်စမ်းပြီးရင်း စမ်းရင်း စာပေ တွေလား၊ 'အမှန်အားဖြင့်' လို့ အစချီလိုက်တာနဲ့ တစ်ပြိုင်နက် ဒီနောက် ဘာ အကြောင်းအရာ လာရမယ်ဆိုတာ သိရမှာပေါ့၊ တစ်ခုခုပြောဖို့ လုပ်ဖို့ ဆုံး ဖြတ်ဖို့သာ ရှိတယ်၊ ဒါမှမဟုတ် ရေးသူရဲ့ အာဘော်အရ ပြော**သင့်** လုပ်**သင့်** သည်၊ ပြောသင့်ပါ**လျက်** လုပ်သင့်ပါ**လျက်** စသဖြင့်ပေါ့ကွာ၊ 'အမှန်အား ဖြင့်'၊ 'အမှန်အတိုင်းဆိုလျှင်' ဒါတွေရဲ့ နောက်ပိုင်းအကြောင်းအရာ ဝါကျ တွေထဲမှာ ပြီးကိုမပြီးပြတ်သေးတဲ့သဘောပဲ ဖြစ်ရမယ်၊ ဒါ မင်းတို့လဲ သိ တယ်၊ 'အမှန်အားဖြင့်' နဲ့ 'အမှန်မှာမူ' ဆိုတာတောင် မတူဘူးကွ။

'...အေး၊ စာရေးဆရာတွေအများစုလဲ သိတယ်၊ သိလျက်နဲ့ ဖွတ် လမ်း ခဲ့နေကြတာကတော့ သူများယောင်လို့ ယောင်တာရယ်၊ ခေတ်မီတယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



လို့ လိုက်ရေးတာရယ်၊ ထွင်တဲ့သဘောရယ်…ခက်တာပဲကွာ၊ ထိပ်သီး စာရေးဆရာ အကျော်အမော်တချို့ကတောင်…

**တိုးတက်လာသည့် အရိပ်လက္ခဏာဟု ထင်ရပေသည်။ တကယ်တော့…**

'…ဒါ ဘာအရေးအသားတွေလဲကွ၊ အင်း…ဒီအတိုင်းသာ ဆက်ပြီး ပုံပျက်နေရင်တော့ သိပ်မကြာတော့တဲ့အချိန်မှာ 'မြန်မာစာစီစာကုံး' ဆိုတဲ့ သင်နည်းထုံးဟာ လုံးလုံးပျောက်တော့မှာပဲ။

'…ခုန ပြောတဲ့ ခေတ်စမ်းစာပေခေတ်ကဆို ဖေဖေဟာ စာဖတ်သူ ကျောင်းသားဘဝမှာပဲ ရှိသေးတယ်၊ ဝေဖန်ရေးဆိုတာ ဘာမှန်းကို မသိသေးဘူး၊ စကားစပ်မိလို့ ပြောရဦးမယ်၊ အဲဒီ ဖေဖေတို့ငယ်ငယ်က မိန်းမပျိုတစ်ယောက်ကို မဒီ၊ မြှာ၊ ဖယ်လို့ ခပ်ယဉ်ယဉ်ခေါ်ပြီး ခပ်ရိုင်းရိုင်းနဲ့ ညစ်တီးညစ်ပတ် ခေါ်တဲ့စကားတစ်လုံးလဲ ရှိတယ်၊ 'ဒေ…ဂ်'။

'…အဲဒါ တေလေကြမ်းပိုး အသုံးအနှုန်း ဆိုပါတော့ကွာ၊ အဲ…ခုခေတ်မှာတော့ တက္ကသိုလ်ကျောင်းသူတွေကို တက္ကသိုလ်ကျောင်းသားတွေက အဲဒီ ညစ်တီးညစ်ပတ်စကားလုံးနဲ့ ကင်ပွန်းတပ်ပြီး ခေါ်နေကြတယ်၊ ဒါကိုလဲ 'ခေတ်စမ်းအခေါ်အဝေါ်' လို့ ဂုဏ်ပြုကြဦးမလား မသိဘူး။

'…ဟိုတလောတုန်းကလဲ တက္ကသိုလ်အဆောင်က ဖိတ်လို့ ဟောပြောပွဲမှာ ရုပ်ရှင်သရုပ်ဆောင်တွေအကြောင်း ပြောရင်းက မင်းသမီးလွမ်းခန်း ရိုက်ရတာမလွယ်တဲ့အကြောင်း၊ သူတို့ရဲ့အထာကို ကြည့်ပြီး လွမ်းပုံလွမ်းနည်း ပြောင်းသင့်ရင် ပြောင်းရတဲ့အကြောင်း ပြောတော့ 'ဝါး'ခနဲ ရယ်ကြတယ်၊ ဟက်ဟက်ပက်ပက်ကို ရယ်ကြတာကွ။

'…အတိုချုပ်ကတော့ ဖေဖေ့အလှည့်ပြီးလို့ အိမ်သာအသွားမှာ လိုက်ပို့တဲ့ ကျောင်းသားကို စုံစမ်းကြည့်တော့မှ 'အထာ' ဆိုတဲ့စကားကို သူတို့



လောကရဲ့ 'ချစ်ရေးချစ်ရာ ကိစ္စ' မှာ သုံးတဲ့စကား ဖြစ်နေလို့ ရယ်ကြတာတဲ့။

'…ဖေဖေတို့ သိထားတာက မင်းတို့လဲ နားလည်မှာပါလေ၊ အဲဒီ 'အထာ' ဆိုတာ တစ်ဦးတစ်ယောက်ရဲ့ ဟန်အမူအရာ အလေ့အထ၊ အပြောအဆို၊ ပင်ကိုစိတ်၊ ဗီဇ၊ ဥပမာပေါ့ကွာ…တချို့က ငိုရင် ကြိတ်မှိတ်ငိုတယ်၊ တချို့က ဗျစ်တောက် ဗျစ်တောက်ပြောရင်း ငိုတယ်၊ တချို့ကျတော့ လှုပ်ရှားမှု မပါဘဲ မျက်ရည်ပေါက်ပေါက်ကျပြီး ငိုတယ်၊ အဲဒီသဘောမျိုး အလေ့အထ 'အထာ'၊ ဒါကို ဖေဖေပြောတာ၊ သူတို့အထာနဲ့ အဓိပ္ပာယ်ကောက်လိုက်တော့ ခွကျကုန်တာပေါ့။

'…စစ်ပြီးစ ခေတ် တက္ကသိုလ်မှာ တစ်ခါဟောဖူးသေးတယ်၊ ဆွေးနွေးပွဲပေါ့၊ အဲဒီတုန်းက ဖေဖေ ဝမ်းသာလိုက်တာ မပြောနဲ့တော့၊ ကျောင်းတော်သားတွေက ကျောင်းတော်သူတွေကို ခေါ်တာ ဟို…ဖဲပြားနီနဲ့ 'အမျိုးသမီး' တဲ့၊ ဘယ်လောက်သိမ်မွေ့သလဲ၊ နားထဲကို စိမ့်သွားအောင် ချိုတယ်၊ ခုတော့ကွာ၊ အင်း…နောင်တစ်ခေတ်နိုင်ငံတော်ကို အုပ်ချုပ်ရမယ့် ကျောင်းတော်သားတွေ ပြန်လည်ယဉ်ကျေးခြင်းတော့ ဖြစ်သင့်နေပြီထင်တာပဲ။

'…ဟား၊ ဖေဖေလဲ ဘယ်ကနေ ဘယ်စကားရောက်ကုန်ပြီလဲ မသိဘူး၊ ဒါ…သုမောင်၊ မင်း လုပ်ပြန်ပြီ၊ 'ဖီလင် အပြတ်ငြိမ့်တယ်' ဘာညာနဲ့၊ ရှင်လဲ ရေးဖူးတယ်၊ မင်း… 'သမိစ်' ဆိုတာလဲ ပါရဲ့၊ တချို့ ငါမမှတ်မိတော့ဘူး၊ ဒါ ဘာစကားတွေလဲကွ၊ မင်းတို့ခေတ်လူငယ်ချင်း နားလည်တဲ့ စကားမျိုးတွေ ဘိုတစ်ဝက် မြန်မာတစ်ဝက်တွေ အပြင်မှာ ပြောကြပါ၊ စာပေထဲ ဝင်နှောက်တာတော့ မကောင်းဘူးကွာ။

'…ဆော်လီချုပ်တဲ့ စာဖတ်ပရိသတ်၊ လက်သုပ်သည်၊ ဆိုက်ကားသမား စတဲ့စကားစပယ်ယာ၊ ဆေးလိပ်ခုံ စသည်ဖြင့် သူတို့က ဒီစကားတွေ သိ



www.burmeseclassic.com

www.burmeseclassic.com



မလား၊ သိအောင် စုံစမ်းကြမယ်လား၊ နောက်တော့ သူတို့ပါ ဒီစကားတွေ ဗရုတ်ဗရက်တွေ သုံးလာရော၊ကြာရင်မြန်မာစကားတွေပါ ကျွမ်းထိုးမှောက် ဖြစ်ကုန်လိမ့်မယ်။

**အဆိုအတီးကဖြင့် ပိုင်ပါ့ဗျာ၊ သူ့တေးနဲ့ သူ့ဂီတကြားမှာ ကျွန်တော် ဖြင့် ခံစားချက်နဲ့အတူ မျောပါသွားတာပဲ။**

**မိုက်သဗျို့၊ ဖီလင်အပြတ်ငြိမ့်သွားတာပဲ။**

'...ကဲ ဒီစကားနှစ်မျိုးရဲ့အရသာကို ယှဉ်စဉ်းစားပေါ့။

'...ခု မင်းရဲ့ သစ်ပုတ်ပင်ဝတ္ထုထဲမှာ အချစ်ကို ပေတံနဲ့ ပျိုးထားတယ် သိပ်ကောင်းတယ်၊ အချိန်အခါကို ပေတံနဲ့ ပြသွားတယ်၊ ခံစားရမှုကို ပေတံနဲ့ တင်စားထားတယ်၊ ကမ္ဘာနဲ့ချိုပြီး ပေတံနဲ့ အချစ်ကို တိုင်းတာလို့ ကြောင်း (သာမန်မဟုတ်ဘဲ) ချဲ့ဖွဲ့ပြသွားတာလဲ အတွေးအခေါ် မပါဘဲ ပေါ့ ရေးလို့မရဘူး၊ ပေတံက အရေးပါမှုဇာတ်ဆောင်တစ်ခု ဖြစ်နေတာ ထူးခြားချက်တစ်ရပ်ပဲကွ၊ ကောင်းတယ်။

'... ဟို ဘာလဲ၊ ကောင်မလေး နာမည် 'လစ်'၊ အေး... အဲဒီ လ အကြောင်းနဲ့ ပတ်သက်ပြီး အင်္ဂလိပ်နာမည်တွေ ပြောင်းပစ်ကြတာကို မ ထောက်ပြသွားတယ်၊ နာမည်ဟာ အဓိကမဟုတ်ပါဘူး ဆိုတာ၊ အေး စာပေ (ဝတ္ထု) စသဖြင့်ပေါ့ကွာ၊ အလျဉ်းသင့်ရင် သင့်သလို ဝိဝါဒကွဲပြား ကလေးတွေ ထည့်ထည့်ရေးရတာ၊ ထင်မြင်ချက်ပေးတာတွေဟာ အင်မတ လိုလားအပ်တဲ့ အင်္ဂါတစ်ရပ်ပဲကွ။

'...ဥပမာဆိုပါတော့၊ ကောင်လေးက ကောင်မလေးကို စောင့်ရင်း ကရက်တစ်လိပ် မီးညှိသောက်တယ်လို့ ရေးတဲ့နေရာမှာ စီးကရက်တို ကို ပစ်ချလိုက်တိုင်း ဖိနပ်နဲ့ နင်းခြေလိုက်တယ်လို့ ရေးရတာ ဘာမှမပင ဘူးနော်၊ ဒါပေမဲ့ ဆေးလိပ်မီးပေမယ့် သတိပြုသင့်တဲ့သဘောလေး ပါတ





တ်သူပရိသတ်လဲ ဒါကို သတိထားမိတိုင်း ဒီလိုပြုမူရင် ဒါဟာ အကျိုးရှိတဲ့ ရေးသားမှုတစ်ရပ်ပေါ့။

'...နေဦး၊ ဒီမှာ မင်းရေးထားတယ်၊ ကောင်မလေး ကားမှတ်တိုင်မှာ စောင့်နေရတာ ဘယ်လောက်ကြာတယ်ရယ်လို့ ဆိုက်သွားတဲ့ ဘတ်စ်ကား အရေအတွက်နဲ့ မင်းရေးပြတာရော၊ 'ဒီမှတ်တိုင်ကို ရောက်လာဖို့သာ အဓိက မဟုတ်လား' ... ဆိုတဲ့စကားဟာ ချစ်ကျိုစယ်သဃောင်နဲ့ အတွေးအခေါ် ါ ကပ်ပါလာတယ်၊ ပြီးစလွယ်ရေးတာမျိုး မဟုတ်တာ ထင်ရှားတယ်။

'...အဲ တချို့နေရာတွေမှာ မင်းတို့သာ နားလည်တဲ့ အသုံးအနှုန်းတွေ နဲ့ ရေးတာကိုပြင်ရင်ကောင်းမယ်၊ ဆိုပါတော့...'စီ ဖိဝ တစ်ခွေစာ' ဆိုတာ ာက်ဆက်ရကော်ဒါ သုံးဖူးသူသာ သိတယ်၊ စာပေဟောပြောပွဲမှာ မင်း ပြောပြောနေတဲ့ ချဉ်ဖတ်သည်အစ်မကြီးက သိပါ့မလား၊ ရှင်းအောင်ရေးရင် ဖြစ်ပါတယ်ကွာ၊ တစ်နာရီစာလောက်ကြာအောင် ဖွင့်ရတဲ့ ရကော်ဒါ တိပ် တစ်ခွေစာ၊ သုံးနာရီလောက် စသဖြင့်၊ စာပေဆိုတာ ဖတ်သူတိုင်း နားလည် အရေးကြီးတယ်ကွ၊ ဟုတ်ဘူးလား။

'...ကဲ အတိုချုံးတော့မယ်ကွာ၊ မင်းရဲ့ သစ်ပုတ်ပင် စ ပုံရော၊ အလယ် ာ လစ် ဆီက စာလာပုံတွေ၊ ရေးသူရဲ့ သုံးသပ်ချက်မပါဘဲ လိုရင်းအတိုင်း ရေးသွားတာရော ဖေဖေကျေနပ်တယ်၊ ဒါပေမဲ့ နည်းနည်းများသွားတယ်၊ ိုင်သွားတယ်၊ ဥဩနဲ့ လစ် လွဲကြ ကွဲကြတော့မယ်ဆိုတာ ဖတ်ရင်း သိနေ ကြမယ်၊ ဝတ္ထုစ ကတည်းက ဒီသဘောပါနေတော့ လစ်ရဲ့စာတွေ လျှော့ပစ် ိုက်ရင် ပိုသွက်မလာပေဘူးလား။

'...ဒါတွေ ထားတော့၊ သစ်သစ်နဲ့ ဥဩ တွေ့ကြပုံကလဲ လစ်ကိစ္စ ဖော် ျင်လို့ မင်းဖွတ်လုပ်တာပဲ၊ ဖေဖေထင်တယ်လေ...မင်းဝတ္ထု မြန်မြန်ပြီးချင်



www.burmeseclassic.com

www.burmeseclassic.com



ဖောနဲ့ တွန်းရေးတာဖြစ်မယ်လို့၊ ဒီတော့ ဘာဖြစ်သလဲ၊ ဇာတ်သိမ်းပိုင်းမှ ... ယုတ္တိနဲ့ ယုဉ်ဖတ်သူအဖို့ 'ဟာ' သွားစရာ ရှိတယ်ပေါ့။

'... နောက်ပြီး မင်းကွာ ... ငါ့လခွေးတဲ့မှပဲ၊ လစ်ကို သူ့အိမ်က အတင် ... လင်အပေးစားမှာ မလိုချင်လို့ ချစ်သူရှိရာ ပြေးတာပဲ၊ မြန်မြန်ရောက်မ ... လေယာဉ်တို့ မီးရထားတို့ စီးပါလား၊ သဘော်နဲ့ဆိုတော့ ဆယ့်လေးငါးရ ... အနည်းဆုံး တစ်ပတ်တော့ကြာမယ်၊ မိုင်သုံးလေးရာခရီးကွ၊ ဒီလောက်ကြ ... ကြာစီးရတော့ သူ့အိမ်က လိုက်ဖမ်းဖို့ အချိန်များများမရပေဘူးလား။

'... ခုန ဖေဖေပြောတယ်၊ သစ်သစ်ကို ဇွတ်ဖန်တီးထည့်တာလို့၊ အမှ ... ဖေဖေ ဆိုလိုတာက လစ်ကို သစ်သစ်က ကိုယ်တိုင်တွေ့ပြီး ပေတံ ကော ... ရတာကို မင်းရေးထားလို့ ဖေဖေ 'ဇွတ်' ထည့်ထားတယ်လို့ ပြောတာကွ၊ ... နောက်တစ်ခုက မိန်းကလေးတွေဟာ မျက်စိရှေ့မှာ တွေ့တာ ဖယ်ထား ... ကွယ်ရာမှာ သေသူရဲ့ပစ္စည်းဆိုရင် သိမ်းမထားရဲဘူး၊ ကြောက်တယ်ကွ ...

'... အဲဒီတော့ ဆိုပါတော့ကွာ၊ ဥဩက သစ်သစ်ကို လစ်အကြောင် ... ပြောပြပြီး နောက်နေ့ကစပြီး သစ်သစ်ပျောက်သွားတယ်၊ ဥဩမှာလဲ အတွေ ... ရကျပ်သလို စာဖတ်ပရိသတ်လဲ ခေါင်းရှုပ်သွားမယ်၊ အဲ ... တစ်ပတ်လော ... ကြာတော့မှ သစ်သစ်ပြန်ရောက်လာပြီး ...

'... သစ်သစ် ပြင်ဦးလွင်ကို ခဏပြန်သွားတာပါ၊ အဖြစ်က ဒီလို ကို ... ရဲ့၊ သစ်သစ်တို့က ပြင်ဦးလွင်မှာနေတယ်၊ အရောင်းအဝယ်လဲ လုပ်တယ် ... ဂျစ်ကား တက္ကစီလဲ ထောင်ထားတယ်၊ တစ်နေ့တော့ သစ်သစ်တို့ ကာ ... မောင်းသူက ပေတံကလေးတစ်ခုပြပြီး သူကြုံခဲ့ရတဲ့ ဖြစ်ရပ်လေးတစ်ခု ပြေ ... ပြတယ်လေ ကိုကို။

'... အဲဒီနေ့ကပေါ့၊ သစ်သစ်တို့ဒရိုင်ဘာ ကိုဘသီးက မန္တလေး ဆင်းမယ ... ခရီးသည် သုံးယောက် လိုနေသေးလို့ ကားဂိတ်မှာ စောင့်နေတုန်း မိန်းမ ...

... ာစ်ယောက် ခပ်သုတ်သုတ်ရောက်လာပြီး နောက်ထပ် လူမစောင့်ပါနဲ့တော့၊ ... သုံးယောက်အတွက် သူပေးမယ်ဆိုပြီး မန္တလေးကို သူ မောင်းခိုင်းသတဲ့၊ ဒီ ... အမျိုးသမီးမှာ အဲပိုပစ္စည်းဆိုလို့ လွယ်အိတ်တောင် မပါဘူးတဲ့ကိုကို့ရဲ့၊ အဲ ... ... က်ထဲမှာတော့ ပေတံလေးတစ်ချောင်းပဲ ကိုင်ထားတယ်၊ လမ်းတစ်လျှောက် ... ုံး ပေတံလေး တကြည့်ကြည့်ပဲတဲ့။

'... တစ်လမ်းလုံးလဲ နောက်ပြန်လှည့်ကြည့် လှည့်ကြည့်နဲ့ သူ့စိတ်တွေ ... ာ မလုံမလဲဖြစ်နေပြီး မန္တလေးဝင်ခါနီး ရွာတစ်ရွာလဲ ရောက်ရော နောက် ... ဆိုဒင်ကား ရောက်လာပြီး ဂျစ်ကားရှေ့က ဖြတ်ရပ်ပါလေရော၊ ပြီးတော့ ... န်းမ၊ ယောကျ်ား လေးငါးယောက်ရယ်၊ ရဲအရာရှိတယ်၊ ကားပေါ်က ဆင်း ... အဲဒီအမျိုးသမီးကို မိန်းမကြီးနှစ်ယောက်က အတင်းဆွဲခေါ်တာပဲ တဲ့။

'... အမျိုးသမီးကလဲ မလိုက်ဘူး မဆင်းဘူး၊ သူ့ချစ်သူရှိရာ ရန်ကုန်ကိုပဲ ... ားမယ်၊ မချစ်တဲ့လူကို မယူနိုင်ဘူးဆိုပြီး ရန်းရင်းကန်းရင်းနဲ့ပဲ ပါသွားပြီး ... ပေတံလေး ကျကျန်ရစ်ခဲ့လို့ ကိုဘသီးက သစ်သစ်ကို ပြတယ်၊ သစ်သစ် ... လဲ ချက်ချင်းတွက်လိုက်တာပေါ့၊ ချစ်သောသူနဲ့ ကွေကွင်းရရှာတဲ့ ဇာတ် ... မ်း တစ်ပုဒ်ပဲလို့လေ။

'... အဲဒါ ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီအမျိုးသမီးကို သနား ... ားတဲ့ စိတ်နဲ့ ဒီပေတံကလေးကိုပါ ရောပြီးသနားတာနဲ့ ဗီရိုထဲ ထည့် ... ားခဲ့တယ်၊ တစ်နှစ်နေလို့ တစ်ခါယူမကြည့်မိပါဘူး ကိုကို၊ ကိုကိုက လစ် ... ကြောင်း ပြောပြမှပဲ ဒါ ကိုကို့ချစ်သူ လစ် ဆိုတာဖြစ်မှာပဲလို့ ပြင်ဦးလွင် ... ပြီး ပေတံလေး သွားယူတာလေ၊ ဒါ ကိုကိုက လစ်ကို ပြန်ပေးရင်း လက် ... ်ထိုးထားတဲ့ ပေတံပဲ မဟုတ်လား။

'... သဘောအားဖြင့် အဲသလိုဆိုရင် သစ်သစ်ဟာ သူ့နေရာနဲ့သူ ကျေ ... ည်သွားမယ်မဟုတ်လား၊ ဇွတ်ဖန်တီးရာမရောက်တော့ဘူးပေါ့ကွာ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



က ဖေဖေ့အယူအဆနော်၊ မင်းတို့ကြိုက်မှ လက်ခံ၊ အေး...တစ်ခုပြောရဦး
မယ်၊ ဒီနေရာမှာ အဓိကလိုအပ်ချက်က ဘာလဲ၊ လစ်ဟာ ဥသြထင်သ
ဖောက်တာမဟုတ်ဘူး၊ ဥသြဆီကိုပြန်လာတယ်၊ ဒါပေမဲ့ မအောင်မြင်ဘူး
ဒါပဲမဟုတ်လား။

'...မင်းရဲ့ ရေးဟန်အတိုင်း ပြောရရင် 'အဲလိုဆို' လစ်ကို ဘာကြော
သေခိုင်းချင်ရသလဲကွ၊ တချို့ရှိတယ်၊ ဝတ္ထုထဲမှာ ဒိပြင်တစ်ယောက်နဲ့
စားချင်ရင် တစ်ယောက်ကိုဖြစ်သလို သတ်ပစ်တာတွေ။

'...ကဲ မင်းက လစ်ကို ရေနစ်သေခိုင်းတော့ ရဲတို့ သတင်းစာ
အလောင်းတို့ ဆိုတာတွေ ပိုရှုပ်မလာဘူးလား၊ ဖုံးရဖိရ နိုင်လုံအောင် ဖြ
တာ မလွယ်ဘူးကွ။

'...ခုပဲကြည့်လေ၊ ဝတ္ထုစကတည်းက ဥသြက သူ့အဖြစ်အပျက်
ပြောပြသလို ရေးလာတယ်၊ လစ် သင်္ဘောပေါ်က ကျတဲ့ကိစ္စကို သစ်သစ်
ပြောပြတယ်၊ ဟော...ရေးရင်း ရေးရင်းနဲ့ ဥသြက ပြောပြတဲ့သဘော ပျော
သွားပြီး သင်္ဘောပေါ်မှာ လစ်က မီးရောင်ကွယ်ထိုင်တာတို့၊ ရဲအရာရှိ
တက်လာတာတို့၊ သူတို့ကလဲ လစ်ကို ရှာတာမဟုတ်ဘဲ တခြားကိစ္စနဲ့ တ
လာတာတို့ကို လစ်က စိတ်မလုံဘဲ ထပြေးရင်း ချော်ကျတာတို့။

'...အဲဒါတွေ ဥသြ ဘယ်လိုလုပ်သိသလဲ၊ ဒီနေရာမှာ စာရေးဆရာ
အာဘော် (အမြင်) ဝင်လာတော့ ဥသြပြောပြဟန်တွေ ဘေးချော်ကုန်
မဟုတ်လား၊ အေး...နောက်ကို ပြီးချင်ဇောနဲ့ ဘယ်တော့မှ တွန်းမရေး
ကွာ၊ ပြီးတော့ ဘာရေးရေး ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ ယုတ္တိတန် မတန် ဖြ
စဉ်းစားပေါ့ကွာ။

'...ကဲ ဘယ်မလဲ မင်းလူ၊ မင့်စာမူပေး'

●

# တစ္ဆေငါကိုယ်တိုင်ပါပဲ

မင်းလူ

www.burmeseclassic.com

www.burmeseclassic.com

အချစ်သည်
ကွယ်လွန်ခဲ့ပြီးသော
မရှိတော့သော
အတိတ်ကာလ၌လည်း မရှိ။

မမွေးဖွားသေးသော
မရေရာသော
အနာဂတ်ကာလ၌လည်း မရှိ။

လျှပ်ပြက်သကဲ့သို့
တစ်မုဟုတ်ချင်းသာ သိနိုင်၍
ရေပွက်သကဲ့သို့
ရုတ်ခြည်းပျောက်ကွယ်သွားနိုင်သော အရာ။

အချစ်သည်
လက်ငင်းဒိဋ္ဌစမွ
မျက်မှောက်ပြုနေရသော
ပစ္စုပ္ပန်ကာလ၌သာ ရှိ၏။

ကြေးမုံပြင်သည်
ထင်ဟပ်လာသော အရိပ်တို့ကို
ဖမ်းယူဆုပ်ကိုင်ထားနိုင်ခြင်း မရှိ။

ကြေးမုံပြင်၌ ထင်သောအရိပ်သည်
ပုံရိပ်စင်စစ် မဟုတ်နိုင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နှလုံးသား၌ ထင်ဟပ်ခဲ့သော အရိပ်များအကြောင်းကို ပြော ပြပါမည်။ ဝမ်းပန်းတနည်းပြောပြသည်ဟူ၍တော့ မထင်စေချင်ပါ။ သမိုင်း မှတ်တမ်းတစ်ခုကို ဖတ်ရသကဲ့သို့သာ သဘောထားစေချင်ပါသည်။

သမိုင်းထဲမှ ကျန်စစ်သားနှင့် မွန်မင်းသမီးခင်ဦးကဲ့သို့ ကွဲကွာသွားကြ ခြင်း အကြောင်းကို ဘယ်သူတွေကများ ဝမ်းနည်းခြင်း ရှိကြပါမည်နည်း။

ဘုရင့်နောင်ရသီဟပတော့ကို သားတော်ပြည်မွင်းသားက လုပ်ကြံလိုက်ခြင်း အတွက်ကော ဘယ်သူတွေကများ စုတ်တသပ်သပ်ဖြစ်ပါလိမ့်မည်နည်း။

သို့ရာတွင် သမိုင်းမှတ်တမ်းဟု ဆိုသောကြောင့် ပြဿနာတစ်ခု ရှိလာ လေသည်။

ဓမ္မဓိဋ္ဌာန်ကျသော သမိုင်းအမြင်တစ်ခုကို ရရှိရန် ...

ဆန္ဒစွဲ ကင်းရမည်။

ဘက်လိုက်မှု ကင်းရမည်။

သမိုင်းကို လိမ်ညာ၍ မရနိုင်။

လိမ်ညာခဲ့သည် ထားဦး၊ တစ်နေ့နေ့မှာ အလိမ်ပေါ်ရမည် အမှန်။

ကျွန်တော်ကဖြင့် လိမ်လည်း မလိမ်ရဲပါ။

အတတ်နိုင်ဆုံး မှန်ကန်အောင် ကြိုးစားဖို့မှာလည်း မနည်းကြီး ဂရုစိုက် ရပါသည်။

အကြောင်းမှာ...

ဤဇာတ်လမ်းတွင် ကျွန်တော်သည် ပဓာနဇာတ်ကောင်ဖြစ်နေသော ကြောင့်ပါ။

* * *



ကျွန်တော် ရည်းစားများပါသည်။

ဂုဏ်ယူ၍ပြောခြင်း မဟုတ်ပါ။ ဘဝပေးအခြေအနေအရ များရခြင်း ဖြစ်ပါသည်။ ရည်းစားများခြင်းသည် ကောင်းပါသလား၊ မကောင်းပါဘူး လား ဆိုတာလည်း မသိပါ။ ပြီးတော့လည်း ရည်းစားများသည်ဆိုခြင်း၌ ရည်းစားအများကို တစ်ပြိုင်နက်တည်းထားခြင်း မဟုတ်ပါ၊ တစ်ယောက် ပြီးမှ တစ်ယောက် ...။

ထို့ကြောင့် ကျွန်တော်သည် ရည်းစားခဏခဏ ကွဲဖူးသည်ဟူ၍ ပြော ရာ မလိုတော့ပါ။

ရည်းစားကွဲရသည့်အရသာကို ရည်းစားကွဲဖူးမှ သိနိုင်ပါသည်။

လူ့စိတ်သည် ဘယ်လိုကြီးမှန်းလည်း မသိပါ။

အထူးသဖြင့် ကျွန်တော့်စိတ်။

ကျွန်တော်သည် ရည်းစားတစ်ယောက်နှင့် ချစ်နေသောအခါ သူ့ကို ဘယ်ပင် ချစ်သည်ဟု ထင်မိ၏။ တစ်ပြိုင်နက်တည်းမှာပင် သူနှင့် ကျွန် တော်သည် တစ်နေ့နေ့တွင် ခွဲခွာကြရလိမ့်မည်ဟု ကြိုတင်သိနေသလိုလို ည်း ဖြစ်နေတတ်၏။

သူနှင့် ခွဲခွာရသောအခါတွင် ကျွန်တော်ဘယ်လိုနေလိမ့်ပါမည်နည်းဟု ကြိုးကြည့်တတ်၏။ စိတ်ကူးထဲ၌ ရည်းစားနှင့် ခွဲခွာရခြင်းသည် အလွန် မှပင် ဝမ်းနည်းစရာကောင်းလေစွ။

တကယ့်လက်တွေ့ဘဝတွင်မူ ...

* * *



www.burmeseclassic.com

www.burmeseclassic.com

## ပထမအချိုပ်

## ခင်အေးမြင့် (၁၉၆၉-၁၉၇၀)

ကျွန်တော်တို့ 'တိုက်စစ်လူငယ်' ဘောလုံးအသင်းသည် ညနေတိုင်း လေ့ကျင့်ခန်း ဆင်းကြပါသည်။ ကျွန်တော်တို့ခြံအစပ်ရှိ ကွင်းကလေးထဲမှာဖြစ်ပါသည်။

ကျွန်တော်တို့ကျောင်းက လေးနာရီလေးဆယ့်ငါးမိနစ်မှာ လွှတ်သည်။ ငါးနာရီဆိုလျှင် ကွင်းထဲ ရောက်နေကြပြီ။ ကျောင်းပိတ်ရက်များမှာဆိုလျှင် နေ့လယ် ၂ နာရီလောက်ကစ၍ ကန်ကြသည်၊ အလင်းရောင် လုံးဝမရှိတော့မှပင် ပြီးသည်။

ဘောလုံးကန်ဖို့ အချိန်ရောက်လျှင် 'ရှိ' ဟူ၍ လက်ခေါက်မှုတ်လိုက်ပါ ဘဲလူးနှင့် ဘာဘူ ကုလားညီနောင် ထွက်ပေါ်လာပါမည်။

ကျွန်တော်ကား ဂိုးသမား။

ဂိုးဖမ်းရာတွင် ရှယ်တူချင်းလောက၌ နာမည်ကြီးသည်။ ထိုအချိန် ခေတ်စားသော အဲယားဒိုက်ဗ် ခေါ် လေထဲမှာ ကျွမ်းထိုး၍ဖမ်းခြင်းကို စ ရှယ် လေ့ကျင့်ထားသည်။

ကျွန်တော်တို့အသင်းသည် လေ့ကျင့်မှု၌ စံချိန်ပင် ချိုးသည်။ ဘ လောက်အထိများလဲ ဆိုလျှင်...



သကြိန်တွင်း သူများတကာတွေ ရေပက်ခံထွက်ကြချိန်တွင် ကျွန်တော် ့က ဘောလုံးကွင်းထဲမှာ။

တစ်ခုသော သကြိန်တွင်း ဘောလုံးကန်နေဆဲမှာပင် ခင်အေးမြင့်ကို နှန်တော် စတွေ့ခြင်း ဖြစ်လေသည်။

* * *

အကျနေ့။

ထွန်းထွန်း ကန်လိုက်သော ဘောလုံးသည် ဂိုးတိုင်၏ ညာဘက်ထောင့် သို့ ဖြတ်၍လာသည်။ မမီမကမ်း။

ကိုယ်ကို လေထဲသို့ လွှင့်လိုက်သည်။

ဘောလုံးသည် လက်နှစ်ဖက်အဖျားတွင် ထပ်ခနဲ ကပ်ပါလာသည်။

ကိုယ်သည် လေထဲတွင် တစ်ပတ်လည်သွား၏။

မြေပေါ်သို့ ကျောတစောင်းကျသည်။

မြေမှာ တစ်ပတ်လှိမ့်ပြီး ဒူးထောက်လျက်သား။

ထိုအချိန်မှာပင်...

ကျွန်တော့်မြင်ကွင်းထဲသို့ သူ ရောက်လာသည်။

ရေအိုးကလေးကို ရွက်လာသော ဖြူဖြူသွယ်သွယ်ကောင်မလေးသည် တော့်ကို ဖျတ်ခနဲကြည့်၏။ ကျွန်တော်တို့ ခြံရှေ့က ဒက္ခိဏာရုံ ဘုန်း ကြီးကျောင်းတွင် သောက်ရေလာခပ်ခြင်း ဖြစ်ပါသည်။

'ဘောလုံးပေးလေကွာ'

လှမြင့်က စိတ်မရှည်နိုင်ဘဲ ရှိသည်။

နောက်ထပ်ကန်သော ဘောလုံးများကို ကျွန်တော်မဖမ်းမိသည်က များ သည်။

'တော်ပြီကွာ'

www.burmeseclassic.com



'ဟင်...အစောကြီး ရှိသေးတယ်'

'မင်းတို့ ဆက်ကစားလေ၊ ငါ လက်နာသွားလို့ကွ'

ခြံပေါက်ဝက အုတ်ခုံမှာ ထွက်ထိုင်နေလိုက်သည်။

'ဆံတိုတစ်အုပ် ကြိုးနဲ့တုပ်' ဆိုသော ရေပက်ခံဂျစ်ကားတစ်စီး ဖြ
သွားသည်။

'ဟော့...ကြောင်'

ကားပေါ်မှ ကျွန်တော်တို့အရွယ် ကောင်ကလေးတစ်ယောက်က ထ
အော်သွားသည်။ ကျွန်တော် လက်သီးထောင်ပြလိုက်၏။

သူသည် ရေအိုးကလေးကို ရွက်၍ ဘုန်းကြီးကျောင်းထဲမှ ထွက်
သည်။ ကျွန်တော်နှင့် ခပ်လှမ်းလှမ်းမှာ ကျွန်တော့်နှမဝမ်းကွဲ မခင်နွဲ့တို့
ကစားနေကြသည်။

မခင်နွဲ့ဆီက ရေခွက်ကို ယူသည်။ ရေခပ်သည်။ လမ်းဖြတ်ကူးသ
သူ့အနားကို ကပ်သည်။

'ရေနည်းနည်းလောင်းပါရစေ'

'မလောင်းနဲ့'

သူ ထွက်ပြေးဖို့လည်း မဖြစ်နိုင်။ သူ့ခေါင်းပေါ်မှာ ရေအိုးကြီးနဲ့။

'လောင်းမှာပဲ၊ သင်္ကြန်တွင်းပဲဟာ'

သူ့ကို ရေလောင်းသည်။ ခွက်ထဲက ရေကို တစိမ့်စိမ့်လောင်းရင်း
သွားခြင်း ဖြစ်သည်။

'နင်နော်...တော်တော့'

'မတော်သေးဘူး၊ နောက်တစ်ခေါက်လာရင်လဲ လောင်းမှာပဲ'

'ဘယ်တော့မှ ပြန်မလာတော့ဘူး'

'အိမ်ကို လာလောင်းမှာပဲ'



'လာရဲ လာကြည့်ပါလား၊ ခွေးနဲ့ ရှူးတိုက်မယ်'

'ငါ့မှာ ဦးဇင်းဝါလား ပေးထားတဲ့ ခွေးမကြောက်ဂါထာ ရှိတယ်'

'အစ်ကိုနဲ့ တိုင်မယ်'

'တိုင် ဘရိုင် ဦးလေးမြိုင်ပေါ့'

သူ ရပ်လိုက်သည်။

'တော်တော့...သွားတော့'

'ဟင်း...ပုံကိုက အရှက်မရှိတဲ့ မျက်နှာ'

သူ ပြောမှပင် ကိုယ့်ကိုယ်ကိုကြည့်မိသည်။ ကျွန်တော့်မှာ ဘောလုံးကန်
အကျႌနှင့် ဘောင်းဘီတိုကလေးနှင့်။

ကျွန်တော် ရှက်သွားလေသည်။

ထိုစဉ်က ကျွန်တော် ဆယ့်ငါးနှစ်။

* * *

သူ့နာမည် ခင်အေးမြင့်ဖြစ်သည်ဟု သိရသည်။ သူသည် ကျွန်တော့်နှမ
မခင်နွဲ့နှင့် တစ်တန်းတည်း။ မခင်နွဲ့ကို တစ်ဆင့်ပြောခိုင်းလျှင် ကောင်း
မည်လားဟု စဉ်းစားကြည့်သည်။ ကိုယ့်နှမကို ကိုယ် ဒီအကြောင်း ပြောရမှာ
ရှက်သလိုလိုလည်း ရှိသည်။

အမယ်...ကျွန်တော်က သူ့ကို ချစ်နေပြီကိုး။

ထိုအရွယ်ကဆိုလျှင် ရည်းစားထားရမည်ကို ရှက်သလိုလိုလည်း ဖြစ်မိ
သည်။ ငါ ကလေးလား လူကြီးလား ခွဲခြား၍ မရချင်။ ကြားကာလလည်း
ဖြစ်နိုင်သည်။

သင်္ကြန်အကြတ်နေ့က သူ့အိမ်ရှေ့နားမှာ ကျွန်တော်သွားစောင့်သည်။
ရေခွက်လည်း ပါသည်။ သူ အိမ်အပြင် ထွက်လာသည်။ ကျွန်တော် သစ်ပင်
နောက်သို့ ကွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ လမ်းဖြတ်ကူးသည်။

'ဟေး'

ကျွန်တော် ပုန်းနေရာမှ ထွက်လာသည်။ ကျွန်တော့်ကိုမြင်လျှင် ထွက်ပြေးလေ၏။ ကျွန်တော်လိုက်သည်။ သူ့အိမ်ဘက်သို့ ဖွတ်ပြေးလေ၏။ အိမ်နား ရောက်ခါနီးတွင် မမိမှန်းသိ၍ ရေဖြင့် လှမ်းပက်လိုက်သည်။ ရေ...သည် သူ့ကို တစ်ပေါက်မျှမထိစဉ်ချေ။ သူ 'ခစ်' ခနဲ ရယ်သွားသည်။

* * *

နှစ်ဆန်း တစ်ရက်နေ့။

သူ့အိမ်ရှေ့မှာ သွားထိုင်စောင့်နေသည်။ စာပေးဖို့လို့။ ကျွန်တော် ညကပင် စာတစ်စောင်ရေးသည်။ တစ်ခါမျှ မရေးဖူးသောကြောင့် အကြာကြီး စဉ်းစားရသည်။ နောက်ဆုံး ကြံရာမရသဖြင့် ကျွန်တော့်အစ်ကို ကိုသုတ၏ ရည်းစားစာများကို ခိုးဖတ်သည်။ အစ်ကိုသည် သူ့ရည်းစားဆီ ရေးသော စာများကို မိတ္တူကူး၍သိမ်းထားပါသည်။ အစ်ကို့စာတွေကို ဖတ်ပြီးတော့မှ ကျွန်တော့်စာအတွက် အဆင်ပြေသွားလေသည်။

ပြာမလိုလိုနဲ့ စိမ်း။

လာမလိုလိုနဲ့တော့ မတိမ်းလိုက်ပါနဲ့ မြင့်ရယ်။

စာထဲမှ အကုန်လုံးကိုတော့ မမှတ်မိတော့ပါ။ အောက်ဆုံးက 'ချစ်လျှင် စာပြန် မုန်းလျှင် သည်းခံ' ဆိုတာ ပါကြောင်းတော့ မှတ်မိပါသည်။

စောင့်ရတာကြာတော့ ပျင်းလာသည်။ သူကား အိမ်ထဲမှ အိမ်ပြင်မထွက်။ တစ်ခါတစ်ရံ အိမ်ရှေ့က ရေစည်ပိုင်းသို့ လာသည်။ ရေတစ်ခွက် ခပ်ပြီး အမြန်ပြန်ဝင်သွား၏။ တစ်ခါတစ်ရံ တံခါးပေါက်တွင် ရိပ်ခနဲ ပေါ်လာသည်။ ဖျတ်ခနဲ ကြည့်ပြီး ပြန်ဝင်သွားပြန်၏။

တစ်ခါကျတော့ တံခါးပေါက်မှာ ရပ်နေသည်။ သူ့မောင်ကလေးနှင့်



...အားပြောသည်။ အားပါးတရ ရယ်၏။ ကျွန်တော့်ဘက် တစ်ချက်ကြည့်...မျက်နှာပိုးသတ်သည်။

စိတ်မရှည်နိုင်တော့။ သူ့အိမ်ဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။ ကျွန်တော် လာနေမှန်းသိတော့ အိမ်ခန်းထဲ ဝင်ပြေးသွားသည်။ ကျွန်တော် ရေစည်ပိုင်းနားမှာ ရပ်လိုက်သည်။ သူ့မောင်ကလေးက ကျွန်တော့်ကို ပြူးကြောင်ကြောင် ကြည့်နေသည်။

'လာပါဦးကွ'

'ဘာကိစ္စရှိလို့ရဲ့ဂျ၊ အဖေရို့ အမေရို့ မရှိဘူး'

'ဒီစာကို မင်းအစ်မကို ပေးလိုက်နော်၊ ရော့...မုန့်ဝယ်စား'

ချာတိတ်ကို စာနှင့် ပိုက်ဆံတစ်မတ် ပေးလိုက်သည်။

'အစ်မရေ...ပိုက်ဆံ တစ်မတ်ကြီးဗျ'

ချာတိတ်သည် အိမ်အတွင်းခန်းသို့ ပြေးဝင်သွားလေသည်။

* * *

'ဉာဏ်...နင် ခင်အေးမြင့်ကို စာပေးတယ်ဆို'

ကျောင်းပြန်ဖွင့်စနေ့မှာပင် မခင်နွဲ့က ကျွန်တော့်ကို မေးလေသည်။ တစ်...ပြောဖို့ ကျန်ခဲ့ပါသည်။ သူတို့နှင့် ကျွန်တော်နှင့် ကျောင်းချင်းမတူပါ။ ကျွန်တော်က အမှတ် (၁)၊ သူတို့က အမှတ် (၂) ကျောင်းမှာ။

'မဟုတ်ပါဘူး'

'နင် မညာနဲ့နော်၊ အမေညှိနဲ့ သွားတိုင်လိုက်မယ်'

'နင်ကလဲဟာ'

'ဟုတ်တယ် မဟုတ်လား...ငါပြောတာ'

'အေး...ဟုတ်တယ်၊ သူက ဘာပြောလဲ'

'သူကလား၊ နင့်ကို မကြိုက်ဘူးတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...ဘာဖြစ်လို့လဲဟ'

'နင်က အသားမည်းလို့တဲ့၊ ကုလားနဲ့ တူတယ်တဲ့'

'ဟယ်...ငါက နေပူထဲမှာ ဘောလုံးကန်လို့ပါဟ'

ဆို့ရာတွင် ထိုနေ့ည အိပ်ရာဝင်ခါနီးတွင် သနပ်ခါးလိမ်းဖို့ စိတ်မရ... မိချေ။

* * *

ချစ်သူက စိမ်း

ရှောင်ခွာတိမ်းလည်း

ကိုယ်မှာ ချစ်လျက်

မျှော်ကိုးလျက်။

ကာရန် မိတာ မမိတာ ထား၊ ကျွန်တော်ကား ကဗျာစပ်စ ပြုလာလေ... သည်။ ထိုကဗျာများကို ကျွန်တော့်နမ မခင်နွဲ့အား ပေးဖတ်သည်။ မခင်... လက်ထဲ ရောက်လျှင် သူ့ဆီသို့ ရောက်မည်ကို ကျွန်တော်သိပြီးသား။

ထိုအချိန်၌ ကျွန်တော့်အစ်ကိုနှင့်တကွ ကိုမြင့်ဆောင်တို့၊ ကိုသန်းဆော... တို့၊ ကိုငယ်သွေးတို့သည် ကဗျာများ တွင်တွင်စပ်၍ မဂ္ဂဇင်းတိုက်များ... ပို့နေကြပြီ။ ကျွန်တော့်ကဗျာများကို သူတို့အား ပြကြည့်လျှင် ပြင်ပေး... မည်မှန်း သိပါသည်။ သို့ရာတွင် ကျွန်တော်မပြခဲ့ပါ။ ကျွန်တော့်ကဗျာ... သည် အချစ်ကဗျာများ ဖြစ်နေသောကြောင့်ပါ။ ကျွန်တော့်အရွယ်နှင့် အ... ကဗျာစပ်သည့်အကြောင်းကို သူများတွေ မသိစေလိုပါ။

ကျွန်တော်ကား ကဗျာလည်း စပ်သည်။ ဘောလုံးလည်း ကန်သည်... မည်သို့ပင်ဖြစ်ပါစေ...



ကဗျာနှင့် ဘောလုံးသည် တွဲဖက် မဟုတ်သော်လည်း မိန်းကလေးများ နှင့် ပတ်သက်၍မူ အကျိုးပေးခဲ့ပါသည်။

ခုလည်း ကြည့်ပါဦး။

'နင့်ကဗျာတွေက မဆိုးဘူးလို့ ခင်အေးမြင့်က ပြောတယ်'

မခင်နွဲ့က ပြန်ပြောပြခြင်း ဖြစ်ပါသည်။

'ဟုတ်လား...နင် သွားပြလို့လား'

'အေးပေါ့'

'ဟာ...ဘာလို့ သွားပြရတာလဲ၊ ရှက်စရာကောင်းလိုက်တာ'

'အမယ်...ငါ့ကိုတောင် နင်ကျေးဇူးတင်ဖို့ကောင်းတယ်'

'ဘာဆိုင်လို့လဲ'

'ဒီလိုလေဟာ...နင့်ကဗျာတွေ ဖတ်ပြီးတော့မှ နင့်ကို သူက သနားသွား တာနဲ့'

'အဲဒီတော့...'

'သူက ပြောတယ်၊ နင် နောက်ထပ် စာတစ်စောင် ထပ်ပေးရင် စာပြန်မယ် တဲ့'

အဲ...ဟုတ်သားပဲ၊ ကျွန်တော် သတိမထားမိခြင်း ဖြစ်ပါသည်။ မိန်း ကလေး ဆိုသည်မှာ စာတစ်စောင်ပေးရုံနဲ့ စာပြန်ရရောတဲ့လား။ နှစ်စောင် လောက်ဆိုလျှင် တော်သေးသည်။

အတိုချုပ်ပြောရပါလျှင် ကျွန်တော်က စာတစ်စောင် ထပ်ရေး၊ မခင်နွဲ့ ကို တစ်ဆင့်ပေးခိုင်း၊ သူက စာပြန်၊ ကျွန်တော်တို့နှစ်ယောက် ချစ်သွားကြ လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် စာအပြန်အလှန်ရေးကြလေသည်။ အစပိုင်းကတော့ ကျွန်တော်က အရေးများပြီး နောက်ပိုင်းတွင် သူက အရေးများလေသည်။ ကျွန်တော့်ဘက်က ရေးစရာအကြောင်းတွေ ရှားပါးလာသောကြောင့် ဖြစ်ပါသည်။

အစဦးပိုင်းမှု ဘောလုံးကန်သည့်အကြောင်း၊ ညဘက် မေမေတို့ မသိအောင် စာခိုးရေးရသည့်အကြောင်း၊ ရုပ်ရှင်အကြောင်း၊ အိမ်မှာ ဟင်းမကောင်းရသည့်အကြောင်း။ ကြာလာတော့ ဘာတွေရေးရမှန်း မသိတော့ပါ။ စာ တစ်စောင် ရေးဖို့ကို အကြာကြီးစဉ်းစားရ၏။ ကိုသုတစာတွေထဲက ခိုးချဖို့ကလည်း ကိုသုတက သူ့စာတွေ ခိုးဖတ်တာသိသွား၍ သူ့အံဆွဲထဲမှာ သော့ခတ်ထားလိုက်ပြီ။ ဝတ္ထုတွေထဲက စာသားတွေ ရေးရအောင်လည်း ကျွန်တော် ဖတ်ဖူးသော ဝတ္ထုများမှာ စုံထောက်ဦးစံရှား၊ တင်မောင်ဆွေ၊ အတာလျောင်ချိုင့်တွင်းမှ ငှက်ငယ်များ၊ ဘယ်လိုလုပ်ပြီးတော့များ ရည်းစားစာရေးဖို့ အထောက်အကူပြုလိမ့်ပါမည်နည်း။

သူ့ဘက်ကတော့ ရေးစရာတွေ ပေါများလိုက်လှပါဘိ။

ကျွန်တော်ပေးသော စာများကို ထားစရာနေရာမရှိ၍ ပလတ်စတစ်အိတ်နှင့်ထုပ်ပြီး ရေစည်အောက်မှာ ထားရသည့်အကြောင်း၊ သူ့မောင်ကလေးဆိုးသည့်အကြောင်း၊ သူ့ပထွေး အရိုက်ကြမ်းသည့်အကြောင်း၊ ကွန့်ပါဘူး ပျောက်သွားသည့်အကြောင်း၊ ကျောင်းနောက်ကျ၍ အဆူခံရသည့်အကြောင်း။

ဒါမျိုးတွေတော့ ကျွန်တော်လည်း ရေးတတ်တာပေါ့။ သို့ရာတွင် သူနှင့် ကျွန်တော်မတူသည့်အချက်မှာ ကျွန်တော်က အကြောင်းအရာတစ်ခုခုကို တိုတိုတုတ်တုတ် ရေးတတ်ပြီး သူကမူ ဘာမဟုတ်သည့်အကြောင်းကလေး တစ်ခုကိုပင် ဖွဲ့ဖွဲ့နွဲ့နွဲ့လုပ်၍ ရှည်လျားစွာ ရေးတတ်ပါသည်။



သူကြီးလာလျှင် စာရေးဆရာမ ဖြစ်မည်လားမသိပါ။

* * *

မှတ်မှတ်ရရ သူနှင့် ကျွန်တော်သည် တစ်ခါတည်းသာ ချိန်းတွေ့ဖူးပါသည်။ ရွှေနားပန်ဘုရားထဲမှာ။

ရွှေနားပန်ဘုရားသည် ကျွန်တော်တို့ခြံနှင့် နီးပါသည်။ ပြီးတော့လည်း သူတို့ကျောင်းသို့ သွားရာလမ်း၏ ဘေးမှာရှိပါသည်။

ဤနေရာ၌ ပြောစရာတစ်ခု ကျန်နေခဲ့ပါသည်။

ဘာဘူ ခေါ် မောင်မောင်တင်အကြောင်း။

ဘာဘူသည် ကုလားဖြစ်ပါသည်။ သို့ရာတွင် မြန်မာရည်အလွန်ဝသော ကုလား ဖြစ်သည်။ သူ့ကို မှောင်ထဲမှာထား၍ သူပြောသောစကားကို နားထောင်လျှင် မြန်မာတစ်ယောက်နှင့် မခြားနိုင်ပါ။ တချို့လူကြီးတွေ အင်္ဂလိပ်စကားကို ပီအောင်ပြောနိုင်သည်ဆိုတာ ဘာဟုတ်သေးလို့လဲ။

'အသားမည်းပေမယ့် နှလုံးသားကတော့ ဖြူပါတယ်ဗျာ'

ဘာဘူ၏ လက်သုံးစကား ဖြစ်လေသည်။

ဘာဘူက ကျွန်တော့်ထက် အသက်သုံးနှစ်ခန့် ကြီးသည်။ ထို့ကြောင့် အချစ်ကိစ္စတွင် သူက ကျွန်တော့်ထက် ဝါရင့်သည်။ ခုအချိန်မှာ သူသည် …ဒီ၊ မုနီယာမားနှင့် မသန်းလှဟူသော ကုလားမလေး သုံးယောက်နှင့် ချစ်ငြိခဲ့ပါပြီ။

အချစ်နှင့် ပတ်သက်၍ ဘာဘူသည် ကျွန်တော်၏ လက်ဦးဆရာပင် ဖြစ်ပါ…

'ဉာဏ်ဗိုလ်…မင်းနဲ့ငါ ဆွေးနွေးစရာ ရှိတယ်'

ဟော…ကြည့်လေ၊ ပြောစရာရှိတာတောင် ဆွေးနွေးစရာရှိတယ်တဲ့၊ ပြောစကား ခွန်းခြွေမယ်လို့ မပြောတာပင် တော်သေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြောကွာ'

'ဒီလိုကွ၊ မင်းနဲ့ ခင်အေးမြင့်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြောမလို့'

'ဘာလဲ'

'မင်းနဲ့ သူနဲ့ မေတ္တာမျှနေကြတာ ဘယ်လောက်ကြာပြီလဲ'

'သုံးလေးလလောက်တော့ ရှိပြီကွ'

'မင်း တစ်ခါမှ ချိန်းမတွေ့ဖူးသေးဘူးလား'

'ဟင့်အင်း'

'အဲဒါ မကောင်းဘူးကွ၊ တော်ကြာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ် လာနိုင်တယ်'

'ဘာလဲကွ...မလိုလားအပ်တဲ့ ပြဿနာဆိုတာ'

ဘာဘူသည် လေးလေးနက်နက် စဉ်းစားနေပြန်၏။ သူ ဘာများ ဆက် ပြောမည်လဲဟု ကျွန်တော် စိတ်မောစွာ စောင့်စားနေရလေသည်။

'ဒီလိုကွ...တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြပြီဆိုရင် စာချင်း ဆက် သွယ်ရုံနဲ့ မလုံလောက်ဘူးကွ၊ လူချင်းတွေ့ရမှ တစ်ယောက်အကြောင်းကို တစ်ယောက် ပိုပြီး နားလည်လာနိုင်တယ်'

ဘာဘူ၏ အကြံပေးချက်အရ ကျွန်တော်သည် သူနှင့် ချိန်းတွေ့ရန် ဆုံး ဖြတ်လိုက်လေသည်။ မခင်နွဲ့ကို တိုင်ပင်ရသည်။ သူ့ဆီသို့ တွေ့ချင်သည့် အကြောင်း စာရေးလိုက်သည်။ သူက 'တွေ့ရင် မကဲရဘူး' ဟူသောကတိကို တောင်းလေ၏။ 'ကဲသည်' ဆိုခြင်းမှာ ဘာမှန်း ရေရေရာရာမသိသော်လည်း 'မကဲပါဘူး' ဟု ကတိပေးလိုက်သည်။

ထို့ကြောင့် ရွှေနားပန်ဘုရားမှာ ချိန်းဆိုထားကြခြင်း ဖြစ်ပါသည်။

ကျွန်တော်ကား အစောကြီးတည်းကပင် ရောက်နေသည်။ သူက ကျောင်း မှအပြန် ဝင်လာမည်ဖြစ်သည်။ သူ့ကို စောင့်ရင်း မပျင်းရအောင် 'ဇဝနပုံပြင်



...း' စာအုပ်ကို ယူသွားသည်။ ဘာဘူကို အဖော်ခေါ်သွားလိုသော်လည်း ...ခင်နွဲ့က 'ဒီကုလားစုတ်ပါရင် မဖြစ်ဘူး' ဟု ဆိုသောကြောင့် ကျွန်တော် ...စ်ယောက်တည်းပင် စောင့်ရပါသည်။

အိမ်မှာဆိုလျှင် ကျွန်တော် ထမင်းစားချင်သည့်အချိန် အဆင်သင့်မဖြစ် ...င် စိတ်တိုတတ်ပါသည်။ ထမင်းသိပ်ဆာနေသောအချိန်မှာ ထမင်း၊ ဟင်း ...ကျက်သေးလို့ စောင့်နေရတာ ဘယ်လောက်ခေါသဖြစ်ဖို့ကောင်းသလဲ။ ...ခုချိန်မှာတော့ သူ့ကို စိတ်ရှည်စွာ စောင့်ပါသည်။

ကျွန်တော်ရောက်ပြီး တစ်နာရီနီးပါးကြာမှ သူနှင့် မခင်နွဲ့ ရောက်လာ ...ည်။ ကျွန်တော့်ကို တွေ့တော့ ပြုံးလိုက်သလားမသိ၊ သူ့မျက်နှာ တစ်မျိုး ... ကျွန်တော်ကလည်း ပြန်ပြုံးပြမိသည် ထင်၏။

ကျွန်တော်တို့ တန်ဆောင်းကလေးတစ်ခုထဲမှာ ထိုင်သည်။ သူသည် ...န်တော့်ကို မကြည့်ဘဲ မခင်နွဲ့ကို လှည့်၍ စကားများစွာ ပြောနေသည်။ ...ကလေးများသည် ရှက်သောအခါတွင် အဖော်ပါလာသည့် မိန်းကလေး ...က်သို့ လှည့်၍သာ စကားတွေအဆက်မပြတ် ပြောနေတတ်ကြသလား ...ပါ။

တစ်ယောက်တည်း ကျန်ခဲ့သောအခါတွင်မူ ရှက်လျှင် ခေါင်းငုံ့၍ထား ...ကြောင်း သေချာပါသည်။

...ကြည့်ပါလားလေ။

မခင်နွဲ့က 'မယ်တော်ကြီးရုပ်တုဆီမှာ သွားဆုတောင်းဦးမယ်' ဆိုပြီး ...င်ထွက်သွားသည်။ သူတစ်ယောက်တည်း ကျန်ခဲ့သောအခါ ခေါင်းကို ...နေပါသည်။ ကျွန်တော်ကတော့ ခေါင်းငုံ့မထားပါ။ သူ့ကိုလည်း စေ့စေ့ ...ကြည့်ရပါ။

တစ်ခုခုတော့ ပြောသင့်သည်ဟု စဉ်းစားမိသည်။ ဘာပြောရမည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိတတ်ပြန်။ စကားကိုဘယ်လိုစ,ရမည်နည်း။ စာထဲမှာကျွန်တော်
မြင့်ဟု ခေါ်သည်။ တကယ့်တကယ် အပြင်မှာ ခေါ်ဖို့ကျတော့ ပါးစပ်က ခေါ်
ပါ။

'ခင် ... ခင်အေးမြင့်'

ကျွန်တော့်အသံသည် တစ်မျိုးကြီးပဲ တုန်နေသလိုလည်းဖြစ်သည်။ တိ
နေသလိုလည်း ဖြစ်သည်။ သူ ကျွန်တော့်ကို မျက်ခုံးကြည့်ပြီး ခေါင်းပြန်
သွားသည်။

'ထမင်းစားပြီးပြီလား'

'အေး'

'ဘာဟင်းနဲ့လဲ'

'ချဉ်ရည်ဟင်း'

တိတ်ဆိတ်သွားပြန်၏။ ဘာဆက်ပြောရမလဲ။

'မင့်ကို ဘယ်မှာ မွေးတာလဲ'

အမှန်မှာ 'မြင့်'ဟု ပြောခြင်းဖြစ်ပါသည်။ ပါးစပ်က မရဲသောကြော
'မင့်'ဟူ၍ ဖြစ်သွားရသည်။

'မအူပင်'

'သြော် ...'

'သူ့ကိုကော ဘယ်မှာ မွေးတာလဲ'

'ရန်ကုန်မှာပဲ၊ မေမေက ငါ့ကို မွေးခါနီးတော့ ဗိုက်နာလို့ ဒပ်ဖရင်ကိုသွာ
တာ၊ လမ်းလဲရောက်ရော မနေနိုင်တော့လို့ အာဇာနည်သားဖွားခန်းမှာ
မွေးလိုက်ရတာ'

ကျွန်တော့်ကိုယ်ကျွန်တော် 'ငါ'ဟု သုံးနှုန်းမိသည်။ စာထဲက 'ကိုယ်
ဟူသော အသုံးသည် ပေါ်ထွက်၍ မလာခဲ့။



ရွှေနားပန်စေတီတော်မြတ်ဆီမှ ဆည်းလည်းသံများ ကြားရသည်။ ကျွန်
တော်တို့၏ နောက်ဘက်ဆီမှ 'ခွိ'ခနဲ ရယ်သံကြားရသည်။ အရပ်ထဲမှ ကောင်
ကလေးနှစ်ယောက် လာချောင်းကြခြင်းဖြစ်ပါသည်။ ဆယ်နှစ်သားအရွယ်
လောက် ကလေးတွေ။ ကျွန်တော်တို့က သူတို့ကို မြင်သွားသောအခါ 'ချစ်
ကြတယ် ... ချစ်ကြတယ်' အော်၍ ထွက်ပြေးလေသည်။

'စာကြိုးစားနော်၊ ဒါမှ တို့နှစ်ယောက် ...'

'အေးပါဟယ်'

သူ့ကို ကျွန်တော် ကြည့်လိုက်သည်။ ကြာကြာမကြည့်ရဲသောကြောင့်
ျက်နှာလွှဲလိုက်ရသည်။ မျက်နှာကို မကြည့်ရဲသဖြင့် သူ့ခြေထောက်များ
ို ကြည့်သည်။

သူသည် ခြေသည်းများကိုအုန်းဆံဖြင့် မတိုက်သောကြောင့် ထင်၏။ သူ့
ခြေသည်းများမှာ ကြေး (ချီး) တွေ ကပ်နေသည်။

ကျွန်တော် စိတ်ပျက်သွားလေသည်။

* * *

သူ့အကြောင်းကို စဉ်းစားလိုက်လျှင် သူ့မျက်နှာလှလှလေးက အရင်
ေါ်လာပြီးနောက် သူ့ခြေသည်းများမှ ကြေးတွေကို သွားသွားပြီး မြင်နေမိ
ည်။ ကြိုးစားပြီး မေ့ဖျောက်ပစ်လို့လည်း မရ။ ထိုကြေးများသည် ကျွန်
ော်အဖို့ အစွဲဖြစ်လေသည်။

အမှန်တော့ ကျွန်တော့်ခြေသည်းများမှာလည်း ကြေးရှိသည်ပင်။ သူ့
ားပင် များလိမ့်ဦးမည်။ ဘောလုံးသမားမဟုတ်လား။ ဘောလုံးကန်ပြီး
ျီးသောအခါ ခြေထောက်ကို သေချာစွာမဆေးမိ။

ဘောလုံးကန်ပြီးချိန်မှာ ညနေပိုင်းဖြစ်ဖြစ်နေသောကြောင့် ချမ်းသည်။
ောင်းက ရေခပ်ချိုးရသောကြောင့် ကြာရှည်ဆွဲ၍ မချိုးနိုင်။ ဆပ်ပြာတို



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်တိုက်သည်။ ရေကိုပုံးလိုက်လောင်းချရသည်။ လေကလေးများ တ... ချက်လောက် ဖွေ့လိုက်လျှင် စိမ့်ခနဲ။

သို့ရာတွင် သူနှင့် သွားတွေ့မည့် မနက်ကမူ ကျွန်တော့်ခြေထောက်မျ... ကို အုန်းဆံဖြင့် သေချာစွာ တိုက်ချွတ်သွားခဲ့ပါသည်။ သူသည်လည်း ကျ... တော်နှင့် တွေ့ရန် လာသော်အခါ ခြေသည်းများကို အုန်းဆံဖြင့်တိုက်၍ ... ကြောလာသင့်သည်။

တချို့မိန်းကလေးတွေ ဒီလိုပဲ မျက်နှာကိုတော့ မှုန်နေအောင် သ,သည်... လက်မောင်းကလေးတွေ လက်ဖျံကလေးတွေကို ဖွေးနေအောင် လိမ်းသည်... လက်သည်းကလေးတွေကို ညီညီညာညာလေး ချွန်နေအောင် ညှိထားသည်... ခြေထောက်များကိုကား ဂရုမစိုက်ကြ။

ယောက်ျားကလေးများ သူတို့နှင့်တွေ့သောအခါ မျက်နှာမကြည့်ရဲလျှ... ခြေထောက်များကိုသာ ကြည့်တတ်ကြကြောင်း သူတို့ သိဖို့ကောင်းသည်...

* * *

သူ့စာတို့ကား ရှည်မြဲ။

ကျွန်တော့်စာတို့သည် တဖြည်းဖြည်း တိုတိုသွား၏။ တစ်ခါတ... တစ်မျက်နှာပင် မပြည့်တတ်။ ရေးစရာတွေက ကုန်ပြီ။ အကြောင်းအ... တွေ ထပ်ကုန်ပြီ။ နောက်ပိုင်းကျတော့ အစောင်အရေအတွက်ပါ နည်း... သည်။

အစက သူတစ်စောင်၊ ကျွန်တော်တစ်စောင်၊ သူတစ်စောင်၊ ကျွန်... တစ်စောင်။ နောက်တော့ သူ နှစ်စောင်၊ ကျွန်တော်တစ်စောင်။ နောက်... သုံးစောင်၊ ကျွန်တော်တစ်စောင်။ နောက် ... ကျွန်တော် လုံးဝမရေး... ချေ။



*ချစ်သော ကို* ...

*ဘာဖြစ်လို့ မြင့်ဆီ စာမရေးတာလဲ။ မြင့်ကို စိတ်ဆိုးနေလို့လား ဟင်။ မြင့် ကိုမကြိုက်တာ ဘာလုပ်မိလို့လဲ။ ဒါမှမဟုတ်ရင် စာတွေ ကျက်နေရလို့ စာမရေးတာလား။ ဘာပဲဖြစ်ဖြစ် စာတစ်စောင်တော့ ရေးဦးလေ။*

*သြော်... ဒါနဲ့ ပြောရဦးမယ်၊ တနင်္ဂနွေနေ့က မြင့်တို့အိမ် ပြင်တယ်။ အိမ်နောက်ဖေး ရေကပြင်က ဆွေးနေလို့ ပြန်ပြင်တာပါ။ လက်သမားဆရာတွေက ဆယ်နာရီလောက်မှ ရောက်တယ်။ ရောက်လည်း ရောက်လာရော ဆွေးနေတဲ့ ရေကပြင်ကို ဖျက်ချ၊ အဲဒီနားမှာ မောင်လေးက သွားဆော့တော့ သံစူးသွားတယ်၊ နေပူလို့လား မသိဘူး၊ သွေးတွေ အရမ်းထွက်တာပဲ။ အမေက ဆနွင်းတွေနဲ့ သိပ်ပေးမှ သွေးတိတ်သွားတယ်။ အဖေကတော့ ဒီလောက်ဆော့ရသလား ဆိုပြီး မောင်လေးကို တီးတာပဲ။ မြင့်ကတော့ လက်သမားတွေ စားဖို့ လက်ဖက်သုပ်ပေးရတယ်။ ရေနွေးအိုးတည်ရင်းက................*

*..............................................................................*

*..............................................................................*

ကျန်အကြောင်းများမှာ စိတ်ဝင်စားဖို့ လုံးဝ မကောင်းပါ။ သိတဲ့အတိုင်းပဲ။ ရေကပြင် ပြင်တဲ့အကြောင်းကို ငါးမျက်နှာလောက် ...ထားသည်။

သူကား စာမျက်နှာများများရေးမှ စာအဖိုးတန်သည်ဟု ထင်နေသလား ...။

သူက စာပြန်ပါ ဆက်ဆက်ဆို၍ စာပြန်ဖို့ စိတ်ကူးမိသည်။ စားပွဲမှာ ...၍ စာရွက်နှင့် ဖောင်တိန်ကို အဆင်...လုပ်သည်။ ဘာရေးရမလဲ မသိ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိမ်ကလည်း ရေကပြင် ဖြင့်ဖို့မရှိ။ ဘာမှလည်း မပျက်ပြင်စရာလည်း မလို။ ခိုင်လိုက်တာမှ ...။

ဘာရေးရမလဲ။

**မြင့်** ...

*ကိုယ်တို့ နောက်ထပ်တွေ့ဖို့ကိစ္စက မလွယ်ဘူးနော်။ မြင့် ကျောင်းသွားရင် မောင်လေးက လိုက်ပို့တယ်ဆိုလို့ ...............*

ရေးရင်းက ကျွန်တော့်မျက်စိထဲတွင် သူ့ခြေသည်းက ကြေးတွေ ဖျက်ခနဲ မြင်ပြန်၏။ ဖောင်တိန်ကို စိတ်ပျက်စွာ ပစ်ချလိုက်သည်။ ဆက် မရေးတော့။

* * *

**ချစ်ရတဲ့ ကို**

*ရှင်လန်းပါစေလို့ ဆုတောင်းလိုက်ပါတယ်။*

*မြင့်ကချည်း စာရေးနေရတာ လေးစောင်ရှိပြီ။ ကိုက တစ်စောင်မှ မပြန်သေးဘူး။ ဘာဖြစ်လို့လဲ။ ......................ဩော် ဒါနဲ့ ပြောရဦးမယ်၊ ဟိုတစ်နေ့က ......................................*

*......................................................................*

*......................................................................*

* * *

မခင်နွဲ့က ပြောသည်။

'နင် သူ့ဆီကို စာမရေးတာ ဘယ်နှစောင်ရှိပြီလဲ'

'ဟောဗျာ၊ စာမရေးပါဘူးဆိုမှ ဘယ်နှစောင်ရှိပြီလဲတဲ့၊ ကြောင်လိုက်တာ'

'မဟုတ်ပါဘူးလေ၊ သူက ရေးရတာ ဘယ်နှစောင်ရှိနေပြီလဲလို့၊ နင် စာမပြန်ဘဲ နေနေတာ'



'အင်း ...သုံးလေးငါးစောင် ထင်တယ်'

'ဘာဖြစ်လို့ မရေးတာလဲ'

'ပျင်းလို့'

'ဟယ်'

'ဟုတ်တယ်ဟာ၊ သူ့စာတွေ ဖတ်ရတာ သိပ်ပျင်းဖို့ကောင်းတာပဲ၊ ဘာတွေမှန်းလဲ မသိဘူး၊ပြီးတော့ သူ့ဆီကို စာပြန်ရမှာလဲ ပျင်းတာပဲ၊ ဘာရေးရမှန်းလဲ မသိဘူး၊ တစ်ခါလာ စာကြိုးစားဖို့အကြောင်း၊ တစ်ခါလာ စာကြိုးစားဖို့အကြောင်း အပ်ကြောင်းထပ်နေပြီ'

'နင်ကလဲဟာ ပျင်းရတယ်လို့'

'အေး ...ဟုတ်တယ်ဟာ၊ ဒီတစ်ခါ သူက မေးရင် အဲလိုပဲ ပြောလိုက်၊ ငါက ပျင်းလို့ စာမရေးတာလို့'

'နေဦး၊ အရေးကြီးတာ ပြောရဦးမယ်၊ သူက မှာလိုက်တယ်၊ ဒီနေ့က စပြီး ခုနစ်ရက်အတွင်း စာမရေးရင် နင်နဲ့အပြတ်ပဲတဲ့'

'အေး ... အေး၊ မရေးဘူးလို့ ပြောလိုက်'

'ဟင် ...ဘယ်လိုဖြစ်ကြတာလဲဟာ'

မခင်နွဲ့ကား ကျွန်တော့်ကို နားမလည်သလို ကြည့်နေလေသည်။

ကျွန်တော် တကယ်ပြောတာပါ။

သူ့ဆီသို့ စာရေးရသည်မှာ ဘောလုံးကန်တာလောက်ပင် ပျော်စရာမကောင်းချေ။

* * *

ရှစ်ရက်မြောက်သော နေ့တွင် ကျွန်တော်နှင့် တွေ့ချင်ကြောင်း မခင်နွဲ့ထံ မှာလိုက်သည်။ ထုံးစံအတိုင်း ရွှေနားပန်ဘုရားထဲမှာ သူနှင့် စတွေ့တွေ့ချင်းမှာပင် သူ့ခြေထောက်များကို ကြည့်မိသည်။ သူ့ခြေသည်းကလေးများ



www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာစွာ တိုက်ချွတ်ထားသောကြောင့် ဖြူဖွေးပြောင်လက်နေသည်။ ကျွန်တော်ကား ထိုနေ့က ခြေထောက်ဆေးမသွားမိချေ။

'နင်…နင်…တို့ကို အထင်လွဲနေတယ်မဟုတ်လား'

'မလွဲပါဘူး၊ ဘယ်သူပြောလဲ'

'တို့ သိပါတယ်၊ တို့ ဟိုတစ်ခါ အောင်စိုးဦးနဲ့ ရပ်စကားပြောနေတာကို အထင်လွဲတာ မဟုတ်လား'

'ဘယ်က အောင်စိုးဦးလဲ…ငါ လုံးဝမသိဘူး၊ တစ်ခါမှလဲ မတွေ့ဖူးဘူး နင်ပြောမှ သိတာ'

'ဒါဖြင့်…ဒါဖြင့်…ဘာလို့ တို့ဆီ စာမရေးတာလဲ'

'ပျင်းလို့'

ပါးစပ်က လွှတ်ခနဲထွက်သွားသည်။ အားနာစရာကောင်းလိုက်တာ။ သူသည် ကျွန်တော့်ကို အံ့သြစွာ ကြည့်နေလေသည်။ ဟုတ်တော့ အဟုတ်သားပါ။ ကိုယ့်ရည်းစားဆီ စာရေးဖို့ကို ပျင်းတယ်ဆိုတဲ့လူဟာ ဘယ်လောက်များ ထူးဆန်းလိုက်လှပါသလဲ။ သို့ရာတွင် ပြောပြီးမှဖြင့် မထူးတော့ပြီ။

သူသည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်၏။ ကျအံ့ဆဲဆဲ ဖြစ်သော မျက်ရည်ကို ထိန်းထားလိုက်ခြင်းလော။ သို့တည်းမဟုတ် မျက်ရည်ကို ကျလာအောင် တမင်တကာ ချူချုနေခြင်းလော။

ကျွန်တော်ကဖြင့် ရယ်ချင်နေသည်။ သို့ရာတွင် ရယ်လို့လည်း မဖြစ်သေးပါ။ စိတ်မကောင်းသော မျက်နှာမျိုး ဖြစ်အောင် ကြိုးစား၍ ထားရမည်။ ရည်းစားနှင့် ခွဲခွာခါနီးလူတစ်ယောက် စပ်ဖြဲဖြဲလုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ ခင်ဗျာ။

မှန်ပါသည်။ ကျွန်တော်တို့နှစ်ယောက် ကွဲကွာကြပါတော့မည်။ သူ့ဘက် ကတော့ မသိပါ။ ကျွန်တော့်ဘက်ကမူ သူ့ကို ချစ်မနေတော့ဘူးဟု ထင်သည်။ အကြောင်းမှာ သူနှင့် ခုတစ်ခါ တွေ့ရသော အချိန်တွင် ကျွန်တော် ရင်မခုန်တော့သောကြောင့်ပါ။



'နင်…နင်…တို့ကို…တို့ကို…'

'ငါ သွားတော့မယ်'

သူသည် ငိုရှိုက်ရင်း ကျန်ရစ်ခဲ့မည်လား၊ ဒေါသဖြစ်ရင်း ကျန်ရစ်ခဲ့မည်လား၊ ကျွန်တော့်လိုပဲ ဖြစ်ရင်း ကျန်ရစ်ခဲ့မည်လား။ ကျွန်တော် ႏသိ။

* * *

သူ့ဆီက စာတစ်စောင် ရောက်လာသည်။

ကျွန်တော်က ဂုဏ်မက်သူဖြစ်ကြောင်း၊

သူသည် ဆင်းရဲသောကြောင့် ကျွန်တော်က စွန့်ခွာလိုက်ခြင်းဖြစ်ကြောင်း၊

သူ့အတွက် မျက်ရည်ကိုသာ အားကိုးခဲ့ရသော ရက်တွေ များလှပြီ ဖြစ်ကြောင်း၊

ခုအခါတွင် သူသည် ကျွန်တော်၏ အမုန်းကမ္ဘာမှ ရုန်းထွက်၍ အပြုံးကမ္ဘာသစ်တစ်ခုကို တည်ဆောက်နေပြီဖြစ်ကြောင်း၊

သူသည် ယခုအခါတွင် အောင်စိုးဦးနှင့် တွဲနေပြီဖြစ်ပါသည်။ ကျွန်တော် သူ့ဆီသို့ စာတစ်စောင် ရေးလိုက်လေသည်။

***ခင်အေးမြင့်…***

*မင်းဟာ ကမ္ဘာပေါ်မှာ အရက်စက်ဆုံးမိန်းမပဲ။ 'မြွေဟောက်လို လျှာနှစ်ခွနဲ့ လာသမျှကို လက်သင့်ခံ' ဆိုတာ မင်းလို မိန်းမစားမျိုးပဲ။ မင်းကို ငါ မုန်းတယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ။ အေးလေ …ခုအချိန်မှာတော့ မင်းတို့ကို ငါ မနှောင့်ယှက်လိုတော့ပါဘူး။ မင်းကို ငါမေ့ဖို့ကြိုးစားပါ့မယ်။ မင်းရဲ့နှလုံးသားကို ဆေးကြောဖို့ ဆပ်ပြာတစ်တုံး လက်ဆောင်ပေးလိုက်တယ်။*



www.burmeseclassic.com

www.burmeseclassic.com



ထိုစာနှင့် လပ်စ်ဆပ်ပြာတစ်တုံးကို သူ့ဆီပို့လိုက်၏။ ထိုစာကို ဖတ်ပြီး သူသည် နောင်တကြီးစွာ ရကောင်း ရနေပါလိမ့်မည်။ ကျွန်တော့်ကို သနား ကောင်း သနားနေပါလိမ့်မည်။

ထို့နောက်ပိုင်းတွင် ကျွန်တော် ဆံပင်အရှည်ထားသည်။ အဝတ်အစား ကို ကပိုကရို ဝတ်သည်။ ဖြစ်ကတတ်ဆန်း နေသည်။ လူတွေက ကျွန်တော် ဆွေးနေပြီဟု ထင်နေကြအောင်လို့လေ။

အမှန်အားဖြင့်မူ ဆံပင်အရှည်ထားခြင်းမှာ ကျွန်တော့်ဘာသာ ထားချင် လို့ ထားတာ ဖြစ်သည်။ သူနှင့် လားလားမျှမဆိုင်။

ကျွန်တော့်ဆံပင်အရှည်ကြောင့် ဆရာမကလည်း ဆူပါသည်။ ကျွန်တော် မညှပ်ပါ။ ဆရာကြီးက ခေါ်၍ရိုက်ပါသည်။ ကျွန်တော် မညှပ်ပါ။ နောက် ဆုံးတွင် ဖေဖေက ...

'မင်းဆံပင်ကို ညှပ်မလား၊ ငါ မင်းလို ဆံပင်အရှည် လိုက်ထားရမလား'

ထိုအခါကျမှပင် ဆံပင်ကို ညှပ်ပစ်လိုက်ရပါသည်။

မည်သို့ပင်ဖြစ်ပါစေ ...၊

လူအပေါင်းတို့သည် ခင်အေးမြင့်ကြောင့် မောင်ဉာဏ်ဗိုတစ်ယောက် အသည်းကွဲရရှာပြီဟု ပြောစမှတ်ပြုနေကြလိမ့်မည်သာ ဖြစ်ပါသတည်း။

၀

# ဒုတိယအခိုပ်

## တင်လှဲ့ဖြူ (၁၉၇၁-၁၉၇၂)

ကြိုတင်၍ တောင်းပန်လိုသည်မှာ ကျွန်တော်၏ တင်လှဲ့ဖြူကို တင်လဲ့ဖြူ အရက်နှင့် မမှားကြစေရန် ဖြစ်ပါသည်။

တင်လှဲ့ဖြူသည် မိန်းကလေး ဖြစ်ပါသည်။ တိတိကျကျ ပြောရလျှင် ကျွန်တော်တို့ကျောင်းက ဆယ်တန်းကျောင်းသူဖြစ်ပါသည်။ ထိုစဉ်က ကျွန် တော်လည်း ဆယ်တန်းမှာပါ။ အတန်းချင်းတော့ မတူပါ။

သူက ကျောင်းမှာ အပြေးချန်ပီယံ။

ကျွန်တော်က ကျောင်းလက်ရွေးစင် ဘောလုံးသမား။

ကျွန်တော်သည် ရှစ်တန်းအောင်၍ ကိုးတန်းသို့ တက်သောနှစ်မှာပင် ခင်အေးမြင့်နှင့် ပြတ်သွားခဲ့သည်။ သူ့ကို ကျွန်တော် မေ့လိုက်သည်။ မေ့ဖို့ကို အတန်ပင် ကြိုးစားခဲ့ရသည်ဟု မထင်ကြစေလိုပါ။

မုန်းလိုက်ပြီဟူ၍လည်း မထင်ကြစေလိုပါ။ မုန်းသည်ဆိုခြင်းမှာ ချစ်ခဲ့မှ ပင် မုန်းလို့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်အေးမြင့်ကို ကျွန်တော် တကယ်မချစ်ခဲ့ဘူးဟု ခုအချိန်မှာ ထင်နေမိပါသည်။ ချစ်သည်ဆိုသည်မှာ ဘယ်လိုမျိုးဖြစ်သွားမှ ခေါ်နိုင်မှန်းလည်း မသိပါ။

* * *

တင်လှဲဖြူနှင့် ကျွန်တော် ဘယ်လိုစပြီး သိကျွမ်းခဲ့ရကြောင်းကို ပြန်စဉ်းစားကြည့်ပါသည်။

သူ့ပေါင်အကြောင်းကိုပင် စ ပြောရပါလိမ့်မည်။

အချိန်ပြောင်းခေါင်းလောင်းထိုးပြီး၍ နောက်ဝင်ရမည့် ဆရာ မလာခင် အတွင်းမှာ ကျွန်တော်တို့ အနားရပါသည်။ ကျွန်တော်သည် ပြတင်းပေါက်မှာ ထွက်ရပ်လိုက်ပါသည်။ စက္ကူလေယာဉ်ပျံကလေးလုပ်၍ လေထဲသို့ လွှင့်လိုက်ပါသည်။ လေယာဉ်ပျံကလေးသည် လေထဲတွင် သုံးလေးပတ်မျှဝဲပြီး အောက်သို့ ညင်သာစွာ နိမ့်ဆင်းသွားသည်။ လေယာဉ်ပျံဝဲရာသို့ လိုက်ငေးကြည့်နေရင်း...

လေယာဉ်ပျံကလေးသည် ပေါင်ဖြူဖြူကလေးတစ်ခုကို ဦးတိုက် ထိသွားပြီး မြေပေါ်သို့ ကျသွားလေသည်။

သူ...။

အားကစားကွင်းဆီသို့ လှေကျင့်ရန်အသွား၊ ယောကျ်ားရှပ်အကျီ၊ လက်တိုအကျီကလေးနှင့်၊ ဘောင်းဘီတိုကလေးနှင့်။

သူ ကျွန်တော့်ကို မော့ကြည့်သည်။ အမှန်ကတော့ ချဲမလို့ပါ။ ကျွန်တော့်ကိုမြင်လိုက်တော့ တင်းနေသောမျက်နှာသည် ပြေလျော့သွားသည်။ ပြီးတော့ လှည့်ထွက်သွားလေသည်။ ကျွန်တော်ကား လှသိမ့်သော ကျောင်း လက်ရွေးစင် ဘော်လုံးသမား မဟုတ်လား။



ထိုနေ့မှစ၍ သူ၊ သို့တည်းမဟုတ် သူ့ပေါင်ဖြူဖြူလေးကို ကျွန်တော့် မျက်စိထဲ မြင်မြင်နေမိလေသည်။

* * *

'ဟိုတစ်နေ့က လေယာဉ်ပျံနဲ့ တိုက်မိသွားတဲ့အတွက် တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး၊ မတော်တဆဖြစ်တာပဲ'

သူက အပြေးလေ့ကျင့်ပြီး အပြန်၊ ကျွန်တော်က ဘောလုံးကန် လေ့ကျင့်ပြီး အပြန် ကျောင်းအဝမှာ တွေ့ကြခြင်းဖြစ်သည်။

'ကျောင်းပေါင်းစုံပြေးပွဲတွေ နီးနေပြီနော်'

'ဟုတ်တယ်'

'နိုင်ပါစေဗျာ'

'ကျွန်မလဲ ကျောင်းပေါင်းစုံဘောလုံးပွဲမှာ ကျွန်မတို့ကျောင်းက နိုင်စေချင်တယ်'

'ကျွန်တော် ကြိုးစားပါ့မယ်'

သူနှင့် ကျွန်တော် ထိုနေ့က စ သိကြပါသည်။

* * *

ညနေပိုင်းကျပြီဆိုလျှင် အားကစားကွင်းထဲမှာ ကျွန်တော်က ဘောလုံးလေ့ကျင့်၊ သူက အပြေးလေ့ကျင့်။ သူသည် ကွင်းကိုပတ်ပြေးရင်း ကျွန်တော်ရှိနေရာ တိုင်အနီးသို့ ရောက်လာလျှင် ထွန်းထွန်းက နားလည်ပြီးသား။ ဘောလုံးကို ခါးလယ်လောက်က ပြတ်၍ကန်ပေးသည်။

ကိုယ်ကို လေထဲမှာ လွှင့်လိုက်။

ဘောလုံးသည် လက်ဖျားမှာ ထပ်ခနဲ။

လေထဲမှာ တစ်ပတ်လည်ရင်း မြေပေါ်သို့ ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြေးရင်းက ခေါင်းကို စောင်းငဲ့ကြည့်သွားပါလိမ့်မည်။

သူများတွေ လွန်းပျံဒုန်းပြေး ပြေးကျင့်နေလျှင် ကျွန်တော်တစ်ယောက်တည်း ဘောလုံးတစ်လုံးနှင့် ကျန်ခဲ့သောအချိန်ဆိုလျှင်လည်း ကိစ္စမရှိပါ။ ဘောလုံးကို ခပ်လှမ်းလှမ်းမှာ ပစ်ချ၊ ခုန်အုပ်လိုက်၊ တစ်ပတ်ကျွမ်းထိုး။

ဆရာဦးစိန်ဝင်းကပင် 'ဒီကောင်က ရိုးလ်တော့ တကယ်လေ့ကျင့်ထဲ့ကောင်' ဟု ပြောစမှတ်ပြုရလေသည်။

သူတို့ အပြေးလေ့ကျင့်ခြင်းနှင့် ကျွန်တော်တို့ ဘောလုံးလေ့ကျင့်ခြင်းမှာ ပြိုင်တူလို ပြီးတတ်ပါသည်။ ဆရာဦးစိန်ဝင်းသည် သူ့ဇနီးကိုသတိရ၍ အိမ်ပြန်ချင်ပြီဆိုလျှင် 'ကဲ ... အားလုံး ပြန်နိုင်ပြီ' ဟုဆိုပြီး သူအရင်ဆုံး ပြန်သွားသောကြောင့် ဖြစ်ပါသည်။

ထိုအခါ ကျန်တဲ့အကောင်တွေက လူခွဲပြီး ဘောလုံးကန်ကြသည်။ ကျွန်တော်ကလည်း သူတို့နှင့် ခွဲပြီး တစ်ယောက်တည်း ပြန်လာသည်။ တင်လဲ့ဖြူနှင့် တူတူပြန်ချင်သောကြောင့် ဖြစ်ပါသည်။

တစ်ခါတစ်ရံ သူ့သူငယ်ချင်းတွေ ပါသည်။ တစ်ခါတစ်ရံတော့လည်း သူနှင့် ကျွန်တော် နှစ်ယောက်တည်းပါ။

လမ်းလျှောက်ရင်း ပြောသည့်စကားတွေက ရိုးရိုးသားသားပါ။ သို့ရာတွင် အကြည့်များက မရိုးသားကြကြောင်း သိသာနိုင်ပါသည်။

ကျွန်တော်နှင့်အတူတူ လမ်းလျှောက်ပြန်သောအချိန်တွင် သူသည် ထဘီကိုသာ ဝတ်ထားပါသည်။ (အပြေးလေ့ကျင့်နေစဉ်တွင် ဘောင်းဘီတို ဝတ်ထားကြောင်းကို ဆိုလိုချင်ခြင်း ဖြစ်ပါသည်။) ထိုအခါမျိုးတွင် သူ့ပေါင်ဖြူဖြူလေးကို မမြင်နိုင်ပါ။ သို့ရာတွင် ကျွန်တော် စိတ်မပျက်ပါ။ ကျွန်တော်က ပေါင်တစ်ခုတည်းကို ချစ်တာမှ မဟုတ်ဘဲ။ အို ... တခြားတွေ လျှောက်မတွေးပါနှင့်။ ကျွန်တော်က လဲ့ဖြူဆိုသော ကောင်မလေးကို ချစ်တာပါ။



သြော် ... ကျွန်တော်က လဲ့ဖြူကို ချစ်နေပြန်ပြီကိုး။

* * *

ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ။

မီတာ လေးရာပြေးပွဲ စ,ရန် တာစူနေကြပြီ။

လဲ့ဖြူသည် နှကြီအဖြူ၊ ဘောင်းဘီဖြူ ဝတ်ထားသည်။

အေးဆေးစွာ လမ်းလျှောက်လာသည်။ ပွဲကြည့်စင်ဘက်သို့ တစ်ချက်ဝေ့၍ကြည့်သည်။ ကျွန်တော်က ပြုံးပြလိုက်သည်။

'ဟေ့ကောင် ... ဘာပြုံးတာလဲ'

ကျွန်တော်တို့ဘောလုံးအသင်း ရှေ့တန်းမှ ကိုနိုင်က တံတောင်နှင့် တွက်သည်။

'လဲ့ဖြူကို ပြုံးပြတာ'

'ခွီး ... ကြောင်လိုက်တာ၊ ဟိုကဖြင့် ပရိသတ်တွေကြားထဲမှာ မင်းကို မြင်ဖြင့် မမြင်ဘဲနဲ့'

သေနတ်သံတစ်ချက် ဖောင်းခနဲ မြည်လာပြီးနောက် တာထွက်လေသည်။ လဲ့ဖြူသည် တာထွက်စောဖို့ မကြိုးစားခဲ့။ စလွှတ်ခါစလောက်တွင် သူက အလယ်လောက်မှာပဲ မှန်မှန်ပြေးသည်။ တဖြည်းဖြည်းမှ ရှေ့ကို ကျော်တက်လာလေသည်။ တစ်ယောက်ပြီး တစ်ယောက် နောက်ချန်ထားခဲ့သည်။ ပန်းဝင်ရန် မီတာ ၁၀၀ လောက်အလိုတွင် သူ့ရှေ့မှာ သုံးယောက်တည်း ကျန်တော့သည်။ တစ်ယောက်ကို ကျော်သည်။ နောက်တစ်ယောက်။ သူ့ရှေ့မှာ တစ်ယောက်တည်း ကျန်တော့သည်။

'လဲ့ဖြူကွ'

ကျွန်တော့်အသံက အကျယ်ဆုံးထွက်လာသည်။ ဆရာဦးစိန်ဝင်းက ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။ တစ်မျိုးပြင်၍ အော်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



‘အမှတ် (၁) ကွ…သဃ်န်းကျွန်းကွ’

ပန်းဝင်ရန် မီတာ ၅၀ လောက်အလိုတွင် သူ့ရှေ့ကတစ်ယောက်ကို ကျော်သွားသည်။ သူတို့နှစ်ယောက်၏ ခြေလှမ်းများသည် တစ်ညီတည်း ဖြစ်နေသည်။ အကြိတ်အနယ်။

‘တင်လဲ့ဖြူ…တင်လဲ့ဖြူ…တင်လဲ့ဖြူ’

ကျွန်တော်တို့ကျောင်းဘက်မှ အော်သံသည် ဟိန်း၍ထွက်လာသည်။

ပန်းဝင်လုနီးအချိန်မှာပင် သူ့ပေါင်ဖြူဖြူကလေးသည် ရှေ့သို့ စွန်းထွက်လာလေသည်။ နောက် လက်မောင်းကလေး။ နောက် ကိုယ်တစ်ခြမ်း။ နောက် လဲ့ဖြူ ပထမရသည်။

သူ ဆုယူအပြီး ကွင်းအပြင်သို့ ထွက်လာသောအခါ ကျွန်တော်သွားတွေ့သည်။

‘လဲ့ဖြူ သိပ်တော်တာပဲ’

သူက ပြုံးပါသည်။

‘သိပ်မောနေမှာပေါ့နော်၊ တို့လီမွှော်သီးတွေ ဝယ်ထားတယ်…ရော့’

‘ဟယ်…အားနာစရာကြီး’

‘လဲ့ဖြူပထမရလို့ ဂုဏ်ပြုတဲ့သဘောပါ’

‘သင့်ခယူ’

* * *

‘လဲ့ဖြူကို ကျွန်တော် ချစ်တယ်’

ကျွန်တော့်ကိုယ် ကျွန်တော်ပင် အံ့သြရမည်လား မသိ။ ထိုစကားကို ကျွန်တော်သည် ထစ်ငေါ့ခြင်းမရှိသော၊ တုန်ခါခြင်းမရှိသော၊ တိမ်ဝင်ခြင်းမရှိသော အသံဖြင့် ပြောသည်။ အမှန်အားဖြင့် ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောသောအခါ ရင်ခုန် လှုပ်ရှားနေသင့်သည်။ အသံတို့သည် တုန်ခါ တိမ်ဝင်နေသင့်သည်။ လက်ဖြွေကလေး နည်းနည်းပါးပါးလောက်ဖြစ်ဖြစ် ပျက်သင့်သည်။ တချို့ဆို ဒူးတောင် တုန်ခါနေတတ်ကြသည်ဆို မဟုတ်လား။ ကျွန်တော်ကဖြင့် ဘယ်လိုမှန်းလည်း မသိတတ်ပါ။ ထိုစကားကို မတုန်မလှုပ် အေးဆေးစွာ ပြောမိသည်။



‘ရှင်…’

သူ အံ့သြလိုက်သည်။ တကယ်မအံ့သြကြောင်း ကျွန်တော်သိနေသည် ထင်ပါသည်။ သူသည် ကျွန်တော့်အကြည့်များအကြောင်းကို ဟိုအရင်အခါ ဆီကပင် သိပြီးသား ဖြစ်ပါလိမ့်မည်။

‘ကျွန်တော် နှစ်ခါပြောဖို့ မလိုပါဘူးနော်’

သူ ခေါင်းကိုငုံ့ထားသည်။ သူ့မျက်နှာကို သေချာစွာ ကြည့်ခွင့်ရသည်။ အသားဖြူသော်လည်း နေပူထဲမှာ အပြေးလေ့ကျင့်ရသောကြောင့် နီစပ်စပ်ဖြစ်နေသည်။ မျက်နှာမှာ သနပ်ခါး စသည်တို့ မရှိတော့။ ဆံပင်ကို နောက်မှာ စုစည်းထားသည်။ ချွေးစကလေးတို့သည် နားထင်အစပ်မှာ ခိုနေကြသည်။ သူ လှပါသည်။

‘ကျွန်တော့်အပေါ်မှာ ဘယ်လိုသဘောထားသလဲဟင်’

ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။ ဒီတစ်ခါ ကျွန်တော်ခေါင်းငုံ့အလှည့်၊ ခေါင်းငုံ့သောအခါ ဘာလုပ်မည်ထင်ပါသနည်း။ ထုံးစံအတိုင်း သူ့ ခြေထောက်များကိုပင် ကြည့်ရပါမည်။ ဖုန်ထဲ သဲထဲမှာ အပြေးကျင့်လာသော်လည်း သူ့ခြေသည်းများကား ပြောင်လက်နေ၏။ ခြေထောက်ကို သေချာစွာ ဆေးလာတာကိုးလေ။

‘ဘယ်လိုလဲဟင်’

‘ကျွန်မ စာသင်နေတုန်းမှာ ဒါမျိုးမစဉ်းစားချင်ပါဘူး’



www.burmeseclassic.com

www.burmeseclassic.com



ဟော...သူကလည်း ထုံးစံအတိုင်း ပြန်ပြောသည်။ ဒါတွေက သီအိုရီ အတိုင်း ပြောတာသာ ဖြစ်ကြောင်း ကျွန်တော်သိပါတယ်လေ။

အရှိန်ပြင်းစွာ ပြေးလွှားနေသော ဘောလုံးကိုပင် လက်ဖျားမှာ ထပ်ခံ နေအောင် ဖမ်းနိုင်တဲ့ ကျွန်တော်ပဲ။ သူ၏ နှလုံးသားဆိုသည်ကား ရင်ခေါင်း ထဲမှာ လှုပ်လီလှုပ်လဲ့ကလေးနေတာပါ မဟုတ်လား။

* * *

ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ။

ရန်ကင်း အမှတ် (၂) ကျောင်းနှင့် ကျွန်တော်တို့ကျောင်း ကန်ကြရ သည်။ အကြိတ်အနယ်ပွဲပင်။

သူတို့ဘက်က လူကောင်ကြီးသည်။ ကျွန်တော်တို့ဘက်က ငယ်သည်။ သို့ရာတွင် ကျွန်တော်တို့ ကြိုးစားကြပါသည်။ ကျွန်တော်ကား အကြိုးစား ဆုံး။ မကြိုးစားလို့လည်း မရ၊ ဒီနေ့ပွဲမှာ မနိုင်လို့ဖြစ်ပါ။

ဒီနေ့ပွဲ နိုင်လျှင် လဲ့ဖြူက ကျွန်တော့်အချစ်ကို လက်ခံမည်။ ပြီးတော့ တုံ့ပြန်မည်ဟု ပြောခဲ့ပါသည် မဟုတ်လား။

သူတို့ဘက်က ကောင်တွေ အလွန်ကြမ်းသည်။ လူကောင်ကြီးသော ကြောင့် တွန်းနိုင်တိုက်နိုင်သည်။ ဘောလုံးသည် ကျွန်တော်တို့ဂိုးတိုင်ဆီ သို့ လာလာချောင်းသည်။ ဘယ်ရမလဲ၊ လေထဲမှာ၊ သို့တည်းမဟုတ် မြေ ပြင်မှာ ကျွမ်းထိုးဖမ်းခြင်းကို ဖန်တရာတေအောင် လေ့ကျင့်ထားတာပဲ။

ပထမပိုင်းပြီးတော့ ဂိုးမရှိသရေ။

ဆားနယ်ထားသော သံပရာသီးတစ်ခြမ်းကို ပါးစပ်ထဲ ထည့်လိုက်စဉ် လဲ့ဖြူကို ရှာသည်။ သူသည် ဆရာကြီး ဦးငြိမ်းမောင်နားမှာ ထိုင်ရင်း ကျွန် တော့်ကို ခိုးကြည့်သည်။ သံပရာသီး ကိုက်ထားလျက်ကပင် ပြုံးဖြစ်အောင် ပြုံးပြလိုက်၏။





ဒုတိယပိုင်း...။

ပွဲကြမ်းလာသည်။ ကျွန်တော်တို့ဘက်က ကောင်တွေ မကြာခဏ အချခံ ရသည်။ ဒိုင်လူကြီးကား သူ့အိတ်ထဲက အဝါကတ်ပြားကို ခဏခဏ ထုတ် ပြနေရလေသည်။ ကြာတော့ ကျွန်တော်တို့ဘက်က ကောင်တွေကပါ ပြန် ချသည်။ ကျွန်တော်တို့နောက်တန်းမှ ကိုတင့်နှင့် သူတို့ရှေ့တန်းမှ နံပါတ် (၁၀) တို့ အနီကတ်ပြ၍ အထုတ်ခံရသည်။

ဒုတိယပိုင်းပြီးတော့လည်း ဂိုးမရှိ၊ သရေ။

ထို့ကြောင့် အချိန်ပို ၁၀ မိနစ်၊ ပေါင်း မိနစ် ၂၀ ကစားရဦးမည်။

ပထမအချိန်ပို ၁၀ မိနစ်သည် မထူးခြား။

ဒုတိယအချိန်ပိုမှာ ဟိုကောင်တွေ ညစ်လာသည်။ ကျွန်တော့်ကို အကျိုး ချိုးဖို့ ကြိုးစားလာကြသည်။ ကျွန်တော့်ကြောင့် သူတို့ဂိုးမရကြခြင်း မဟုတ် လား။ ထောင့်ကန်ဘော ကန်ပြီဆိုလျှင် သူတို့ရှေ့တန်းက နှစ်ယောက် သည် ကျွန်တော့်ကို ညှပ်ချဖို့ ကြိုးစားကြသည်။ ဘယ်ရမလဲ။ ကျွန်တော့်ဆီ လာသော ဒူးပျံတွေ သူတို့ရသွားကြသည်။

လဲ့ဖြူ လက်ခုပ်တီးလိမ့်မည်။

ပွဲပြီးဖို့ မိနစ်ပိုင်းသာ လိုတော့သည်။

သူတို့ရှေ့တန်း ညာအစွန်လူသည် မြင့်ကျော်နှင့် ယှဉ်ပြေးနေရာမှ ရှေ့ သို့ စွန်းထွက်လာသည်။ ဘောလုံးကို အမြောက်ကန်ပို့သည်။ သူတို့ ရှေ့ တန်းလူ တစ်ယောက်က ရင်ဘတ်ဖြင့် တားသည်။ အောင်မြင့် ပြေးသွား သည်။ မရတော့၊ ဘောလုံးသည် ဒီဘက်မှာ တစ်ယောက်တည်း လွတ်နေ သော သူတို့လူဆီ ရောက်သွားသည်။ သူ ရှေ့ကို ဆွဲပြေးလာသည်။

ကျွန်တော်နှင့် နှစ်ယောက်ချင်း။

ကျွန်တော် ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေထောက်ထဲက လုယူရမည်။

ခြေထောက်ကိုရော လူကိုရော သိမ်းကျုံးခုန်အုပ်လိုက်သည်။

ခေါင်းထဲက မိုက်ခနဲ။

မျက်လုံးက ပြာခနဲ။

'ဂိုး...'

ကျွန်တော် ပြန်မထနိုင်တော့ပါ။

မြေမှာ ပုံလျက်သား။

ကျွန်တော့်ကို ထမ်းထုတ်သွားကြသည်။

ပွဲသိမ်းခရာမှုတ်သည်။

ကျွန်တော်တို့ကျောင်း ရှုံးပါပြီ။

လဲ့ဖြူကို ကျွန်တော်မကြည့်ရဲတော့။

ရှုံးသူတို့ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ကြသည်။ ကျွန်တော့်ကိုလည်း အပြစ်ဆိုကောင်း ဆိုကြလိမ့်မည်။ ဆိုကြပါစေ။ လဲ့[ဖြူ] ကကော ကျွန်တော်ညံ့သည်ဟု ပြောမှာလား။

ဘောလုံးသမားတွေ စီးရမည့်ကားပေါ်မှာ မလှုပ်မယှက် လိုက်ခဲ့သည်။ ဘယ်သူ့ကိုမှ စကားမပြောတော့။ ဘောလုံးပွဲမှာတုန်းက ခေါင်းကို အ[...] ခံရသဖြင့် မူးနောက်နေတုန်း ရှိသေးသည်။ လက်ကို တက်နင်းခံရ၍လည်း လက်နာနေသည်။

ကျောင်းကိုပြန်ရောက်တော့ ဆရာကြီးက ခန်းမထဲကို ခေါ်၍ စကား[း] ပြောသည်။ အရှုံး အနိုင်သည် ပဓာနမဟုတ်ကြောင်းပေါ့လေ။

အိမ်ကိုပြန်ဖို့ ထွက်လာတော့ ကျောင်းရှေ့က ကုက္ကိုပင်အောက်မှာ [...] စောင့်နေသည်။ လဲ့ဖြူပါ။ လှမြင့်က အလိုက်သိစွာ ရှောင်ထွက်သွား[း] လဲ့ဖြူက ပြုံးပြသည်။ ကျွန်တော်က ခေါင်းကိုငုံ့ စကားဆိုပါသည်။



'ကျွန်တော် ရှုံးသွားပြီ လဲ့ဖြူ'

'မရှုံးပါဘူးလေ'

'ဘာဖြစ်လို့ မရှုံးရမှာလဲ'

'ကျွန်မ ပြောခဲ့တုန်းက အချိန်ပိုကစားရတာကိုမှ ထည့်မပြောခဲ့တာပဲ'

သူ့ကို ကြည့်လိုက်သည်။ သူ ပြုံးပြန်၏။

'ဒါပေမဲ့ ဒုတိယပိုင်း အချိန်စေ့တော့ သရေပွဲမဟုတ်လား'

'ဒါပေမဲ့ ကျွန်မတို့ကျောင်းက ပထမပိုင်းမှာ တစ်ဂိုးသွင်းလိုက်သေး တယ် မဟုတ်လား'

'အဲဒါက လူကျွံဘောဆိုပြီး ဒိုင်လူကြီးကမှ ဂိုးမပေးတာဘဲ'

'ကျွန်မနေရာက ကြည့်တာတော့ လူမကျွံပါဘူး၊ အဲဒီဂိုးကို ကျွန်မတို့ ကျောင်းက အနိုင်ဂိုးလို့ တွက်ရင် ရတာပဲ'

သူ ကျွန်တော့်ကို ပြုံးပြလိုက်ပါသည်။

ဟူး... စောစောတုန်းက စိတ်မကောင်းဖြစ်ချင်ယောင် ဆောင်ရတာ [...]င်ပန်းလိုက်လှပါဘိ။

* * *

အခြေခံပညာရေး အထက်တန်းအဆင့်မှာ ရည်းစားထားရတာ မလွယ် [...]ပါ။ မိဘတွေကလည်း ဒါမျိုးကို တားမြစ်တတ်ကြသည်။ ဆရာတွေက [လ]ည်း ပညာသင်ချိန်မှာ ပညာကိုသာ ဦးစားပေးရမည်ဟု တဖွဖွ။

ကျောင်းသွားကျောင်းပြန် အချိန်တို့တွင် လည်းကောင်း၊ ကျူရှင်သွား [ကျူ]ရှင်ပြန် အချိန်တို့တွင်လည်းကောင်း သူကလည်း သူငယ်ချင်း တစ် [ယ]ောက်လောက်နှင့် တူတူသွားသည်။ ကျွန်တော်ကလည်း သူငယ်ချင်း တစ် [ယ]ောက်လောက်နှင့်အတူ သူ့သောက လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက အလိုက်သိစွာ နည်းနည်းခွာလျှောက်ပေးမှ လွတ်လပ်စွာ စကားပြောရသည်။ ဒါတောင် သိပ်ကပ်ပြီး မလျှောက်ရဲ။ လူကြီးတွေ သိကုန်မှာစိုးရသည်။ ကျောင်းပြေးပြီး ရုပ်ရှင်သွားကြည့်ဖို့ကိုလည်း စိတ်မကူးရဲ။

ကျောင်းဘုံကထိန်ပွဲနေ့က သူများတွေ ဘုံကထိန်လှည့်နေတုန်း ကျိုက္ကဆံဘုရားထဲ သွားတာ တစ်ခါ၊ ကျောင်းအစည်းအဝေးရှိ၍ နေ့တစ်ဝက် လွတ်လိုက်တုန်းက ငမိုးရိပ်တံတားနား သွားတာတစ်ခါ၊ ဒါပဲ။

ကျွန်တော်တို့ ဆယ်တန်းတုန်းက ခေတ်သည် ထိုကိစ္စမျိုး၌ တိုးတက်မှုနှေးကွေးသည်။ သို့ရာတွင် ထိုအချိန်ကမူ ကျွန်တော်တို့အတိုင်းအတာနှင့် ကျွန်တော်တို့ ဟုတ်နေကြတာပါပဲလေ။ ပြီးတော့လည်း ဆယ်တန်းဆိုသည်မှာ တက္ကသိုလ်ရောက်ဖို့ လက်တစ်ကမ်းသာ လိုပါတော့သည် မဟုတ်လား။

* * *

ဆယ်တန်းတုန်းကနှင့် ကွာပါ့။

တက္ကသိုလ်ရောက်ပြီလေ၊ ကြည့်ပါဦး။

အဓိပတိလမ်းပေါ်မှာ၊ ပုဂံလမ်းပေါ်မှာ၊ အင်းလျားကန်ပေါင်ပေါ်မှာ နှစ်ယောက်တည်း တွဲပြီး လမ်းလျှောက်လိုက်စမ်းပါ။

ဘယ်သူတွေကများ ဘာပြောကြမှာပါလဲ။

ပြီးတော့လည်း...

ကံ့ကော်တောမှာ၊ အင်းလျားကန်စပ်မှာ၊ အခန်းလွတ်များမှာ နှစ်ယောက်တွဲ ထိုင်ကြည့်ကြစမ်းပါ။ ဘယ်သူတွေကများ ကန့်ကွက်ကြမှာပါလဲ။

အမယ်...မကန့်ကွက်တဲ့အပြင် တက္ကသိုလ်နယ်မြေအနှံ့မှာ ချစ်သူတွေ ထိုင်ဖို့ ခုံတန်းလျားကလေးများပင် ရိုက်ပေးထားသေးသည်။

ကြည်နူးဖွယ် တက္ကသိုလ်။



နံနက်စောစော ပုဂံလမ်းပေါ်မှာ အတူယှဉ်တွဲပြီး လျှောက်ရတာလည်း အရသာပဲ။

စားသောက်ဆိုင်တန်းမှာ အတူတူထိုင်ပြီး အအေးသောက်ရတာလည်း ပျော်စရာပဲ။

အခန်းလွတ်များထဲမှာ ထိုင်ပြီး စကားပြောရတာလည်း ပျော်စရာပဲ။

တက္ကသိုလ်မှာဆိုလျှင် ကိုယ့်ကိုယ်ကိုပင် ထိန်းကျောင်းရသည်။ ဆရာဆိုတာ လမ်းညွှန်ရုံမျှသာ။ ဒီနယ်မြေမှာ တိုးတက်မှုသည် မြန်ဆန်၏၊ ဘယ်ဘက်မှာပဲဖြစ်ဖြစ်။

ကျွန်တော်တို့နှစ်ယောက်ကိုပဲ ကြည့်။

ကျွန်တော်တို့သည် အင်းလျားကန်စပ်မှာ ထိုင်တတ်နေကြပြီ။ အခန်းလွတ်များ၌ နေရာဦးတတ်နေကြပြီ။ ကျောင်းမတက်ဘဲ ရုပ်ရှင်သွားကြည့်နေတတ်ကြပြီ။ ဒါတောင် ပထမနှစ်။

ကျွန်တော်တို့နှစ်ယောက်သည် ပွဲတွဲတိုးတက်မှုသာမက တစ်ဦးချင်း တိုးတက်မှုတွေလည်း ရှိလာကြသည်။

သူသည် နှစ်လက်မ ဒေါက်မြင့်ဖိနပ် စီးတတ်လာသည်။ အင်္ကျီလည်ပင်းသည် ပိုကျယ်လာသည်။

နှုတ်ခမ်း၌ ငွေပြာရောင် ဆိုးတတ်လာသည်။

ရင်ထဲက မနှစ်လိုဘဲ ခြောက်သွေ့စွာ ရယ်မောတတ်လာသည်။ သူ့ ခေါင်းအသင်းများဆီမှ အမည်းရောင်အကြည့်များ၊ အထက်တန်းကျသည် ဆိုသော ထန်းပင်ပေါ်မှ စကားများ ကူးစက်လာသည်။

ကျွန်တော်ကကော...

လက်ဖက်ရည်ဆိုင် ထိုင်တတ်လာသည်။

စားပွဲကို လက်သီးဖြင့် ထုတတ်လာသည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်တတ်လာသည်။

သူငယ်ချင်း ကဗျာဆရာများထံမှ အမူအကျင့် အပြောအဆိုများ ရရှိလာသည်။

ကျွန်တော့်အဝတ်အစားများသည် ကျွန်တော့်စာအုပ်စင်က စာအုပ်များလိုပင် ဖရိုဖရဲဖြစ်လာသည်။

ဒီလောက်ဆိုလျှင်ပင် သိသာလောက်ပါပြီ။ နောက်ပိုင်းတွင် ကျွန်တော်တို့နှစ်ယောက်၏ စရိုက်သဘာဝများသည် တစ်ဦးနှင့်တစ်ဦး သဟဇာတမဖြစ်တော့ပါ။

ကျွန်တော်သည် သူ့အတွက် ဘယ်လောက်များ အသုံးဝင်သနည်း။

သူ ရုပ်ရှင်ကြည့်ချင်သောအခါ၊ ဗိုလ်ချုပ်ဈေးသွားချင်သောအခါ အဖော်အဖြစ် လိုက်ဖို့။

သူ စကားပြောဖော်မရှိသောအခါ အပျင်းဖြေပေးဖို့။

ဒီလောက်ပဲ ရှိမည်ထင်သည်။

သူကကော ကျွန်တော့်အတွက် ဘယ်လောက်များ အသုံးဝင်သနည်း။ ပြောရမှာ အားတော့နာသည်။

သူငယ်ချင်းတွေအပေါ်မှာ 'ရည်းစားရှိတယ်ကွ' ဟု ကျောနိုင်ဖို့နှင့် ကဗျာရေးသောအခါတွင် 'စံပြမယ်' အဖြစ် အသုံးပြုဖို့သာ ရှိတော့သည်။

အမှန်အားဖြင့်မူ ကျွန်တော်သည် သူ့ကို ကဗျာလောက် စိတ်မဝင်စားနိုင်တော့ပါ။

တက္ကသိုလ်ဆိုသည်မှာ လူတို့၏စရိုက်အသီးသီးကို ထင်ရှားစွာ ခွဲခြားသတ်မှတ်ပေးနိုင်သည်တကား။

* * *

သူ့အပေါင်းအသင်းများကို ကျွန်တော်သဘောမကျနိုင်ပါ။ သူတို့



သစ်ပုတ်ပင်ခြေရင်းက မြက်ခင်းမှာ ထိုင်၍ လပ်ဗ်အင်န်ဒ ကိုသ်ဇာတ်ကားထဲမှ မင်းသမီး ခိုမာခိုရှုရိုခါ ရာအကြောင်း ပြောကြမည်။ ယောကျ်ားလေးတွေနှင့် မိန်းကလေးတွေ ရောထွေးထိုင်ကြမည်။ ပေါင်ပုတ် လက်ပုတ် လုပ်ကြမည်။ ရယ်စရာမဟုတ်သောအကြောင်းများကို 'တခစ်ခစ်' အသံဖြင့် ခြောက်ကပ်ကပ် ရယ်ကြမည်။ အလွန်ရယ်စရာကောင်းသော ကိစ္စများကိုမူ တအံ့တဩ အထင်ကြီးကြမည်။

ကျွန်တော်သည် သူတို့ကြားထဲမှာ ရောနှောခြင်းငှာ ဘယ်လိုမှမဖြစ်နိုင်။ ကြည့်ကြပါဦး။

သူတို့ရယ်သလို 'တခစ်ခစ်' ဆိုတာမျိုး ကျွန်တော် မရယ်တတ်ပါ။ ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်းပဲ ရယ်ချင်သည်။ ကျွန်တော့်သူငယ်ချင်း ကဗျာဆရာ တာနေသည် သမိန်ပေါသွပ်ရယ်သလို 'ဝူးထွားထွား…ဟားဟား' ဟူ၍ အားပါးတရ ရယ်တတ်ပါသည်။ ကျွန်တော်သိပ်သဘောကျသည်။

သူတို့အုပ်စုထဲမှ ယောကျ်ားလေးများသည် သွားကလေးများ ဖြဲ၍ ရိသဲ့သဲ့ စကားများသာ ပြောတတ်ကြပါသည်။ ကျွန်တော့်သူငယ်ချင်း မြင့်ကောင်းသည် 'ငါ့လခွီး…သောက်ပေါ်ပေါ' ဟူ၍ ရင်းနှီးချစ်ခင်စွာ ဆိုတတ်ပါသည်။

ကဲ…ဘယ်လိုလုပ်မလဲ။

တစ်ခါတုန်းက လဲ့ဖြူသည် သူ့သူငယ်ချင်းများနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

ကျွန်တော်နှင့် လဲ့ဖြူက အမေကြည့်ဆိုင်မှာ ထိုင်နေတုန်း သူတို့ ရောက်လာသည်။ အမျိုးသားတစ်ယောက်၊ အမျိုးသမီး နှစ်ယောက်။

'ဟာ…ပျော့ကောင်တွေ၊ လာကြ'

'ပျော့ကောင်တွေ' ဟု ဆိုသောကြောင့် ကျွန်တော်တလှမ်းခေါ်လိုက်သည်ဟု မထင်ပါနှင့်၊ လဲ့ဖြူက ခေါ်လိုက်ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဘာသောက်ကြမှာလဲကွ'

'လီမွန်'

'ဘနားနား'

'အောရင့်ဂျ်'

'ကိုကျော်...လက်ဖက်ရည်တစ်ခွက်၊ အချိုပေါ့ကျ'

နောက်ဆုံးအသံသည် ကျွန်တော့်အသံဖြစ်ပါသည်။ အမျိုးသားသည် ဆောင်းဘီအနက်နှင့် လေးလက်မလောက်ထူသော ဒေါက်မြင့်ဖိနပ်နှင့်၊ အကျႌကတော့ ဘာမှန်းမသိ ပြောင်ပြောင်လက်လက်ပဲ။ အမျိုးသမီးနှစ်ယောက်ကတော့ ဘာတွေဝတ်ထားမှန်း မပြောတတ်ပါ။ ရုပ်ရှင်မင်းသမီး မသန်းရွှေစကားနှင့် ပြောရလျှင် 'ထုံးစံအတိုင်း တော်ရီလျော်ရီပေါ့'။

အမျိုးသားက ဆောင်းဘီအိတ်ထဲမှ ဒန်ဟီးလ်စီးကရက်ဘူးကို ထုတ်တည်သည်။

'စီးကရက်'

'ကျား မသန်းရွှေ ရှိတယ်'

ဆေးပေါ့လိပ်ကို မြှောက်ပြလိုက်သည်။ လှဲဖြူက ကျွန်တော့်ကို မျက်စောင်း တစ်ချက် ထိုးသည်။ ပြီးမှ သူငယ်ချင်းဘက် လှည့်၍ 'အဟင်း' ဟု ရယ်သည်။

'ကဲ...အင်ထရိုလုပ်ပေးရဦးမယ်၊ ဒါ ကိုဉာဏ်မိုတဲ့၊ ဖလော်က ကဗျာဆရာ ဘုန်းကြီးကျောင်းသား'

'အဟိ...ခစ် ခစ်'

အမျိုးသမီးတစ်ယောက်ဆီက အသံထွက်လာသည်။ အမျိုးသားက နှုတ်ခမ်းကို တွန့်၍ပြုံးသည်။

'ဖတ်ဖူးပါတယ်၊ သိပ်ရယ်ရတာပဲ၊ အဲဟိ...ခစ် ခစ်'



ကျွန်တော် အောင့်သွားပါသည်။ ကျွန်တော့်ကဗျာတွေက ရယ်ရတယ်ဘဲ့၊ ထားပါတော့လေ။ ကျွန်တော့်အလှည့် ရှိသေးတာပဲ။

'ကို...ဒါ လှဲဖြူသူငယ်ချင်းတွေလေ၊ သူက အိုင်အမ်ဝမ်းက ရောဘတ်ဘဲ့'

'သြော်...လောဘ...လောဘ'

ကျွန်တော်က တိုးတိုးရေရွတ်လိုက်သည်။ ရောဘတ် မျက်နှာပျက်သွား၏။ လှဲဖြူကမှ မကြားလိုက်။

'ဘာလဲ ကို'

'ဘာမှမဟုတ်ပါဘူး'

'အဲ...သူက လှဲဖြူတို့နဲ့ ဆိမ်းကလပ်စ်လေ...ဒေါ်လီတဲ့'

'အင်း...လော်လည်ဖောက်ပြားနေကြတဲ့ လောကကြီးပဲ'

ဒေါ်လီ မျက်နှာမဲ့သွားပြန်၏။ လှဲဖြူက ကျွန်တော့်ပေါင်ကို ပုတ်သည်။

'ကိုကလဲ...ဘာတွေ လျှောက်ပြောနေတာလဲ'

'သြော်...ဘာမှ မဟုတ်ပါဘူး၊ ကဗျာအကြောင်း စဉ်းစားမိတာနဲ့၊ အဲ...ဆက်ပြောပါဦး၊ သူကကော'

'သူက အဲနိုက ဂလော်ရီယာ'

'ဘာ...ဂေါ်ဇီလာ ဟုတ်လား၊ ဟာ...တိုက်ဆိုင်လိုက်တာဗျာ၊ ကျွန်တော့်မှာလဲ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ကင်းကောင်ကြီးတဲ့'

'ကို...'

လှဲဖြူ မျက်နှာကြီးအကျယ်ပျက်နေပြီ။ သူတို့သုံးယောက်ကတော့ မပြောနိုင်တော့။ မတ်တတ်ပင် ထရပ်ပြီးနေကြပြီ။

'ကိုယ်တို့ သွားမယ်၊ ယူ့အမျိုးသားက သိပ်ယဉ်ကျေးတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အမယ်...သူတို့ကလည်း အလကြီးပါလား။ ဒါပေမဲ့ မရပါဘူးလေ ကျွန်တော်က ကဗျာဆရာပဲ၊ သူတို့ထက် ပိုရိတတ်တာပေါ့။

'ဟော...သွားကြတော့မလို့လားဗျ၊ ဒါတွေ သောက်မသွားကြတော့ လား၊ အသင်တို့ သွားတော့ ဒါတွေ အကျွန်ုပ်တို့ချည်း ဘယ်ကုန်ပါ့မလဲ'

'ကျေးဇူးတင်ပါတယ်'

ဩော်... မြန်မာပီပီသသ ကျေးဇူးတင်ပါတယ်တဲ့။ နိုင်းမတုလောက် အောင် သိုင်းခရု မလုပ်တော့ဘူးလား။ သူတို့ဟာမြန်မာ့ယဉ်ကျေးမှု 'ကျေးဇူး တင်ပါတယ်'ကို ရိတဲ့အခါကျမှပင် သုံးတတ်ကြသည်တကား။

သူတို့ ထွက်သွားကြသောအခါ လဲ့ဖြူနှင့် ကျွန်တော် စကားများကြ ကို ပြောဖို့ပင် မလိုပါ။

'ကို သိပ်ရိုင်းတာပဲ'

'ဟော...ဘာများ ရိုင်းမိလို့လဲ၊ ကို အင်္ဂလိပ်လိုလဲ မပြောမိပါလား'

'ကို့စကားတွေက သိပ်တရားလွန်တယ်'

'နောက်တာပါ'

'နောက်တာ...ဟုတ်လား၊ နောက်တာကလဲ စတွေ့တွေ့ချင်းပါပဲလား'

'အင်းလေ၊ လဲ့ဖြူတို့အသိုင်းအဝိုင်းက ပွင့်လင်းတယ်ဆို'

'ပွင့်လင်းတာနဲ့ မဆိုင်ပါဘူး၊ ကိုက ရိတာ'

'ဩော်...ဘယ်သူက စ ရိတာလဲ၊ ကို့ကဗျာတွေ ရယ်ရတယ်ဆိုပြီး ရိတာ ဘယ်သူပါလိမ့်'

'သူတို့က ရိုးရိုးနောက်တာ'

'ကိုလဲ ရိုးရိုးနောက်တာပဲ'

'ဒါဖြင့် သူတို့က ယူလို့ပြောတာကို ကိုက အသင်တို့ အကျွန်ုပ်တို့နဲ့ ပြောတာကျတော့ကော ရိတာမဟုတ်ဘူးလား'



'အင်း...ဟုတ်တယ်ထင်တယ်'

'ကိုဟာ သိပ်ခက်ပါလားနော်'

သူတို့ မသောက်ဘဲ ထားခဲ့သော လိမ္မော်ရည်တွေ၊ ငှက်ပျောရည်တွေ၊ သံပရာရည်တွေ နှမြောစရာ။ ကျွန်တော့်သူငယ်ချင်းတွေကိုသာ လက်ဖက် ရည် တိုက်လိုက်မည်ဆိုလျှင် သူတို့ ကျေးဇူးတင်ကြပေမည်။

* * *

ကျွန်တော့်သူငယ်ချင်း ကဗျာဆရာတွေကို သူ အထင်မကြီးပါ။

ကျွန်တော့်သူငယ်ချင်းများသည် အဝတ်အစား စုတ်ချာသည်။

ပိုက်ဆံ အမြဲပြတ်နေတတ်သည်။

စကားကျယ်ကျယ်ပြောတတ်သည်။

စကားပြောလျှင် ဆဲပြီးမှ ပြောတတ်သည်။

'ဝူး ထွား ထွား ထွား...ဟား ဟား'ဟု ရယ်တတ်သည်။

ကဲလေ...သူ ဘယ်လိုလုပ် အထင်ကြီးလိမ့်မှာလဲ။

တစ်ခါက ကျွန်တော့်သူငယ်ချင်းများနှင့်အတူ ကျွန်တော်တို့နှစ်ယောက် တစ်ဝိုင်းတည်း စားဖူးသည်။ တိုးမိုး ပညာသင်ထောက်ပံ့ကြေး ထုတ်သော နေ့က ဖြစ်ပါသည်။ တစ်ယောက်မှာ ပိုက်ဆံရှိလျှင် ဝိုင်းတွယ်တတ်ကြသည့် ထုံးစံအတိုင်း ဆီချက်ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ အအေး...ကိုယ် ကြိုက်တာ မှာကြလေသည်။ အားနာစရာမလို။

တိုးမိုးက လဲ့ဖြူကို ခေါ်ခဲ့ပါ ဆိုသောကြောင့် ခေါ်သွားမိသည်။ သူငယ် ချင်းများသည် လဲ့ဖြူရှေ့မှာပင်ဖြစ်သော်လည်း အကျင့်ပါနေသောကြောင့် စကားပြောလျှင် 'ငါ့လစ်း'က စပြောသည်။ လဲ့ဖြူကား မျက်နှာမသာယာချေ။

ပြီးတော့ ကိုယ့်ပန်းကန်ကို သူများ နှိုက်မစားရအောင် ဆိုပြီး ပန်းကန်ထဲ သို့ တံတွေးတွေးထည့်ဟန် ပြုကြသည်။ နောက်တော့လည်း လိုက်လာအောင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ စိန်ဆင့်သည် ကျွန်တော့်အုန်းနို့ခေါက်ဆွဲပန်းကန်ထဲက ဘူးသီး ကြော်ဖတ်ကို လက်ဖြင့် နှိုက်ယူသည်။

လဲ့ဖြူက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်လေသည်။

သူသည် ကျွန်တော့်သူငယ်ချင်းများနှင့် နောက်ကိုဘယ်တော့မှ အတူတူ မစားတော့ချေ။

* * *

ကဗျာရေးစပ်ရခြင်းသည် ချမ်းမြေ့ဖွယ်ကောင်းလိုက်ပါဘိ။

ရေးစရာတွေကတော့ ကုန်ပဲ မကုန်နိုင်။

ဘွဲ့နှင်းသဘင်ခန်းမ၊ ယုဒသန်ဘုရားရှိခိုးကျောင်း၊ အဓိပတိလမ်း၊ အင်းလျားကန်၊ ကုံကော်တော၊ ရေတမာပင်တို့သည် ကဗျာဇာတ်ကောင် များ၊ ကုံကော်ရွက်တို့၏ အရေအတွက်နှင့်အမျှ ကဗျာများ စပ်နိုင်သည်။ စိန် ပန်းနီနီတို့ကိုကြည့်မော၍ အမျိုးအမည်မသိသော ဝေဒနာကို ခံစားနိုင်သည်။ ကဗျာသည် အင်းလျားကန်ရေပြင်ပေါ်၌ပင် ရုပ်တိုက်ပြေးလွှားနိုင်သည်။

ကဗျာများ စပ်နေရသောအခါ ဘာများ လိုပါလိမ့်ဦးမည်နည်း။ ကဗျာ သည် လဲ့ဖြူကိုပင် ခဏမျှမေ့လျော့နေစေနိုင်စွမ်း ရှိသည်။ တကယ်ပါ။

တစ်ခါတစ်ရံ ကဗျာစပ်နေရသောကြောင့် လဲ့ဖြူဆီ အရောက်နောက်ကျ သည်။ တစ်ခါတစ်ရံ၌မူ တစ်နေကုန် ကဗျာစပ်နေရသောကြောင့် လဲ့ဖြူဆီ လုံးဝမရောက်ဖြစ်ပါ။

လဲ့ဖြူနှင့် ကျွန်တော် စကားများသောနေ့မတိုင်ခင် တစ်နေ့ကဆိုလျှင် ကဗျာစာအုပ်တစ်အုပ်အတွက် ဖယောင်းစက္ကူတွေ ရေးနေရသောကြောင့် သူ့ထံသို့ မရောက်ခဲ့ပါ။ ဒါကို သူက မကျေနပ်။

'မနေ့က ဘာလို့ မလာတာလဲ'

'မအားလို့ပါ'



'ကိုကို သေသေချာချာမှာထားသားပဲ၊ ဆယ့်နှစ်နာရီလာခဲ့ပါလို့၊ စကော့ ဈေး သွားချင်တယ်လို့'

'စကော့ဈေးမဟုတ်ပါဘူး၊ ဗိုလ်ချုပ်အောင်ဆန်းဈေးပါ'

'ဘာဈေးပဲဖြစ်ဖြစ် လိုက်ပို့ပါလို့ သေသေချာချာပြောထားတဲ့ဟာကို'

'ကိုလာဖို့တော့ကြိုးစားသေးတယ်ကွာ၊ ကဗျာစာအုပ်အတွက် ဖယောင်း ရေးနေတာ မပြီးတာနဲ့'

'ဪ... မအားဘူးဆိုတာ အဲဒါကိုး'

'ဟုတ်တယ်လေ'

သူ မကျေမနပ်ဖြစ်နေပါသည်။ မိန်းကလေးများ ဒီလိုပဲ။ သူတို့ကိစ္စမှ သူတို့ကိစ္စ။ တခြား ဘာကိစ္စ အရေးကြီးကြီး သူတို့ကိစ္စကိုသာ ဦးစားပေးလိုက် ချင် အလွန်သဘောကျသည်။ ခုလည်း ကဗျာစာအုပ်ကိစ္စထက် သူ့ဗိုလ်ချုပ် ဈေးကို ပို့ပြီး ဦးစားပေးစေချင်သည်။ ကဗျာစာအုပ်ကို သူ့ထက်ပိုပြီး အလေး ထားသည်ဟု ထင်နေသည်။ ဟုတ်လည်း ဟုတ်ပါသည်။ ကဗျာစာအုပ်မှာ မနေ့က အပြီးမလုပ်နိုင်ခဲ့လျှင် ဒီနေ့ ထွက်နိုင်မည်မဟုတ်။ သူနှင့်က မနေ့က တွေ့နိုင်သော်လည်း ဒီနေ့ တွေ့ရသည်မဟုတ်လား။

'ဟင်း.... ကဗျာစာအုပ်ကိစ္စ'

'ကဲပါ ... မနေ့က မလာပေမယ့် ဒီနေ့လာတယ်မဟုတ်လား'

'သွားချင်တာက မနေ့ကတည်းက၊ လက်သည်းဆိုးဆေး ကုန်နေလို့၊ လက်သည်းမဆိုးရရင် မနေနိုင်ဘူးဆိုတာလဲ ကိုသိသားပဲ'

'ဒါဆို ခုသွားမယ်လေ'

'မလိုတော့ပါဘူး၊ မနေ့က ဒေါ်လီနဲ့ သွားဝယ်ပြီးပါပြီ'

'ဪ... ဒါဆိုလဲ ပြီးတာပဲ မဟုတ်လား'

'မပြီးဘူး၊ မပြီးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ထပ်သွားဦးမယ်ပေါ့၊ ဘာလို့လဲ၊ မနေ့က ဝယ်တာ အရောင်မကြိုက်လို့လား'

'မဟုတ်ဘူး၊ မပြီးဘူးဆိုတာက ပြောရဦးမယ်လို့ ပြောတာ'

'ပြောလေ...ဒါဆို'

'ကို လဲ့ဖြူကို ဂရုမစိုက်ဘူး'

'စိုက်ပါတယ်'

'မစိုက်ပါဘူး၊ ကိုက လဲ့ဖြူကို ကဗျာလောက်တောင် အရေးမထားချင်ဘူး မဟုတ်လား'

အမှန်အတိုင်း ပြောရမည်ဆိုလျှင်တော့ သူ့ကို ကဗျာလောက် ဂရုမစိုက်မိတာ အမှန်ပါ။ သို့ရာတွင် ခုအချိန်မှာ သူ့ကို ဘယ်လိုများ ပြောရပါမည်လဲ၊ အမှန်အတိုင်း ပြောရမည်လား၊ သို့တည်းမဟုတ် လိမ်ညာပြီး ပြော[ရ]မလား။

'ဒီလိုရှိပါတယ် လဲ့ဖြူ၊ လူဆိုတာ တစ်ယောက်တည်း နေလို့ရတာမဟုတ်ဘူး၊ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်'

'ဟုတ်တယ်...ဟုတ်တယ်၊ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတာလဲ ရှိသေးတယ်၊ ဒါပေမဲ့ လဲ့ဖြူအသိုင်းအဝိုင်းကိုကျတော့ ကိုက အသိအမှတ်[မပြု]လို့လား'

'ဒါကိုတော့ ကိုဝန်ခံပါတယ်၊ လဲ့ဖြူအသိုင်းအဝိုင်းတွေ ကို မကြိုက်ဘူး'

'ကို့အသိုင်းအဝိုင်းတွေကိုလဲ လဲ့ဖြူ မကြိုက်ဘူး'

'ကို သိပါတယ် လဲ့ဖြူ၊ ကို့အသိုင်းအဝိုင်းတွေက ကားမှ မစီးနိုင်[ဘဲ] ဟိုက်ဖွမ်မှာမှ ထမင်းဖိတ်မကျွေးနိုင်ဘဲ၊ ပြီးတော့ကျတော့...အဟိ...ခစ်[ခစ်] လို့မှ မရယ်တတ်ဘဲ'



'ကိုက ရိတာလား'

'မရိပါဘူး လဲ့ဖြူ၊ အမှန်အတိုင်း ပြောတာပါ၊ ကဲပါလေ...ဒါတွေ ပြောနေကြစို့နဲ့၊ တစ်ခုခုစားကြရအောင်'

သူ ဘာမျှမပြောပါ။ ကျွန်တော့်လွယ်အိတ်ကိုသာ စိုက်ကြည့်နေ၏။ သူလက်ဆောင်ပေးခဲ့တဲ့ လွယ်အိတ်ပဲ။ တစ်ခါမှ မလျှော်ဘဲ ဒုံးချလွယ်ခဲ့သော[ကြောင့်] ဟောင်းနွမ်းနေပြီ၊ လွယ်အိတ်ကိုမြင်မှပင် သတိရသည်။ လွယ်အိတ်[ထဲ]မှာ ကဗျာစာအုပ် ပါလာသည်။ ကဗျာစာအုပ် သူ့ကို လက်ဆောင်ပေးရ[မ]ည်။ ကျွန်တော့်ကဗျာများကို ဖတ်ပြီးလျှင် သူ ကျွန်တော့်ကို စိတ်ပြေသွား[လ]ိမ့်မည်။

'ရော့...လဲ့ဖြူ၊ ကိုတို့ ထုတ်တဲ့ ကဗျာစာအုပ်၊ လဲ့ဖြူဖို့ လက်ဆောင်ပေး[တ]ာ'

'မယူချင်ဘူး'

'ဟာ...လဲ့ဖြူကလဲ၊ ယူလိုက်ပါ'

သူ ခေါင်းခါသည်။

'ယူပါကွ...ယူလေ'

ကျွန်တော်က ကဗျာစာအုပ်ကို သူ့လက်ထဲ ထည့်ပေးလိုက်သည်။ သူ[သ]ည် ကဗျာစာအုပ်ကို ကိုင်မြှောက်၍ အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဆွဲ[ဆ]ုတ်ဖြဲလိုက်လေသည်။

'ဟင်...မင်း...မင်း...ဘာလုပ်တာလဲ'

'ဆွဲဆုတ်တာလေ'

သူ့လက်ကို ကျွန်တော် ဖမ်းကိုင်လိုက်သည်။ သူ့ကို စေ့စေ့ကြည့်သည်။ [သူ]သာ မိန်းကလေးတစ်ယောက် မဟုတ်လျှင် သူ့ကို ဆွဲထိုးပစ်မိပါလိမ့်မည်။

သူသည် ကျွန်တော်ဖမ်းကိုင်ထားသော လက်ကို လွတ်အောင်ရုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲက စုတ်ပြဲနေသော ကဗျာစာအုပ်အပိုင်းအစများဖြင့် ကျွန်တော့် မျက်နှာကို ပစ်ပေါက်သည်။

'ကဗျာရူး'

'ဘာပြောတယ်'

'ကဗျာရူးလို့ ပြောတယ်'

'မင်းနဲ့ ငါ ပြတ်တယ်ကွ'

ကျွန်တော့်ဒေါသသံသည် ကုံကော်ရွက်များကိုပင် လှုပ်ခါသွားစေလိမ့်မည်။

* * *

လှဲဖြူဆီသို့ ကျွန်တော် လုံးဝမသွားတော့ပါ။ တစ်ခါတစ်ခါတော့ သူ့ကို သတိရသည်။ သူ့ကို သတိရသည့်အခါတိုင်း 'ကဗျာရူး' ဆိုသော စကားကို လည်း သတိရသည်။

ကျွန်တော် စဉ်းစားကြည့်သည်။ လှဲဖြူနှင့် ကျွန်တော်သည် တကယ်ပင် ခွဲခွာကြရပြီလား။ သို့တည်းမဟုတ် ပြန်လည်ဆုံစည်းကြဦးမည်လား။ လှဲဖြူ က သူ မှားပါသည်ဟု ကျွန်တော့်ကို တောင်းပန်ချင် တောင်းပန်လိမ့်မည်။ ထိုအခါတွင် သူ့ကို ခွင့်လွှတ်ရမည်လား၊ ခွင့်မလွှတ်ရဘူးလားဆိုသောကိစ္စ ကို ကြိုတင်ဆုံးဖြတ်၍ မရ။

ထိုအတောအတွင်း သူ့ဆီက စာတစ်စောင်ကို ရရှိသည်။ သူ့အိမ်က သူ နှင့် ရောဘတ်ကို စေ့စပ်ဖို့စီစဉ်နေကြောင်း၊ အမြန်လာတွေ့စေလိုကြောင်း

အို...သူ စေ့စပ်တော့မှာပါလား။ ဒီကိစ္စကို သူဘယ်လိုဆုံးဖြတ်မှာလဲ သိချင်လိုက်လှပါသည်။ သူနှင့် အမြန်ဆုံးပင် သွားတွေ့ရပါမည်။

* * *

ဘွဲ့နှင်းသဘင်ခန်းမ၏ ဆင်ဝင်အောက်မှာ တိတ်ဆိတ်နေသည်။ စ...



ပန်းပွင့်ကလေးများသည် ကျွန်တော်တို့နှစ်ယောက်၏ ရှေ့ရေးအတွက် ရင် လေးနေကြသည်။

'ကို...'

'ပြောပါ လှဲဖြူ'

ကျွန်တော် ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေလိုက်သည်။

'လှဲဖြူကို စိတ်ဆိုးနေတုန်းပဲလားဟင်'

'မဆိုးပါဘူး'

လှဲဖြူက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်သည်။ သူ့လက်ကလေး သည် အနည်းငယ်တုန်ယင်နေပါသည်။

'လှဲဖြူတို့ ဘယ်လိုလုပ်မလဲဟင်'

'ကိုကကော ဘာတတ်နိုင်မှာလဲကွာ'

ကျွန်တော့်လက်မောင်းကို သူ ဖျစ်ညှစ်လိုက်သည်။

'ကို လှဲဖြူကို ချစ်သလားဟင်'

အဓိပ္ပာယ်ပေါင်းများစွာ ပါသော စကား၊ အနက်မျိုးစုံ ကောက်နိုင်သော စကား။ ဟိုးအဝေးကြီးအထိ စဉ်းစားနိုင်သော စကား။

'ကို လှဲဖြူကို မချစ်ရဲပါဘူး လှဲဖြူရယ်'

'ကို...'

သူ့အသံက လှုပ်ခါနေသည်။ ကျွန်တော် ထိုစကားကို ဘာကြောင့် ပြော ...ိုက်မှန်း မသိ။

'ကို့ဘဝက သိမ်ငယ်ပါတယ်ကွာ၊ ကဗျာဆရာဆိုတာ ဘဝအာမခံချက် ...နိုင်တဲ့ လူစားမျိုးမဟုတ်ပါဘူး၊ ကို့ကြောင့် လှဲဖြူလေး ဒုက္ခမရောက်စေ ...င်ဘူး၊ လှဲဖြူအတွက် ကို အနစ်နာခံနိုင်ပါတယ်၊ လှဲဖြူအတွက်...လှဲဖြူ ...တွက်...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံ တိမ်ဝင်သွားပါသည်။

'ကိုရယ်…လဲ့ဖြူကို ခွင့်လွှတ်ပါ'

လဲ့ဖြူ ကျွန်တော့်လက်မောင်းပေါ်သို့ မှီချလိုက်သည်။ သူငိုနေသလား မသိပါ။ သူ့ကို ကျွန်တော် မကြည့်တော့။ စက္ကူပန်းပွင့်ကလေးများ သက် ပြင်း ချလိုက်ကြသည်။

'ကို သွားမှယ် လဲ့ဖြူ'

ကျွန်တော်လဲ့ဖြူကိုငေးစိုက်ကြည့်သည်။ ခေါင်းကိုဆတ်ခနဲလှည့်သည်။ ကျွန်တော် ထွက်လာခဲ့၏။

အတွေးစ များသည် တန်းစီ၍ ပါလာကြသည်။

ညကျလျှင် စွယ်တော်ပွင့်ချိန် ကဗျာစာအုပ်အတွက် ကဗျာတစ်ပုဒ် ရေး ရမည်။

ပန်းဝတီဆိုင်မှာ ကဗျာစာအုပ်ဖိုးတွေ သွားရှင်းရမည်။

တိုးမိုး ငှားသွားသော မောင်ထင်၏ 'ငဘ'စာအုပ်ပြန်တောင်းရမည်။

အို…အတွေးထဲတို့တွင် လဲ့ဖြူအကြောင်း မပါပါလား။

ကျွန်တော့်စိတ် ဘာလဲ။

စောစောက လဲ့ဖြူကို ပြောခဲ့သော စကားများသည် ရင်ထဲမှ မဟုတ် ကြောင်း သိလိုက်ရသည်။

ကျွန်တော်သည် လဲ့ဖြူနှင့် အပြီးတိုင် ခွဲခွာလာခဲ့ရတာပါလား။

သို့ရာတွင် ခုအခါ၌ ကျွန်တော့်စိတ်ထဲတွင် ဘယ်လိုမှ မနေ။ ထိုကိစ္စ အတွက် ကျွန်တော် ဝမ်းနည်း၍မနေကြောင်းပါ။

မြင့်ကောင်း၏ ကဗျာတစ်ပုဒ်ထဲမှ စကားဖြင့်ပြောရလျှင် သံမဏိပြား ပေါ်၌ ပိုးပဝါပါးပါးလေးကို တရွတ်တိုက် ဆွဲလိုက်သလိုပင် ဘာမျှ အရာ မထင်ခဲ့ပါ ကလား။



လဲ့ဖြူကို ကျွန်တော် တကယ်မချစ်ခဲ့ကြောင်း သိလိုက်ရပါပြီ။

ဝမ်းနည်းပါသည် လဲ့ဖြူ။

ကျွန်တော်သည် ဆေးထိုးအပ်တစ်ချောင်းကို ငါးမျှားချိတ်လို ကောက်၍ အပ်ဖျားတွင် အစိတ်တန်လေးရွက်ကို ငါးစာလို ချိတ်ပြီး လဲ့ဖြူနှင့် ရောဘတ် တို့ မင်္ဂလာဆောင်တွင် လက်ဖွဲ့လိုက်လေသတည်း။

၀

www.burmeseclassic.com

www.burmeseclassic.com

## တတိယအခရိပ်

### မမ မခင်ထား (၁၉၇၃-၁၉၇၅)

**မမထား** ...

တတိယအကြိမ်မြောက် နှောင့်ယှက်ခြင်းလို့ ထင်ချင်လည်း ထင်ပါ။ အမှန်တော့ ဒီစာဟာ နောက်ဆုံးအကြိမ် ကြိုးစားခြင်းပါ မမ။ အရင် စာနှစ်စောင်တုန်းကလည်း အကြောင်းကလေးတောင် မပြန်ကြားဘဲ မမ နေနိုင်အားတယ်။ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းလို့ မယူဆရဲပါ မမ။ ဆိတ်ဆိတ်နေတာဟာ ဥပေက္ခာပြုတဲ့ သဘောလည်း ရောက်ပါတယ်။ ဒီတစ်ခါတော့ဖြင့် ချစ်ရင်ချစ်တယ် မုန်းရင်မုန်းတယ် ပြတ်ပြတ်သားသား ပြောပါနော်၊ ချစ်တယ်ဆိုရင် သိပ်ပျော်ရမှာပါ။ မုန်းတယ်ဆိုရင် မကြာခင် ဖြေရမယ့်စာမေးပွဲကို မဖြေတော့ဘူး။ မမထားရယ် ... မမကို မချစ်ရရင် မနေနိုင်တော့ပါဘူး ခင်ဗျာ။

**မောင်**



**မောင်ငယ်လေး** ...

မောင်လေးရဲ့ ဆန္ဒအတိုင်း မောင်လေးကိုချစ်ပါတယ်လို့ ကတိပေးပါတယ်။ အရင်စာတွေတုန်းက မမ စာမပြန်ဘဲနေခဲ့တာက မင်းကို သက်သက်ညှဉ်းတာမဟုတ်ပါဘူးကွယ်။ မမက မင်းထက်စာရင် အသက်ကြီးပါတယ်။ ပြီးတော့ မမဟာ မိန်းမသားပါ။ ဒါကြောင့် မင်းကို မေတ္တာတုံ့ပြန်ဖို့ကိစ္စကို အချိန်ယူ စဉ်းစားရပါသေးတယ်။ ချစ်တယ်ဆိုတာ လွယ်လွယ်ကလေး စဉ်းစားလို့မရဘူးဆိုတာကို မောင်လေးလည်း တက္ကသိုလ်ကျောင်းသားမို့ သိမှာပါနော်။

မမက ခုလို ချစ်ခွင့်ပေးလိုက်လို့ မောင်လေးရဲ့ ပညာရေးမှာ အနှောင့်အယှက်မဖြစ်စေချင်ဘူး။ ပညာကိုကြိုးစားသင်ပါလို့ ပြောချင်တယ်။

မမက ဆရာလုပ်တာ မဟုတ်ဘူးနော်။ ဘာပဲဖြစ်ဖြစ် မမ စကားကို မောင်လေး နားထောင်လိမ့်မယ်လို့ ယူဆပါတယ်။ မောင်လေးက လိမ္မာပါတယ်ကွယ် နော်။

**တုံ့ပြန်သော မေတ္တာများဖြင့်**
**မမ**

မမ မခင်ထားနှင့် ကျွန်တော်သည် ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်မှာစ၍ ချစ်ခဲ့ကြပါသည်။ ကျွန်တော် ပထမဦးဆုံးစာ ပေးပြီး ရှစ်လခန့်အကြာသို့တည်းမဟုတ် လှဲဖြူနှင့် ခွဲခွာခဲ့ပြီးနောက် ကိုးလအကြာမှာ ဖြစ်ပါသည်။

ဟော ... စာထဲမှာ လှဲဖြူအကြောင်း ပါလာပြီ။ ထို့ကြောင့် ကျွန်တော် လှဲဖြူကို သတိတရရှိနေတုန်းပဲဟု မထင်ကြစေလိုပါ။ သို့ရာတွင် ဟိုယခင်အခါတုန်းက ရည်းစားဖြစ်ခဲ့ဖူးတာပဲ ခင်ဗျာ။

**ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့ ခဏတစ်ဖြုတ်လောက် ဖျတ်ခနဲပေါ်လာမိတာပေါ့။ လွန်ခဲ့သော တစ်နှစ်က ကျပျောက်ခဲ့သော ပတ်ကားဖောင်တိန်ကလေးကိုပင် တစ်ခါတစ်ခါ သတိရမိသေးတာပဲ။

မမသည် လုပ်သားများကောလိပ်မှာ တတိယနှစ်ဖြစ်ပါသည်။ ကုန်သွယ်ရေးမှာ အလုပ်လုပ်ပါသည်။ ပ–စာရေး ခေါ် အထက်တန်းစာရေး ဖြစ်ပါသည်။ ကျွန်တော်နှင့် စ ချစ်သောအချိန်က ကျွန်တော်က ဆယ့်ကိုးနှစ်၊ မမက နှစ်ဆယ့်လေးနှစ်။

* * *

မမ၏ မျက်နှာသည် လေငြိမ်သော ညအခါတွင် အင်းလျားကန် ရေမျက်နှာပြင်ပေါ်၌ ထွန်းသော လပြည့်ဝန်းကြီးနှင့် တူပါသည်။

မမသည် မျက်နှာဝိုင်းသည်။ အသားလတ်သည်။ အလွန်လှသည်ဟု မဆိုသာသော်လည်း ကြည့်ကောင်းသော မျက်နှာမျိုး ဖြစ်သည်။ ဣန္ဒြေ ရှိသည်။ တည်ငြိမ်သည်။ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကိုတော့ ကျွန်တော် ပြောမပြတတ်ပါ။ မမကြီးများ၏ ပုံစံအတိုင်းဟုသာ မှတ်ကြစေလိုပါသည်။

ကျွန်တော်နှင့်မမ စ တွေ့ကြသောနေ့အကြောင်းကို ဦးစွာ ပြောပြပါမည်။

မမအချစ်ကို ရရှိပြီးနောက် နှစ်ယောက်ချင်း တွေ့ခွင့်ရဖို့အရေး စာအတန်တန် ရေးရပါသည်။ တွေ့ခွင့်မရပါ။ 'မမဟာ မမရဲ့တန်ဖိုးကို မလိုလားအပ်ဘဲ မြှင့်နေတယ်'ဟု ငေါ့လိုက်သောအခါမှ တွေ့ခွင့်ရပါတော့သည်။ သူ့ဆီက ပထမစာ ရပြီး လေးလအကြာမှာ။

ဘယ်နေရာမှာတွေ့မည် ဆိုသောကိစ္စကိုလည်း စာသုံးလေးစောင် အပြန်အလှန် ရေးသားညှိနှိုင်းပြီးမှ အဆင်ပြေသွားပါသည်။

ကန်တော့မင် ခေါ် ဦးဝိစာရပန်းခြံထဲမှာ။



မမက တော်တော်ခက်သည်။ တက္ကသိုလ်ကျောင်းဝင်းထဲကိုလည်း မသွားချင် တဲ့။ ဗိုလ်ချုပ်ပန်းခြံကိုလည်း မသွားချင် တဲ့။ တိရစ္ဆာန်ရုံကိုလည်း မသွားချင် တဲ့။ လူသိပ်ရှင်းသော နေရာမှန်သမျှ မသွားချင် တဲ့။ ဘယ်ကို သွားချင်သလဲဆိုတော့ ရွှေတိဂုံဘုရားတဲ့။ ဘုရားကိုသွားချင်သည်ဆိုတာကို ကျွန်တော်က ဘယ်လိုလုပ် ငြင်းလို့ရပါမည်နည်း။ ဗုဒ္ဓဘာသာဝင်တို့အဖို့ ဘုရားကို သွားခြင်းသည် မင်္ဂလာတစ်ပါး မဟုတ်လား။

ထို့ကြောင့် မမ အလိုကျ ဘုရားကို လိုက်သွားရသည်။

မမသည် လက်ကိုင်ပဝါလေးကို ရှေ့မှာခင်း၍ ဘုရားရှိခိုးလေသည်။ မမ ဘုရားရှိခိုးတာ အလွန်ကြာပါသည်။ ကျွန်တော်ကတော့ဖြင့် ဘုရား အကြာကြီး မရှိခိုးပါ။ အကြာကြီးရှိခိုးမှ ကုသိုလ်အများကြီးရမည်ဟု ကျွန်တော် မယူဆပါ။ ကောင်းကောင်းနေလျှင် ကုသိုလ်ရမည်ပင် ထင်ပါသည်။

'မမ ဘာဆုတောင်းသလဲဟင်'

'မင်း စာမေးပွဲအောင်ပါစေလို့ ဆုတောင်းတာပေါ့'

'ဟင်... မမကလဲ၊ ကျွန်တော်ကတော့ မမနဲ့ မြန်မြန်နီးပါစေလို့ ဆုတောင်းတယ်'

မမက ပြုံးပါသည်။ မမ၏အပြုံးကား 'ရှုံးလှချည်လား သူငယ်ရယ်' ဆိုသော အပြုံးမျိုး။

ထားတော့။ အရေးကြီးတာက မမကို ပန်းခြံထဲရောက်အောင် ခေါ်ဖို့။

'ပြောစရာရှိရင် ဒီမှာပြောလဲ ရတာပဲ'

'မဟုတ်ဘူးလေ မမရယ်၊ ဘုရားပေါ်မှာ ချစ်သူတွေပြောတဲ့ စကားမျိုး ပြောလို့ ဘယ်ကောင်းပါ့မလဲ၊ ငရဲကြီးမှာပေါ့'

'ငရဲ'ဆိုတော့လည်း မမ အကြောက်သားပါ။ ပန်းခြံထဲကို လိုက်လာလေတော့သည်။ ပန်းခြံထဲ ရောက်တော့ လူတွေအသွားအလာများသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ရှက်လို့ မထိုင်ချင်။ လူသိပ်ရှင်းသော နေရာကျတော့လည်း မသင့်တော် ဆိုပြီး မထိုင်ချင်။ နောက်ဆုံး မရှိမပဋိပဒါကျသော နေရာမှာပင် ထိုင်ရတော့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပဲ။ လျင်လိုက်တာ။ ထိုင်လို့မှ ဆယ်မိနစ် မပြည့်သေး၊ မမလက်ကို 'ဖတ်' ခနဲ ကိုင်လိုက်ပါတော့၏။

'ဟင်...ဟင်...မမ မကြိုက်ဘူးနော်'

လက်ကို ပြန်လည်ရုပ်သိမ်းလိုက်ရသည်။ မမကြီးများ ဒီလိုပဲ။ နေရာတကာ အရှက်အကြောက်က ကြီးလိုက်လှပါဘိ။ လှဲပြုတို့နှင့်များ ကွာပါ့။ ဟော...လှဲပြုပါလာပြန်ပြီ။ မင်း လာမရှုပ်နဲ့ကွာ၊ တခြားမှာ သွားနေစမ်း။

'မမ'

'ဘာလဲ'

'မောင့်ကို ချစ်ရဲ့လားဟင်'

'အို...ဒါတွေ ပြောဖို့မှ မလိုတော့ဘဲ'

အဲ...ဒါတွေ မပြောရင် ဘာတွေများ ပြောရပါမည်နည်း။ တိုင်းရေးပြည်ရေး အကြောင်း ပြောရမည်လား။ မဟုတ်သေးပါဘူး။

'မမ'

'ဟင်'

'မောင့်ကို မောင်လို့ ခေါ်ပါလား'

'ဟင့်အင်း...မခေါ်ချင်ဘူး'

'ဘာဖြစ်လို့လဲ'

'ဟင်...ပါးစပ်မရဲပါဘူး'

'ခေါ်ကြည့်ပါ မမရဲ့၊ လေ့ကျင့်တဲ့ သဘောပေါ့'

'ပြန်ကြရအောင်ကွယ်၊ နှစ်နာရီတောင် ထိုးနေပြီ'



'ဟင့်အင်း...မပြန်သေးဘူး၊ မောင်လို့ ခေါ်မှ ပြန်မယ်'

'တယ်ခက်ပါလား၊ ပြန်ကြစို့'

'မရဘူး...မရဘူး၊ ပြန်ချင်ရင် ပြန်ရအောင် မောင်လို့ ပြောမှ'

'မင်းမဆိုးနဲ့နော်'

'မပြောရင် မပြန်ဘူး...ဒါပဲ'

ကျွန်တော်က နှုတ်ခမ်းကိုစူ၍ တစ်ဖက်သို့ လှည့်နေလိုက်ပါသည်။ စိတ်ကောက်တဲ့ အိုက်တင်လေ။ မမကြီးများနှင့် ချစ်ရတာ တစ်ခုတော့ ကောင်းသည်။ ဆိုးလျှင်လည်း လူငယ်မို့ဆိုပြီး အပြစ်ယူလို့ မရ။

'ကဲပါ...ပြောပါ့မယ်၊ ပြောပြီးရင်သာ ပြန်ရမယ်နော်'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ အတန်ကြာအောင် တိတ်ဆိတ်နေသည်။ မမကား ပြောဖို့အရှိန်ယူနေဟန်တူ၏။

'ပြန်...ပြန်ရအောင် မောင်...ကဲ'

'ကဲ'ကြီးက ပါလာသေးသည်။ မမ 'မောင်' လို့ခေါ်ပုံကြီးက တစ်မျိုးကြီးပဲ။ ထောင့်ထောင့်ကြီးခင်ဗျ။

* * *

'မောင်'

'ညောင်'

'မနောက်နဲ့ကွယ်'

'မနောက်ပါဘူးကွယ်'

'မောင်ဟာ ကလေးလိုပဲ'

'မမဟာ လူကြီးလိုပဲ'

'ကဲ...တော်တော့၊ စကားကောင်း ပြောမလို့၊ ငြိမ်ငြိမ်နားထောင်စမ်း'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ငြိမ်ငြိမ်နေဆို ဒီလက်က'

'ဖြည်းဖြည်းလေး ဖက်ထားတာပါ မမရယ်'

'မဖက်နဲ့၊ လက်ပိုက်ထား'

'ဟုတ်ကဲ့'

'မောင် ဆေးလိပ်သောက်တာ မမ မကြိုက်ဘူး'

'ကောင်းပါပြီ၊ နောက်ကို ဆေးလိပ်မသောက်တော့ပါဘူး၊ ဆေးတံပဲ သောက်မယ်'

'ဟင်း...ဟင်း...မင်းနော်'

'ကဲပါ...နောက် ဆက်ပြောပါဦး'

'ဆံပင်ရှည်တာ မကြိုက်ဘူး'

'အင်း...'

'အင်္ကျီ ကြောင်ကြောင်ကျားကျားဝတ်တာ မကြိုက်ဘူး'

'အင်း...'

'ပြီးတော့...တိုက်ပုံအင်္ကျီ...'

'အင်း...တိုက်ပုံအင်္ကျီဝတ်တာ မမ မကြိုက်ဘူးဆိုရင် မဝတ်ပါဘူး'

'စကားဖြတ်မပြောနဲ့၊ မမ ပြောတာက မမနဲ့ လာတွေ့တဲ့အခါ တိုက်ပုံ အင်္ကျီ ဝတ်ခဲ့ရမယ်လို့ ပြောတာ'

'ဩော်...အင်း...အင်း'

'လက်ပိုက်ထားလို့ ဆိုနေ'

* * *

မမကြီးများ ဒီလိုပဲ။ ဆရာသိပ်လုပ်ချင်တတ်သည်။ နေရာတကာ သူတို့ပဲ တတ်တယ်ထင်သည်။ သူတို့ မကြိုက်တာ လုပ်မိပြီဆိုလျှင် 'ဟင်း...ဟင်း' ဆိုပြီး လူနာအဖျားတက်သလို လုပ်တတ်သည်။ သူတို့ဆုံးမချင်လျှင် အခင်း ဆုံး ဟိန်းဟောက် မာန်မဲမည်။ မရလျှင် 'ကွယ်' ဆိုပြီး ချော့မော့ပြောဆိုမည်။





တကယ့်တကယ်ကျတော့ သူတို့ မတတ်တာတွေ အများကြီးရှိပါသေးသည်။ မမသည် မနမ်းတတ်သေးပါ။ အနမ်းလည်း မခံတတ်သေးပါ။

မမကို ပထမဦးဆုံးအကြိမ် နမ်းဖို့ကြိုးစားတုန်းကဆိုလျှင် မမသည် အပြတ်ငြင်းဆန်ပါသည်။ မျက်နှာကြီး နီပြီးတော့ ဟိုဘက်ကို အတင်းလှည့်နေပါသည်။

'ဟင်း...မရမ်းကားနဲ့နော်၊ မမ မကြိုက်ဘူး'

ဟောဗျာ။ နမ်းတာကို ရမ်းကားတာတဲ့။ ဒီလောက်ထိတော့ အရှက်အကြောက် ကြီးနေဖို့ မသင့်တော့ဟု ကျွန်တော်ထင်ပါသည်။ ချစ်သူတွေဖြစ်နေမှတော့ နမ်းတာလောက်တော့ ခွင့်ပြုသင့်သည်။ ရည်းစားထားမိမှတော့ အနမ်းခံရမှာကို ကြောက်နေလို့မဖြစ်ဘူးဆိုတာ မမ မသိဘူးလား။

'မောင့်ကို မမပြောမယ်၊ မမနဲ့ မောင်တို့ဟာ အချိန်တော်တော်ကြာကြာ ချစ်သူတွေအဖြစ်နဲ့ပဲ နေကြရလိမ့်ဦးမယ်၊ ကိုယ့်ရဲ့ဆန္ဒစွဲတွေကို အလိုမလိုက်သင့်ဘူး၊ ခုအချိန်မှာ မမတို့ဟာ သန့်သန့်ရှင်းရှင်းပဲ ချစ်နေကြသင့်တယ်'

'အဲ...ဗျ၊ နမ်းလို့ရှိရင်တော့ မသန့်ရှင်းတဲ့အချစ်လို့ ဆိုလိုတာလား၊ ဒီမှာ မမ...နမ်းတယ်ဆိုတာ အချစ်ရဲ့အထိမ်းအမှတ်ဗျ သိလား၊ သိပ်ချစ်မှ နမ်းလို့ ရတာ၊ မမနဲ့ ကျွန်တော်ဟာ မောင်နှမအရင်းတွေမဟုတ်ဘူးဆိုတာကိုလဲ သတိထားပါဦးလေ'

'ဘာပဲဖြစ်ဖြစ်ကွယ်၊ မမတို့ ဆင်ခြင်သင့်တယ်'

'အင်း...မမကတော့ ရာထူးတိုးဦးမှာပဲ'

'ဘာဖြစ်လို့လဲ'

'အစိုးရိမ်ကြီးတတ်လွန်းလို့'



www.burmeseclassic.com

www.burmeseclassic.com



'မောင်ကတော့ ရှေ့နေလုပ်ဖို့ ကောင်းတယ်'

'ဘာလို့လဲ'

'မောင်က ရိတတ်လွန်းလို့'

'ဘာဆိုင်လို့လဲ'

'ရှေ့နေတွေဟာ ရိတတ်ကြတယ် မဟုတ်လား'

'ရိတာမဟုတ်ပါဘူး မမရဲ့၊ မှန်တာပြောတာပါ၊ သိပ်မှန်ရင် ရိတယ်လို့ လူတွေက ထင်တတ်ကြတယ်'

'ကဲ… တော်တော့ တော်တော့၊ မောင့်ကို ပြောစရာရှိသေးတယ်'

'ဒါဆိုလဲ ပြောလေ၊ ဘာပြောမလို့လဲ'

'ကဗျာကိစ္စ'

'ဟာ… ပြော ပြော… ကောင်းတယ်၊ မောင် စိတ်အဝင်စားဆုံး အကြောင်း အရာပဲ၊ မောင့်ကဗျာတွေအကြောင်းလား၊ မောင်မောင်စနေတို့၊ မျိုးရာဇာ ညွှန့်တို့ ကဗျာတွေအကြောင်းလား'

ကြည့်စမ်း… ကြည့်စမ်း၊ မမက ကဗျာအကြောင်း ပြောမလို့တဲ့၊ ဒီနေရာ ကျပြန်တော့လည်း မမကြီးတွေက ဟုတ်သွားပြန်ရော။ ကဗျာကို မမ စိတ် ဝင်စားကြောင်း ဟိုယခင်အခါဆီက မသိခဲ့တာ နာသည်။ သိခဲ့လျှင် မမနှင့် ကျွန်တော် ကဗျာအကြောင်းတွေ ဆွေးနွေးနေခဲ့ရလျှင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်ပါမည်နည်း။

'မောင် ကဗျာရေးတာ နည်းနည်းလျှော့ရေးရင် ကောင်းမယ်ထင်တယ်'

'ဟုတ်တယ်… ဟုတ်တယ်၊ မောင် လျှော့ရေးမယ်၊ သူငယ်ချင်းတွေက လဲ ပြောတယ်၊ မောင့်ကဗျာတွေက နည်းနည်းကြမ်းတယ်တဲ့'

မမက 'ကျွတ်စ်' ဆို စုတ်သပ်သလိုလုပ်ပြီး စိတ်ပျက်သည့် အမူအရာ ဖြစ်သွားပြန်သည်။



'အဲဒါ ပြောတာမဟုတ်ဘူး၊ ကဗျာတွေ သိပ်မရေးဖို့ ပြောတာ'

'အဲ… ဘယ်လိုဖြစ်တာလဲ'

'စာမေးပွဲကလဲ နီးပြီ၊ ပညာရေးကိုလဲ ဂရုစိုက်ဦး'

'မောင် စာမေးပွဲတော့ မကျနိုင်ပါဘူး'

'ဒီပုံစံအတိုင်းဆိုရင်တော့ မလွယ်ဘူးနော်'

'လွယ်ပါတယ်၊ ဒီနှစ် စာမေးပွဲမှာ အခက်ကြီးတွေ မမေးဘူးလို့ ဆရာ ဦးခင်မောင်ဒင်က ပြောတယ်'

'စကားတွေကို လျှောက်လှည့်မပစ်နဲ့၊ ကဗျာတွေ သိပ်မရေးဖို့ ပြောနေ တယ်၊ ကဗျာတွေ ရေး၊ စာအုပ်တွေ ထုတ်၊ ပညာရေးကိုတော့ ဂရုမစိုက်ချင် ဘူး၊ တော်ကြာ ရုံးက ဖယောင်းစက္ကူတောင်းရတာနဲ့၊ စာကူးစက် လှည့်ပေး ပါဦး ဆိုတာနဲ့၊ ပြီးတော့လဲ တစ်ခါမှ မြတ်တယ်လို့ မကြားဖူးဘူး'

'အမြတ်အစွန်းကို ပဓာနထားတာမှမဟုတ်ဘဲ မမရဲ့၊ အနုပညာကိုသာ ထုတ်လုပ်တာပဲ'

'အမြတ်အစွန်းက ပဓာနမဟုတ်ဘူး… ဟုတ်လား၊ ကဗျာတွေချည်း ရေး နေလို့ ထမင်းစားရမလား'

'ဩော်… ထမင်းစားရဖို့ တစ်ခုတည်းဆိုရင်တော့ ကဗျာဘယ်ရေးပါ့ မလဲ၊ ရုံးစာရေးလုပ်မှာပေါ့ မမရဲ့'

'မငေါ့နဲ့နော်'

'မောင့်က ငေါ့တာ ရိတာကို အကျင့်ပါနေပြီ မမ၊ ရိတာမခံချင်ရင်တော့ မောင့်ကို ကဗျာတွေ မရေးဖို့ မပြောနဲ့'

'ပြောမယ်… ပြောမယ်… ပြောမယ်'

'ပြော… ပြော'

'မပြောတော့ဘူး'

* * *



www.burmeseclassic.com

www.burmeseclassic.com



မမနှင့် ချစ်ရတာ စိတ်ကျဉ်းကျပ်လှသည်။ မမသည် အချစ်ကို သော ခတ်ချင်နေသည်။ တစ်စုံတစ်ခုသော အတိုင်းအတာအတွင်းမှာ စနစ်တကျ စည်းနှင့် ကမ်းနှင့် ချစ်စေချင်နေသည်။

ကျွန်တော်ယုံ့ဆတာက တစ်မျိုးပါ။ လွတ်လွတ်လပ်လပ် ချစ်ချင်သည် အတိုင်းအဆမရှိဟု မဆိုလိုပါ။ ဟိုဘက်ကို ရောက်မသွားလျှင် ပြီးတာပဲဟု ထင်ပါသည်။

မမ ရုံးဆင်းပြီဆိုလျှင် ကျွန်တော်သွားကြိုပါသည်။ လုပ်သားများ ကော လိပ် ကို လိုက်ပို့ပါသည်။ မမ ကျောင်းတက်နေတုန်း ကျွန်တော်က ကျော တွေ ရေးရင်း စောင့်ပါသည်။ ကျောင်းဆင်းလျှင် အတူတူပြန်ပါသည်။

နှင်းမှုန်မှုန်ကျနေသော ဆောင်းညအခါတွင် မာကျူရီမီးရောင် ပြာလဲ့လဲ့ အောက်မှာ မမနှင့် လက်ချင်းတွဲ၍ လမ်းလျှောက်ချင်ပါသည်။

သို့ရာတွင် …

မမသည် ကျွန်တော် ရုံးကို နေ့တိုင်းလာကြိုတာ မကြိုက်ပါ။ ကျွန်တော် တို့နှစ်ယောက် အကျႌအရောင်ချင်း ဆင်တူဝတ်မိသည့်နေ့က မမတို့ရုံး အစ်မကြီးတစ်ယောက်က 'အမယ် … ဒီမောင်နှမက ဖက်ရှင်ပါလားဟေ့' ဆိုသောအခါ မမသည် မျက်နှာကြီး နီရဲပြီး အရမ်းရှက်နေပါသည်။

ကျောင်းကို အပို့အကြိုလုပ်တာကိုလည်း သိပ်မကြိုက်လှပါ။ ကျောင်း ချိန် တစ်ချိန်လုံး ကျွန်တော် ထိုင်စောင့်နေရသောကြောင့် အချိန်တွေ ကုန် သည်၊ ကျွန်တော့်အတွက် စာကျက်ချိန်တွေ ပျက်သည်ဟု ဆိုပါသည်။

'ဒါဖြင့် မောင် ကျောင်းစာအုပ်တွေ ယူလာပြီး ဒီမှာပဲ မမကို စောင့်ရင်း ကျက်မယ်လေ'

'မဖြစ်ပါဘူး၊ မောင် ဒီမှာဆိုရင် စာကျက်ဖြစ်မှာကို မဟုတ်ဘူး'

'တခြားကောင်မလေးတွေကို လျှောက်ကြည့်နေမှာစိုးလို့လား'



'ပေါက်ကရတွေ လျှောက်မပြောစမ်းပါနဲ့၊ ကဲ … မောင် ကျောင်းကို လာပို့ လာကြို လုပ်တော့ ဘာအကျိုးရှိလဲ'

'မမနဲ့ တွေ့ရတာပေါ့၊ မမနဲ့ စကားပြောရတာပေါ့၊ ပြီးတော့ အပြန်ကျရင် ဘတ်စ်ကား အတူတူစီးရတာပေါ့'

'အဲဒါတွေကကော ဘာအကျိုးရှိလဲ'

'ပျော်တာပေါ့ မမရဲ့'

'ပျော်ဖို့တစ်ခုတည်းနဲ့တော့ ခုလို အလဟဿ အချိန်ကုန်မခံသင့်ဘူး၊ ပြီးတော့လဲ မမနဲ့ တစ်လ တစ်ခါ လည်ပတ်ခွင့် ပေးထားသေးတာပဲ'

'တစ်လတစ်ခါဆိုတော့ တစ်နှစ်မှ ဆယ့်နှစ်ခါတည်းရယ်'

'ခဏခဏတွဲတာ မကောင်းပါဘူး'

'ဘာဖြစ်လဲ မမ၊ သမီးရည်းစားပဲ တွဲမှာပေါ့'

'အို … မကောင်းပါဘူး'

ကျွန်တော်က လူတွေသိအောင် ခဏခဏတမင်တွဲပြနေသည်ဟု ထင်သလား မသိပါ။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ကျွန်တော်က အလှူရှင် မဟုတ်ဘဲ မဏ္ဍပ်တိုင် တက်ပြသည်။ မမကမူ အလှူရှင်အမှန်ဖြစ်ပါလျက် မဏ္ဍပ်နောက်ကွယ်မှာ ပုန်းနေချင်သည်။

အမှန်တော့ မမကသာ ကျွန်တော်နှင့် တွဲပြလိုသောဆန္ဒ ရှိသင့်သည်။

မမသည် အသက်ကြီးပါပြီ မဟုတ်လား။

မမကြီးများ တော်တော်ခက်သည်။ ရုပ်ရှင်ကြည့်ကြပြီဆိုလျှင်လည်း ထောင့်ဆုံးခုံနေရာကို ယူလျှင် မကြိုက်ချင်။ နောက်ဆိုလျှင် လက်မှတ်ကို သူကိုယ်တိုင် ဝယ်သည်။ ကောင်းတော့လည်း အကောင်းသားပါ။ သူ ဝယ် တော့ ကျွန်တော် ငွေကုန်သက်သာတာပေါ့။ မမကြီးများနှင့် ချစ်ရတာ ဒါ တစ်ခုတော့ ကောင်းသည်။ တစ်ခုခု စားကြလို့ပဲဖြစ်ဖြစ်၊ ရုပ်ရှင်ကြည့်ကြလို့



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် ကိုယ်က ပိုက်ဆံထုတ်လိုက်ပြီဆိုလျှင် 'ပိုက်ဆံကို အိတ်ထဲ ပြန်ထည့်ထားစမ်း၊ မမပေးမယ်' ဟုပြောသောအခါ အစ်မကြီးမို့ ကြောက်သလိုလုပ်၍ ပိုက်ဆံကို ပြန်ထည့်ထားလိုက်သည်။ ထိုအတွက် သိက္ခာကျစရာလည်း မလိုပါ။ သူက အစ်မကြီး မဟုတ်လား၊ ကိုယ်က မောင်လေးမဟုတ်လား။

ရုပ်ရှင်ရုံထဲ ရောက်ပြီဆိုလျှင်လည်း ပြဿနာက တက်ပြန်၏။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ အလံတော်ပြပြီး၍ 'ဒန် ဒ ဒန် ဒန်' ဆိုပြီး ဇာတ်ကားစပြသည်နှင့်တစ်ပြိုင်နက် မမ၏လက်ကို 'ဖတ်ခနဲ' လှမ်းကိုင်လိုက်သည်။ ထိုအခါတွင် မမသည် ကျွန်တော့်လက်ထဲသို့ နေကြာစေ့ထုပ်ကို ထည့်ထားပေးလိုက်လေသည်။ ကဲ ... အဲဒီအထုပ်ကြီးကိုင်ထားရတော့ မမလက်ကို ဘယ်လိုလုပ် ကိုင်လို့ရတော့မှာလဲ။

ဒါပေမဲ့ ဘယ်ရမလဲခင်ဗျာ။ ဒါ မမအကြံအကုန်ပဲလား။ ကျွန်တော့်လက်တစ်ဖက်က ဘာလုပ်ဖို့ထားသလဲ။ ထိုအခါကျပြန်တော့လည်း မမက 'ဟင်းဟင်း' ဆိုပြီး လူနာအဖျားတက်သလို လုပ်ပြန်သည်။

ရုပ်ရှင်ရုံထဲမှာ လက်ချင်းဆုပ်ကိုင်ပြီး ကြည့်ရတာ ကြည်နူးစရာကောင်းကြောင်း မမ မသိဘူးလား။

* * *

မမ၏မျက်နှာသည် တည်ငြိမ်လွန်းလှသည်။ အနည်းငယ် တင်းမာသယောင်ပင် ရှိ၏။ သို့ရာတွင် မမကို ကျွန်တော် မကြောက်ပါ။

'မောင် ဘွဲ့ရပြီးရင် ဘာလုပ်မလဲ'

ကျွန်တော် မဖြေတတ်ပါ။ ဘာလုပ်မလဲ၊ ဘာလုပ်မလဲ။

'မမ'

'ဟင်'



'ဘာလုပ်ကြမလဲ'

'မောင်ဟာ တယ်ခက်ပါလားနော်၊ ကဲ ... မောင် ဘယ်နှနှစ်လဲ'

'နှစ်ဆယ့်တစ်နှစ်နီးပါး'

'ဒါကို ပြောတာမဟုတ်ဘူး၊ တက္ကသိုလ်မှာ ဘယ်နှနှစ်ရှိပြီလဲလို့'

'တတိယနှစ်'

'မမနဲ့ မောင်နဲ့ ချစ်ခဲ့တာကော ဘယ်နှနှစ်လဲ'

'နှစ်နှစ်ပြည့်ခါနီး အဲ ... ဘယ်နှလလောက် လိုသလဲဆိုတော့'

'ထားပါတော့ နှစ်နှစ်၊ အဲဒီ နှစ်နှစ်အတွင်းမှာ မောင် လေးလေး နက်နက် လုပ်ခဲ့တာဆို ဘယ်နှခု ရှိသလဲ'

ဘယ်နှခုရှိသလဲဆိုတာ ကျွန်တော်မသိ။ လေးလေးနက်နက် လုပ်တယ်ဆိုတာ ဘာကိုပြောတာလဲ။ မမကြီးများ တော်တော်ခက်သည်။ သူတို့ပြောချင်သော စကားများကို သူတို့ကိုယ်တိုင်မပြောဘဲ မောင်လေးများကိုအဘယ့်ကြောင့် ဖြေခိုင်းရပါသနည်း။

'ဘယ်နှခု ရှိသလဲ'

မမကို ကျွန်တော်က ပြန်မေးသည်။

'တစ်ခုမှ မရှိဘူး၊ မောင်ဟာမမနဲ့ လျှောက်လည်ဖို့၊ ရုပ်ရှင်ကြည့်ဖို့၊ မမသိက အခွင့်အရေးတွေ အမျိုးမျိုးတောင်းဖို့၊ မမကိုစိတ်ကောက်ဖို့၊ ပြီးတော့ ...'

'ပြီးတော့ ... ဘုရားရှိခိုးဖို့၊ တိုက်ပုံအင်္ကျီဝတ်ဖို့'

'မမကို မငေါ့ပါနဲ့'

'နေပါဦး မမရဲ့၊ မမက ဘာကိုပြောချင်တာလဲ'

'မမ မေးမယ်လေ၊ မမနဲ့ မောင်နဲ့ ရှေ့ရေး သာယာဖို့ ဘာတွေလိုသလဲ'

'ဘာမှမလိုဘူး၊ မမနဲ့ မောင်နဲ့ သစ္စာရှိရှိချစ်နေကြရင် ပြီးတာပဲ'

'မဟုတ်ဘူး ... မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဘာလဲ'

'ဒါကို မောင် သိပြီးသား ဖြစ်ရမယ်'

ဟောဗျ၊ မောင် သိပြီးသားဖြစ်ရဦးမှာတဲ့။ ဘာကိုများ သိရမှာလဲ။ မမ ကြီးများသည် အဘယ်ကြောင့် ဇာလည်ကြောင်ပတ် လုပ်တတ်ကြပါသနည်း။

'မမ ဘာပြောချင်တာလဲ၊ ရှင်းရှင်းပြောစမ်းပါ၊ ဇာလည်ကြောင်ပတ် မလုပ်ပါနဲ့၊ ဒါမှမဟုတ်ရင် ဆရာအောင်ပြည့်ရဲ့ မြန်မာစာသင်တန်း သွား တက်လိုက်ဦး၊ မမ လိုရင်းတိုရှင်း မပြောတတ်သေးဘူး'

မမက သူ့မျက်နှာသံပတ်ကို တစ်ပတ်ထပ်တင်းလိုက်ပြန်သည်။

'မောင့်မှာ ဘာအရည်အချင်းတွေ ရှိသလဲ'

'မောင့်မှာလား၊ ဟို...ကြက်တောင်အရိုက်ကောင်းတယ်၊ ပြီးတော့ လ ရေး လှတယ်၊ ပြီးတော့ ကဗျာစပ်တတ်တယ်၊ ပြီးတော့...'

'မောင့်မှာ သူများကို ဆတ်ဆတ်ခါနာသွားအောင် ရိတတ်တာကလွဲ ဘာအရည်အချင်းမှ မရှိဘူး'

'ဘာပြောတယ် မမ၊ မောင့်ကို အထင်သေးလှချည်လား'

'မောင့်ကို အထင်မသေးချင်ပါဘူး၊ ကိုယ့်ချစ်သူကို ကိုယ် အထင်ကြီး ပါတယ်၊ ဒါပေမဲ့ မောင်ဟာ မမအထင်ကြီးအောင် ဘာမှမလုပ်ပြနိုင်ခဲ့ဘူ'

'မောင်ကတော့ မမကို အထင်ကြီးပါတယ်၊ မမက မောင့်ထက် အသ လဲ ပိုကြီးတယ်၊ ပညာလဲ ပိုတတ်တယ်၊ ဘုရားတရားလဲ ပိုပြီးကြည်ညို'

'တော်ပြီ... တိတ်စမ်း၊ မမ ပြောတာကို နားထောင်'

မျက်နှာသံပတ်ကို ထပ်တင်းလိုက်ပြန်သည်။ သိပ်မတင်းပါနဲ့ မ သံပတ်ပြတ်သွားလိမ့်မယ်။ ခုအချိန်မှာ အတွဲချောင်းဖို့ ကြိုးစားနေကြတဲ့ တွေ စိတ်ပျက်ကုန်ကြလိမ့်မည် ထင်ပါသည်။ မမပြောတဲ့စကား ကြည့်ပါဦး။



'ခုအချိန်မှာ မမနဲ့ မောင်တို့အတွက် ရှေ့ပြေးစီမံကိန်းဆိုတာတွေ ရှိသင့် လှပါပြီ မောင်'

'ရှေးပြေးစီမံကိန်း... ဟုတ်လား မမ၊ ဘာမှမဟုတ်တဲ့ကိစ္စတွေကို ကြီးကြီး ကျယ်ကျယ်ဖြစ်အောင် စကားလုံးတွေနဲ့ တန်ဆာဆင်မနေပါနဲ့ မမရယ်'

'ဘာမှမဟုတ်တဲ့ကိစ္စ... ဟုတ်လား၊ မင်း အချစ်ကို ပေါ့ပေါ့တန်တန်လို့ သဘောထားသလား'

'အချစ်ကို မောင် လေးစားပါတယ်၊ ဒါပေမဲ့ ချစ်တယ်ဆိုတာ ဌာနဆိုင်ရာ လုပ်ငန်း လုပ်တာမဟုတ်ဘူး မမ၊ သိပ်စည်းကမ်းရှိသိပ်စနစ်ကျဖို့ မလိုဘူး၊ ပြီးတော့ ချစ်တယ်ဆိုတာ အဏုမြူဗုံး လုပ်တာမဟုတ်ဘူး၊ သိပ်အစီးရိမ်ကြီး ဖို့ မလိုဘူးထင်တယ်'

'တော်တော့ မောင်... မောင့်ကို မမ နားလည်ပြီ၊ မောင်ဟာ အချစ်ကိုပဲ သိတယ်၊ အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး၊ မောင့်ကို မမနဲ့ တစ်လတစ်ခါ တွေ့ခွင့်ပေးခဲ့တာဟာ ခုလို စကားနိုင် လုဖို့၊ ပျော်ရွှင်ဖို့၊ လည်ပတ်ဖို့ မဟုတ် ဘူး မောင်၊ မမတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်အတွက် တိုင်ပင်ကြဖို့၊ ဆွေးနွေး ကြဖို့သာ ပဓာနထားပါတယ်၊ ခုတော့ မောင်က ဒါတွေကို လုံးဝ စိတ်မဝင် စားဘူး'

မမ၏ မျက်နှာသည် အမိန့်ချအံ့ဆဲဆဲ တရားသူကြီး၏ မျက်နှာမျိုး ဖြစ် သွားသည်။

'ဒီတော့ မမ မောင့်ကို တစ်လတစ်ခါ တွေ့ခွင့်မပေးနိုင်တော့ဘူး'

'ဟာ... မမ၊ အဲဒါတော့ မဖြစ်ဘူး၊ မောင် မမနဲ့ မတွေ့ဘဲ မနေနိုင်ဘူး'

မမသည် ခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။

'မမ ဆုံးဖြတ်ပြီးပါပြီ မောင်'



www.burmeseclassic.com

www.burmeseclassic.com



မမ၏ တရားရုံးသည် အယူခံဝင်ခွင့်၊ စောဒကတက်ခွင့်၊ ပြင်ဆင်ချက်တင်ခွင့် မရှိသော အထူးအချစ်ခုံရုံးပင်တကား။

မမ၏ အကြံအစည်ကို ကျွန်တော်သိပါသည်။ ကျွန်တော်သည် မမနှင့် မတွေ့ဘဲ မနေနိုင်။ ထိုအခါ တစ်လတစ်ခါ တွေ့ခွင့်ကို ပြန်ပေးပါ၊ မပေးလျှင် မမနှင့် လမ်းခွဲရပါလိမ့်မည်ဟု ကျွန်တော်ဆိုလိမ့်မည်။ ထိုအခါကျမှ မမသည် ကျွန်တော်က စပြီး လမ်းခွဲတာဟု ကျွန်တော့်အပေါ် အပြစ်ပုံချလိုက်မည်။

ဒါ မမအကြံ အကုန်ပဲလား။ ဒါတွေဟာ မောင်က ဖြစ်သွားတာပါ မမရယ်၊ ဒီအလုပ်မျိုးတွေ သေးနုပ်လွန်းလို့ မလုပ်တာ ကြာပါပြီကောဗျာ။

'ဘုရားပေါ်ကို သွားကြရအောင် မမ'

စကားလွှဲဖို့ ကျွန်တော်ကြိုးစားလိုက်ပါသည်။ ဘုရားဟုဆိုလျှင် မမအာရုံပြောင်းသွားလိမ့်မည်။ ဘုရားရှိခိုးပြီးပြီဆိုလျှင် မမ၌ဖြစ်ပေါ်နေသောဒေါမနဿစိတ်များ ပြေလျော့သွားလိမ့်မည်။

'ဟင့်အင်း...မသွားချင်ဘူး၊ ဘုရားဆိုတာ ရေစက်ဆုံနိုင်တဲ့ လူတွေသွားသင့်တယ်'

ရဲရဲတောက် စကားတွေ။ မမ၏ စကားများသည် ကျွန်တော်ပြောနေကျ စကားများကဲ့သို့ အထေ့အငေါ့စကားများ မဟုတ်။ မမ၏ မျက်နှာက တည်လွန်းလှသည်။

'မမ ဘာကို ဆိုလိုတာလဲဟင်'

သက်ပြင်းတစ်ချက်ကို စိတ်မချမ်းသာစွာ ချလိုက်သည်။

'မမမှာ စဉ်းစားနေတဲ့အပိုင်းကနေ ဆုံးဖြတ်ရမယ့်အပိုင်းကို ရောက်လာပြီ မောင်'

'မမရယ်...'



မမလက်မောင်းကို ကျွန်တော် ကိုင်လှုပ်သည်။

'မတူညီတဲ့ အယူအဆနှစ်ခုဟာ ပေါင်းစပ်လို့ မဖြစ်နိုင်ပါဘူးကွယ်'

'မမ...'

'မမတို့ ကိုယ့်လမ်း ကိုယ်လျှောက်ကြပါစို့'

သံပတ်ပြတ်သွားလေပြီ။ မမ၏ မျက်လုံးများသည် ဟိုးအဝေးကြီးဆီသို့ ရီဝေစွာ ငေးကြည့်နေသည်။ လမ်းခွဲကို မမမြင်သလား။

'မမ သိပ်ရက်စက်တယ်'

မမ၏ ရင်ခွင်မှာ မျက်နှာအပ်၍ ကျွန်တော် ငိုပါသည်။ မမသည် ကျွန်တော့်ကို ပထမဦးဆုံးအကြိမ် ပြန်ဖက်ထားပါသည်။

* * *

မမ ကျွန်တော့်ထံ ပေးခဲ့သော စာများကို နတ်အုန်းသီးမှာ ချည်သော ရှမန်းထည် အနီစနှင့် ချည်၍ ပြန်ပေးလိုက်သည်။

အရက်အနည်းငယ်သောက်၍ အမျှားကြီးမူးပြီး မမတို့အိမ်ရှေ့မှာ သွားအော်သည်။

မမကို တမ်းတသော ကဗျာများကို ထုတ်လုပ်ဖြန့်ချိသည်။

မမနှင့် သူတို့ရုံးက မန်နေဂျာတို့၏ လက်ထပ်မင်္ဂလာပွဲတွင် ဆံပင် ဆိုးဆေး ပုလင်းနှင့် နံ့သာဖြူစိပ်ပုတီးတစ်ကုံး လက်ဖွဲ့လိုက်သည်။

အမုန်းအားဖြင့်မှု...

ရုပ်ရှင်မင်းသားများသည် လွမ်းခန်းကို သရုပ်ဆောင်ကြရာ၌ အမုန်းအကယ်ပင် ဝမ်းနည်းနေကြလိမ့်မည်ဟု ကျွန်တော်မယုံကြည်။

ကြေးမုံမှန်ပြင်ဆိုသည်မှာ သူ့ရှေ့၌တည်ရှိနေသော အရာဝတ္ထု ကွယ်သွားသည်နှင့်တစ်ပြိုင်နက် မည်သည့်ပုံရိပ်မျှ ထင်ဟပ်ကျန်ရစ်ခဲ့ခြင်း မရှိပါတကား။

ဝ

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ချစ်ဆန်း (၁၉၇၆)

ချစ်ချစ်နှင့် ကျွန်တော်သည် နောက်ဆုံးနှစ်ကျမှပင် ချစ်ကြပါသည်။ နောက်ဆုံးနှစ် ဆိုသည်မှာ တက္ကသိုလ်မှာ နောက်ဆုံးနှစ်ကို ဆိုလိုပါသည်။

ချစ်ချစ်သည် ကျွန်တော်နှင့် ချစ်ဖို့အတွက် လေးနှစ်တိုင်တိုင် စောင့်ဆိုင်း နေခဲ့ရရှာပါသည်။ ဤသို့ဆိုသောကြောင့် ချစ်ချစ်သည် ကျွန်တော့်ကို လွမ်း ခဲ့သော လေးနှစ်ကာလကပင် ချစ်နေခဲ့သည်ဟု မဆိုလိုပါ။ ချစ်ချစ်၏ နှလုံး သားသည် လေးနှစ်လုံးလုံး အိပ်ပျော်နေခဲ့ပြီး ကျွန်တော်နှင့် တွေ့သောအခါ မှပင် နိုးထရှင်သန်လာသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ကျွန်တော့်အသက် နှစ်ဆယ့်နှစ်နှစ် ရှိပါပြီ။ ချစ်ချစ်သည် ကျွန်တော့် ထက် တစ်နှစ်ကျော်ကျော်ခန့် ငယ်ပါသည်။ ထို့ကြောင့်ပင် ချစ်ချစ်က ကျွန် တော့်ကို 'ကိုကို'ဟု ခေါ်ခြင်းဖြစ်လေသည်။ 'ကိုကို'ဟူသော အသုံးသည် ဟိုးအရင်က ခေတ်စားခဲ့ပြီးနောက် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။ ယခု တလောမှာမှပင် ပြန်လည်ခေတ်စားလာခြင်း ဖြစ်သည်။ ခုအခါတွင် ဘယ် သူတွေကပင် 'ကိုကို'ဟု သုံးနှုန်းနေကြသည်ဖြစ်စေ၊ 'ကိုကို'ကို ပြန်လည် ဆန်းသစ်လာစေသူမှာ ကျွန်တော်သာဖြစ်သည်ဟု ထင်ပါသည်။

ချစ်ချစ်၏ အကြောင်းသည် သိပ်ထူးခြားမှုမရှိပါ။



စိတ်ကောက်တတ်သည်။

သူ့ကို ဂရုတစိုက် ရှိစေချင်သည်။

ဝမ်းနည်းတတ်သည်။

ပြီးတော့ ချစ်ချစ် လှပသည်။

* * *

ချစ်ချစ်သည် စာဖတ်ဝါသနာပါသည်။

ကျွန်တော်တို့၏ ကဗျာများကို နှစ်သက်စွာ ဖတ်တတ်သည်။ ကဗျာ စာအုပ်လေးများ လက်ဆောင်ပေးသောအခါ စာအုပ်ကိုဆုတ်ဖြဲ၍ ကျွန်တော့် မျက်နှာကို ပစ်ပေါက်ခြင်းမရှိပါ။ တရိုတသေသိမ်းဆည်းထားတတ်ပါသည်။ တစ်ခါတစ်ရံ ကဗျာစာအုပ်ထုတ်ရန် ငွေလိုနေသောကြောင့် သူ့ဆီက ငွေ ချေးငှားရပါသည်။ ထုံးစံအတိုင်း ကဗျာစာအုပ် ရောင်းရငွေများ လက်ဖက် ရည် သောက်ပစ်၍ ကုန်သွားသောကြောင့် သူ့ကို ငွေပြန်မပေးနိုင်သောအခါ 'ကဗျာစာအုပ်ထုတ်တာ ဘယ်တုန်းကများ မြတ်တယ်ရှိလို့လဲ'ဟုမပြောပါ။

တစ်ခါက ချစ်ချစ်နှင့် ကျွန်တော် အအေးသွားသောက်နေတုန်း ပန်းချီ ခန်းမထဲမှာ ချစ်ချစ်၏ ထမင်းဘူးကို ထားခဲ့ပါသည်။ ကျွန်တော်တို့ အခန်း ထဲ ပြန်ဝင်လာသောအခါ တိုးမိုးသည် ချစ်ချစ်၏ ထမင်းဘူးထဲမှ ထမင်းများ ကိုစားနေသည်ကို ပက်ပင်းမိသွားလေသည်။ တိုးမိုးက 'ဟဲ…ဟဲ' ဆိုပြီး နောက်ဆုံးတစ်ဇွန်းကို အလျင်အမြန်စား၍ ထမင်းဘူးကို ပြန်ပေးသည်။ ချစ်ချစ် မျက်နှာမကောင်းပါ။

'ကိုတိုးမိုးကို အားနာလိုက်တာ ကိုကိုရယ်'

'ဘာလို့လဲ'

'အဲဒီထမင်းတွေက ချစ်ချစ်စားပြီးသား အကျန်တွေ၊ ငါးကြော်ကလဲ အရိုးတွေပဲ ရှိတော့တာ'

www.burmeseclassic.com



'ကိစ္စမရှိပါဘူး၊ ဒီကောင်က အငတ်ပဲ'

ချစ်ချစ်သည် ကျွန်တော့်သူငယ်ချင်းများနှင့် အဆင်ပြေပါသည်။ သူတို့ကိုလည်း လေးစားပါသည်။ တစ်ခုပဲ ရှိသည်။ ကဗျာစာအုပ် ထွက်လာ၍ ဖတ်ပြီးသောအခါ 'ကိုကို့ကဗျာတွေက အကောင်းဆုံးပဲ'ဟု ပြောတတ်တာလေး တစ်ခုတည်းပါ။

ချစ်ချစ်သည် စာအလွန်ဖတ်သည်။ ရှစ်နှစ် ကိုးနှစ်သမီးအရွယ်ကပင် ပြင်ပစာပေများ ဖတ်ခဲ့သည်ဟု ဆိုသည်။ ကျွန်တော်စာရေးဆရာဖြစ်လျှင် ကျွန်တော့်ဝတ္ထုများအတွက် ချစ်ချစ်ဆီက အကြံဉာဏ် တောင်းရမည်ဟု စိတ်ကူးထားပါသည်။

'ချစ်ချစ် စာဖတ်ရင် အချစ်ဝတ္ထုတွေချည်း မဖတ်နဲ့နော်၊ စာမျိုးစုံအောင် ဖတ်...သိလား၊ အချစ်လဲ ဖတ်ပေါ့၊ ဘဝသရုပ်ဖော်စာမျိုးတွေလဲ ဖတ်၊ က[illegible]တွန်းလဲ ဖတ်ပေါ့'

'ချစ်ချစ် မျိုးစုံအောင် ဖတ်ပါတယ် ကိုကိုရဲ့၊ မနေ့ညကတောင် ငယ[illegible] ဗန်ထရှိုင်းစာအုပ် ဖတ်သေးတယ်၊ အိပ်ခါနီးတော့ ကိုကိုသာ ထရှိုင်းနေရာ[illegible] မှာဆိုရင် ချစ်ချစ်တစ်ယောက်တည်း ဘဝကို ရင်ဆိုင်နိုင်ပါ့မလားလို့ မ[illegible] မဆိုင် တွေးမိသေးတယ်'

'ထရှိုင်းနဲ့ အနှိုင်းခံရတာ ကြက်သီးတောင် ထသွားမိတယ်ကွာ၊ ကို[illegible] က ထရှိုင်းလောက် သတ္တိမကောင်းနိုင်ပါဘူး'

'တကယ်ကြုံလာရင် ဘယ်ပြောနိုင်မလဲ ကိုကိုရဲ့'

'တော်ပါတော့ ချစ်ချစ်ရယ်'

'ဩော်...ဒါနဲ့ ကိုကို၊ သပိတ်မှောက်ကျောင်းသားစာအုပ် ရှိရင် ယူ[illegible] ဦး၊ ဓာတ်သိမ်းခန်းမှာ သပိတ်မလှန်ဖို့ ကိုညိုထွန်းပြောတဲ့စကားတွေ [illegible] ဖတ်ကြည့်ချင်လို့'



'ဘာလဲ ချစ်ချစ်၊ ကိုကို့ကို ညိုထွန်းနဲ့ နှိုင်းဦးမလို့လား'

ချစ်ချစ်ကို ကျွန်တော်လေးစားသွားပါသည်။

* * *

ချစ်ချစ်နှင့် ကျွန်တော်သည် တခြားချစ်သူများလိုပင် အားလပ်သော အချိန်တွင် ကံ့ကော်တောမှာ ထိုင်သည်။

အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်သည်။

မာမူကြီးဆိုင်မှာ ပျဉ်းမနားခေါက်ဆွဲစား၍ အမေကြည့်ဆိုင်မှာ အအေးသောက်သည်။

ပိုက်ဆံရှိလျှင် ရုပ်ရှင်သွားကြည့်၍ ပိုက်ဆံမရှိလျှင် သူငယ်ချင်း အတွဲတွေကို ဝင်ရော၍ ကပ်စားသောက်သည်။

တစ်ခါတစ်ရံ ဘာမှမဟုတ်သည့် ကိစ္စလေးအတွက် စိတ်ကောက်ကြပြီး အလိုအလျောက် စိတ်ကောက်ပြေသွားကြသည်။

သိပ်ပြီး ထူးထူးခြားခြားမရှိပါ။

သို့ရာတွင်...

ကျွန်တော်ဘယ်သူ့ကိုမှ မမေးခဲ့ဖူးသော စကားကို ချစ်ချစ်အား မေးကြည့်မိသည်။

'ကိုကို့မှာ အရင်က ရည်းစားတွေ ရှိခဲ့တယ်ဆိုတာ ချစ်ချစ်သိလားဟင်'

'သိပါတယ် ကိုကို'

'ချစ်ချစ် ခွင့်လွှတ်နိုင်ရဲ့လား'

'ချစ်ချစ်ဟာ တခြားသူတွေထက် အရင်ဦးအောင် ကိုကို့နဲ့ မတွေ့ခဲ့ရလို့ ကိုကို့ရဲ့ချစ်ဦးသူ မဖြစ်ခဲ့ရတာပါ၊ ဘာပဲဖြစ်ဖြစ် ချစ်ချစ် ကိုကို့ကို ခွင့်လွှတ်ပါတယ်'

ကျွန်တော် ချစ်ချစ်ကို သနားသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနော်က်၏ ခွင့်ပြုချက်ကို မရမီမှာပင် ကျွန်တော် စကားတစ်ခွန်းကို ပြောဖြစ်သည်။

'ချစ်ချစ်…ကိုကိုတို့ ဘယ်တော့လက်ထပ်ကြမလဲ'

ချစ်ချစ်သည် ဟိုယခင်အခါဆီကပင် ဆုံးဖြတ်ခဲ့ပြီးသကဲ့သို့ ကျွန်တော့် စကားကို ချက်ချင်းတုံ့ပြန်လေသည်။

'ကိုကို အဆင်ပြေတဲ့အခါ လက်ထပ်ကြမှာပေါ့'

* * *

ချစ်ချစ်နှင့် ကျွန်တော်တို့၏ လက်ထပ်မင်္ဂလာသည် မင်္ဂလာဆောင် ပီသပါသည်။ နှစ်ဦးနှစ်ဖက် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံလင်စွာ လာရောက်ကြပါသည်။ အကျဉ်းရုံး၍ ကျင်းပသည်ဆိုသော်လည်း ကျွန်တော်တို့မှာ မိတ်ဆွေပေါများသူများ ဖြစ်ကြသောကြောင့် ဧည့်ခံပွဲ စည်ကားနေပါသည်။

ကျွန်တော့်သူငယ်ချင်းများသည် အဝတ်အစားများကို အတတ်နိုင်ဆုံး သပ်ရပ်အောင် ကြိုးစားဝတ်ဆင်ပြီး တက်ရောက်လာကြရှာပါသည်။ သူတို့သည် ငွေကြေးအားဖြင့် တန်ဖိုးနည်းသော်လည်း ကျွန်တော်တို့အတွက် အသုံးဝင် အဖိုးတန်မည့် ပစ္စည်းလေးများကို စုပေါင်းလက်ဖွဲ့ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ချစ်ချစ်၏ သူငယ်ချင်းများသည်လည်း ကျွန်တော်နှင့် ခင်မင်ခဲ့ကြသူများ ဖြစ်ကြသည်။ လူငယ်များကိုသာ ဦးစားပေး၍ ဖိတ်ကြားခဲ့ကြသောကြောင့် လူကြီးဧည့်သည် နည်းပါသည်။ ရှိသော လူကြီးများကလည်း အလိုက်သိစွာပင် ထောင့်တစ်ထောင့်မှာ စု၍ သူတို့ဘာသာ နေပေးကြပါသည်။ ကျွန်တော်၏ ဖေဖေနှင့် မေမေသည်လည်းကောင်း၊ ချစ်ချစ်၏ ဖေဖေနှင့် မေမေ



သည်လည်းကောင်း ထိုလူကြီးတို့၏ အကြားတွင် ပြုံးပြုံးကြီးတွေ ဖြစ်နေကြလေသည်။

ကျွန်တော်သည် ဘာကြောင့်မှန်း ရေရေရာရာ မသိသော်လည်း ပျော်ရွှင်နေမိသည်။ ချစ်ချစ်သည် ခါတိုင်းကဲ့သို့ ဆံပင်ဖားလျားချမထားဘဲ ဆံထုံးထုံးထားသော်လည်း ခါတိုင်းကဲ့သို့ပင် လှနေပါသည်။ ဆံထုံးကြောင့် တည်ငြိမ်နေသယောင် ရှိသော်လည်း ရွှင်ပျသော သူ့အပြုံးကြောင့် မျက်နှာမှာ ရင့်၍ မနေပါ။ ချစ်ချစ်ကဲ့သို့ လှပသော မိန်းကလေးနှင့် ခုလိုပွဲလယ်ကောင်မှာ ယှဉ်တွဲနေရခြင်းကြောင့် ကျွန်တော် ပျော်နေခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။

'ခုလို တိုက်ပုံအင်္ကျီနဲ့ ဘာနဲ့ သပ်သပ်ရပ်ရပ်ဆိုတော့လဲ ချစ်ချစ် အမျိုးသားက သားနားသားပဲ'

ဟူသော သူ့သူငယ်ချင်းများ၏ ကျီစယ်မှုများကြောင့်လည်းကောင်း၊

'မင်းကုသနဲ့ ပပဝတီ မင်္ဂလာဆောင်တုန်းက မင်းတို့လို နေမှာပဲ'

ဟူသော ကျွန်တော့်သူငယ်ချင်းများ၏ ကောင်းချီးသြဘာပေးမှုကြောင့်လည်းကောင်း ကျွန်တော် ပျော်နေခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။

စားပွဲတစ်ခုမှ တစ်ခုသို့ ကူးပြောင်း၍ သူငယ်ချင်းတွေကို လိုက်နှုတ်ဆက်သည်။ စားပွဲတစ်ခုသို့ ရောက်တိုင်း ရောက်တိုင်း 'ဝါးခနဲ' ရယ်မောသံများသာ ဆူညံ၍ သွားလေသည်။

တစ်ခုသော စားပွဲ၌မူ တီတ်ဆိတ်ခြင်းက လွှမ်းမိုး၍ သွားသည်။ ကျွန်တော်၏ အပြုံးများ ရပ်တန့်သွားလေသည်။ ချစ်ချစ်ကား အပြုံးမပျက်။

သူ…။

ကိုလှိုင်ဝင်း ဖြစ်ပါသည်။ သူသည် ချစ်ချစ်၏ မေတ္တာကို အကြိမ်ပေါင်းများစွာ တောင်းခံခဲ့သူ၊ ကျွန်တော့်ထက် ရက်ပေါင်းများစွာ စော၍ ချစ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ခွင့်ပန်ခဲ့သူ၊ ချစ်ချစ်က သူ့အပေါ် အကြိမ်ပေါင်းများစွာ ခေါင်းခါခြင်း ခံခဲ့ရသူဟု ချစ်ချစ်က ကျွန်တော့်ကို ပြောပြဖူးပါသည်။

သူသည် အားယူ၍ပြုံးလိုက်သည်။ ဟန်ဆောင်၍ပြုံးခြင်းဖြစ်ကြောင်း သိသာလှပေစွ။

'ဝမ်းသာပါတယ်ခင်ဗျာ'

သူ့အသံကို တစ်ခါမှမကြားခဲ့ဖူးသော်လည်း ယခုအသံသည် သူ၏နဂို အသံ ဖြစ်လိမ့်မည်ဟု ကျွန်တော်မထင်။ သူ့အပေါ် အောင်မြင်သူ၏ အပြုံးမျိုးဖြင့် ကျွန်တော် ဆက်ဆံ၍ မရနိုင်ပါ။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

အို ... ကျွန်တော်၏အသံတို့သည်လည်း နဂိုအသံများ မဟုတ်ကြချေ တကား။

* * *

အမြိတ်ဖွာဖွာ ကျနေသော ပန်းနုရောင်အိပ်ရာခင်းသည်လည်းကောင်း ဇာနားတပ် အပြာနုရောင် ခေါင်းအုံးများသည်လည်းကောင်း၊ ကြက်သွေးရောင် ကတ္တီပါစောင်သည်လည်းကောင်း၊ အဝါနုရောင် ဇာခြင်ထောင်သည်လည်းကောင်း ချစ်ချစ်၏ ကြည်ပြာရောင်ဝတ်စုံနှင့် လိုက်ညီလွန်းလှသည်။

ချစ်ချစ်သည် ခုတင်ပေါ်၌ ထိုင်ရန် မဝံ့မရဲဖြစ်နေလေသည်။ မှန်တင်ခုံရှေ့၌ ထိုင်သည်။ ဆံထုံးကို ဖြေချလိုက်၏။ အဝတ်အစားများ လဲလှယ်ရေး သူ ရှက်နေပြန်သည်။ မှန်ထဲက သူ့မျက်နှာကို သူ ကြည့်သည်။ တစ်ခုခုကို နှမြောနေသော မျက်နှာထားမျိုးဟု ထင်သည်။

ချစ်ချစ်ကို ကျွန်တော်စကားမပြောမိ။ အိပ်ရာပေါ်၌ ပက်လက်လှန်လ မိသည်။ စိတ်တို့သည် ယောက်ယက်ခတ်နေသည်။ အတွေးတို့သည် ဆောင်တည်ရာမရ။ ကျွန်တော့်မျက်လုံးတို့သည် မှိတ်ထားသော်လည်း ကိုလှိုင်ဝင်း



၏ မချိသောအပြုံးကို ထင်ရှားစွာမြင်ရသည်။ အခန်းတွင်း၌ တိတ်ဆိတ်နေသော်လည်း 'ဝမ်းသာပါတယ်ခင်ဗျာ'ဟူ၍ တုန်ယင်သောအသံများကိုကြားနေရသည်။

ကိုလှိုင်ဝင်းသည် ချစ်ချစ်၏ အချစ်ကို အကြိမ်ကြိမ် တောင်းခံခဲ့သည်။ ချစ်ချစ်က အစဉ်အမြဲ ငြင်းပယ်ခဲ့သည်။ ချစ်ချစ်၏ အပြောပင်။ ချစ်ချစ်သည် ကျွန်တော့်ကို လိမ်ညာကောင်း လိမ်ညာခဲ့လိမ့်မည်။ ကျွန်တော်နှင့် မချစ်မီက အကြောင်းများကို ကျွန်တော် ဘယ်သို့သိပါမည်နည်း။ မင်္ဂလာဧည့်ခံပွဲတုန်းက ကိုလှိုင်ဝင်းနှင့် မျက်နှာချင်းဆိုင်ရာတွင် ချစ်ချစ်သည် တစ်ချက်ကလေးမျှ အပြုံးမပျက်ဘဲ နေနိုင်ခဲ့သည်။ ယုံရအံ့လော။

ချစ်ချစ်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိသည်။

ချစ်ချစ်သည် ကျွန်တော့်စာကြည့်စားပွဲတွင် ထိုင်လျက် စားပွဲမှာ မျက်နှာ အပ်ရင်း အိပ်ပျော်နေရှာသည်။ ချစ်ချစ်ကိုနိုးမည်ကြံ၏။ မနိုးရက်ပြန်။ ခုတင်ပေါ်သို့ ပွေ့တင်ရန် စိတ်ကူးမိပြန်သည်။ ချစ်ချစ်အနားကို လျှောက်သွားတော့မှ အခန်းထောင့်တွင် ပုံထားသော လက်ဖွဲ့ပစ္စည်းများကို တွေ့ရသည်။ ထိုနေရာသို့ လျှောက်လာခဲ့၏။

တစ်ခုသော လက်ဖွဲ့ပစ္စည်းကို ကျွန်တော် ရှာသည်။ လေးထောင့် ရှည်ရှည် ဘူးကလေး၏ ထောင့်တွင် 'လှိုင်ဝင်း၏ မင်္ဂလာလက်ဆောင်'ဟု ရေးထားသည်။

အပေါ်က ပတ်ထားသော စက္ကူကို ခွာသည်။

ကတ်ပြားဘူးကလေးကို တွေ့ရသည်။

ကျွန်တော့်နှလုံးသားသည် ပြင်းထန်စွာ တုန်လှုပ်နေသည်။

ကျွန်တော့်လက်များသည် ကတုန်ကယင်။

ဘူးကလေးကို စိတ်လှုပ်ရှားစွာ ဖွင့်ကြည့်လိုက်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်မှတ်တစ်အုပ်။

ထိုပစ္စည်းကလေးသည်

ဆပ်ပြာတုံးများလည်း မဟုတ်၊

ငွေစက္ကူများ ချိတ်ထားသော ငါးမျှားချိတ်ကဲ့သို့ ကောက်ထားသော ဆေးထိုးအပ်လည်း မဟုတ်။

ဆံပင်ဆိုးဆေးနှင့် စိပ်ပုတီးလည်း မဟုတ်။

သာမန် ပေးရိုးပေးစဉ် လက်ဖွဲ့ပစ္စည်းလေး ဖြစ်ပါ၏။ ထိုလက်ဖွဲ့၌ အဓိပ္ပာယ်နက်နဲမှုများ မပါရှိပါ။

'ကိုကို...'

ချစ်ချစ်၏ ခေါ်သံသည် ခါတိုင်းကဲ့သို့ပင် ဖြစ်ပါလျက် ကျွန်တော်ကြီး အကျယ် ထိတ်လန့်သွားမိသည်။ ချစ်ချစ်ကို လှည့်မကြည့်ရဲ။ လက်ဖွဲ့ဘူး ကို ပြန်ချလိုက်သည်။

'ဘာရှာတာလဲဟင်...စီးကရက်ဘူးလား၊ မှန်တင်ခုံအံဆွဲထဲမှာ ချစ်ချစ် သိမ်းထားတယ်လေ'

ချစ်ချစ်ကို လှည့်ကြည့်မိသည်။ ချစ်ချစ်သည် ခုတင်ခြေရင်းအစွန်းတွင် ရဲရင့်စွာ ထိုင်နေလေသည်။ ချစ်ချစ်ရှိရာသို့ လျှောက်သွားသည်။ ကျွန်တော် သည် ခုတင်ပေါ်မှာ ထိုင်ရန် မဝံ့မရဲဖြစ်နေပြန်၏။

ခေါင်းအုံးများကိုကြည့်သည်။ ခြင်ထောင်အမိုးကိုကြည့်သည်။ ချစ်ချစ် ခြေထောက်များကို ငုံ့ကြည့်သည်။

'ကိုကို ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား'

ကျွန်တော် ခေါင်းခါသည်။

'လက်ဖက်ရည် သောက်ချင်လို့လား'

ကျွန်တော် ခေါင်းခါသည်။



'စီးကရက် မီးညှိပေးရမလားဟင်'

ကျွန်တော် ခေါင်းခါသည်။ သက်ပြင်းချသံကို ချစ်ချစ်ကြားသွားလိမ့် မည် ထင်သည်။

'ချစ်ချစ်...'

'ရှင်'

မေးမည်ဟု ကြံပြီးခါမှ မမေးရဲပြန်။ အားကို တင်းလိုက်သည်။

'ချစ်ချစ်ကို မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ ကိုကိုသိချင်လို့ မေးတာ ပါ၊ ကိုကို့ကို အမှန်အတိုင်း ဖြေပါ၊ ချစ်ချစ် ကိုကိုနဲ့ မတွေ့ခင်က ချစ်ချစ်မှာ နှလုံးသားနဲ့ ပတ်သက်တဲ့ အတွေ့အကြုံ ရှိခဲ့ဖူးသလားလို့'

မင်္ဂလာဦးည၏ သာယာမှုကို ပျက်စီးသွားစေနိုင်သော အကျိုးမဲ့မေးခွန်း တစ်ခုကို ကျွန်တော်မေးလိုက်မိပါပြီ။

'အမှန်အတိုင်း ပြောရမှာလား ကိုကို'

'အမှန်အတိုင်း ပြောပါ ချစ်ချစ်'

'အမှန်အတိုင်း ပြောရရင် ကိုကိုဟာ ချစ်ချစ်ရဲ့ အချစ်ဦးပါ'

ထိုအသံသည် ချစ်ချစ်၏ အသံအစစ် ဖြစ်သည်။ ချစ်ချစ်ကို ကျွန်တော် စိုက်ကြည့်လိုက်သည်။ ချစ်ချစ်သည် မျက်နှာလွှဲမသွား။ ကျွန်တော့်အကြည့် ကို ရဲဝံ့စွာ တုံ့ပြန်သည်။ ကျွန်တော့်ကို မော့ကြည့်နေ၏။

ချစ်ချစ်၏ နှုတ်ခမ်းတို့၌ လိမ်ညာလှည့်စားမှုကို ရှာကြည့်သည်။ မတွေ့။

ချစ်ချစ်၏ မျက်လုံးများ၌ လျှို့ဝှက်မှုကို ရှာကြည့်သည်။ မတွေ့။

အို...ချစ်ချစ်၏ ထွက်သက်လေတို့သည်ပင် ရိုးသားစွာ သန့်ရှင်း လတ် ဆတ်၍ နေလေသည်တကား။

သံသယတို့သည် ကုန်လွန်ခဲ့သော စက္ကန့်များနှင့်အတူ ကျန်ရစ်လိမ့်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ချစ်ချစ်'

'ရှင်...ကိုကို'

'ကိုကို့ကို ချစ်ရဲ့လားဟင်'

'မချစ်ဘဲနဲ့ လက်ထပ်လို့ ရပါ့မလား ကိုကိုရယ်'

ရင်ထဲက လှိုက်ခနဲဖြစ်သွားသည်။

မချစ်ဘဲ လက်ထပ်လို့ ရပါ့မလားတဲ့။ ကျွန်တော်ကကော...ကျွန်တော်ကကော ချစ်ချစ်ကို ဘာလို့များ လက်ထပ်ခဲ့ပါသနည်း။

ရင်ထဲ၌ တစ်ခါမျှမခံစားရဖူးသော ဝေဒနာတစ်ခု ခံစားလိုက်ရသည်။ ကျွန်တော်သည် ဝမ်းနည်းလာသည်။ ဆက်လက်၍ ရပ်တည်နေခြင်းငှာ မစွမ်းသာနိုင်တော့ပါ။ ခြေထောက်တို့ ညွတ်ခွေ၍ ကျသွားသည်။ ချစ်ချစ်၏ ခြေရင်းက ကြမ်းပြင်ပေါ်သို့ ဒူးထောက်၍ ထိုင်လိုက်ရသည်။

'ချစ်ချစ်ရယ်...'

ချစ်ချစ် ခြေထောက်လေးများကို တင်းကျပ်စွာ ဖက်ထားမိသည်။ ချစ်ချစ်၏ ထဘီစပေါ်သို့ မျက်ရည်တစ်စက် ကျသွားလေသည်။

အို...ထူးဆန်းလှချည့်။

ချစ်ချစ်သည် ကျွန်တော့်ကို ချစ်ပါသည်ဟု ပြောနေပါလျက် ချစ်ချစ် ကျွန်တော့်ကို မုန်းမှာ ကြောက်နေမိသည်။

ချစ်ချစ်သည် ကျွန်တော်၏ ဇနီးသည်ဘဝသို့ ရောက်နေပြီဖြစ်ပါလျက် ချစ်ချစ်နှင့် ခွဲခွာရမည်ကို ကြောက်နေမိသည်။

ချစ်ချစ်၏ ခြေအစုံကို တင်းကျပ်စွာ ဖက်ထားလျက် သူ ရုတ်တရက် ကွယ်ပျောက်သွားမည်ကို စိုးရိမ်နေမိသည်။

အလို...ဘုရား...ဘုရား။

ကျွန်တော့်နှလုံးသား၌ ထိုအရာသည် ရောက်ရှိနေနှင့်ခဲ့လေပြီတကား။



အမုန်အားဖြင့်မူ...

ကျွန်တော်၏ နှလုံးသားသည်သာ နှစ်ပေါင်းအတော်ကြာအောင် အိပ်ပျော်နေခဲ့ခြင်းပါ။

ချစ်ချစ်သည် ကျွန်တော်၏ အချစ်ဦးပင် ဖြစ်လိမ့်မည်ထင်၏။

မင်းလူ
(၂၅-၃-၇၈)

'အင်း...ဒီကောင် ဉာဏ်ပေါ်၊ အဲ...မင်းလူ၊ မင့် 'တစ္ဆေ ငါကိုယ်တိုင်ပါပဲ' ဝတ္ထုနဲ့ ပတ်သက်ပြီး ဖေဖေ ထင်မြင်ချက်ပြောရရင် ဝတ္ထုနာမည်က စရမှာပဲ၊ ကဲ...တစ္ဆေ ငါကိုယ်တိုင်ပါပဲ ဆိုတာဟာ ဝတ္ထုနာမည်အဖြစ် တပ်ထားပေမယ့် တစ်ဦးတစ်ယောက်ကို ပြောနေတဲ့ သဘောမျိုး ပါနေတယ်၊ ဥပမာ မောင်မောင့်တေးသံဆိုတဲ့ ဝတ္ထုနာမည်ဟာ မောင်မောင်ရဲ့ တေးသံအကြောင်းကို ဖွဲ့တော့မယ့် အဓိပ္ပာယ်၊ ရေးမယ့်သူက စာရေးဆရာ၊ ဒီတော့ မောင်မောင်ဟာ စာရေးတဲ့လူ မဟုတ်ဘူး၊ တေးဆိုမယ့်သူ...ဟုတ်ကဲ့လား။

'...အဲ...မောင့်တေးသံဆိုရင် ရေးသူရဲ့ တေးသံလိုလို သဘောနှစ်ခွ ဖြစ်သွားပြီ၊ သည်မောင့်တေးသံ၊ ကျွန်တော့်တေးသံလို့ အမည်တပ်တာနဲ့ တစ်ပြိုင်နက် စာရေးသူကိုယ်တိုင်က တေးသီတေးဆိုသမားတွေ ဖြစ်သွားပြီ၊ သူ့တေးအကြောင်းကို သူ့ဘာသာသူ ဖွဲ့နွဲ့ရေးရတော့မယ့်သဘောပဲ။

'...ခု မင်းလူရဲ့ဝတ္ထု...'တစ္ဆေ ငါကိုယ်တိုင်ပါပဲ'ဆိုကတည်းက ရေးသူ ဉာဏ်ဗိုဟာ သူ့ကိုယ်သူ တစ္ဆေအဖြစ် တင်စားပြီး ရေးတော့မယ့်သဘောပါတယ်၊ ကိုယ်တိုင်လဲ ဝန်ခံထားတယ်။

*ဤဇာတ်လမ်းတွင် ကျွန်တော်သည် ပဓာနဇာတ်ကောင် ဖြစ်သောကြောင့်ပါ။*



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့လား၊ အဲဒီတော့ 'ငါကိုယ်တိုင်ပါပဲ' ဆိုတာ တစ်ဦးတစ်ယော
ကို ပြောလိုက်တဲ့ အဓိပ္ပာယ်နော်၊ ဝတ္ထုအနေနဲ့ ဆိုတော့ ဖတ်သူတိုင်းကို 'ငါ
ကိုယ်တိုင်ပါပဲ' လို့ ပြောရာ ရောက်မနေဘူးလား၊ အဲဒါ မကောင်းဘူး၊ 'ကျွန်
တော် ကိုယ်ပိုင်ပါပဲ' လို့တပ်ရင်ကော မဖြစ်ဘူးလား၊ နောက်တစ်နည်း 'ငါ
ကိုယ်ပါပဲလား' ဆိုရင်လဲ ရတယ်၊ ဒါက ကိုယ့်ဟာကိုယ် ညည်းညူတဲ့သဘော
ပါတယ်၊ အေးလေကွာ၊ မင်းတို့ ခုခေတ်က တစ်မျိုးတစ်ဘာသာပဲ၊ ဒီသဘော
တရားတွေ သိပ်စဉ်းစားမယ်မထင်ဘူး၊ ကြိုက်သလိုလုပ်ပေတော့ပေါ့ကွာ

'...အဲ...မင်းလူ၊ မင်း ပထမဆုံးလုံးချင်းအဖြစ်နဲ့ ရေးတဲ့ 'ပန်းကျောင်း'
ဝတ္ထုထဲမှာ ဖေဖေဖတ်လိုက်ရတယ်၊ 'ကြိယာဝိသေသနနောက်မှာ အသုံး
ပုဒ် မထည့်ရဘူး' လို့ ဆရာမသင်တဲ့အချက် ပါလာတယ်၊ သူသည် လျင်မြန်
စွာ ပြေးသည်၊ ဒါ အမှန်၊ လျင်မြန်စွာဖြင့် ဆိုပြီး 'ဖြင့်' ဆိုတာ ထည့်မရေး
ရဘူး။

'...အဲသလိုပဲ၊ စာရေးတဲ့အခါ လေးစားစွာဖြင့်လို့ မရေးရဘူး၊ ရေးချင်
ရင် လေးစားခြင်းဖြင့်လို့ ကြိယာကို ကြိယာနာမ် လုပ်ပေးရမယ်...' အဲသ
မင်း ထောက်ပြထားတယ်နော်။

'...အေး၊ ဖေဖေတို့တောင် 'လေးစားစွာဖြင့်' ကြီးဟာ အကျင့်ပါနေခဲ့
ခုတော့ သတိထားပြီး 'လေးစားစွာ' နေရတယ်ကွ၊ အင်း... ခုဝတ္ထုမှာတော့
မင်းရော ဟိုနှစ်ကောင်ပါ လျော့တိလျော့ရဲ ဖြစ်နေကြပြီ။

'...ဒီမှာ မင်းလူ၊ မင်း ခုဝတ္ထုမှာ ရေးထားတယ်၊ သူနှင့် ခွဲခွာရသောအ
*တွင် ကျွန်တော် ဘယ်လိုနေပါလိမ့်မည်နည်း။*

*ကောင်းပါသလား မကောင်းပါဘူးလား ဆိုတာလည်းမသိပါ။*

*ဘယ်သူတွေကများ ဝမ်းနည်းခြင်း ရှိကြပါမည်နည်း။*

'ဖေဖေတို့ခေတ်က ကျောင်းတွေမှာ အဲဒီအတိုင်းသာ စာစီစာကုံး



ဝက် စကားပြောသလို တစ်ဝက်ရေးရင် ကြက်ခြေခတ်ပဲ ရမှာတင် မကဘူး၊
ဆူလိုက် ကြိမ်းလိုက်မယ့်ဖြစ်ခြင်း၊ အရိုက်ပါ လွတ်မှာမဟုတ်ဘူး၊ မြန်မာ
စာပေအရေးအသားကို ကမောက်ကမ လုပ်တယ်ဆိုပြီး...

'...ဟော့ ရေးပါကွ၊ ဒီမှာ...'

**သူနဲ့သာ ခွဲသွားရရင် ကျွန်တော် ဘယ်လိုများ ဖြစ်နေမှာပါလိမ့်၊ ဘယ်
လို ခံစားရမှာပါလိမ့်ဆိုပြီး တွေးကြည့်မိပါတယ်။**

*'ပြတ်ပြတ်သားသားပေါ့ကွာ'*

**သူနှင့် ခွဲခွာလိုက်ရသောအခါတွင် ကျွန်တော် မည်သို့ ဖြစ်လာမည်နည်း။
မည်သို့သော ဝေဒနာမျိုး ခံစားရမည်ကို စိတ်ကူးကြည့်တတ်ပါ၏။**

'ဒီလိုလဲ ရေးလို့ဖြစ်တယ်၊ ရှင်းရှင်းပေါ့၊ အေးလေ...စောစောကပဲ ဖေဖေ
ပြောပြီးပြီ စာနဲ့ စကား ကပြားတွေဖြစ်နေတာ၊ အင်းပေါ့ကွာ၊ ဒါကို ထိန်း
မယ့် အစိတ်အပိုင်းလိုနေပြီ၊ မောင်ဝဏ္ဏ ရုပ်ရှင်ကြော်ငြာသလို ပြောရရင်
'မပြောတာ မောမှာစိုးလို့' ဆိုတာကို ဘာကောင်မှ မဟုတ်တဲ့ 'ငါ' ထပြောရင်
မောရုံပဲ ရှိမယ်၊ ဟင်း ခုနေ ဖေဖေသာ စာပေကို ထိန်းနိုင်တဲ့နေရာမှ ရှိရင်
လား၊ ခပ်တင်းတင်းကို ရှင်းပစ်လိုက်မယ်။

'...စင်စစ်တော့ ဒါ မင်းတို့အပြစ်မဟုတ်ဘူး၊ တာဝန်ရှိသူတွေနဲ့ စာနယ်
ဇင်းသမားတွေရဲ့ ပျော့ညံ့မှုကြောင့်...' တောက်။

'...အဲကွာ မင်းလူ၊ မင်းကို ထိုက်သင့်သလောက် ဆဲပြီးပြီ၊ မင်းဝတ္ထုရေး
ပုံ၊ ဓာတ် စပုံတွေနဲ့ ပတ်သက်လို့ ပြောရရင် အပေါ်ယံ ရုပ်ရေးတာမျိုး မဟုတ်
ဘဲ အတွေးကလေးတွေ၊ သဘောတရားလေးတွေ ပါနေတာ တွေ့ရတယ်။

'...ဟော့ သုမောင်...ငါ့သား၊ မင်းလူကလဲ အလာကြီးပဲကွ၊ သမိုင်း
မှတ်တမ်းကို လိမ်ညာ၍ မရနိုင်။ စာပေမှာ ဒါတွေ အရေးကြီးတယ်ကွ၊
စာရေးဆရာဆိုတာ ဆွေမျိုးမိသားစုထမင်းစားဖို့၊ ကားစီးဖို့၊ တိုက်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လောက်ဆိုတဲ့ စီးပွားရေးလုပ်ငန်း မဟုတ်ဘူးနော်၊ ဒါ မင်းတို့သိတယ်၊ တိုင်းပြည်အတွက်၊ ပြည်သူအတွက်၊ ပြည်သူအတွက် နည်းညွှန်လမ်းညွှန် တင်ပြဖို့နဲ့ အမှားလုပ်နေသူတွေကို 'ဒါ ... အမှန်တရား' လို့ ထောက်ပြရမယ့် တာဝန်ရှိတယ်၊ အချစ်ဝတ္ထုရေးသကောရယ်လို့ တိုင်းပြည်ရေးရာ မပါစကောင်းဆိုတာ မရှိဘူး၊ သူ့နေရာနဲ့ သူ အကွက်ဝင်တာနဲ့ ဒက်ခနဲ တင်ပြဖို့ လိုတယ်။

'... လူဟာ နိုင်ငံရေးသတ္တဝါဆိုရင် စာလဲ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့။

'... ပြောပြဦးမယ်၊ စစ်ပြီးစ အေးလေ ... လွတ်လပ်ရေး ရစ တိုင်းပြည်မှာ အဘက်ဘက်က ဘဏ္ဍာငွေ လိုနေတယ်ဆိုပြီး အခွန်တွေ အမျိုးမျိုး ကောက်တော့တာပဲ၊ ရောင်းဝယ်ခွန်၊ ဟိုတယ်ခွန်၊ စာပေခွန်၊ ရုပ်ရှင်ပွဲခွန် တော် စသဖြင့်ပေါ့ကွာ၊ ဒါပေမဲ့ ဖေဖေကျေနပ်တယ်၊ တိုင်းပြည်အတွက် ကောက်တဲ့ အခွန်ပဲ၊ စစ်တလင်း ပြာပုံဘဝက လူးလဲကုန်းထပြီး ပြန်လည် ထူထောင်မယ့် တာဝန်ဟာ အားလုံးနဲ့ ဆိုင်တာပဲ မဟုတ်လား။

'... အဲဒါ အခွန်တွေ အမျိုးမျိုး တိုးတောင်းတော့မယ့်အကြောင်း ပြေ ပြစ်ပြစ်မပြောဘဲ အဲဒီခေတ် ခေါင်းဆောင်ကြီးကလေ ...

'... ခုဆိုရင် ဆီ၊ ဆန် ဂိုဒေါင်ဖောက်ကြတဲ့၊ လယ် အမတော်ကြေး ဖြ မဆပ်ဖို့ လှုံ့ဆော်ကြတဲ့ ရောင်စုံသောင်းကျန်းတွေ၊ နိုင်ငံရေးသောင်းကျ တွေ၊ စီးပွားရေးသောင်းကျန်းတွေကြောင့်အပြင် ထစ်ခနဲရှိ အစိုးရကိုပဲ ဆ ကျင်ပြီး လူပြိန်းကြိုက် ရေးရေးနေတဲ့ ကလောင်သောင်းကျန်း စာနယ် သမားတွေကြောင့် ဘဏ္ဍာရေးအခြေအနေဟာ ကောင်းသင့်သလော မကောင်းဘူး၊ ရသင့်သလောက် မရဘူး၊ ဒါကြောင့် အခွန်တွေ တိုးတန် အခွန်ရဖို့ နည်းလမ်းသစ် ရှာတန် ရှာရတာဝဲ ဘာညာပေါ့ကွာ၊ ခေါင်းဆော မပီသတဲ့ စကားတွေ လျှောက်ပြောအသံလွှင့်ထားတယ်။



'... အဲ ... ဖေဖေကလဲ စိတ်ပေါက်ပေါက်နဲ့ ချက်ချင်း ဝတ္ထုတစ်ပုဒ် ကောက်ရေးတာပေါ့၊ နာမည်က 'အခွဲသောင်းကျန်း' ...။

'... ဟား ဟား ... ဒီဝတ္ထုပါလဲလာရော၊ ရှမဝဦးကျော်ကို ခေါ်ပြီး သတိပေးတော့တာပဲ၊ 'ဟင်း ... ခင်ဗျား ကံကောင်းတယ်၊ **အခွဲ** က သေးသေးတင်သားလို့၊ နငယ်သတ်ဆိုရင် ပြဿနာပဲ' လို့ ပြောလိုက်သတဲ့၊ ဟား ... ဖေဖေကလဲ ကုန်စိမ်းတန်းမှာ ငှက်ပျောခွဲ၊ ဖရဲသီးခွဲ သောင်းကျန်းလို့ ချော်လဲကျတာကို အချစ်နဲ့ ရောမွှေထားတယ်လေ၊ ဝိနည်းရှောင် ရေးတာကိုး။

'... ဖေဖေ ဆိုလိုတာက ဗိုလ်ချုပ်အောင်ဆန်းလို ပြတ်ပြတ်ပြော၊ ကြိုက်တယ်၊ သူ လုပ်မပေးနိုင်တာကို ပြောင်ပြောင်ပြောတယ်၊ လုပ်မပေးနိုင်ဘူးလို့ ဟိုလု့ လွှဲချ၊ ဒီလူ့ကြောင့် ဘာညာနဲ့ လျှောက်မရမ်းဘူးကွ၊ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ကိုယ့်အပြစ်ကို မဖုံးမကွယ် ပွင့်ပွင့်လင်းလင်းပြောတယ်။

'... ဟေး ဖေဖေ့စကားတွေ ဘယ်ရောက်ကုန်ပြီလဲ၊ အဲ ... ခုနပြောသလိုပေါ့ကွာ၊ သမိုင်းဖြစ်ဖြစ်၊ လူမှုရေးဖြစ်ဖြစ်၊ ဗဟုသုတဖြစ်ဖြစ် စာပေမှာ နေရာသရွေ့ အကွက်ဝင်သရွေ့ ညှပ်ညှပ်ရေးတာ သိပ်ကောင်းတယ်၊ ပြီးတော့ ပြဿနာ စေတနာပါဖို့လဲ အရေးကြီးတယ်ကွ၊ သူ ဒီလိုလုပ်တာ မကောင်းဘူး ဆိုတာ ရေးပြီးထား၊ အဲ ဘယ်လိုလုပ်ရင်ကောင်းမယ် ဆိုတဲ့အချက်လဲ ထောက်ပြသင့်တယ်ပေါ့ကွာ။

'... အင်း မဟုတ်မှ မှားရောမင်းလူ၊ ဒါ ... မင်း ကြုံဖူးတဲ့ အဖြစ်တွေလား ဟေ၊ ဉာဏ်ဗိုက ပေးတဲ့ စာတွေ ခင်အေးမြင့်က ထားစရာနေရာမရှိလို့ သတ်စတစ်အိတ်နဲ့ထည့်ပြီး ရေစည်အောက်မှာ ဝှက်ထားရတယ် ဆိုဟာ ကျူးနဲ့ရေးတာ မဖြစ်နိုင်ဖို့များတယ်၊ သူ့ခြေသည်းမှာ ကြေးတွေ ကပ်နေတာတို့၊ မျက်နှာမကြည့်ရဲလို့ ခြေထောက်ကြည့်တာတို့ ဒါတွေ မင်း ကိုယ် ဖြစ်မှာပါ။

ချွန်းချွန်းတာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'...ပြီးတော့ ဟိုနေရာမှာ ခင်အေးမြင့်လေးတဲ့ စာတွေနဲ့ ပတ်သက်လို့ ရေကပြင် ပြင်တဲ့အကြောင်း၊ သူ့မောင်လေး ဆော့တဲ့အကြောင်း၊ ပျင်းစရာကောင်းတဲ့အကြောင်း ဆိုတာတွေဟာလဲ စိတ်ကူးမဟုတ်နိုင်ဘူးကွ၊ သဘာဝကျလွန်းအားကြီးနေတယ်၊ အဲဒါပဲ၊ ဝတ္ထုရေးတဲ့နေရာမှာ ကိုယ်ကြုံဖူး ကြားဖူးတာ မဟုတ်ဘဲ စိတ်ကူးယဉ်ပြီး ရေးချလိုက်ပြီဆိုပါတော့၊ အဲဒါ စာရေးချလိုက်သူ ဘယ်လောက်ညံ့တယ်ဆိုတာ ပေါ်လာတာပဲ။

'...ဖေဖေတို့ ပဒေသာမဂ္ဂဇင်းထုတ်နေတုန်းက ဝတ္ထုတိုတစ်ပုဒ် နယ်ကရောက်လာတယ်၊ ဝတ္ထုက ရန်ကုန်မြို့ကို မူတည်ပြီး ကောင်လေးနဲ့ ကောင်မလေး စမ်းချောင်းဘက်မှာ လက်တွဲလမ်းလျှောက်ရင်း စမ်းချောင်းကလေးကို ဖြတ်ကူးသွားသတဲ့၊ စမ်းချောင်းထဲက ရေတွေကလဲ ကြည်လဲ့စိမ်းပြာဘာညာပေါ့ကွာ၊ နောက်တော့ သူတို့ချစ်သူနှစ်ယောက်ဟာ စမ်းချောင်းလေးထဲ လျှောက်သွားနေရာက ကြည့်မြင်တိုင်ဘက် ထွက်သွားကြပါလေရော။

'...အဲ...ဒီစာရေးသူဟာ ရန်ကုန် စမ်းချောင်းရပ်ကွက်ဆိုတာမှာ 'ရေတသွင်သွင်စီးနေတဲ့ စမ်းချောင်းကလေး' တော့ ရှိမှာပဲ ထင်ပြီး ရေးချလိုက်တာလေကွာ။

'...ဖေဖေကိုယ်တိုင် တစ်ခါက ရေးဖူးသေးတယ်၊ ယစ်မျိုးအရာရှိ ဟိုကွာ...ဘိန်း အရက် ဆေးခြောက် စသည်ဖြင့် အဲဒါတွေဖမ်းတဲ့အရာရှိကစိုး ပေါ့လေ၊ ဝတ္ထုထဲမှာ အိမ်ကထွက်တော့ 'ကာကီယူနီဖောင်း' ဝတ်ပြီး ဆင်းလာတယ်လို့ ရေးလိုက်တယ်၊ ဖေဖေတို့ငယ်ငယ် အင်္ဂလိပ်ခေတ်ကတော့ အဲဒီအရာရှိတွေဟာ အနည်းဆုံး ကာကီဘောင်းဘီနဲ့ ခြောက်လုံးပြူး ခါးကြား ထိုးပြီး ဝတ္တုရားဆောင်ရွက်ကြတာ မြင်ဖူးတာကိုး။

'...အဲ...ခုန ဖေဖေရေးတယ်ဆိုတာက စစ်ပြီးခေတ်၊ စာအုပ်လဲ ထွက် သွားရော၊ ယစ်မျိုးဘက်က စာဖတ်ပရိသတ်ဆီက စာရောက်တာပဲ၊ သူတို့



ယစ်မျိုးဌာနမှာ ယူနီဖောင်းမဝတ်ပါဘူး...တဲ့၊ ဖေဖေလဲ ချက်ချင်း စာရေးပြီး သတိလစ်သွားကြောင်း ဝန်ခံလိုက်ရတယ်၊ အေး...ဒီနေ့ ဒါမျိုးရေးဖို့ ကြုံလာဦးမယ်ဆိုရင် 'အရပ်ဝတ် အရပ်စားနဲ့' လို့ ရေးပြန်လဲ ဟုတ်ချင်မှ ဟုတ်မယ်၊ ခေတ်ကလဲ ပြောင်း၊ ရာထူးအခေါ်အဝေါ်တွေလဲ ပြောင်းလဲနေတော့ ဖုန်းဆက်စုံစမ်းပြီးမှ ရေးရမှာပဲ၊ ကိုယ်မှ မသိဘဲကိုး။

'...ဟား ဟား...စစ်ပြီးစ ခေတ်ကတောင် ဝတ္ထုတစ်ပုဒ်ထဲ ဖတ်လိုက်ရတယ်ကွ၊ 'ဂျစ်ကားကိုတံခါးဖွင့်ဆင်းလာသော လုံမပျိုလေးသည်' ဆိုတော့ ဖေဖေပါ ရုတ်တရက် ဇဝေဇဝါဖြစ်ပြီး လမ်းထိပ်ထွက်ကြည့်ရသေးတယ်၊ ဂျစ်ကားမှာ တံခါး ပါ မပါ၊ အေး...အဲဒီဝတ္ထုရေးသူဟာ သာမည မဟုတ်ဘူး၊ စစ်ကြိုခေတ်ကတည်းက နာမည်ကြီးစာရေးဆရာကွ။

'...အေးကွာ၊ ဒီကောင် မင်းလူ သူ့ချစ်သူကို သရုပ်ဖော်ရာမှာ ခြေသည်းက ကြေးတွေပါ အနုစိတ်ရေးထားတယ်၊ အဲဒါတော့ ငါ့သားဟာ အဖေနဲ့ ခြားနားတာပဲကွာ၊ သတ္တိညံ့တယ်ဆိုရမှာပဲ၊ သူက ရည်းစားမျက်နှာ မကြည့်ရဲလို့ ဆိုပြီး ခြေထောက်ကြည့်တော့ ကြေးတွေ မြင်တာပေါ့၊ ဟား ဟား...ဖေဖေကတော့ မျက်နှာကိုပဲ ရဲရဲကြည့်တယ်၊ မျက်နှာလေး လှလို့ ကြိုက်တာပဲကွ၊ ခြေထောက်က ဘာအရေးကြီးလို့လဲ။

'...ကြေးတွေကြောင့် စိတ်ပျက်တာတော့ မဟုတ်သေးဘူး၊ ကိုယ်နဲ့ ညားပြီးတဲ့အခါ ပြောင်အောင်တိုက်ခိုင်းပေါ့၊ အေး...လက်သည်းရှည် ထားပြီး ကြေးတွေ အပြည့်ဝင်နေရင်တော့ တစ်မျိုး စဉ်းစားပေါ့ကွာ၊ ဘာဖြစ်ဖြစ် ဒါက နောက်တစ်ယောက်တွေ့ရင် ပြောတာနော် ကိုညဏ်။

'...တချို့ ဝတ္ထုရေးကြတယ်၊ အချစ်ကို ဖွဲ့ကြတယ်၊ ရည်းစားစာကို အလှပဆုံး ရေးကြတယ်၊ ဖေဖေလဲ ရေးခဲ့ဖူးတာပဲ၊ အဲ...မင်းလူကတော့ သူ့ ဝတ္ထုထဲမှာ ရည်းစားစာ ဖတ်ရတာ ရေးရတာ ပျင်းလို့ စသဖြင့် သရုပ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ တစ်မျိုး ကောင်းတာပဲ၊ လူအမျိုးမျိုး စိတ်ထားအမျိုးမျိုး ဆိုတဲ့ သဘော ပေါ်တာပေါ့ကွာ။

*သူ အံ့ဩလိုက်သည်။ တကယ်မအံ့ဩကြောင်း ကျွန်တော်သိနေသည် ထင်ပါသည်။*

'…ဒီအရေးအသားကို ဖေဖေသဘောကျတယ်၊ လှဲဖြူက ဟန်လုပ်ပြီး အံ့ဩတဲ့သဘောသာ မဟုတ်ဘူး၊ ဉာဏ်ဗိုကပါ သိပုံသိနည်းထဲမှာ အချစ်နဲ့ ပတ်သက်လို့ ရှန့်တန့်တန့်ဖြစ်နေသေးတဲ့သဘော ပေါ်လွင်နေတယ်၊ 'သိတယ်' လို့မှ မဆိုဘဲ၊ 'ထင်နေတာ' သာ ဖြစ်လို့လေ၊ စာပေမှာ ဒါတွေ သိပ်အရေးကြီးတယ်၊ ဂရုစိုက် လေ့လာလေ နက်နဲလေပဲ။

'…သားတို့မေမေ ပြောဖူးတယ်၊ သူ ကျောင်းသူဘဝက 'ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့' ဆိုတာ ပိုပြီးရှင်းအောင် ဘယ်လိုပြောမလဲလို့ အမေးခံရတော့ 'ပြုံးစနဲ့နဲ့ပေါ့ ဆရာ' လို့ ပြန်ဖြေခဲ့ဖူးသတဲ့၊ အဲဒီနှစ်မျိုးကိုပဲ တွေးကြစမ်း၊ တွေးလေ လေးနက်လေပဲ။

'…အေး၊ ဉာဏ်ဗိုက လှဲဖြူကို ချစ်စကားပြောရာမှာ 'ကျွန်တော်နှစ်ခါ ထပ်ပြောဖို့ မလိုပါဘူးနော်' လို့ ကွန့်လိုက်တာ ခေတ်နဲ့တော့ အံကိုက်ပဲ၊ ဒါက အတန်းကျောင်းတွေမှာ၊ အဲ…တက္ကသိုလ်ရောက်တော့ သိပ်ပျိုးစရာမလိုတော့ဘူး ဆိုတာလဲ ထောက်ပြထားတယ်၊ ဖေဖေကိုယ်တိုင်လဲ ဟောပြောပွဲသွားတိုင်း တွေ့ရတယ်၊ အတွဲကိုယ်စီနဲ့၊ ခေတ်ကလဲ ပြောင်းလဲနေပြီကိုးကွ၊ မှောင်ကြီးမည်းကြီးထဲ ခိုးကြောင်ခိုးဝှက် တွဲကြတဲ့ ခေတ်ကနေပြီး လူရှေ့သူရှေ့ ပြောင်ပြောင်တင်းတင်း တွဲကြတာ ငါတော့ ပိုကြိုက်သကွ၊ မမြင်ကွယ်ရာထက် ကိုယ့်ကိုယ်ကို ထိန်းနိုင်ကြတာပေါ့ကွာ။

'…ပြောရဦးမယ်၊ ဖေဖေက ပြုပြင်ရေးသမားဆိုတော့ နည်းနည်းဖြစ်ဖြစ် ဒါလေးတော့ ပြောလိုက်ရမှ၊ အေး…ဘာရေးရေးပေါ့ ဟုတ်လား၊ ခုန ပြော



သလို တက္ကသိုလ်က အတွဲကိစ္စမျိုးလိုဟာတွေ ရေးဖို့ကြုံလာရင် ယုတ်ညံ့တာ၊ လူမသိသင့်တာတွေတော့ ရှောင်ကြပေါ့ကွာ။

'…ဟို…တို့ရန်ကုန်မှာ လမ်းသရဲဆိုတာတွေ ခေတ်ထစ အချိန်၊ နယ်က လူငယ်တွေဆီကိုပါ ကူးစက်နေတဲ့အချိန်မျိုးမှာ သတင်းစာကနေပြီး လမ်းသရဲတွေသုံးတဲ့ လက်နက်ပစ္စည်းတွေဟာ ဘာရယ်လို့ ဓာတ်ပုံနဲ့ တခမ်းတနား ဖော်ပြလိုက်တော့ အဲဒီလက်နက်တွေကိုင်မှ လမ်းသရဲပီသတယ် ထင်ပြီး နယ်ကပါ လိုက်ကိုင်ကုန်ကြရော။

'…အဲဒါ သတင်းစာက ကြော်ငြာပေးတဲ့သဘော သက်ရောက်သွားတယ် မဟုတ်လား၊ တချို့ရုပ်ရှင်တွေလဲ ဒီအတိုင်းပဲကွ၊ လူငယ်တွေ ရမ်းတာ ထိုးခုတ်သတ်ဖြတ်တာတွေ ပြချင်တိုင်း ပြပြီးမှ 'နောင်တရသွားလေသတည်း' လုပ်လိုက်ကြတယ်၊ အတုခိုးမှုဆိုတာ 'မြန်' သလောက် အတုယူမှုက 'နှေး' တတ်ကြတာ ခမ္မတာကွ။

'…ဟေး…ခွေးကောင် ကိုဉာဏ်၊ ခုန ဖေဖေပြောခဲ့တယ်နော်၊ ကိုယ်တွေ့နဲ့ ကြားဖူးနားဝ ကိစ္စ၊ အေး…မင်းဝတ္ထုထဲမှာ လှဲဖြူတို့ မင်္ဂလာဆောင်လက်ဖွဲ့ပစ္စည်းနဲ့ ပတ်သက်လို့ မေးဦးမယ်၊ မင်းကိုယ်တိုင် ဆေးထိုးအပ်ကို ငါးမျှားချိတ်လို ကောက်ကွေးဖူးသလား။

'…မရဘူးကွ၊ ဆေးထိုးအပ်ဟာ သံမဏိအမာစား၊ စက်ချုပ်အပ်လိုပဲကွ၊ ကွေးလိုက်တာနဲ့ ထက်ခနဲ ကျိုးတာပဲ၊ ပြီး ဆေးထိုးအပ်ကို ကွေးပြီး ပေးလိုက်တော့ကော လှဲဖြူက ငါးမျှားချိတ်လို့ ယူဆမယ်ဆိုတာ သေချာသလား၊ 'မူးယစ်ဆေး ထိုးတဲ့အပ်တောင် ကောက်ကွေးအောင်ထိုးပြီး အချစ်ရူး ရူးသွားလေသလား' လို့ကော လှဲဖြူက တွေးစရာဖြစ်မလာဘူးလား။

'…ငါ့လန္ဒီး၊ လှဲဖြူကို ခိုက်အောင် ရိုတာပဲကွာ၊ တကယ့်ငါးမျှားချိတ် အစစ်ဆို ပိုမမိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'...အေး...တစ်ခါတစ်ခါ ထူးခြားချင်တဲ့စိတ်ကြောင့် ကလောင်ချော်တာမျိုး ဖြစ်တတ်တယ်၊ ဖေဖေလဲ ချော်ဖူးတယ်လေကွာ။

'...ဟော မင့်စာမူ ဒီနေရာမှာ မမကိုပြန်ပေးတဲ့စာတွေ 'နတ်အုန်းသီးက ရှုပန်းထည်အနီစနဲ့ ပြန်ချည်ပေးလိုက်သည်' လို့ ရေးထားတယ်၊ ဒါ မင်းထွင်တာပဲ၊ အထွင် လွဲနေပြီ၊ ဒီမှာကွ၊ စာပေသမားဆိုတာ ဖတ်သူတိုင်းက 'ခင်' ဖို့ လိုတယ်၊ ခုလို နတ်အုန်းသီးက ရှုပန်းထည်လို့ ရေးလိုက်တော့ နတ်အုန်းသီးကို ယုံကြည်ကိုးကွယ်သူတွေက ဘယ်လိုယူဆမလဲ၊ ဘာပဲဖြစ်ဖြစ် ဆန့်ကျင်ဘက်ဖြစ်သွားပြီ၊ ကိုယ့်စာ ဘယ်လောက်ကောင်းကောင်း နတ်ကိုးကွယ်သူ ယုံကြည်သူက မ 'ခင်' ဘဲ 'ဟင်' သွားရင် နှစ်ဖက်စလုံးအဖို့ မကောင်းဘူး၊ နောက် ဒီစာရေးဆရာ မဖတ်ဘူးဆိုရင်ကော နှစ်ဖက်စလုံး မနာဘူးလား။

'...လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ထဲမှာ ဒါလဲပါတယ်ကွ၊ ရာထူးတိုးဖို့၊ တည်မြဲဖို့၊ စီးပွားရေးပြေလည်ဖို့ဆိုတဲ့ကိစ္စတွေ ကန်တော့ပွဲပေးတာတွေလဲ သူ့အုပ်စုနဲ့သူ ရှိနေသေးတော့ အနှောင့်အသွား မလွတ်တဲ့ အရေးအသားတွေ ရှောင်ကြကွာ၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသလို လွတ်လပ်စွာ မယုံကြည်ဘဲ နေခွင့်လဲ ရှိတယ်၊ လူသိရှင်ကြား မလုပ် မရေးသင့်တာတွေလဲ သတိထား။

'...အေး...ကိုယ်ရေးတဲ့စာပေကို ပိုပြီး အကျိုးမပြုဘဲ အကျိုးယုတ်ဖို့သာ ရှိမယ်ဆိုရင် ဒီအကြောင်းအရာ ရှောင်ပေါ့၊ ဒါကို ထပ်ရှင်းရမယ်ဆိုရင် ဖေဖေ ပြောလိုတာက ခုန အဲဒီအုန်းသီးကိုးကွယ်လို့ တိုင်းပြည်ကို ဘာမှ မထိခိုက်တဲ့ အကြောင်းအရာကို ဆိုလိုတာနော်၊ ခွဲခြားပြီး လေ့လာပေါ့ကွာ။

'...ကောင်လေးက သူ့မမနဲ့ ကွဲပြီး အရက်နည်းနည်းသောက်၊ အများကြီး မူး၊ မမအိမ်ရှေ့သွားအော်၊ အင်း...ဒါတော့ ငါမကြိုက်ဘူး၊ တက္ကသိုလ်



ကျောင်းသားတစ်ယောက်ရဲ့ သိက္ခာနဲ့ ဆန့်ကျင်နေတယ်၊ ဒါမျိုးလုပ်တဲ့လူ ရှိချင်ရှိမယ်၊ စာပေအနေနဲ့ မဖော်ပြအပ်ဘူးပေါ့ကွာ၊ အတုခိုးမှားစရာ ဖြစ်နေတာပေါ့၊ သူများတွေ ရေးနေတာ တွေ့သားပဲ၊ ရေးပါစေ၊ မင်းတို့စာမှာ ဒါမျိုး မပါလေ၊ စာပေသန့်လေပဲပေါ့ကွာ။

'...ဒါနဲ့နေစမ်းပါဦး၊ မင်း 'တုန်ယင်' သော အသံ၊ တုန်ယင်နေပါသည် တို့နဲ့ ပတ်သက်လို့ ပြောချင်တာတစ်ခုရှိတယ်၊ ဖေဖေတို့အနေနဲ့ တုန်ယင် ဆိုတာ မသုံးခဲ့ဖူးဘူး၊ 'တုန်ခါ' 'တုန့်တုန့်ရီရီ' 'တုန်တုန်ယင်ယင်' အဲသလိုသာ ရေးခဲ့ဖူးတယ်၊ 'တုန်ယင်' လို့ နှစ်လုံးတည်း သုံးကြတော့ တစ်မျိုးပဲကွာ၊ နီးစပ်ရာ သတ်ပုံသတ်ညွှန်းဆရာတွေ မေးကြည့်ကြစမ်းပါဦး၊ ဖေဖေတော့ မတွေ့မိသေးဘူးကွ၊ 'စပါးပင်တွေကလဲ ထိုးထိုးထောင်ထောင်ပါလားဟော့' နဲ့ 'စပါးပင်တွေကလဲ ထိုးထောင်ပါလားဟော' ဆိုသလို အဓိပ္ပာယ်တော့ပေါ်ပါတယ်လေ၊ နည်းနည်းတော့ ထောင့်သလိုလိုပဲ၊ ဟော...ပြောရင်းနဲ့ တစ်ခုပေါ်လာပြီ၊ 'ထောင့်သလိုလိုပဲ' 'ထောင့်သလိုပဲ'၊ 'ရှာမလိုလိုနဲ့' 'ရှာမလိုနဲ့' အရသာမတူဘူးကွာ။

'...ဟော သတိရပြီ မင်းလူ၊ မင်းရေးတဲ့ထဲပါတယ်၊ 'ပြာမလိုလိုနဲ့ စိမ်း၊ လာမလိုလိုနဲ့ တိမ်း' အဲဒီအစား 'ပြာမလိုနဲ့စိမ်း' 'လာမလိုနဲ့ ယိမ်း' လို့ ရေးရင် အပျော့အမာနဲ့ နွဲ့ပုံ မတူဘူးကွ၊ အေး...'တုန်ယင်သောအသံ' နဲ့ 'အသံတုန်တုန်ယင်ယင်ဖြင့်' ဘယ်ဟာ ပိုပြီးအိညက်တယ်ဆိုတာ တွက်ပေါ့ကွာ။

'...အားလုံးကို ခြုံလိုက်ရင် ရည်းစားတစ်ယောက်စီရဲ့ အပြုအမူ စိတ်သဘောထားတွေ ဖော်ပြသွားပုံ ကောင်းတယ်၊ သဘာဝယုတ္တိ တော်တော်များများ ပါတယ်၊ စာနဲ့ စကားပြောဟန် ရေးဟန် ရောနေတာကလွဲလို့ ဖွဲ့ထားပုံ အရေးအသားတွေ ဥပမာ 'ကျွန်တော့်သက်ပြင်းချသံကို သူကြားသွားလိမ့်မည်ထင်ပါသည်' ဆိုတဲ့ တင်ပြချက်ဟာ 'ကျွန်တော်သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်'လို့ ရေးတာထက် ထူးတယ်၊ ဟန်တစ်မျိုးလေးပေါ့ကွာ၊ အေ- မင်းတို့ဝတ္ထုတွေကိုစွ ဖေဖေမြင်သလောက် ထောက်ပြပြီး ပြီ၊ ဒါလဲ မင်းတို့ လာပြလို့၊ နို့မို့ ဖေဖေ ဘာတစ်ခုမှာပြောမယ်မဟုတ်ဘူး၊ အေး…စကားစပ် မိလို့ တစ်ခုသတိရလာသေးတယ်။

'…ဖေဖေ ငယ်ငယ်က အဖေတို့ အမေတို့ ငွေပြတ်ပြီဆိုရင် အဝတ်အစား ဖောင်တိန်၊ စားပွဲတင်နာရီ စသဖြင့် အပေါင်ဆိုင်မှာ သွားသွားပေါင်ရတယ်၊ အခု ရွှေဘုံသာလမ်းနဲ့ အနော်ရထာလမ်းထောင့်က အပေါင်ဆိုင်မှာ၊ စာရေး နှစ်ယောက်ရှိတယ်၊ တစ်ယောက်က စာရင်းကိုင်၊ တစ်ယောက်က အပေါင် လက်မှတ် ရေးသူ၊ ကြာတော့ မျက်မှန်းတန်းမိပြီး လက်မှတ်ရေးတဲ့စာရေးက ဖေဖေ့ကို သနားတယ်ဆိုပြီး တော်တော်ချစ်တယ်။

'…အဲဒီ စာရေးနှစ်ယောက်က မြန်မာ၊ ကျန်တာအားလုံး တရုတ်တွေ ချည်းပဲ၊ ခုနပြောတဲ့ လက်မှတ်ရေးသူမြန်မာက လက်တစ်ဖက်ရဲ့ လက်ပတ် နာရီပတ်တဲ့နေရာ သာသာလောက်ကနေပြီး ပြတ်နေတယ်၊ ဘာဖြစ်တာလဲ ဆိုတာတော့ မသိဘူးပေါ့ကွာ။

'…တစ်နေ့တော့ ဖေဖေလဲ ရုပ်ရှင်ကြည့်မလို့ တစ်မတ်ပြည့်ဖို့ နှစ်ပြား လိုနေတာနဲ့ သူ့ဆီ သွားတာပေါ့၊ အပေါင်ဆိုင်ထဲမှာ မြန်မာ စာရေး နှစ် ယောက်စလုံးကို မတွေ့တာနဲ့ ဆိုင်ဝမှာ ရပ်နေတဲ့ တရုတ်ကြီးကို မေးတော့ ဘယ်စာရေးလဲ၊ အထဲကလား အပြင်ကလားလို့ ပြန်မေးတာနဲ့ ဖေဖေကလဲ နာမည်တွေ မသိတော့ ပိုရှင်းအောင်ဆိုပြီး 'ဟို လက်ပြတ်နေတဲ့စာရေးလေ' လို့လဲ ပြောလိုက်ရော 'ဘာကွ' ဆိုတဲ့အသံနဲ့ နောက်နားက ပေါ်လာတာပဲ။

'…လှည့်ကြည့်လိုက်တော့ ဖေဖေရှာတဲ့ လက်ပြတ်စာရေးဖြစ်ပြီး သူ့ ကြည့်ရတာ အရင်က ဖေဖေ့ကို ချစ်နေတဲ့မျက်နှာမျိုး မဟုတ်တော့ဘူး၊ မှုန် ကုပ်ပြီး ဒေါပွနေဟန်ပဲ၊ 'မင်း အတော်မိုက်ရိုင်းတဲ့ကောင်ပဲ၊ ဘာလက်ပြတ်



မှုဘဲ့ စာရေးလဲ၊ ငါ့နာမည် ကိုအုန်းရွှေကွ၊ မသိရင် လက်မှတ်စာရေးလို့ ပြောပါလား' လို့ ဟောက်တာနဲ့ ဖေဖေလဲ ပိုက်ဆံနှစ်ပြား မတောင်းရဲတော့ ဘဲ လစ်ရတာပေါ့။

'…အဲဒီနေ့က စပြီး ဖေဖေ ပစ္စည်းသွားပေါင်လဲ သူ ခပ်တည်တည်ဖြစ်နေ တယ်၊ နောက်တစ်ခါ အသွား သူ မရှိတော့မှ တရုတ်ကြီးကို မေးကြည့်တာ ပေါ့၊ သူ ကျွန်တော့်ကို စိတ်ဆိုးနေသလား…လို့ တရုတ်ကြီးက အားပါးတရ ရယ်ပြီး…

'…အေး၊ မင်းက သူ့ကို လက်ပြတ်လို့ ပြောတာကိုး၊ နောက်ကို မှတ် ထား ကောင်လေး၊ အရူးကိုနော် ဟော့အရူး ခေါ်တယ်နော၊ သူတို့ စဘောမကျ ဘူးကွ၊ မကြိုက်ဘူးကွ…တဲ့။

'…လူတွေဟာ ဒီအတိုင်းပဲဟေ့၊ ကိုယ်နဲ့ပတ်သက်လာရင် 'သူ့အီးက နံတယ်' ပြောရင်တောင် မကြိုက်ချင်ကြဘူး၊ ဟား ဟား…ခုလဲ မင်းတို့ကို ဝေဖန်နေတော့ စိတ်ထဲ ဘယ်လိုနေမယ်မသိဘူး၊ ဘယ်သူဖြစ်ဖြစ်လေ၊ ဖေဖေ ပြောတာတွေကို စာဖတ်ပရိသတ်တစ်ယောက်က ဝေဖန်တဲ့သဘောနဲ့ သုံး သပ်ပေါ့၊ ဟုတ်ပြီလား။

'…စာရေးတဲ့နေရာမှာ အရေးအကြီးဆုံးက ဘာလဲ၊ ဘာကို ပြောချင် ပြချင်တာလဲ၊ ဘယ်သူ့ကို ပြောမလဲ ပြမလဲ၊ ရှင်းနေတာကတော့ ဖတ်တဲ့ ပရိသတ်ပဲ၊ အဲ…ပရိသတ်ကို ဘယ်လိုအတန်းအစားမှာ ထားမလဲ၊ အနိမ့် အမြင့် ခွဲခြားမလား၊ ပညာတတ်နဲ့ ပညာမရှိတရှိ ဘယ်သူ့ကို ပိုပြီး နေရာ ထားမလဲ။

'…နောက်တစ်ချက် ကိုယ်ပြောပြချင်တဲ့ အကြောင်းအရာ၊ ပုံပြင် ဆိုပါ တော့၊ နားထောင်မယ့် (ဖတ်မယ့်) ပရိသတ်ကိုကော အုပ်စုခွဲမလား၊ ဘယ် အုပ်စုအတွက် ပိုပြီးဦးတည်ရေးမလဲ၊ ဥပမာ အပျိုလူပျို မိန်းကလေးပရိသတ်၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးပရိသတ်၊ အိမ်ထောင်သည်ပရိသတ်၊ ကျောင်းသူ ကျောင်းသား ပရိသတ်၊ ဈေးသည်နဲ့ အရပ်သား စာရေးစာချီပရိသတ် ဘယ်ဟာကို အဓိကထားမလဲ။

'...ဖေဖေ့သဘော ပြောရရင် ဘယ်ပရိသတ်ကိုမှ ဦးမတည်နဲ့၊ မရည်ရွယ်နဲ့၊ ဖေဖေလဲ ဒီအတိုင်းပဲ၊ ကိုယ့်စိတ်ထဲမှာ ရေးချင်လာတဲ့ စာပေဆောင်းပါး ဝတ္ထုတစ်ခုခုပေါ့၊ ဒိုင်းခနဲ ရေးချလိုက်တာပဲ၊ ရည်ရွယ်တာကတော့ ပရိသတ်အားလုံးပဲ၊ ကြိုက်သူရှိသလို မကြိုက်သူလဲ ရှိချင်ရှိမယ်၊ ဒါတော့ မတတ်နိုင်ဘူး။

'...အေး၊ မင်းတို့ ရေးကြည့်၊ ပရိသတ်ကို အုပ်စုခွဲပြီး ဘယ်အုပ်စုအတွက်လို့ ရည်ရွယ်ပြီး ရေးကြည့်၊ ကလောင်မလွတ်လပ်တော့ဘူး၊ သူတို့အုပ်စု ကြိုက်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ် ဝင်လာလိမ့်မယ်၊ လက်ကျို့လာလိမ့်မယ်။

'...ဒါတွေ ပြောနေတာဟာ မင်းတို့တစ်တွေကို သင်တန်းပေးတဲ့သဘော မဟုတ်ဘူးနော်၊ အမြင်ချင်း ဖလှယ်တဲ့သဘောကွ၊ လောကမှာ အတော်ဆုံး အတတ်ဆုံးဆိုတာ မရှိဘူး၊ ထိတ်ထိတ်ကြဲ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေတောင် မကြာခဏမျက်နှာချင်းဆိုင်ပြီး အမြင်ချင်း ညှိနှိုင်းကြရတယ်။

'...ခုနဖေဖေပြောတယ်၊ စာရေးရာမှာ ပရိသတ်ကို ခွဲခြားတင်ပြမလားဆိုတာ တခြားကြောင့် မဟုတ်ဘူး၊ တချို့ရှိတယ်၊ မိန်းမပျိုပရိသတ်ကို ဦးတည် ရေးတယ်၊ သူတို့အကြိုက်ပဲ လိုက်ရေးတယ်၊ တချို့ကတော့ အညီအဟောက် ကြိုက်တဲ့ ပရိသတ်အတွက် သက်သက်လိုက်ရေးတယ်၊ အဲဒါမျိုး ရေးတဲ့သူကတော့ သူတို့ကိုယ် သူတို့ ထင်နေတယ်၊ 'ငါ့ပရိသတ်အကြိုက် ငါရေးရတာလို့၊ လုံးဝမဟုတ်ဘူး၊ ကိုယ့်စာအုပ်ကို ကြိုက်ဖို့၊ များများနဲ့ မြန်မြန် ရောင်းရဖို့၊ 'ပင်မ'က အဲဒါပါ၊ ဒီရည်ရွယ်ချက်မျိုး မရှိပါဘူး ပြောရင် ကိုယ့်ကိုယ်ကို လှည့်စားနေတာ မသိလို့ဖြစ်လိမ့်မယ်။



'...အဲ တချို့ ရှိသေးတယ်၊ စာဖတ်ပရိသတ်အတွက်မဟုတ်ဘဲ တစ်ယောက်တည်းအတွက် ရေးတတ်ကြတာ တွေ့ဖူးတယ်၊ ဆန်းနေသလား၊ ရှင်းရှင်းကလေးကွ၊ ကိုယ် ကျိတ်ပိုး ပိုးနေတာ သို့မဟုတ် ပြောင်ပြောင်ပိုးတယ်၊ မရဘူး၊ ဒီတော့ ဝတ္ထုနဲ့ အသနားခံပြီး ပိုးတယ်၊ အဲဒီစာပေမျိုး ပြောတာ၊ ဒါတွေဟာ မပြုအပ်တဲ့ 'စာပေကို ခုတုံးလုပ်မှု'ပဲကွ။

'...ဒီသဘောမျိုးအတိုင်း ပရိသတ်ကို အုပ်စုအတန်းအစား ခွဲခြားပြီး တင်ပြချင်တဲ့စိတ် ပေါ်လာရင် အဲဒါ သတိထားတော့၊ ဒါပေမဲ့နော်၊ သိပ္ပံပညာ၊ စက်မှုပညာ၊ ကျန်းမာရေး အစရှိတဲ့ ဘာသာရပ်ပိုင်းဆိုင်ရာ အုပ်စုနဲ့ မဆိုင်ဘူး၊ ဒါကျတော့ ခွဲခြားဦးတည်လို့ ရတယ်၊ ဒါတွေ မင်းတို့သိပါတယ်လေ၊ တက္ကသိုလ်ဘွဲ့ရတွေပဲ။

'...ခု ပြောနေတာ ဒီလိုဟော့၊ ဟိုအကြောင်းရေးတာ လူကြိုက်များတော့ ကိုယ်ပါ ရောယောင်ပါသွားတတ်တယ်၊ ကိုယ့်ဟာကိုယ်တော့ မသိဘူး၊ နောက်တစ်ခု ရှိသေးတယ်၊ အမြင်အတွေ့များတော့ ဒါကို ခွဲပြီး သုံးမိတတ်တာမျိုး၊ ဥပမာပေါ့ကွာ 'ဆေးဝယ်ရင် ဒီဆူဇာမှာ စိတ်ချရတယ်' ဆိုတာရယ်၊ 'ခေတ်မီသူတိုင်း ပင်လယ်ငါး စားကြသည်'...

'...အဲဒီ ကြော်ငြာနှစ်ခုကနေပြီး စိတ်ချရတဲ့ကိစ္စဆိုရင် 'သူကတော့ ဒီဆူဇာပဲ'၊ အဲ ပြီးတော့ မယားငယ်ယူထားတဲ့လူဆိုရင် 'သူကလဲ ပင်လယ်ငါး စားနေပြီ' စသဖြင့် သုံးလာကြတယ်၊ ရေးကြဖူးတယ်၊ တချို့ပရိသတ်က နားမလည်ဘူးပေါ့။

'...ဖေဖေကိုယ်တိုင် နားမလည်လို့ ခေါင်းကြီးသွားရတဲ့ 'စကားတစ်ခု' ပြောဦးမယ်၊ တူသားတပည့်လို ခင်နေတဲ့ ကျူရှင်ဆရာတစ်ယောက် ရုပ်ရှင်ရုံရှေ့မှာ တွေ့လို့ ရပ်စကားပြောနေတုန်း ဆံရှည် ဘောင်းဘီပိန်ရှုံ့နဲ့ ချာတိတ် ကလေးတစ်ယောက် ပေါက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



'...ကျွန်တော်တော့ကြိုက်သွာ ပြီ၊ မနက်က ဆရာသိပ်မိုက်တာပဲ.. လို့ ပြုံးဖြီးဖြီးနဲ့ ပြောလိုက်တော့ ကျူရှင်ဆရာက တစ်ခါတလေလဲ ဒီလိုပေါ့ကွာ တဲ့။

'...ဖေဖေက ဘယ်လိုပါလိမ့်လို့ မေးကြည့်တော့ ကျူရှင်ဆရာအသင် အပြကောင်းတာကို သဘောကျကြောင်း ပြောသွားတာလို့ သိရတယ်၊ အဲ... ကောင်းတာ၊ တော်တာ၊ လှတာ၊ အချိုးကျတာ၊ ခေတ်မီတာ စသဖြင့် အဲဒါကို ခုခေတ် စကား အရ 'မိုက်တယ်' လို့ သုံးနေကြကြောင်း အဲဒီနေ့ကမှ သိရတော့တယ်၊ ငါဖြင့် ခေါင်းကိုကြီးသွားတာပဲ။

'...ကိုယ်ဆရာသမားကိုတောင် မိုက်တယ်လို့ သုံးနေကြတော့ တစ်နေ့ သောအခါမှာ မင်းတို့ကပါ ရောယောင်ပြီး 'တို့အဘိုးကြီးလဲ သိပ်မိုက်တာ ကွ' လို့ လက်ဖက်ရည်ဆိုင်လို လူစုစုနေရာမှာ ပြောမိတယ် ဆိုပါတော့၊ အဲဒါ ဒီစကား ကို ရိုးရိုးသားသားပဲ နားလည်လိုက်တဲ့ လူက 'သားက လူမိုက်တဲ့ ဗျ၊ သူ့ သားတွေကိုယ်တိုင်က ပြောတာ' ဆိုပြီး တစ်ဆင့်စကား တစ်ဆင့်ပွား သွားရာက နေရင်းထိုင်ရင်း ငါ့ကိုပါ လမ်းမတော်ဖိုးတုတ်စာရင်း သွင်း လိုက်ရင် ဒုက္ခ၊ သြော်... လမ်းမတော်ဖိုးတုတ်ဆိုတာကော မင်းတို့ သိရဲ့ လား၊ ဖေဖေတို့ငယ်ငယ် အင်္ဂလိပ်ခေတ်က အကြောင်းပေါ်လာရင် မြန်မာ ချင်း အိုးမဲသုတ်ပြီး ခွပ်နိုင်ဖို့ အင်္ဂလိပ်ပုလိပ်မင်းကြီးက လက်သပ်မွေး ထားတဲ့ လူမိုက်ကြီးတွေပေါ့၊ အနောက်ပိုင်းမှာ လမ်းမတော်ဖိုးတုတ်၊ ပုဇွန် ဘထွန်း၊ အရှေ့ပိုင်းမှာ ဗိုလ်တထောင်ငမိုး စသဖြင့်ပေါ့။

'...ဖေဖေ လိုချင်တာက တစ်ထစ်ချလိုက်နာရမယ့် စည်းကမ်းအနေနဲ့ မဟုတ်ဘူး၊ ဒါမျိုးကို မှတည်ပြီး တွေးစေချင်တဲ့ ဆန္ဒ။

'...နောက်တစ်ချက်က ပရိသတ်အားလုံးကို မှတည်ပြီး ဖတ်သူတိုင်း အတွက် ရေးပြီဆိုပါတော့၊ အဲဒီ စာဖတ်သူတွေကို သိသလား၊ ကိုယ့်ပရိသတ်



ဆိုတာတော့ ဟုတ်ပြီ၊ သူတို့နဲ့ တွေ့ဖူးသလား၊ စကားပြောဖူးသလား၊ မရင်း နှီးဖူးသေးတဲ့ တစ်စုံတစ်ဦးကို တွေ့တဲ့အခါ ဘယ်လိုဆက်ဆံမလဲ။

'...အစ်ကိုတန် အစ်ကို၊ အစ်မတန် အစ်မ၊ နောက်ဆုံးတော့ကွာ... ရွယ်တူ ကိုယ့်ထက်ငယ်သူဖြစ်စေ လူစိမ်းတစ်ယောက်အနေနဲ့ စ,တွေ့တဲ့အခါ သိမ်မွေ့ဖော်ရွေစွာ ဆက်ဆံပြောဆိုတတ်ကြတယ်နော်၊ ဒါ မြန်မာ့ ယဉ်ကျေးမှု။

'...အေး၊ စာရေးတဲ့နေရာမှာလဲ ဒီအတိုင်းပဲကွ၊ ကိုယ့်ဘကြီး ကိုယ့်ဘိုး အေလောက် အရွယ်ကလဲ ကိုယ့်စာကို ဖတ်ချင်ဖတ်မယ်၊ ဒီတော့ ပရိသတ် ကို လေးစားရမယ်၊ ယဉ်ကျေးသိမ်မွေ့စွာ တင်ပြရမယ်ဆိုတာ ရှင်းနေပြီ။

'...ဖေဖေ ဘာကြောင့် ဒါတွေ ပြောနေသလဲ၊ တချို့ရှိတယ်ကွ၊ စာဖတ် ပရိသတ်ကို အထင်သေး အမြင်သေးနဲ့ ဖြစ်ကတတ်ဆန်း ရေးတတ်ကြတယ်၊ တစ်ခါတစ်ခါ စော်ကားမော်ကား မထေမဲ့မြင် ရေးချင်ကြတယ်၊ ပြောရင်း သတိရလာပြန်ပြီ၊ ဝတ္ထုထဲမှာ 'မယား' ကို 'သမီး' လို့ ခေါ်တယ်၊ ချစ်လွန်းလို့ တဲ့၊ တစ်ခါ 'အမေ' လို့ ခေါ်ပြန်ရော၊ မြတ်နိုးလွန်းလို့တဲ့၊ အင်း.., သူတို့က တော့ ထွင်တယ်ပေါ့လေ၊ နို့ လင်ဖြစ်သူက ခုတင်ပေါ် လှဲနေရင်း မယားကို ချစ်စနိုးနဲ့ 'သမီးရေ... အမေရေ' လို့ အော်ပြီးအခေါ် ကိုယ့်သမီးရင်းနဲ့ အမေ က သူတို့ခေါ်တယ်ထင်ပြီး ပြေးဝင်လာရင်... ဘယ်လိုလဲ၊ ထွင်စရာ ဒီ လောက် ရှားသလား။

'...သမီးနဲ့၊ အမေနဲ့၊ မယားနဲ့ မှားပြီး ရှုပ်ကုန်အောင်၊ တောက်... ဒါ ဒါ... ရည်ရွယ်ချက်က ဘာလဲ၊ စာပေကို အဆိပ်ခတ်သလို ထွင်မှ လူကြိုက် များမယ်၊ ဗိုက်ဝမယ်ဆိုရင် ငါတော့ ဒီထမင်းမျိုး မစားဘူးကွ။

'...စာပေကို ယဉ်ကျေးမှုအစဉ်အလာကိုပါ ထိပါးလာတဲ့ စာပေအရေး အသားမျိုးတွေကို သက်ဆိုင်တာက ကြည့်နေသလား၊ ပြောရဦး မယ်၊ တချို့



www.burmeseclassic.com

www.burmeseclassic.com



စာပေလောကထဲမှာ ပွစိ ပွစိအသံတွေ ကြားနေရတယ်၊ သက်ဆိုင်ရာက လုပ်တာ မကျေနပ်ကြဘူးဆိုတာ၊ အေး…ငါတော့ကြိုက်တယ်။

'…ခုကြည့်…သက်ဆိုင်ရာကြောင့် အညှီအဟောက် ညစ်တီးညစ်ပတ်တွေ ပျောက်သလောက်ဖြစ်သွားပြီ၊ အလကားနေရင်း သတ်နေတာတွေ၊ ကရာတေးနေတာတွေ၊ သိုင်းတွေတော့ ရှိနေသေးတယ်၊ ဒါတွေဟာ တိုင်းပြည်ကို ဘာအကျိုးပြုသလဲ။

'…ဖေဖေ ငယ်ငယ်က ကျောင်းပိတ်ရင် ပဲခူးကို သွားတယ်၊ အဘိုးနဲ့ အဘွားတို့က လက်ဖက် ချင်းသုပ် ရောင်းတော့ တစ်နေ့မှာ အဘိုးက အုန်းသီးတွေ ခြစ်ပြီး နေလှန်းရင်း ကျီးလာမစားအောင် လေးခွနဲ့ ထိုင်စောင့်နေရာက နောက်ဖေးသွားဦးမယ်ဆိုပြီး လောက်လေးကို ဖေဖေ့ပေးခဲ့တယ်။

'…အဲ…ဖေဖေဟာ လောက်လေးဝါသနာမပါပေမယ့် လက်ထဲ ရောက်လာတော့ ဟိုပစ်ချင် ဒီပစ်ချင် ဖြစ်လာပြီး အစာရှာနေတဲ့ ကြက်အုပ်ဆီ လှမ်းပစ်မိတာ ကြက်ကလေးတစ်ကောင် ခွေကျသွားတယ်၊ လက်တည့်လို့မဟုတ်ဘူး၊ လူအုပ်ထဲ ခဲနဲ့ပေါက်ရင် တစ်ယောက်တော့ ထိသလိုပေါ့၊ အဲဒါ ကြက်ရှင် သိသွားပြီး ပြဿနာဖြစ်ကြတာပဲ၊ နောက်ဆုံး ပိုက်ဆံငါးမူး အလျော်ပေးပြီး အတောင်ကျိုးတဲ့ ကြက်ကလေးကို ဖေဖေတို့က ယူလိုက်ရတယ်။

'…ကြက်ကလေးရဲ့ ဒဏ်ရာကို ကြည့်ပြီး ဖေဖေလဲ အတော်စိတ်ထိခိုက်သွားတယ်၊ နနွင်းတွေ အုံပေး၊ ပရုတ်ဆီလိမ်းပေးနဲ့ နောက်နေ့မနက်အစောကြီး အိပ်ရာက နိုးတော့ အပြေးအလွှား ထကြည့်တယ်၊ ကြက်ကလေး သေနေပြီ။

'…အဲဒီနေ့က ဖေဖေ့ကြောင့် ပေါ်ပေါက်လာတဲ့ ပြဿနာအတွက် အဘွားကတော့ ဖေဖေ့ကို ဘာမှမပြောဘူး၊ အဘိုးကိုပဲ ဖိဆူတယ်ကွ၊ အဘွား ပြောတဲ့အခါက စကားကတော့…



'…တော် အများကြီး ပြောမနေနဲ့၊ ကလေးဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် ပစ်တဲ့ ခတ်တဲ့ ပစ္စည်းတစ်ခုခုရရင် ဒီအတိုင်း ဆုပ်မထားဘူး၊ ပစ်ချင်ခတ်ချင်တာပဲ၊ လက်တည့်စမ်းချင်နေတာပဲ၊ တော်ဘာလို့ လောက်လေးခွပေးခဲ့သလဲ ကလေးကို…တဲ့။

'…ဒီသဘောပဲကွ၊ အခုကလေးတွေ ကစားရင် ဘယ်ပုံစံမျိုးနဲ့ ကစားသလဲ၊ ဒါ မင်းတို့သိတယ်၊ မြင်လဲမြင်နေရတယ်၊ ကရာတေးတို့ သိုင်းတို့ အစပျိုးတဲ့ ဟန်အမူအရာတွေကို သူတို့ အကုန်တတ်နေပြီ၊ ပြောတော့ ကိုယ်ခံ ပညာလေး ဘာလေးနဲ့၊ အဲဒီပညာတတ်သူနဲ့ လုံးလုံးမှ မကြားဖူးသူတို့ ရန်ဖြစ်ကြရင် ကိုယ်ခံပညာအဖြစ်နဲ့ ခုခံကာကွယ်နေမလား၊ ဒီပညာကိုပဲ သုံးမလား၊ ဒါ အရှင်းကလေး၊ ကိုယ်တတ်ထားတဲ့ပညာလေးတော့ သုံးချင်၊ လက်တည့်စမ်းချင်ကြမှာပဲ၊ လုံးလုံးမတတ်တဲ့လူကတော့ ခံပေရောပေါ့ကွာ၊ ချိန်းကြိုးတို့ နံချပ်ကူတို့ အစရှိတဲ့ လက်နက်ရှိသူက လက်နက်မဲ့သူကို၊ ပညာတတ်သူက ပညာမဲ့သူကို အနိုင်ကျင့်တဲ့အဆင့်လောက်ပဲ အသုံးကျမယ်။

'…ရှိသေးတယ်၊ ဟိုက်စကူးကျောင်းမှာတုန်းက လက်ဇွေ့ကျော်သူငယ်ချင်း တစ်ယောက်က 'ဟေ့ ဖေသန်း၊ မနက်က ခတ်ရထားလက်မှတ်စစ်ကုလားနဲ့ ငါနဲ့ စကားများလို့ ငါက ဘောက်ဆင်နဲ့ ဆော်လိုက်တာ ကုလားကို ပတ်ချာလည်သွားတာပဲ' တဲ့၊ ဒါ ဂုဏ်ယူစရာ ဟုတ် မဟုတ် မင်းတို့ သိတယ်၊ အေး…ဒီလိုဟာတွေ စာပေမှာ ရုပ်ရှင်မှာ တွင်ကျယ်နေသမျှ ဒါ အန္တရာယ်ပဲ။

'…စာပေမှာ ဘယ်အထိ ပရမ်းပတာဖြစ်လာသလဲဆိုရင် ကလောင်နာမည်၊ ဝတ္ထုစာအုပ် နာမည်ပေးတာတောင် ဘုရားမနေရ၊ ဘာသာ မနေရ ဖြစ်လာပြီ၊ ဒါတွေကိုပါ သက်ဆိုင်ရာက ထိန်းရမယ်၊ စာအုပ်အဖုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဦးမလား၊ ဝတ္ထုနာမည်ကတော့ မြန်မာ၊ စာက မြန်မာ၊ အရုပ်တွေက ဘာလူမျိုးမှန်းမသိဖြစ်နေပြီ၊ တချို့ လိုင်ဆွဲစာပေတွေလဲ ကျန်နေသေးတယ်၊ 'ရင်အုံနှစ်မြှာ' တို့ 'တုန်ခနဲ ခါသွားတာ' တို့၊ မောင်နှမချင်း မျက်နှာချင်းဆိုင်မှ မဖတ်ရဲတဲ့ ဖော်နည်းကားတွေ၊ ဟော့… ခု ရုပ်ရှင်ထဲမှာ လင်မယားနမ်းချင်း ထိတာတောင် ဖြတ်နေပြီ၊ စာပေမှာတော့ 'အဟင့်… အဟင့်' နဲ့ ရင်သားဆရာတွေ၊ တင်ပါးဆရာတွေ မောက်မာဆဲ၊ ရင်ကော့ဆဲ ရှိနေသေးတယ်။

'… အဲ… တစ်ခါက သတင်းစာတစ်စောင်မှာ မုဒိမ်းသတင်း ပါလာတယ်၊ ဦးထွားကြီးသည် အိမ်ဖော်မိန်းမပျိုအား အခန်းထဲတွင် အနိုပ်ခိုင်းနေရာမှ အဝမ္မဖက်လှဲပြီး ထဘီကို အတင်းလှန်၍… တဲ့။

'… တောက်၊ ခွေးမသား… မုဒိမ်းကျင့်တော့မယ့်နောက် အဝတ်အစား မှန်သမျှ ဖွတ်ချွတ်ရတယ်ဆိုတာ တစ်ကမ္ဘာလုံး သိနေတဲ့ကိစ္စ၊ သတင်းထောက်က ဘာလှန်ပြနေစရာလိုသေးလဲကွ၊ ထွီ… အယ်ဒီတာကလဲ ခံတွင်းတွေ့သွား ထင်ပါရဲ့ မပြင်ဘူး၊ ဒီအတိုင်း လွှတ်ပေးလိုက်တယ်။

'… အဲဒါပဲ၊ ဝတ္ထုထဲမှာ ခြင်ထောင်အခန်း ရေးချင်ရေးပါ၊ ဒီပြင် သိမ်မွေ့စွာ ဖော်ပြနိုင်တဲ့ ရေးနည်းတွေ ရှိပါတယ်ကွာ၊ စာရေးဆရာက ချွတ်ပြနေစရာမလိုပါဘူး။

'… တော်ပြီကွာ၊ တို့စာပေကို ထိပါးလာရင် ငါ မချိဘူး၊ ဒေါသလဲဖြစ်လာပြီ၊ ဒါကို ထားလိုက်တော့၊ နောက်ဆုံးပြောချင်တာက မင်းတို့သုံးယောက်စလုံး စာရေးနေကြပြီနော်၊ မိတ်ဆက်စာတို့ ဝေဖန်စာတို့ ရောက်သင့်သလောက် ရနေရောပေါ့၊ အေး… ဘာစာဖြစ်ဖြစ်၊ လက်အညောင်းခံတဲ့ဆိပ်ခေါင်းဖိုးအကုန်ခံ၊ စာတိုက်သွားထည့်နဲ့ အလုပ်ပိုလုပ်ပြီး မင်းတို့ရေးတာဟာ တော်ရုံမေတ္တာမဟုတ်ဘူး၊ ဒါကို လေးစားရမယ်၊ တန်ဖိုးထားရမယ်၊ ရောက်လာသမျှစာအတွက် တစ်စောင်ဖြစ်ဖြစ် အနည်းဆုံး စာပြန်သင့်တယ်၊ သူတို့ရဲ့ မေတ္တာနဲ့ လေးစားမှုကို တုံ့ပြန်ရမယ်။



'… အမှန်ကတော့ ဒီလောက် ဖေဖေက ဩဇာအာဏာ မသုံးသင့်ဘူး၊ 'တုံ့ပြန်သင့်တယ်' လို့၊ အေး… 'တုံ့ပြန်သင့်တယ်' ဆိုပြန်လဲ မင်းတို့ ခပ်ပေါ့ပေါ့ဖြစ်သွားမလားလို့ စိုးရိမ်တယ်၊ တိုတိုပြောမယ်ကွာ၊ ဒီနေ့အထိ ဖေဖေ့ဆီကို လာဝဲ့ စာမှန်သမျှ ဦးသောဘိတ က ရေးရေး၊ ဝါးဘလောက်သောက် က နွားကျောင်းသား စံကွန်းက ရေးရေး ဖေဖေက အမြဲ စာ တစ်စောင် ပြန်တယ်၊ ကိုယ့်ပရိသတ်အပေါ် ထားသင့်တဲ့ မေတ္တာသဘောတရားတွေ အဖေကြီးတီးတဲ့ ရွှေကြေးစည် ဝတ္ထုမှာ သုမောင် တင်ပြပြီးပြီ မဟုတ်လား၊ ကဲ… ဒါပဲ၊ မင်းတို့ကိစ္စလဲ ပြီးပြီ၊ ပြန်ကြတော့'

BURMESE CLASSIC

❖

သာခု ပြောပြော ထထ ဥရန်တာဘက်သို့ ထွက်၍ ခြေလက် အညောင်းဆန့်နေခိုက် သားသုံးယောက် ခေါင်းချင်းရိုက် တီးတိုးလုပ်ရင်း ကျန်ရစ်ခဲ့သည်။

မကြာမီမှာပင် သူတို့သုံးယောက်စလုံး သာခုဆီ ကပ်လာရင်း တစ်ယောက်သော သားက…

'ဖေဖေ… ဖေဖေ ခုပြောတဲ့စကားတွေ စာနဲ့ ရေးပေးပါလား၊ သားတို့… အဲဒါ…'

'ဟော့ကောင်တွေ ငါ့ကို လာပြီး လှုလည်မလုပ်နဲ့၊ သွား သွား… ငါ မရေးနိုင်ဘူး'

သာခု

●



www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းငြိမ်းချမ်းချမ်း စာအုပ်တိုက်မှ

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၁။ ခင်မျိုးချစ်
အရှေ့နှင့် အနောက် ဆုံကြရာဝယ်

၂။ ခင်မျိုးချစ်
မောင်တို့ယောကျ်ား

၃။ ချစ်ဦးညို
မှူးမတ်များနှင့် တွေ့ဆုံခြင်း

၄။ အောင်ဝေး + မြမြင့်မိုရ် + မြင့်ဦးဦးမြင့်
အတ္တသုံးအောင်စ (ကဗျာများ)

၅။ အရှင်ဉာဏောဘာသ (အေးစေတီ၊ မင်းဘူး)
ပြုပြင်စရာလေးများ

၆။ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သေဋ္ဌိလ
ဗုဒ္ဓတရား အဆီအနှစ်များ

၇။ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သေဋ္ဌိလ
ဗုဒ္ဓဝါဒ အခြေခံ

■

## ငြိမ်းငြိမ်းချမ်းချမ်း စာအုပ်တိုက်တွင်

## ရရှိနိုင်မည့် စာအုပ်များ

၁။ ပါရဂူ
မဇ္ဈိမပဋိပဒါနှင့်. ဓမ္မဝတ္တုတို့များ

၂။ ပါရဂူ
အိန္ဒိယရုပ်ဝတုနှင့် မြန်မာရုပ်ဝတု ဆွေးနွေးခန်း

၃။ ခင်နှင်းယု
ယောကျ်ားတို့အကြောင်း

၄။ ခင်နှင်းယု
မယ့်သည်းအိမ်

၅။ မောင်ခိုင်မာ
ရှင်မရေ (၂)

၆။ နုနုရည်၊ အင်းဝ
တက်ကျိုးတော့ လက်ထိုးလော်မယ်

၇။ ချစ်ဦးညို + မင်းလူ + နုနုရည်၊ အင်းဝ
အို...ကိုပိုးမြနှင့် မစ္စတာစမစ်၊ မင်္ဂလာပါရှင့်

www.burmeseclassic.com